# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက် | ၂၀၂၀ ပြည့်နှစ်၊ မေ ၂၀ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၉)၊ အမှတ် (၂၃၀)


# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား သံတမန်ဆက်သွယ်မှု ထူထောင်သည့် (၄၅) နှစ်မြောက် အခါသမယ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ မွန်ဂျေအင်း နှင့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အပြန်အလှန်ပေးပို့

**နေပြည်တော် မေ ၂၀**

၂၀၂၀ ပြည့်နှစ်၊ မေလ ၁၉ ရက်နေ့တွင် ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား သံတမန်ဆက်သွယ်မှု ထူထောင်သည့် (၄၅) နှစ်မြောက် အခါသမယတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တို့သည် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ မွန်ဂျေအင်း နှင့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အသီးသီး အပြန်အလှန် ပေးပို့ခဲ့ကြသည်။

သတင်းစဉ်

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ရန် စီမံဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဆရာ၊ ဆရာမများအဖွဲ့ချုပ် ကိုယ်စားလှယ်နှင့် ကျောင်းသားမိဘကိုယ်စားလှယ်တို့နှင့် တွေ့ဆုံ၍ အပြန်အလှန်ဆွေးနွေး



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ရန် စီမံဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဆရာ၊ ဆရာမများအဖွဲ့ချုပ် ကိုယ်စားလှယ်နှင့် ကျောင်းသားမိဘ ကိုယ်စားလှယ်တို့နှင့် တွေ့ဆုံ၍ အပြန်အလှန် ဆွေးနွေးစဉ်။

သတင်းစဉ်

**နေပြည်တော် မေ ၁၉**

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ရန် စီမံဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဆရာ၊ ဆရာမများအဖွဲ့ချုပ် ကိုယ်စားလှယ် ဒေါ်နီလာဝင်း၊ ကျောင်းသားမိဘ ကိုယ်စားလှယ် ဦးကျော်ဋ္ဌေးတို့နှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ အပြန်အလှန်ဆွေးနွေးသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖




KBZ BANK

(6) CONSECUTIVE YEARS

'BANK OF THE YEAR IN MYANMAR 2018'

Awarded by Financial Times (The Banker)

မြန်မာ့အလင်း

# အစဉ်ရှိရမည့် လုံခြုံရေးသတိ

နယ်စပ်ဒေသမြို့များတွင် မူးယစ်ဆေးဝါးများအမြောက်အမြား ပမာဏကြီးမားစွာ ဖမ်းမိမှုသတင်းများ၊ မြို့နယ်/ရပ်ကွက်၊ ကျေးရွာများတွင် မူးယစ်ဆေးဝါးသုံးစွဲ/ဖြန့်ဖြူးရောင်းချသူ ပေါ်များနေကြောင်း နိုင်ငံတော်သမ္မတရုံး၏ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ သတင်းပေးပို့တိုင်ကြားချက်များက မိမိတို့နိုင်ငံကို မူးယစ်ဆေးဝါးကင်းစင်သောနိုင်ငံအဖြစ်သို့ ရောက်ရှိစေရန် မဆုတ်မနစ် ဆက်လက်ကြိုးပမ်းသွားရဦးမည်ဆိုသည့် အနက်အဓိပ္ပာယ်ပင်ဖြစ်သည်။

မြန်မာနိုင်ငံကို ၂၀၁၉ ခုနှစ်တွင် မူးယစ်ဆေးဝါးကင်းစင်သည့် နိုင်ငံတစ်နိုင်ငံအဖြစ်သို့ရောက်ရှိရန် ရည်မှန်းချက်ထား၍ မူးယစ်ဆေးဝါးထိန်းချုပ်ရေးနှစ် ၂၀ စီမံချက်ကို ဆောင်ရွက်ခဲ့ရာတွင် ထိုစဉ်က မူးယစ်ဆေးဝါးထုတ်လုပ်မှုလျှော့ချရေးနှင့် ဘိန်းစိုက်ပျိုးမှုလျှော့ကျရေးကို ဦးတည်ဆောင်ရွက်ခဲ့ကြသည်။ သို့ရာတွင် အောင်မြင်မှု သိသိသာသာမရခဲ့။ မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပြဿနာများတွင် ဘိန်းစိုက်ပျိုးခြင်း၊ ဘိန်းဖြူထုတ်လုပ်ခြင်း အပြင် စိတ်ကြွရူးသွပ်ဆေးပြားထုတ်လုပ်မှု၊ သယ်ဆောင်ရောင်းဝယ်ဖောက်ကားမှုကပါ စိန်ခေါ်မှုတစ်ရပ်ဖြစ်လာသည်။ မြန်မာနိုင်ငံသည် စိတ်ကြွရူးသွပ်ဆေးပြားထုတ်လုပ်ရာတွင် သုံးစွဲရသည့် ဓာတုပစ္စည်းများကို ထုတ်လုပ်သည့် အဓိကနိုင်ငံကြီး နှစ်နိုင်ငံကြားတွင် တည်ရှိနေခြင်း၊ နိုင်ငံတကာမူးယစ်ဆေးဝါးဈေးကွက်သည် အရှေ့နှင့် အရှေ့တောင်အာရှဒေသတွင် တည်ရှိလျက်ရှိရာ မြန်မာနိုင်ငံနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်နေခြင်း၊ နယ်စပ်ဒေသများ ငြိမ်းချမ်းမှုမရှိခြင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် သယ်ဆောင်ရောင်းဝယ်မှုများတွင် လက်နက်ကိုင်အဖွဲ့အစည်းများ ပါဝင်ပတ်သက်မှုရှိခြင်းတို့ကြောင့် မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပြဿနာမှာ ကြီးမားသလောက် ရှုပ်ထွေးသည်ဟု အဆိုရှိသည်။

တစ်ဖက်တွင်လည်း မြန်မာနိုင်ငံ၌ မူးယစ်ဆေးဝါးသုံးစွဲမှု မြင့်တက်နေပြီး ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲပြဿနာများ ဖြစ်သည့် မူးယစ်ဆေးဝါးကို အကြောထဲသို့ ထိုးသွင်းသုံးစွဲသူများအကြား အိတ်ချ်အိုင်ဗွီပိုးကူးစက်မှု၊ အသည်းရောင်ရောဂါဘီပိုးနှင့် စီပိုးတို့ကူးစက်မှုမြင့်တက်ခဲ့ကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲသူများကို အပြစ်ပေးထောင်ချမှုများကြောင့် ဒေသအသီးသီးရှိ အကျဉ်းထောင်များတွင် အကျဉ်းသား ၅၀ ရာခိုင်နှုန်းခန့်မှသည် မြစ်ကြီးနားနှင့် လားရှိုးအကျဉ်းထောင်များတွင် အကျဉ်းသား ၇၀ မှ ၈၀ ရာခိုင်နှုန်းခန့်အထိ များပြားခဲ့ကြောင်း ၂၀၁၈ ခုနှစ်က ထုတ်ပြန်ခဲ့သည့် အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒတွင် ဖော်ပြပါရှိခဲ့သည်။ အဆိုပါ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒသစ်ကမူ "မူးယစ်ဆေးဝါးကြောင့် ဖြစ်ပေါ်လာသော ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အန္တရာယ်များကို အနိမ့်ဆုံးအဆင့်အထိ လျှော့ချခြင်းဖြင့် လုံခြုံပြီး ကျန်းမာသောလူ့အသိုင်းအဝိုင်းတစ်ခု တည်ဆောက်ရေး"အတွက် ရည်မှန်းခဲ့သည်။

မူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒသစ်တွင် ထုတ်လုပ်မှုလျှော့ချရေးနှင့် အစားထိုးဖွံ့ဖြိုးရေး၊ သုံးစွဲမှုလျှော့ချရေးနှင့် နောက်ဆက်တွဲအန္တရာယ်လျှော့ချရေး၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး၊ သုတေသနလုပ်ငန်းများ တိုးမြှင့်ရေး၊ လူ့အခွင့်အရေးပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေရေးတို့ကို ဦးစားပေးနယ်ပယ်များအဖြစ် သတ်မှတ်ထားပြီး အောက်ခြေအဆင့်တွင် ဟန်ချက်ညီပြီး ဘက်စုံပါဝင်သည့် မူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒကို အကောင်အထည်ဖော်ရန် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုမှာ အလွန်အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ကြောင်း အသိအမှတ်ပြုထားသည်။

ယခုအခါ နိုင်ငံတစ်ဝန်းလုံးတွင် ကိုဗစ်-၁၉ ကပ်ရောဂါ တားဆီးကာကွယ်ရေးအတွက် အာရုံစူးစိုက်နေရချိန်တွင် မူးယစ်ဆေးဝါးနှင့် လက်နက်ခဲယမ်းများ သယ်ဆောင်မှု၊ တရားမဝင်သစ်ခိုးထုတ်မှု၊ တရားမဝင်ကုန်ပစ္စည်းများ မှောင်ခိုသယ်ဆောင်မှု၊ လူမှောင်ခိုသယ်ဆောင်မှုတို့ကို အခွင့်ကောင်းယူကာ ဆောင်ရွက်ခြင်းမပြုနိုင်ကြရေးအတွက် တားဆီးပိတ်ဆို့ ဖမ်းဆီးအရေးယူမှုများကို လုံခြုံရေးသတိဖြင့် ဆောင်ရွက်ကြရမည်ဖြစ်သလို ဒေသအသီးသီးမှ ပြည်သူတို့၏ ပူးပေါင်းပါဝင်မှုဖြင့် အောင်မြင်မှုကြီးမားနိုင်ကြပါစေကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့်**

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဦးခိုင်ထွန်းဦး ကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဒေါက်တာသိန်းစိုးကို အမှတ်(၁) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ကိုဗစ် - ၁၉ Call Center ဖွင့်လှစ်ထားရှိ

နေပြည်တော် မေ ၁၉

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Centerအား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားကြောင်း သိရသည်။ သတင်းစဉ်

## ကိုဗစ်-၁၉ ကာလ ကရင်ပြည်နယ်အတွင်းရှိ ရဲဝန်ထမ်းဟောင်း(အငြိမ်းစား)များအား အခြေခံစားသောက်ကုန်များထောက်ပံ့

နေပြည်တော် မေ ၁၉



ကရင်ပြည်နယ်အတွင်းရှိ ရဲဝန်ထမ်းဟောင်း(အငြိမ်းစား)များအား အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကိုကိုမောင်နှင့် ဇနီး ဒေါ်ရွှေဇင်ထွန်းတို့အဖွဲ့က ဆန်၊ ဆီ၊ ဆား၊ ကုလားပဲ စသည့် ရိက္ခာလေးမျိုးထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်က ဘားအံမြို့ ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပသည်။

**ထောက်ပံ့ပေး**

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ် ကိုကိုမောင်က ကိုဗစ်-၁၉ ကာလ အငြိမ်းစားတပ်ဖွဲ့ဝင်များ လိုအပ်မည့် အခြေခံစားသောက်ကုန်များ ထောက်ပံ့ရသည့်အကြောင်း ရှင်းလင်းပြောကြားပြီး ရဲမှုထမ်းဟောင်း ၁၀၀ အား တစ်ဦးလျှင် ဆန်ငါးပြည်လေးဘူး၊ ဆီ ၃၂ ကျပ်သား၊ ဆား ၂၅ ကျပ်သား၊ ကုလားပဲ ၄၈ ကျပ်သားတို့ကို ထောက်ပံ့ပေးသည်။

**တက်ရောက်**

ရိက္ခာထောက်ပံ့ပေးအပ်ပွဲသို့ ပြည်နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးချုပ် အောင်မြတ်မိုး၊ ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးလင်းထွဋ်၊ ရဲအကူတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး မြင့်ကြည် ဦးစီးတပ်ဖွဲ့ဝင်များ၊ ပြည်နယ် ရဲမှုထမ်းဟောင်းဥက္ကဋ္ဌ ဦးကျော်ထွန်း (ဒုတိယ ရဲမှူးကြီး-ငြိမ်း)၊ အတွင်းရေးမှူး ဦးတင်ထွန်း (ရဲတပ်ကြပ်-ငြိမ်း)နှင့် ရဲမှုထမ်းဟောင်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ရဲပြန်ကြား

## မျိုးစေ့ထုတ်လုပ်ရေးသမဝါယမအသင်းများက မျိုးကောင်းမျိုးသန့် မျိုးစေ့များဖြန့်ဖြူးရောင်းချ



နေပြည်တော် မေ ၁၉

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မျိုးစေ့ထုတ်လုပ်ရေးသမဝါယမအသင်း ကိုးသင်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီး စပါး ၄၆၄ ဧက၊ မြေပဲ ၃၈ ဧက၊ ကုလားပဲ ၁၄၈ ဧကနှင့် နှမ်း ၆၃ ဧက စုစုပေါင်းမျိုးစေ့စိုက်ပျိုးဧက ၇၁၃ ဧကဖြင့် မျိုးစေ့ထုတ်သီးနှံများ စိုက်ပျိုးခဲ့ပြီးဖြစ်သည်။

၎င်းမျိုးစေ့စိုက်ပျိုးဧကများမှ ထွက်ရှိသော မျိုးစပါး ၁၇၇၆၂ တင်း၊ မြေပဲမျိုး တင်း ၇၂၀ ၊ ကုလားပဲမျိုး ၇၂၆ တင်း၊ နှမ်းမျိုး ၃၇၉ တင်းတို့အား သိုလှောင်ထားရှိပြီး သီးနှံမျိုးစေ့များကို အသင်းသားတောင်သူများနှင့် ပြည်သူများထံသို့ ဒေသပေါက်ဈေးနှုန်းဖြင့် ဆက်လက်ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ မတ်လအထိ မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်အခြေအနေ

နေပြည်တော် မေ ၁၉

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် မတ်လအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၆၂ ဒသမ ၆၂သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၅၂ ဒသမ ၅၂သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၁၅ ဒသမ ၁၄ သန်းဖြစ်ပါသည်။ ပုံမှန် သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၆၀၄ ဒသမ ၇၃ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၄၁ ဒသမ ၃၇သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၉၄၆ ဒသမ ၁၀ သန်းဖြစ်သည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် မတ်လအတွက် စုစုပေါင်းကုန်သွယ်မှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၃၄၆၁ ဒသမ ၂၄ သန်း ဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၄၃၀ ဒသမ ၉၆ သန်း ဖြစ်ပေါ်ခဲ့သည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာလမှ မတ်လအထိ မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၅၂၃ ဒသမ ၀၃သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၇၄၄ ဒသမ ၃၈ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၂၆၇ ဒသမ ၄၁ သန်းဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၀၅၃ ဒသမ ၃၈ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၆၂၇ ဒသမ ၇၇ သန်းနှင့် စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၆၈၁ ဒသမ ၁၅ သန်း ဖြစ်သည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာလမှ မတ်လအထိ စုစုပေါင်းကုန်သွယ်မှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၁၉၉၄၈ ဒသမ ၅၆ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၁၄၁၃ ဒသမ ၇၄ သန်း ဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေ အစီရင်ခံစာအရ သိရသည်။ သတင်းစဉ်

# ပြည်သူသာလျှင် အဓိက



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ရန် စီမံဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဆရာ၊ ဆရာမများ အဖွဲ့ချုပ် ကိုယ်စားလှယ်နှင့် ကျောင်းသားမိဘ ကိုယ်စားလှယ်တို့နှင့် တွေ့ဆုံ၍ အပြန်အလှန်ဆွေးနွေးစဉ်။ သတင်းစဉ်

- **စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင် မည်သည့်အဆင့်မှစ၍ ဖွင့်လှစ်ရမည်ကို မိမိတို့ လေးလေးနက်နက်စဉ်းစားပြီး လက်တွေ့ကျကျဖြင့် ဖြစ်မြောက်အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်**
- **ကိုဗစ်ကာလတွင် ဆရာ၊ ဆရာမများကို စာသင်နည်းများ ပြန်လည်သင်ကြားပေးမည်ဖြစ်၊ ဆရာ၊ ဆရာမများကလည်း သင်ယူရမည်ဖြစ်၊ ကိုဗစ်ကာလတွင် မိဘ၊ ဆရာများကိုလည်း သားသမီးများ၏ ပညာရေးအတွက် အားလုံးဝိုင်းဝန်းပြီး မည်သို့ဆောင်ရွက်ရမည်ကို အသိပညာပေးရမည်ဖြစ်**

❖ *ရှေ့ဖုံးမှ*

ရှေးဦးစွာ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

**ဆောင်ရွက်သွားမည့်အခြေအနေများရှင်းလင်း**

ထို့နောက် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းက ကမ္ဘာ့နိုင်ငံများတွင် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နေမှု အခြေအနေ၊ ကလေးများ ပညာသင်ယူမှုအခွင့်အလမ်း ဆုံးရှုံးမှု မရှိစေရေးအတွက် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း အဆင့်အလိုက် ပြန်လည်ဖွင့်လှစ်နိုင်ရေး စဉ်းစားဆောင်ရွက်နေမှု၊ စာသင်ကျောင်းများတွင် ကပ်ရောဂါကူးစက်မှုမရှိစေရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျောင်းသားမိဘများအားလုံး ပူးပေါင်း၍ စိန်ခေါ်မှုကို ကျော်လွှားနိုင်ရေး ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဆရာ၊ ဆရာမများအဖွဲ့ချုပ် ကိုယ်စားလှယ် ဒေါ်နီလာဝင်းက စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်သည့်အခါ သတိထားရမည့်အချက်များ၊ ဆရာ၊ ဆရာမအင်အားနှင့် စာသင်ခန်းနည်းပါးသည့် အခြေအနေတွင် ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်သည့် ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ရာတွင် တွေ့ကြုံရမည့် အခက်အခဲ၊ မိမိကျောင်းနှင့် လိုက်လျောညီထွေသည့် ကျောင်းတက်သည့်ပုံစံကို မိဘများ၊ တာဝန်ရှိသူများနှင့် ညှိနှိုင်းပြင်ဆင်ထားရှိမှု၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင် အလယ်တန်းနှင့် အထက်တန်းအဆင့်များကို စတင်ဖွင့်လှစ်ရန်နှင့် KG အပါအဝင် မူလတန်းအဆင့်မှ ကလေးသူငယ်များကို မိဘအကူအညီဖြင့် အိမ်တွင်သင်ကြားရေးစနစ် ကျင့်သုံးရေးအခြေအနေများကို လည်းကောင်း၊ ကျောင်းသားမိဘ ကိုယ်စားလှယ် ဦးကျော်ငွေးက စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်မှုနှင့် စပ်လျဉ်း၍ ကျောင်းသားမိဘများ၏ စိုးရိမ်ပူပန်မှု၊ မိုးရာသီတွင် ဖြစ်ပွားလေ့ရှိသည့် ရောဂါများအတွက် ကြိုတင်ပြင်ဆင်ရန် လိုအပ်မှု၊ ကျောင်းကြို၊ ပို့ယာဉ်များ၊ လူပုဂ္ဂိုလ်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ရေး၊ ရောဂါပျံ့နှံ့ မှုများသည့် ရန်ကုန်မြို့၌ သင်ကြားရေးတွင် အထောက်အကူဖြစ်စေရန် ဆရာ၊ ဆရာမများအတွက် အွန်လိုင်းစနစ် မြှင့်တင်ပေးရေးနှင့် ကိုဗစ်-၁၉ ကာကွယ် ဆေးကိစ္စများကို လည်းကောင်း ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင် စာသင်ကျောင်းများအား ရောဂါကာကွယ်ရေး ညွှန်ကြားချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်ရေး၊ ဆရာ ဆရာမများ အဆင်သင့်ဖြစ်အောင် ဆောင်ရွက်ရေး၊ ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များကို ဆရာ ဆရာမများ၊ ကျောင်းသားမိဘများ၊ ကျောင်းပို့၊ ကျောင်းကြိုပုဂ္ဂိုလ်များ သိရှိလိုက်နာအောင် ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

**စမ်းသပ်သည့်ပုံစံဖြင့် ဖွင့်လှစ်သွားမည်**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်အနေဖြင့် ပြောကြားရာတွင် ပညာရေးဝန်ကြီးဌာန၏အမြင်၊ ဆရာ ဆရာမများ၏အမြင်၊ ကျောင်းသားမိဘများ၏ အမြင်များကို ကြားသိရသည့်အခါ စာသင် ကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင် မည်သည့်အဆင့်မှစ၍ ဖွင့်လှစ်ရမည်ကို မိမိတို့ လေးလေးနက်နက်စဉ်းစားပြီး လက်တွေ့ကျကျဖြင့် ဖြစ်မြောက်အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်သည့်အခါ စမ်းသပ်သည့်ပုံစံဖြင့် ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း၊ မည်သည့်ပုံစံဖြင့် အောင်မြင်မည်ကိုလည်း သေသေချာချာ မသိသေးပါကြောင်း။

**အတွေ့အကြုံကိုလေ့လာရန် အချိန်ရှိ**

မိမိတို့ လေ့လာရသည့်နိုင်ငံများအနက် အများအားကျရသည့် နိုင်ငံသည် ဗီယက်နမ်နိုင်ငံဖြစ်ပါကြောင်း၊ ဗီယက်နမ်နိုင်ငံသည် ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ထိထိရောက်ရောက် ကာကွယ်၊ တားဆီး၊ ကိုင်တွယ်ထားနိုင်သည့်အတွက် များစွာလေးစားပါကြောင်း၊ ယင်းနိုင်ငံ၏ အတွေ့အကြုံကိုလည်း လေ့လာပါကြောင်း၊ ဗီယက်နမ်နိုင်ငံတွင်လည်း စာသင်ကျောင်းများ စတင်ဖွင့်လှစ်လျက်ရှိပါကြောင်း၊ ဗီယက်နမ်နိုင်ငံသည် မိမိတို့နိုင်ငံနှင့် အခြေအနေ ပိုမိုတူညီပါကြောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံများ၏ အခြေအနေနှင့် မိမိတို့နိုင်ငံ၏ အခြေအနေသည် များစွာကွာခြားပါကြောင်း၊ ကွာခြားသည့်အတွက် ယင်းနိုင်ငံများတွင်ဖြစ်သည့် အကြောင်းအရာများကိုကြည့်၍ မိမိတို့နိုင်ငံတွင် ဖြစ်နိုင်သည်များကို တွက်ချက်ခြင်းသည် လက်တွေ့မကျပါကြောင်း၊ ဗီယက်နမ်နိုင်ငံသည် မိမိတို့နိုင်ငံနှင့် အခြေအနေချင်း များစွာနီးစပ်သည့်အတွက် ယင်းနိုင်ငံ၏ အတွေ့အကြုံကို လေ့လာရန် အချိန်ရှိပါကြောင်း။

ကိုဗစ်ကာလတွင် ဆရာ၊ ဆရာမများကို စာသင်နည်းများ ပြန်လည်သင်ကြားပေးမည်ဖြစ်ပါကြောင်းနှင့် ဆရာ၊ ဆရာမများကလည်း သင်ယူရမည်ဖြစ်ပါကြောင်း၊ ကိုဗစ်ကာလတွင် မိဘ၊ ဆရာများကိုလည်း သားသမီးများ၏ ပညာရေးအတွက် အားလုံးဝိုင်းဝန်းပြီး မည်သို့ဆောင်ရွက်ရမည်ကို အသိပညာပေးရမည်ဖြစ်ပါကြောင်း၊ မိဘ၊ ဆရာများကိုယ်တိုင်ကလည်း ယခု ဆွေးနွေးပွဲကဲ့သို့ သိသင့်သိထိုက်သည့် ကိစ္စရပ်များကို အကြံပြုရန် လိုအပ်ပါကြောင်း၊ ယခုလို အကြံပြုမှု၊ ရှင်းပြမှု ကျောင်းသားမိဘများ၏ စိုးရိမ်ပူပန်မှုများကို သိရှိနိုင်မည်ဖြစ်ပါကြောင်း၊ စိုးရိမ်နေရုံဖြင့် မပြီးပါကြောင်း၊ လက်တွေ့ကျကျ မည်သို့ ဖြေရှင်းဆောင်ရွက်မည်ဆိုသည့် အကြံပြုချက်များကိုလည်း ပေးစေချင်ပါကြောင်း၊ ယခုဆွေးနွေးပွဲမှ ဆရာမ တင်ပြသကဲ့သို့ ကလေးငယ်များအတွက် စိုးရိမ်ရသော်လည်း အတန်းကြီးများအတွက် ဖြစ်နိုင်သည့် အလားအလာရှိသည်ဆိုသည့် အချက်မျိုးဖြစ်ပါကြောင်း၊ ထိုသို့ လက်တွေ့ကျသည့် အကြံဉာဏ်များ ပေးသင့်ပါကြောင်း၊ သို့မှသာ အားလုံးအတူတူ ဆုံးဖြတ်ရမည် ဖြစ်ပါကြောင်း။

**ဘွဲ့ရရုံပညာရေးမဟုတ်**

နိုင်ငံတစ်နိုင်ငံ၏ ပညာရေးသည် ရပ်ထား၍မရပါကြောင်း၊ ကလေးငယ်များသည် စာသင်ကျောင်းနှင့် ကင်းကွာသွားသည့်အခါ ပညာသင်ချင်စိတ်သည် နည်းပါးသွားပါကြောင်း၊ ဦးကိုလေးဝင်းက ကိုယ်ပိုင်အတွေ့အကြုံကို ပြောသွားပါကြောင်း၊ စာသင်ကျောင်းများ ပိတ်တာများသွားလျှင် ပညာရေးကို အမှန်တကယ် အထိနာပါကြောင်း၊ နောက်ကျမှ မြန်မြန်ဆန်ဆန် အောင်သည့်သူတွေများအောင် ဖြတ်လမ်းနည်းနှင့် သင်ပေးလိုက်ခြင်းသည် ဘွဲ့တော့ရသွားပါကြောင်း၊ ဘွဲ့ရရုံဖြင့် ပညာတတ်မဟုတ်ပါကြောင်း၊ မိမိတို့ ဦးတည်သည့် ပညာရေးသည် ဘွဲ့ရရုံပညာရေး မဟုတ်ပါကြောင်း၊ မိမိအတွက်ရော၊ မိမိပတ်ဝန်းကျင်အတွက်ရော၊ မိမိနိုင်ငံ၊ မိမိကမ္ဘာကြီးအတွက် အကျိုးပြုနိုင်မည့် ပညာရေးမျိုးကို မိမိတို့က နိုင်ငံကို ပေးချင်ပါကြောင်း။

ထို့ကြောင့် ကိုဗစ်ကို ရင်ဆိုင်ရခြင်းသည်လည်း မိမိတို့အတွက် ပညာတစ်ခုဟု စဉ်းစားစေချင်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနရော၊ မိဘတွေရော၊ ဆရာ ဆရာမတွေရော အားလုံးအတွက် ပညာရှာနေရသည့်အချိန်ဖြစ်ပါကြောင်း၊ ကလေးများသာ ပညာရှာနေရခြင်း မဟုတ်ပါကြောင်း၊ မိမိတို့လည်း ပညာရှာနေရပါကြောင်း၊ ကိုဗစ်နှင့် ပတ်သက်၍ တစ်နေ့တစ်မျိုး မရိုးရပါကြောင်း၊ တစ်နေ့တစ်မျိုးဖြစ်နေပါကြောင်း၊ ဖြစ်သည့်အကြောင်းအရာအပေါ် အခြေခံ၍ မည်သို့ဆောင်ရွက်မည်ကို ဆုံးဖြတ်ရသည်များ ရှိပါကြောင်း၊ တချို့အရာများအတွက် မိမိတို့ ကြိုတင်စဉ်းစားထားသည်များ ရှိပါကြောင်း၊ တချို့အရာများအတွက် ကြိုတင်စဉ်းစား၍ မရပါကြောင်း၊ မထင်မှတ်ဘဲ ဖြစ်လာပါကြောင်း၊ ထိုသည်ပင်လျှင် ပညာဖြစ်ပါကြောင်း၊ ပညာဆိုသည်မှာ အခြေအနေတစ်ခုကို မှန်မှန်ကန်ကန် သုံးသပ်နိုင်ခြင်း၊ သုံးသပ်ပြီး သုံးသပ်မှုအပေါ် မည်သို့ဆောင်ရွက်ရမည်ကို ဆုံးဖြတ်နိုင်ခြင်းပင် ဖြစ်ပါကြောင်း။

မိမိတို့သည် ကိုဗစ်အခြေအနေကို မှန်မှန်ကန်ကန်သုံးသပ်ရန် အားလုံးက ကြိုးစားနေသည့်အချိန်ဖြစ်ပါကြောင်း၊ သုံးသပ်မှုအပေါ် အခြေခံပြီး မည်သို့ဆောင်ရွက်ရမည်ကို ဆုံးဖြတ်ရန်လည်း အားလုံးက ကြိုးစားနေချိန်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယနေ့တွင် ဝင်ရောက်ဆွေးနွေးပေးကြသည့် သုံးဦးစလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ ယခုကဲ့သို့ ဆွေးနွေးခြင်းအားဖြင့် ကိုဗစ်နှင့် ပတ်သက်၍သာမက အခြားကိစ္စများနှင့် ပတ်သက်၍ မိမိတို့ ပြည်သူပြည်သားများ ပညာတိုးနိုင်ပါစေ၊ ကျန်းမာချမ်းသာပါစေကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ကမ္ဘာ့စီးပွားရေးဖိုရမ်အဖွဲ့က ကြီးမှူးကျင်းပသည့် 2nd Regional Action Group For The ASIA PACIFIC COVID-19 Action Platform Videoconference ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ ပါဝင်တက်ရောက်

**နေပြည်တော် မေ ၁၉**

**ကမ္ဘာ့စီးပွားရေးဖိုရမ် (WEF) က ကြီးမှူး၍ Video Conference ဖြင့် ယနေ့ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ကျင်းပသည့် Regional Action Group For The ASIA PACIFIC : Responding to Supply Chain Disruptions ဆွေးနွေးပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် ၎င်း၏ရုံးခန်းမှ ပါဝင်တက်ရောက်သည်။ (ယာပုံ)**



**ဆွေးနွေး**

ဆွေးနွေးပွဲတွင် ကမ္ဘာ့စီးပွားရေးဖိုရမ်အဖွဲ့နှင့် အာရှ-ပစိဖိတ်ဒေသတွင်းနိုင်ငံများမှ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ တာဝန်ရှိသူများနှင့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပါဝင်ဆွေးနွေးကြရာ၌ ကိုဗစ်-၁၉ အလွန် စီးပွားရေးကုစားမှု အစီအစဉ်များ ဆောင်ရွက်ရာတွင် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ၏ ပူးပေါင်းမှုဖြင့် ကုန်ထုတ်လုပ်မှုကွင်းဆက် ကြံ့ခိုင်အားကောင်းစေရေးအတွက် စတင်လုပ်ဆောင်သင့်သည့် အစီအစဉ်များကို လည်းကောင်း၊ အဓိက မရှိမဖြစ်သည့် ကုန်ပစ္စည်းများကို နိုင်ငံများအချင်းချင်း ကုန်သွယ်မှုပြုရာ၌ 4IR နှင့် Block Chain စသည့် နည်းပညာများကို သုံးစွဲလုပ်ဆောင်နိုင်မည့် အခန်းကဏ္ဍနှင့် စပ်လျဉ်း၍ လည်းကောင်း၊ နိုင်ငံများ၏ ဘဏ္ဍာရေး ပြုပြင်ပြောင်းလဲ လုပ်ဆောင်မှုများ၊ ကမ္ဘာ့ဘဏ္ဍာရေးအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုများဖြင့် ဒေသတွင်းနှင့် ကမ္ဘာ့ကုန်ထုတ်လုပ်မှုကွင်းဆက် အားကောင်းခိုင်မာစေရေးကို ဆောင်ရွက်သင့်သည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

**တီထွင်ဖန်တီးခဲ့**

ပြည်ထောင်စုဝန်ကြီးက ပါဝင်ဆွေးနွေးရာတွင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် မြန်မာနိုင်ငံသည် 4IR ကဲ့သို့သောနည်းပညာကို တီထွင်သုံးစွဲမှုများ ရှိနေပါကြောင်း၊ အကောင်းဆုံးအနေအထား မရောက်သေးသော်လည်း နိုင်ငံအတွင်း နည်းပညာအဖွဲ့အစည်းအချို့က Robot Technology ကို ကုသရေးနှင့် Quarantine Centers များတွင် သုံးစွဲနိုင်အောင် တီထွင်ဖန်တီးခဲ့ကြကြောင်း၊ ကိုဗစ်-၁၉ ရောဂါကူးစက်သူများအား Tracking and Tracing အတွက်လည်း IT နည်းပညာ အသုံးပြုဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယနေ့အချိန်အခါတွင် ကုန်ထုတ်လုပ်မှုကွင်းဆက် ကြံ့ခိုင်အားကောင်းစေရေးအတွက် Logistics ကဏ္ဍမှာ အဓိကအရေးပါသည့် အလျောက် မြန်ဆန်ထိရောက်သည့် သိုလှောင်၊ ထောက်ပံ့၊ သယ်ယူရေးစနစ်ကို ပိုမိုအားကောင်းအောင် ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံတစ်နိုင်ငံချင်းက ကြိုးပမ်းဆောင်ရွက်နေရုံနှင့် မလုံလောက်ဘဲ နိုင်ငံများအကြား အပြန်အလှန် အမှီသဟဲပြု၍ ညီညီနှိုင်းနှိုင်း၊ စုစုစည်းစည်းနှင့် ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံအလိုက် မိမိဒေသတစ်ခုလုံး၏ စားနပ်ရိက္ခာဖူလုံရေးမှာ အရေးကြီးသည့်အတွက် လယ်သမားများ မျိုးကောင်းမျိုးသန့် ရရှိရေး၊ အရည်အသွေးပြည့်မီသည့် သွင်းအားစုများရရှိရေးနှင့် ခေတ်မီစိုက်ပျိုးနည်းစနစ်များ အချိန်အခါမီ ဖြန့်ဖြူးနိုင်ရေးအတွက် စတုတ္ထစက်မှုအသွင်ကူးပြောင်းရေး(4IR) နည်းပညာကို ထိထိရောက်ရောက် သုံးစွဲနိုင်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

**တာဝန်ရှိသူများ တက်ရောက်**

ဆွေးနွေးပွဲသို့ ကမ္ဘာ့စီးပွားရေးဖိုရမ်မှ တာဝန်ရှိသူများ၊ အာဆီယံနိုင်ငံများမှ စီးပွားရေးဝန်ကြီးများ၊ အာရှ-ပစိဖိတ်ဒေသအတွင်းမှ နည်းပညာကုမ္ပဏီကြီးများ၊ ဘဏ္ဍာရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာနက ကိုဗစ်-၁၉ လျော့ကျချိန်ကာလ နယ်စပ်ဒေသရှိ လူငယ်များ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြင်ဆင်ဆောင်ရွက်

**နေပြည်တော် မေ ၁၉**

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများသာမက နယ်စပ်ဒေသရှိ လူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့်မြင့်ပညာ၊ အခြေခံပညာနှင့် အသက်မွေးပညာ ဟူသော ကဏ္ဍကြီး (၃) ရပ်ဖြင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)၊ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်၊ စစ်ကိုင်း)၊ ဗဟိုလေ့ကျင့်ရေးကျောင်း၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၄၅ ကျောင်း၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း ကိုးကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း ၄၆ ကျောင်း စုစုပေါင်း ၁၀၄ ကျောင်းကို နယ်စပ်ဒေသများတွင် ဖွင့်လှစ်လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။



Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်အရ ကိုဗစ်-၁၉ ကာလတွင် အထက်ပါ တက္ကသိုလ်၊ ဒီဂရီကောလိပ်များနှင့် သင်တန်းကျောင်းများ၏ စာပေပညာသင်တန်းများနှင့် အိမ်တွင်းမှုသင်တန်းများကို ခေတ္တရပ်ဆိုင်းထားခဲ့ပြီး တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့များ၏ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လိုအပ်ချက်အရ အဆိုပါ ကျောင်းများတွင် Facility Quarantine ထားရှိနိုင်ရေး ဆောင်ရွက်ခဲ့ရာ မေ ၁၈ ရက်အထိ ၁၀၃၇ ဦး လက်ခံခဲ့ပြီး သတ်မှတ်ကာလ ပြည့်မြောက်၍ မြို့နယ်စီမံခန့်ခွဲရေးကော်မတီသို့ ပြန်လည်လွှဲပြောင်းသူ ၅၇၉ ဦးရှိပြီး Facility Quarantine ဖြင့် နေထိုင်သူ ၄၅၈ ဦး ကျန်ရှိလျက်ရှိသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ အရှိန်လျော့ပါးလာသည့်ကာလတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်ကို ခံယူ၍ သင်တန်းကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိရာ ကိုဗစ်-၁၉ ကာလအတွင်း နည်းပြများကို အရည်အချင်းမြှင့်တင်ခြင်း၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းအတွက် ဂျပန်နိုင်ငံမှ မှာယူခဲ့သည့် သင်ထောက်ကူပစ္စည်းများ ရောက်ရှိဖြည့်တင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များအနေဖြင့် Facility Quarantine ဖြင့် နေထိုင်သူများကို ဇွန် ၁၆ ရက်တွင် သင့်တော်ရာနေရာများသို့ ပြောင်းရွှေ့၍ သင်တန်းကျောင်းများကို ပြန်လည်အပ်နှံရန် စီမံဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ ကိုဗစ်-၁၉ လျော့ကျချိန်တွင် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုအတိုင်း နယ်စပ်ဒေသရှိ လူငယ်လူရွယ်များ၏ လူ့စွမ်းအားအရင်းအမြစ်နှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သင်တန်းကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးက ယနေ့တွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်) နှင့် ဗဟိုလေ့ကျင့်ရေးကျောင်းသို့ ရောက်ရှိပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသည့် လေးထပ် ကျောင်းသူအိပ်ဆောင်၊ ရှစ်ခန်းတွဲ သုံးထပ် ဝန်ထမ်းအိမ်ရာ၊ နှစ်ထပ်စားရိပ်သာ၊ စတိုဆောင်၊ ကျောင်းအုပ်နေအိမ် အစရှိသည့် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ကိုဗစ်-၁၉ လျော့ကျချိန်ကာလတွင် ကျောင်းများ၊ သင်တန်းများ၊ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း စီမံဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ကာလတွင် ဘားအံမြို့ ပေါင်းစုအားမာန်ရောင်းဝယ်ရေး သမဝါယမအသင်းက လူသုံးကုန်၊ အခြေခံစားသောက်ကုန်များ ရောင်းချ




**နေပြည်တော် မေ ၁၉**

ကရင်ပြည်နယ် ဘားအံမြို့ အမှတ် (၂) ရပ်ကွက် ပေါင်းစုအားမာန်ရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်က ကိုဗစ်-၁၉ ကာလအတွင်း အသင်းသားများနှင့် ဒေသခံပြည်သူများသို့ လူသုံးကုန်၊ အခြေခံစားသောက်ကုန်များကို ကုန်ပစ္စည်းပြတ်လပ်မှုမရှိစေရန် ပစ္စည်းမှန်၊ ဈေးနှုန်းမှန်ဖြင့် ရောင်းချပေးလျက်ရှိသည်။

မူလသမဝါယမအသင်းဆိုင်အပြင် ကျန်းမာရေးနှင့်အညီ မြို့နယ်စည်ပင်သာယာရေးကော်မတီက ယာယီသတ်မှတ်ပေးထားသော ယာယီပျံကျဈေးတို့တွင်လည်း နေ့စဉ်ရောင်းချပေးပြီး အသင်းဝင် အသင်းသားများကို ငါးရက်ဆပ် အတိုးမဲ့စနစ်ဖြင့်လည်း ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# စည်းလုံးညီညွတ်မှု၊ ချစ်ကြည်လေးစားမှု၊ ရိုင်းပင်းကူညီမှုများ ပိုမိုလိုအပ်

ဒီနေ့အချိန်အခါဟာ ကျွန်မတို့နိုင်ငံမှာ တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်မှု၊ ချစ်ကြည်လေးစားမှု၊ ရိုင်းပင်းကူညီမှုများ ပိုမိုလိုအပ်လာတဲ့ အချိန်အခါလည်းဖြစ်ပါတယ်။ ဒါ့အပြင် ပြည်ထောင်စုသားချင်းများ တစ်ဦးချင်းစီရဲ့ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ၊ လုံ့လဝီရိယ၊ ရိုးသားဖြောင့်မတ်မှုစတဲ့ အရည်အချင်းများ ပိုမိုမြင့်မား၊ ခိုင်မာလာအောင် တည်ဆောက်ရမယ့်အချိန် ဖြစ်ပါတယ်။ ဒါ့အပြင် အချင်းချင်းရိုင်းပင်းကူညီမှု၊ ချစ်ခင်လေးစားမှုများကိုအခြေခံပြီး ငြိမ်းချမ်းရေးကိုအရယူနိုင်တဲ့ ပုဂ္ဂိုလ်တွေ ဖြစ်စေချင်ပါတယ်။

**(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၁-၂-၂၀၂၀ ရက်နေ့တွင် ကျင်းပသော သွေးချင်းတို့ရဲ့ ပွဲတော်ဆီ ၂၀၂၀ ဖွင့်ပွဲအခမ်းအနားၣ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**



# ကိုရီးယားသမ္မတနိုင်ငံမှ ကိုဗစ်-၁၉ ဓာတ်ခွဲပစ္စည်းများလှူဒါန်း

နေပြည်တော် မေ ၁၉

**ကိုရီးယားသမ္မတနိုင်ငံမှ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ ကိုဗစ်- ၁၉ ဓာတ်ခွဲပစ္စည်းများ လှူဒါန်းရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယနေ့နံနက်ပိုင်းတွင် ရုံးအမှတ် (၄) နေပြည်တော်၌ လက်ခံသည်။**

ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီဆွန်းဟွာ က ကမ္ဘာ့ကပ်ရောဂါ ကိုဗစ် -၁၉ ကို တိုက်ဖျက်ရာတွင် ကိုရီးယားသမ္မတနိုင်ငံ အနေဖြင့် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုဖြင့် လူသား ဘဝလုံခြုံရေး(human security) ရရှိရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံ အနေဖြင့် ကိုဗစ်-၁၉ တုံ့ပြန် ဆောင်ရွက်ရေးနှင့် ကိုဗစ်-၁၉ ကာလအလွန်တွင် လူသားဘဝလုံခြုံမှုကို ဗဟိုပြုသည့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများတွင် ဦးဆောင် ကဏ္ဍမှ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယမန်နှစ်က ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေး ခရီးလာရောက်ခဲ့ပြီးနောက် မြန်မာ - ကိုရီးယားသမ္မတ နိုင်ငံနှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးမှုမှာ ပိုမိုအဆင့်မြင့်မား ခိုင်မာလာခဲ့ပါကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအား ချစ်ကြည်ရင်းနှီးစွာ၊ အပြန်အလှန် ယုံကြည်မှုပြည့်ဝစွာဖြင့် ဆက်လက်ပံ့ပိုး ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**အကျိုးကျေးဇူးများ ရရှိ**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး က ပြည်သူများတွင် အသက်ရှူလမ်းကြောင်းမှ တစ်ဆင့် ကူးစက်တတ်သော ရောဂါများဆိုင်ရာ ကျန်းမာရေး အသိပညာများ ကြွယ်ဝလာခြင်း၊ စေတနာရှင်များ၏ လှူဒါန်းမှုများကြောင့် ဆေးနှင့်ဆေးပစ္စည်းကိရိယာများ ပိုမိုရရှိခြင်း၊ ဆေးရုံများရှိ အထူးကြပ်မတ်ကုသဆောင် များကို အဆင့်မြှင့်ခြင်း၊ ဓာတ်ခွဲခန်းများ အဆင့်မြှင့်တင် ခြင်း၊ ကျန်းမာရေးစနစ်ပိုမိုကောင်းမွန်လာခြင်းတို့အပြင် ပြည်သူများ၏ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက် ခြင်းအကျိုးကျေးဇူးများကို ရရှိပါကြောင်း၊ အဆိုပါအချက် များသည် ယခု ကိုဗစ်-၁၉ ဖြစ်စဉ်အတွက်သာမက ရေရှည် အတွက်ပါ အကျိုးရှိစေမည် ဖြစ်ပါကြောင်း၊ ကိုရီးယား သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ချစ်ကြည် ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ယခု ကိုဗစ်-၁၉ ဖြစ်စဉ် တွင်လည်း ယနေ့လှူဒါန်းမှုများ အပါအဝင် ပံ့ပိုးပူးပေါင်း ဆောင်ရွက်မှုများအား ကျေးဇူးတင်ရှိပါကြောင်း ပြောကြား သည်။

**ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကိုရီးယားသမ္မတ နိုင်ငံအစိုးရကိုယ်စား ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ လီဆွန်းဟွာ၊ KOICA Myanmarကိုယ်စားKOICA Myanmar Chief Representative Ms. Lee Youn-Soo နှင့်Hyundai Engineering and constructions Co.ltd မှ ကိုယ်စားလှယ်တစ်ဦးတို့၏ လှူဒါန်းမှုများအား လက်ခံ ပြီး မှတ်တမ်းတင်ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ် သည်။

ကိုရီးယားသမ္မတနိုင်ငံအစိုးရမှ အမေရိကန်ဒေါ်လာ ၅၀၀၀၀၀ တန်ဖိုးရှိဓာတ်ခွဲ test kit များ၊ KOICA Myanmar မှ အမေရိကန်ဒေါ်လာ ၅၀၀၀၀ တန်ဖိုးရှိ RNA Extraction Kit များနှင့် Hyundai Engineering and constructions Co.ltd မှ အမေရိကန်ဒေါ်လာ ၅၂၅၀၀ တန်ဖိုးရှိ ဓာတ်ခွဲ နမူနာထည့်ပိုးသည့် Viral Transport Media ၁၅၀၀၀ ခု တို့ကို လှူဒါန်းခဲ့ခြင်းဖြစ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကျန်းမာ ရေးနှင့်အားကစားဝန်ကြီးဌာန ရုံးအမှတ် (၄) နေပြည်တော် ၌ အလှူရှင်များက ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် လှူဒါန်းမှုများကို လက်ခံ သည်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ကိုရီးယားသမ္မတနိုင်ငံမှ လှူဒါန်းသည့် ကိုဗစ်-၁၉ ဓာတ်ခွဲပစ္စည်းများအား လက်ခံရယူစဉ်။ သတင်းစဉ်

ရှေးဦးစွာ အလှူရှင်များကိုယ်စား အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များ သာယာဖွံ့ဖြိုးရေးအဖွဲ့ မှ ဆရာတော်တစ်ပါးက လှူဒါန်းရသည့် အကြောင်းရင်း ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီး တို့က လှူဒါန်းမှုများအား လက်ခံခဲ့ကြပြီး အလှူရှင်များထံ ကျေးဇူးတင်ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်သည်။

ယနေ့ လှူဒါန်းမှု၌ အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များ သာယာ ဖွံ့ဖြိုးရေးအဖွဲ့မှ ငွေကျပ် သိန်း ၁၀၀၊ လူမှုကွန်ရက်မှ အများပြည်သူများက ငွေကျပ် ၂၀၈ သိန်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ် (၇/၂၀၁၆) သင်တန်းသား/ သင်တန်းသူများက ငွေကျပ် ၁၁ သိန်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အင်္ဂလိပ်စာအရည် အသွေးမြှင့်တင်မှု အမှတ်စဉ် (၁/၂၀၁၈) အုပ်စု(၁) တန်းခွဲ (၂)သင်တန်းသား/သင်တန်းသူများက ငွေကျပ် ငါးသိန်း ငါးသောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူး ဒေါ်ခင်လေးညိုနှင့် ဝန်ထမ်း များက ငွေကျပ် တစ်သိန်း သုံးသောင်းတို့ကို လှူဒါန်းခဲ့ ကြောင်း သိရသည်။ **သတင်းစဉ်**




## ရှားတောမြို့၌ ကိုဗစ်-၁၉ ကာကွယ်ရေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်

**ရှားတော မေ ၁၉**

ကယားပြည်နယ် ရှားတောမြို့နယ် တွင် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး အသိပေးနှိုးဆော်ခြင်းနှင့် သဘာဝ ဘေး အန္တရာယ် ကြိုတင်ကာကွယ်ရေး ဆိုင်ရာများ အသိပေးနှိုးဆော်ခြင်းကို ယနေ့ နံနက် ၇ နာရီတွင် မြို့ပေါ် ရပ်ကွက်နှင့် ကျေးရွာများတွင် ဆက်လက်ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ် အဆင့် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဝင် ဌာနဖြစ်သော မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့ နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့များ ပူးပေါင်း၍ မြို့နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး အတွက် အများပြည်သူ လိုက်နာ ဆောင်ရွက်ရန် ထုတ်ပြန်သည့် အမိန့် ကြေညာစာ၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ မေ ၁၅ ရက် မှစ၍ နေ့စဉ် ည ၁၂ နာရီမှ နံနက် ၄ နာရီအတွင်း ညမထွက်ရန် အချိန် ပြောင်းလဲပြင်ဆင် ထုတ်ပြန်သည့် အမိန့်နှင့် အပူဒဏ်ကာကွယ်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ် ခြင်း စသည့် သဘာဝဘေးအန္တရာယ် နှင့် ပတ်သက်သည့် အချက်များအား အသိပေးနှိုးဆော်ခြင်းကို မြို့ပေါ် ရပ်ကွက်များ၊ စုစည်း ကျေးရွာများနှင့် မြောက်ရွာတို့တွင် မော်တော်ယာဉ် ဖြင့် အရှိန်မြှင့်တင် လှည့်လည်နှိုးဆော် ခြင်းကို ဆက်လက်ဆောင်ရွက် သည်။ **ထွန်းအောင်(ပြန်/ဆက်)**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် မေ ၁၉**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာ ကွက်ကျား မိုးထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက် တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်း ချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ **မိုး/ဇလ**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ

## ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (NEP) ဖြင့် ဆောင်ရွက်လျက်ရှိသော ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်

**နေပြည်တော် မေ ၁၉**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တောင်ကုတ် မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့်၏ တောင်ကုတ်မြို့နယ် နတ်မော်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအား ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက တောင်ကုတ်မြို့နယ် နတ်မော်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် ပေ (၁၂၀ x ၃၀) RCC တစ်ထပ်ဆောင်အသစ် ဆောက်လုပ်ရန်အတွက် လိုအပ်သော ရန်ပုံငွေကို လာမည့်၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီးဖြစ်ပါကြောင်း၊ ခွင့်ပြုချက်ရရှိပါက ဆောက်လုပ်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

### ကျောင်းအဆင့်တိုးမြှင့်ခြင်းအတွက် လျာထားဆောင်ရွက်ပေးပြီးဖြစ်

ပူတာအို မဲဆန္ဒနယ်မှ ဦးမိုးရွှေ၏ ပူတာအိုမြို့နယ်ရှိ နမ်ထွမ်ခူးအုပ်စု နမ်ထွမ်ခူး အခြေခံပညာအလယ်တန်းကျောင်းအား ၂၀၁၉–၂၀၂၀ ပညာသင်နှစ်တွင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ခြင်းရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပူတာအိုမြို့နယ် နမ်ထွမ်ခူး အခြေခံပညာအလယ်တန်းကျောင်း၏ ကျောင်းသက်တမ်းသည် ငါးနှစ်ရှိပြီဖြစ်ပါကြောင်း၊ ကျောင်းသားဦးရေသည် သတ်မှတ်ကျောင်းသားဦးရေ ပြည့်မီခြင်းမရှိပါကြောင်း၊ သို့သော် အနီးဆုံး အထက်တန်းအဆင့်သင်ကျောင်းဖြစ်သည့် ပူတာအို အခြေခံပညာအထက်တန်းကျောင်းနှင့် ၁၅ မိုင် ကွာဝေးနေသည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ ၂၀၂၀–၂၀၂၁ ပညာသင်နှစ်တွင် ကျောင်းအဆင့်တိုးမြှင့်ခြင်းအတွက် လျာထားဆောင်ရွက်ပေးပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၏ BOT စနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုထားသော ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများအတွက် ပဋိညာဉ်စာချုပ်ချုပ်ဆိုမှုများအရ စီမံကိန်းလုပ်ငန်းအားလုံး နိုင်ငံတော်သို့ လွှဲပြောင်းအပ်နှံရမည့်ကာလအား ပြန်လည်ပြင်ဆင် ညှိနှိုင်းချုပ်ဆိုရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက နိုင်ငံပိုင်မြေအသုံးပြုမှုအပေါ် မြေငှားရမ်းခနှင့် ပရီမီယံကြေးပေးသွင်းမှုအနေဖြင့် သောက်ရေခပ် (၂)စီမံကိန်း၏ မြေငှားခ၊ ပရီမီယံကြေး ငွေကျပ်သိန်း ၁၀၀၀ ကို ၂၀၁၀ ပြည့်နှစ် စက်တင်ဘာ ၂၄ ရက်နှင့် ၂၀၁၃ ခုနှစ် အောက်တိုဘာ ၂၃ ရက်တို့တွင် နှစ်ကြိမ်ခွဲ၍ ရရှိပြီးဖြစ်ပါကြောင်း။

### အထက်ဘီလူးချောင်း၊ မိုင်းဝနှင့် နမ့်ပေါ် စီမံကိန်းတို့သည် တည်ဆောက်ဆဲများဖြစ်၍ ငွေကျပ်သိန်း ၅၀၀ စီ ပေးဆောင်ရမည်ဖြစ်

ဘီလူးချောင်း (၃) စီမံကိန်း၏ မြေငှားရမ်းခ၊ ပရီမီယံကြေး ငွေကျပ်သိန်း ၅၀၀ ကို ၂၀၁၀ ပြည့်နှစ် ဇူလိုင် ၂၇ ရက် နှင့် ၂၀၁၄ ခုနှစ် မေ ၂၃ ရက်တို့တွင် နှစ်ကြိမ်ခွဲ၍ ရရှိပြီးဖြစ်ပါကြောင်း၊ အထက်ဘီလူးချောင်း၊ မိုင်းဝ နှင့် နမ့်ပေါ် စီမံကိန်းတို့သည် တည်ဆောက်ဆဲများဖြစ်၍ ငွေကျပ်သိန်း ၅၀၀ စီ ပေးဆောင်ရမည်ဖြစ်ပါကြောင်း၊ ထိုစီမံကိန်း သုံးခုသည် ပထမအရစ် ငွေကျပ်သိန်း ၂၅၀ စီကို ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်၊ ၂၀၁၆ ခုနှစ် မတ် ၂၂ ရက်နှင့် မတ် ၂၄ ရက်တို့တွင် စီမံကိန်းအလိုက် ပေးသွင်းပြီးဖြစ်ပါကြောင်း။

BOT စနစ်အရ တည်ဆောက်၊ လည်ပတ်လုပ်ငန်းလွှဲပြောင်းခြင်းကာလ နှစ်ပေါင်း ၅၀ (+၅+၅) အဖြစ် သတ်မှတ်၊ ခွင့်ပြုချက်များသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်၊ ယခင် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်များအရ သတ်မှတ်ခွင့်ပြုထားခြင်းဖြစ်ပါကြောင်း၊ ပဋိ ညာဉ်စာချုပ်များ သက်တမ်းကုန်ဆုံး၍ နိုင်ငံတော်သို့ ပြန်လည်လွှဲအပ်ရမည့်အချိန်တွင် စာချုပ်ပါမြေနှင့် ရင်းနှီးမြှုပ်နှံထားသော စက်ကိရိယာများ၊ အဆောက်အဦများကို လုပ်ငန်းလုပ်ကိုင်သူက ကောင်းမွန်စွာ ထိန်းသိမ်းထားသော အနေအထားအတိုင်း အဖိုးစားနားမပါဘဲ လွှဲပြောင်းပေးအပ်ရမည်ဟု ပါရှိပါသောကြောင့် ပြန်လည်လက်ခံ ရရှိရမည့်အချိန်တွင် ကောင်းမွန်သော အနေအထားအတိုင်း ပြန်လည်ရရှိမည် ဖြစ်ပါကြောင်းနှင့် BOT ကာလကို ပြန်လည်ပြင်ဆင်ရန် မရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။



ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း



တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့်



ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း



လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို

### COVID – 19 ကြောင့် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် Lockdown ချကြောင်း ကြေညာခဲ့သဖြင့် ထုတ်လုပ်မှုများ ယာယီရပ်ဆိုင်းခဲ့ရ

ဆင်ပေါင်ဝဲ မဲဆန္ဒနယ်မှ ဦးနေထက်ဝင်း၏ ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ အမျိုးသားလျှပ်စစ်စီမံကိန်း (NEP) စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေး ကြန့်ကြာနေမှုအား အမြန်ဆုံးဖြေရှင်းဆောင်ရွက်ပေးသွားရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက တင်ဒါ အောင်မြင်ခဲ့သော အိန္ဒိယနိုင်ငံမှ Ganges International Pvt.Ltd ကုမ္ပဏီနှင့် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် စာချုပ်ချုပ်ဆိုပြီး ဖြစ်ပါကြောင်း၊ တင်ဒါပါ Schedule အရ ပစ္စည်းများ အားလုံးကို ၂၀၂၀ ပြည့်နှစ် ဧပြီလကုန်တွင် အရောက်ပေးသွင်းရမည် ဖြစ်သော်လည်း ကမ္ဘာ့ကပ်ရောဂါ COVID – 19 ကြောင့် အိန္ဒိယနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ် မတ် ၂၅ ရက်မှစ၍ ၂၀၂၀ ပြည့်နှစ် မေ ၁၇ ရက် အထိ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် Lockdown ချကြောင်း ကြေညာခဲ့သဖြင့် ထုတ်လုပ်မှုများ ယာယီရပ်ဆိုင်းခဲ့ရပါကြောင်း။

### ပစ္စည်းများအားလုံး ပြည့်စုံစွာရောက်ရှိရန်အတွက် ၂၀၂၀ ပြည့်နှစ် ဩဂုတ်လဆန်းမှသာ ရောက်ရှိမည်ဖြစ်

ကုမ္ပဏီဖြင့် စာချုပ်ချုပ်ဆိုထားသည့် သံလက်တန်းနှင့် ဆက်စပ်ပစ္စည်းများမှာ စုစုပေါင်း တန်ချိန် ၂၀၀၇၇ တန်ဖြစ်ပြီး ကျေးရွာပေါင်း ၆၇၃၇ ရွာအတွက် ဖြစ်ပါကြောင်း၊ Lockdown ကာလမတိုင်မီ ထုတ်လုပ်ပြီးသော ပစ္စည်းအမျိုးအစားအလိုက် ပေးပို့ရာတွင် ရန်ကုန်ဆိပ်ကမ်းသို့ ၂၀၂၀ ပြည့်နှစ် မတ် ၂၆ ရက်တွင် ကွန်တိန်နာ နှစ်လုံး၊ ၂၀၂၀ ပြည့်နှစ် ဧပြီ ၁၀ ရက်တွင် ကွန်တိန်နာ လေးလုံး၊ ၂၀၂၀ ပြည့်နှစ် ဧပြီ ၁၇ ရက်တွင် ကွန်တိန်နာ နှစ်လုံးတို့ဖြင့် စုစုပေါင်း တန်ချိန် ၂၂၄ ဒသမ ၇ တန် ရောက်ရှိပြီးဖြစ်ပါကြောင်း၊ စက်ရုံပြန်လည် လည်ပတ်နိုင်မှုကြောင့် ၂၀၂၀ ပြည့်နှစ် ဧပြီ ၂၉ ရက်တွင် ကွန်တိန်နာ ၁၁ လုံးနှင့် ၂၀၂၀ ပြည့်နှစ် မေ ၅ ရက်တွင် ကွန်တိန်နာ ၁၃ လုံး သင်္ဘောဖြင့် ပို့ဆောင်နေပြီဖြစ်ပါကြောင်း၊ သို့သော် ပစ္စည်းများအားလုံး ပြည့်စုံစွာ ရောက်ရှိရန်အတွက် ၂၀၂၀ ပြည့်နှစ် ဩဂုတ်လဆန်းမှသာ ရောက်ရှိမည်ဖြစ်ပါကြောင်း။

သို့ပါ၍ ဆင်ပေါင်ဝဲ မြို့နယ်အတွင်းရှိ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်း (NEP) ဖြင့် ဆောင်ရွက်လျက်ရှိသော ကျေးရွာများလျှပ်စစ်ဓာတ်အားရရှိရေးအတွက် သံလက်တန်းနှင့် ဆက်စပ်ပစ္စည်းများ ပြည့်စုံစွာ ရောက်ရှိပြီးသည့်အချိန်တွင် အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

### လွှတ်တော်ကိုယ်စားလှယ်များ၏ မေးမြန်းမှုများအား ပြန်လည်ဖြေကြား

ဆက်လက်၍ ခေါင်လန်ဖူး မဲဆန္ဒနယ်မှ ဦးအာမိုးဆီ၏ ခေါင်လန်ဖူးမြို့နယ်အတွင်းရှိ အ.မ.က (ခွဲ) ကျီးဒူနှင့် အ.မ.က(ခွဲ) ဇာလင်းကျော် (၃)ကျောင်းအတွက် ၂၀၁၉–၂၀၂၀ ပညာသင်နှစ်တွင် ဆရာ၊ ဆရာမများ ခန့်ထားပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့် သပိတ်ကျင်း မဲဆန္ဒနယ်မှ ဒေါက်တာအောင်နိုင်၏ သပိတ်ကျင်းမြို့နယ်တွင် အစိုးရနည်းပညာအထက်တန်းကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းတို့နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းကလည်းကောင်း၊ မိုင်းရှူး မဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအေး၏ ပင်လောင်းမြို့နယ်အတွင်းရှိ တီကျစ် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ပြဋ္ဌာန်းထားသာ ဥပဒေ၊ နည်းဥပဒေများနှင့် ညွှန်ကြားချက်များကို လေးစားလိုက်နာ၍ အကောင်အထည်ဖော်ခြင်းရှိ၊ မရှိ နှင့်စက်ရုံလည်ပတ်ခွင့်ကို သုံးနှစ်အထိ သက်တမ်းတိုးပေးခဲ့ခြင်းကို ပြန်လည်သုံးသပ်ပေးရန် အစီအစဉ်ရှိ၊ မရှိတို့ကို သိရှိလိုခြင်းမေးခွန်း၊ ကျောက်တံတား မဲဆန္ဒနယ်မှ ဦးနေမျိုးထက်၏ ၂၀၂၀ ပြည့်နှစ် နွေရာသီကာလတွင် လျှပ်စစ်ကောင်းမွန်စေရေးအတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ တင်ဒါခေါ်ထားသော LNG စီမံကိန်းများ၏ တည်ဆောက်ပြီးစီးမှု အခြေအနေကို သိလိုခြင်းမေးခွန်းနှင့် ကျိုင်းတုံ မဲဆန္ဒနယ်မှ ဦးစတီဖန်၏ ကျိုင်းတုံမြို့နယ်နှင့် မိုင်းပျဉ်းမြို့နယ်တို့တွင် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားရရှိခြင်း မရှိသေးပါသဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ ကူညီဆောင်ရွက်ပေးမည်ကို သိလိုခြင်းမေးခွန်းတို့နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းကလည်းကောင်း ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက တိုက်ရိုက်ရောင်းချခြင်းဥပဒေကြမ်းကို တင်သွင်းပြီး အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးဇော်ဝင်းက အစီရင်ခံစာဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆) ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို မေ ၂၀ ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်**



## ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်တွင် အသုံးပြုရန်အတွက် ကိုရီးယားသမ္မတနိုင်ငံရောက် မြန်မာနိုင်ငံသားများမှ Portable X-Ray machine နှင့် အလှူငွေများလှူဒါန်း

**ဆိုးလ်မြို့ မေ ၁၉**

ကိုရီးယားသမ္မတနိုင်ငံရောက် မြန်မာနိုင်ငံသားများ၊ မြန်မာသံရုံး၊ ဆိုးလ်မြို့မှ သံအမတ်ကြီးနှင့် သံရုံးဝန်ထမ်း မိသားစုများက မြန်မာနိုင်ငံတွင် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်၌ အသုံးပြုရန် အတွက် JLK Inspection ကုမ္ပဏီမှ ထုတ်လုပ်သည့် ဝမ် သိန်း ၃၄၀ (ကျပ် ၃၈၄ သိန်းခန့်) တန်ဖိုးရှိ HandMed Portable X–Ray machine နှင့် ဝမ် ၃၇ ဒသမ ၅၀ သိန်း (ကျပ် ၄၂ ဒသမ ၂၇ သိန်းခန့်) တို့အား မြန်မာ–ကိုရီးယား သံတမန်ဆက်ဆံရေး (၄၅) နှစ်မြောက် အခါသမယနေ့ဖြစ်သည့် ယနေ့တွင် ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(ဓာတ်ပုံ)**

အဆိုပါ Portable X–Ray machine အား မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း (MAI) မှတစ်ဆင့် မြန်မာနိုင်ငံသို့ ဆောလျင်စွာ ပို့ဆောင်သွားမည်ဖြစ်ကြောင်းနှင့် ကျန်ရှိသည့် ဝမ် ၃၇ ဒသမ ၅၀ သိန်းအား မြန်မာနိုင်ငံရှိ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေစာရင်းသို့ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ

## ရေစကြိုမြို့နယ် ပခန်းကြီးနှင့် ပခန်းငယ်သွားသော ကားလမ်းပေါ်ရှိ ဂျိုက်ကြီးသစ်သားတံတားကို ကွန်ကရစ်တံတားအဖြစ် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်

**နေပြည်တော် မေ ၁၉**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်သန်း၏ ဘောလခဲခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတွင် ဆောက်လုပ်လျက်ရှိသော ပစ္စည်းသိုလှောင်ရုံ (ရုံးခန်းအပါအဝင်)အား ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနအနေဖြင့် ၂၀၁၇ - ၂၀၁၈ဘဏ္ဍာရေးနှစ်တွင် ကယားပြည်နယ် ဘောလခဲခရိုင် သိုလှောင်ရုံ (ရုံးခန်းအပါအဝင်) RCC တစ်ထပ်လုပ်ငန်းအား ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦ ဦးစီးဌာနသို့ ခွင့်ပြုငွေကျပ် ၅၅ ဒသမ ၂၀၀ သန်းဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်ခဲ့ရာ အတွင်း/ အပြင် အချောကိုင်ခြင်း၊ ဆေးသုတ်ခြင်း၊ မျက်နှာကြက်တပ်ဆင်ခြင်း၊ တံခါးပြတင်းတပ်ဆင်ခြင်း၊ အတွင်း ရေ၊ မီး၊ Apron and Drain လုပ်ငန်းများ ဆောင်ရွက်ရန် ကျန်ရှိနေပါကြောင်း၊ ၎င်းလုပ်ငန်းများအတွက် ထပ်မံလိုအပ် ငွေကျပ် ၁၂ ဒသမ ၀၀၀ သန်းကို ၂၀၁၉ - ၂၀၂၀ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေတွင် ဝန်ကြီးဌာနအနေဖြင့် တင်ပြတောင်းခံထားပြီးဖြစ်ပါကြောင်း။

### ဘဏ္ဍာငွေရရှိပါက ယခုဘဏ္ဍာနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်သွားမည်

အဆိုပါ တင်ပြတောင်းခံထားရှိမှုအပေါ်တွင်လည်း ၂၀၂၀ ပြည့်နှစ် ဧပြီ ၇ ရက်တွင်ကျင်းပပြုလုပ်သည့် ဘဏ္ဍာရေးကော်မရှင်၏ ၁/ ၂၀၂၀ကြိမ်မြောက် အစည်းအဝေး သဘောတူခွင့်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ ၂၀၂၀ ပြည့်နှစ် ဧပြီ ၂၃ ရက်တွင် တင်ပြထားရှိပြီး ဖြစ်ပါကြောင်းနှင့် ဘဏ္ဍာငွေရရှိပါက ယခုဘဏ္ဍာနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲ့ခိန်း၏ ချင်းပြည်နယ် ထန်တလန်မြို့နယ် နာရိန်မြို့ရှိ ရဲတပ်ဖွဲ့ဝန်ထမ်းများအတွက် ယာယီဆောက်လုပ်ပေးထားသော ရုံးနှင့် လူပျိုဆောင်တို့အား ဖျက်သိမ်းပြီး RCC နှစ်ထပ်ဆောင်များအဖြစ် အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်က နာရိန်နယ်မြေရဲစခန်းတွင် လူပျိုတပ်ဖွဲ့ဝင်များအတွက် လိုအပ်လျက်ရှိသည့် သင့်လျော်သော လူပျိုဆောင်ကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်၊ အဆောက်အဦပြင်ဆင်ထိန်းသိမ်းစရိတ် ရန်ပုံငွေမှ စိစစ်ခွင့်ပြု၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းနှင့် နယ်မြေရဲစခန်း (အချုပ်ပါ) တစ်ထပ်တစ်လုံး၊ ခြောက်ခန်းတွဲ နှစ်ထပ်သံကူကွန်ကရစ်တစ်လုံးနှင့် လေးခန်းတွဲ နှစ်ထပ်သံကူကွန်ကရစ် တစ်လုံးတို့ကို ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (မူလ)အသုံးစရိတ်တွင် လျာထားတင်ပြတောင်းခံသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

### အကျဉ်းထောင်ဟောင်းနေရာအား အချုပ်ထောင်အဖြစ် ဆက်လက်သုံးစွဲသွားမည်ဖြစ်

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး၏ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့ရှိ အကျဉ်းဦးစီးဌာန (ထောင်ကြီး၊ အကျဉ်းထောင်ဌာန ထောင်ဥယျာဉ်ကြီး၊ အစိုးရထောင်ဥယျာဉ်)သည် တိုးတက်ပြောင်းလဲနေသော နိုင်ငံတော်အခြေအနေအရ မုံရွာမြို့၏ အထင်ကရ လူနေထူထပ်သော မြို့လယ်ကောင်နေရာမှ လျာထားသတ်မှတ်စီမံထားရှိပြီးသော မုံရွာမြို့နယ် သာစည်ကျေးရွာအနီးနေရာ၌ အမြန်ဆုံးပြောင်းရွှေ့ရန် စီမံဆောင်ရွက်ထားခြင်း ရှိ/မရှိနှင့် မည်သည့်အချိန်ကာလတွင် နောက်ဆုံးထားပြောင်းရွှေ့မည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်က စစ်ကိုင်းတိုင်းဒေသကြီး မုံရွာအကျဉ်းထောင်အား “က” အဆင့် အကျဉ်းထောင်နှင့် လိုက်လျောညီထွေမှုရှိသည့် အကျဉ်းထောင်သစ် ဆောက်လုပ်ရန် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ သတ်မှတ်ပေးသော မြေနေရာသည် အကျဉ်းထောင်သစ်ဆောက်လုပ်ရန် သင့်တော်သည့် မြေနေရာဖြစ်သော်လည်း လက်ရှိ အကျဉ်းထောင်ဟောင်းနေရာအား လုပ်ငန်းလိုအပ်ချက်အရ စွန့်လွှတ်ခြင်း၊ လွှဲပြောင်းခြင်း မပြုနိုင်သေးပါကြောင်းနှင့် အကျဉ်းထောင်ဟောင်းနေရာအား အချုပ်ထောင်အဖြစ် ဆက်လက်သုံးစွဲသွားမည် ဖြစ်ပါကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၏ သဘောထားကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြခဲ့ပြီး ဖြစ်ပါကြောင်း။


ဒုတိယဝန်ကြီး ဦးစိုးအောင်


ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ ဦးကျော်သန်း


ဒုတိယဝန်ကြီး ဗိုလ်ချုပ် စိုးတင့်နိုင်


ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဦးဘွဲ့ခိန်း

သို့ဖြစ်ပါ၍ အကျဉ်းဦးစီးဌာနအနေဖြင့် အကျဉ်းသားလက်ခံထိန်းသိမ်းနိုင်သည့် ဝင်ဆံ့အင်အားကို ပိုမိုတိုးချဲ့ဆောင်ရွက်နေချိန်ဖြစ်ပါသဖြင့် “က” အဆင့် မုံရွာအကျဉ်းထောင်သစ်ကို သာစည်ကျေးရွာအနီးနေရာ၌ ဆောက်လုပ်နိုင်ရန် အခွင့်အရေးရရှိပါကလည်း မုံရွာအကျဉ်းထောင်ဟောင်းကို အချုပ်ထောင်အဖြစ် ဆက်လက်အသုံးပြုရန် လိုအပ်ချက်ရှိနေသေးသည့်အတွက် စွန့်လွှတ်၊ လွှဲပြောင်းပေးအပ်နိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြားသည်။

### ပြစ်မှုကျူးလွန်သူ ကွင်းဆက်တရားခံများကို အရေးမယူဘဲ ထိမ်ချန်ခဲ့သော တာဝန်ပျက်ကွက်မှုများရှိပါက တာဝန်ရှိသူကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိ

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇော်ဟိန်း၏ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့သည် မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှုတွင် ကွင်းဆက်တရားခံများကို ထိရောက်စွာ အရေးယူ ဖမ်းဆီးဖော်ထုတ်ပြီး မူးယစ်ဆေးဝါးရောင်းချမှုမှ ရရှိသော အကျိုးအမြတ်ဖြင့် ဝယ်ယူထားသော ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို သေချာစွာစိစစ်၍ သိမ်းဆည်းပေးရန်နှင့် ပြစ်မှုကျူးလွန်သူ ကွင်းဆက်တရားခံများကို အရေးမယူဘဲ ထိမ်ချန်ခဲ့သော တာဝန်ရှိပုဂ္ဂိုလ်များအား ထိရောက်စွာ အရေးယူပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းတို့နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်က မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး မူးယစ်ဆေးဝါးရောင်းချရာမှ ရရှိသော အကျိုးအမြတ်များဖြင့် ဝယ်ယူထားရှိသော ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများနှင့်ပတ်သက်၍ နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေး ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေဖြင့် ထပ်မံအရေးယူ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ပြစ်မှုကျူးလွန်သူ ကွင်းဆက်တရားခံများကို အရေးမယူဘဲ ထိမ်ချန်ခဲ့သော တာဝန်ပျက်ကွက်မှုများရှိပါက တာဝန်ရှိသူကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဒေါက်တာကျော်ငွေ၏ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ပခန်းကြီးနှင့် ပခန်းငယ်သွားသော ကားလမ်းပေါ်ရှိ တံတားများအနက် ဂျိုက်ကြီးသစ်သားတံတားကို ခိုင်မာသော ကွန်ကရစ်တံတားအဖြစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ပြောင်းလဲဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက ဂျိုက်ကြီး သစ်သားတံတားသည် လမ်းအဆင့်သတ်မှတ်ချက် Class (B)၊ ဦးစားပေးအဆင့် (၁)လမ်းပေါ်တွင် တည်ရှိသဖြင့် ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ကျော်ဝင်း၏ မောင်တောမြို့နယ် ၄- မိုင်ရပ်ကွက် သာယာကုန်းကျေးရွာရှိ သစ်သားတံတားအား ကွန်ကရစ်တံတားအဖြစ် အသစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားသည့် ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

### လွှတ်တော်ကိုယ်စားလှယ်များ၏ မေးမြန်းမှုများအား ပြန်လည်ဖြေကြား

အလားတူ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ၏ ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် ကျောက်ချောင်း - ကျောက်နီမော်လမ်းပိုင်းအား လာမည့်ဘဏ္ဍာရေးနှစ်တွင် ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်းအဖြစ် ဘဏ္ဍာငွေလုံလောက်စွာဖြင့် ပြည်ထောင်စုနှင့် ပြည်နယ်ဘဏ္ဍာငွေတို့ဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် အဆိုပါလမ်းပိုင်းနှင့်ပတ်သက်၍ စာချုပ်ပါအတိုင်း ဆောင်ရွက်မှုမရှိခဲ့သော သက်ဆိုင်ရာကုမ္ပဏီအား မည်သို့အရေးယူဆောင်ရွက်ထားသည်ကိုသိရှိလိုခြင်း မေးခွန်းနှင့် ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်၏ ရောဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ် နတ်စင်ငူကျေးရွာနှင့် ကျုံပျော်မြို့နယ် သောင်ကျေးရွာအုပ်စု မှန်ကုန်းကျေးရွာတို့အား တစ်ဖက်စီခြားထားသည့် နတ်စင်ငူချောင်းအား နှစ်မြို့နယ်ဆက်သွယ်သွားလာနိုင်ရန် သင့်လျော်သည့် ကွန်ကရစ် RC တံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းတို့နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါ်နွယ်နွယ်အောင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြလက်မှတ်ရေးထိုးပြီး အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို မေ ၂၀ ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**

---

### မြင်းခြံခရိုင်အတွင်းရှိ ရဲမှူးထမ်းဟောင်း(အငြိမ်းစား)များအား အခြေခံစားသောက်ကုန်များ ထောက်ပံ့

**နေပြည်တော် မေ ၁၉**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်အတွင်းရှိ ရဲမှူးထမ်းဟောင်း ၉၂ ဦးအား နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး သန်းနိုင်စိုးက ဆန်၊ ဆီ၊ ဆား၊ ကုလားပဲစသည့် ရိက္ခာလေးမျိုး ထောက်ပံ့ပေးအပ်ပွဲကို မေ ၁၈ ရက် နံနက်ပိုင်းက မြင်းခြံခရိုင်ရဲရိပ်သာ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

နည်းဗျူဟာမှူး ဗိုလ်မှူးကြီး သန်းနိုင်စိုးက ကိုဗစ်-၁၉ ကာလ အငြိမ်းစား ရဲမှူးထမ်းဟောင်းများကို လိုအပ်သည့် အခြေခံစားသောက်ကုန်များထောက်ပံ့ရသည့် အကြောင်းအား ရှင်းလင်းပြောကြားပြီး ရဲမှူးထမ်းဟောင်း ၉၂ ဦးတို့အား တစ်ဦးလျှင် ဆန် ငါးပြည်နှင့် ငါးဘူး၊ ဆီ ၃၂ ကျပ်သား၊ ဆား ၂၈ ကျပ်သား၊ ကုလားပဲ ၄၈ ကျပ်သားတို့ကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# လမ်းပေါ်နေကလေးများ စီမံချက်ဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၁၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် လမ်းပေါ်နေကလေးများ ကာကွယ်စောင့်ရှောက်ရေး၊ ပြန်လည်ထူထောင်ရေး၊ အထူးသဖြင့် ကိုဗစ်-၁၉ ကာလအတွင်း လက်ရှိကြုံတွေ့နေရသည့် အခက်အခဲတို့ကို ဖြေရှင်း ဆောင်ရွက်ပေးနိုင်ရေးအတွက် လမ်းပေါ်နေကလေးများ စီမံချက်ဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက Video Confe-rencing ဖြင့် ပြုလုပ်သည်။




အစည်းအဝေးသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဝင် ဒေါ်သန်းမြင့်အောင်၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ UNICEF (မြန်မာ)၊ TDHL၊ Kinnected Myanmar ၊ World Vision (မြန်မာ) မှ တာဝန်ရှိသူများ ပါဝင်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးစိုးအောင်က ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကာလအတွင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် လမ်းပေါ်နေကလေးများ သာမက အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများအတွက်ပါ စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လမ်းပေါ်နေ ကလေးများနှင့် ပတ်သက်၍ ရက် ၁၀၀ စီမံကိန်းများတွင် ထည့်သွင်းဆောင်ရွက်ခဲ့ပါကြောင်း၊ လူဦးရေထူထပ်သည့် ရန်ကုန်နှင့် မန္တလေးတို့တွင် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ လက်ရှိတွင် ကိုဗစ်-၁၉ ကပ်ရောဂါကာလတွင် လမ်းပေါ်နေ ကလေးများအတွက် ပညာပေးခြင်းနှင့် လိုအပ်သည်တို့ကို ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရန် လုပ်ငန်းစီမံချက် ရေးဆွဲချမှတ်ရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းစီမံချက်ရေးဆွဲရာတွင် လက်ရှိ COVID-19 ကာလအတွက် သာမက ကိုဗစ်-၁၉ အလွန်အတွက်ပါ ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါကြောင်း၊ အားလုံးအတူတကွ ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသူများက ၂၀၁၉ ခုနှစ် အောက်တိုဘာ ၂၁ ရက်တွင် ပြုလုပ်ခဲ့သည့် ပထမအကြိမ်အစည်းအဝေးနှင့် ယခုနှစ် ဇန်နဝါရီ ၉ ရက်တွင် ပြုလုပ်ခဲ့သည့် ဒုတိယအကြိမ်အစည်းအဝေးတို့တွင် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များ ကိုဗစ်-၁၉ ကာလအတွင်း လမ်းပေါ်နေ ကလေးများနှင့် မိသားစုများအတွက် စားဝတ်နေရေး၊ တစ်ကိုယ်ရည် သန့်ရှင်းရေး၊ အစာအဟာရ လုံလောက်စွာရရှိရေး၊ ကိုဗစ်-၁၉ အသိပညာပေး အစီအစဉ်တို့ကို သိရှိနားလည်နိုင်ရေး၊ အသက်မွေးဝမ်းကျောင်း အထောက်အပံ့ပေးနိုင်ရေး၊ ယာယီထိန်းသိမ်း စောင့်ရှောက်နိုင်ရေး၊ ရေကောင်းရေသန့်ရရှိရေး၊ ကိုဗစ်-၁၉ ကာကွယ်နိုင်ရန် နှာခေါင်းစည်း၊ လက်သန့်ဆေးရည်တို့ကို စနစ်တကျ အသုံးပြုနိုင်ရေး၊ ရေရှည်ကူညီဆောင်ရွက်နိုင်မှုကို အထောက်အကူပြုစေမည့် စစ်တမ်းကောက်ယူရေး၊ စစ်တမ်းနှင့်အညီ ရေရှည်အကျိုးပြုစေမည့် လုပ်ငန်းစီမံချက် ရေးဆွဲချမှတ်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

---

# ဆိုင်ဘာလုံခြုံရေး - ကျွန်တော်တို့ အားလုံးမျှဝေ တာဝန်ယူခြင်း

**ရေးသားသူ – ကိုအာကာညွှန့်ဝေ၊ Head of Business Security, Technology Group**

**ကိုဗစ်-၁၉ ကူးစက်ရောဂါပျံ့နှံ့နေမှုကြောင့် လူသားများသည် ယခင်ကာလများကဲ့သို့ အတူတကွသွားလာနေထိုင် ပြောဆိုဆက်ဆံရန် မဖြစ်နိုင်သောကြောင့် နည်းပညာသည် ကမ္ဘာတစ်ဝန်းရှိ လူသားတိုင်းအတွက် အသက်ကယ်ဆေး ဖြစ်လာပါသည်။ ရောဂါဘေးအန္တရာယ်မှ ကာကွယ်နိုင်ရန် တစ်ယောက်နှင့်တစ်ယောက် ခပ်ခွာခွာ ပြောဆိုဆက်ဆံပြုမူနေထိုင်ချိန်တွင် ဆိုင်ဘာဒိုမိန်းအတွင်း ခြိမ်းခြောက်မှုအသစ်များကို ရင်ဆိုင်လာရသည်။**

မေလ ၁၇ ရက်နေ့သည် ကမ္ဘာ့ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နေ့ (World Telecommunications and Information Society Day) ဖြစ်သည်။ ပြင်သစ်နိုင်ငံတွင် ၁၈၆၅ ခုနှစ် မေလ ၇ ရက်နေ့တွင် ကျင်းပခဲ့သော ပထမဦးဆုံး အပြည်ပြည်ဆိုင်ရာ တယ်လီဂရပ်ဖ်ညီလာခံတွင် လက်မှတ်ရေးထိုးဖွဲ့စည်းခဲ့သော International Telecom-munication Union (ITU) ကို အစွဲပြု၍ သတ်မှတ်ထားခြင်း ဖြစ်သည်။ ထိုနေ့မှ စတင်၍ ဆက်သွယ်ရေးကဏ္ဍသည် စိတ်ဝင်စားစရာကောင်းသော တီထွင်ဖန်တီးမှု တစ်ခုအဖြစ်မှ ကျွန်တော်တို့ အားလုံး၏ နေ့စဉ်ဘဝအတွက် မရှိမဖြစ်အရေးပါလာခဲ့သည်။ ယခုကဲ့သို့ ကိုဗစ်-၁၉ ဘေးအန္တရာယ်မျိုးနှင့်အချိန်တွင်မူ ယခင်ကထက် များစွာပိုမို၍ အရေးပါလာခဲ့ပြီဖြစ်သည်။

ကျွန်တော်တို့အားလုံး ဖုန်းခေါ်ဆိုမှုများ၊ ဒေတာအသုံးပြုမှုများနှင့် အွန်လိုင်းဗီဒီယို အစည်းအဝေးများကို ပိုမိုပြုလုပ်လာကြသည်နှင့်အညီ ဆက်သွယ်ရေးကွန်ရက် ကျပ်တည်းမှုများကို ပထမဆုံးအကြိမ် မျက်မြင်ကိုယ်တွေ့ကြုံတွေ့လာရပြီး ထိုကြုံတွေ့မှုများထဲတွင် မြန်မာနိုင်ငံလည်း အပါအဝင်ဖြစ်သည်။ ကျွန်တော်တို့ အွန်လိုင်းကို ပိုမိုအသုံးပြုလာသည်နှင့်အမျှ ဆိုင်ဘာရာဇဝတ်မှုကျူးလွန်သူများသည်လည်း အွန်လိုင်းကို ယခင်ကထက် ပိုမိုအသုံးပြုလာကြသည်။ အီးမေးလ်မှတစ်ဆင့် လိမ်လည်ခြင်းများ၊ သတင်းအမှားများ၊ ကိုဗစ်-၁၉ နှင့် ပတ်သက်၍ လူစိတ်ဝင်စားမှုများသော အချက်အလက်များ စသည်ဖြင့် တိုက်ခိုက်၊ လိမ်လည်မှုများသည် ကုန်လွန်ခဲ့သည့် ရက်သတ္တပတ်များအတွင်း သိသိသာသာ များပြားလာခဲ့သည်။ ခက်ခဲပြီး စိန်ခေါ်မှုများ ရင်ဆိုင်ရသည့် အချိန်ကာလများသည် ရာဇဝတ်မှုကျူးလွန်သူများအတွက် ရွှေရောင်အခွင့်အရေးသဖွယ် ဖြစ်တည်လာပါသည်။

အင်တာနက်ဝန်ဆောင်မှုကို မြန်မာနိုင်ငံတွင် ၂၀၀၀ ပြည့်နှစ်၌ စတင်မိတ်ဆက်ခဲ့ပြီး ဆက်သွယ်ရေးကဏ္ဍသည် ၂၀၁၃ ခုနှစ်တွင် ပိုမိုလွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ဖြေလျှော့ပေးခြင်းခံရသည်။ ယနေ့ခေတ် မြန်မာနိုင်ငံရှိ ဆက်သွယ်ရေးဝန်ဆောင်မှု အသုံးပြုသူများသည် နိုင်ငံ့လူဦးရေထက် ပိုမိုများပြားလျက်ရှိပြီး ၂၀၁၉ ခုနှစ်တွင်ပင် အသုံးပြုသူ ၁၀ သန်းခန့် တိုးတက်များပြားလာခဲ့သည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့အလျင်မြန်ဆုံး တိုးတက်နေသော အင်တာနက်အသုံးပြုမှုများပြားသော ဒေသတစ်ခုဖြစ်သည်နှင့်အညီ နိုင်ငံလူဦးရေ ၁၀ ဦး အနက် ၄ ဦးသည် အင်တာနက်ဒေတာကို အသုံးပြုနေကြပြီးဖြစ်သည်။ ၂၀၁၃ ခုနှစ်တွင် ဆိုင်ဘာရာဇဝတ်မှု ၂ မှုသာ တိုင်ကြားမှုရှိခဲ့ရာမှ ငါးနှစ်အကြာတွင် တိုင်ကြားမှု ၇၄၄ မှုထိ ရှိလာခဲ့သည်။ Scanning နှင့် malware တိုက်ခိုက်မှုများသည် မြန်မာနိုင်ငံတွင် မကြာခဏ တိုင်ကြားခြင်း ခံနေရသော ဆိုင်ဘာရာဇဝတ်မှုများ ဖြစ်သည်။

ဆိုင်ဘာတိုက်ခိုက်ခံရမှုများကို လျှော့ချရန် နည်းပညာဖြင့် အများအပြားလုပ်ဆောင်နိုင်သော်လည်း ဆိုင်ဘာတိုက်ခိုက်မှုများ ခုခံကာကွယ်ရာတွင် အားအနည်းဆုံးအချက်သည် ကျွန်ုပ်တို့ လူသားများ (အထူးသဖြင့် အင်တာနက်အသုံးပြုသူများ) ပင် ဖြစ်နေသည်။ ကျွန်ုပ်တို့လူသားများ၏ ပင်ကိုသဘောသဘာဝအရ ဆန္ဒ၊ စူးစမ်းချင်စိတ်များကြောင့် တောင်းဆိုချက် လှည့်ကွက်များကို လက်ခံမိခြင်း သို့မဟုတ် ကလစ်နှိပ်လိုက်မိခြင်းတို့ဖြင့် လှည့်စားခြင်းခံရနိုင်သည်။ အောက်ဖော်ပြပါ အချက် ၇ ချက်သည် သင်နှင့် သင်ချစ်သောသူများကို ဆိုင်ဘာတိုက်ခိုက်ခံရမှုမှ ရှောင်ရှားနိုင်အောင် ကူညီပေးနိုင်မည် ဖြစ်သည်။

အွန်လိုင်းမှ သတင်းအချက်အလက်များပေါ်တွင် သံသယထားရှိပါ - အကယ်၍ သတင်းအချက်အလက်များမှာ တုန်လှုပ်ချောက်ချားစရာ သို့မဟုတ် လက်ခံနိုင်ဖွယ်ရာ မရှိပါက ထိုသတင်းအချက်အလက်များသည် အတုအယောင်နှင့် သင်၏ စူးစမ်းချင်စိတ်ကို လှုံ့ဆော်ရန် လုပ်ဆောင်ထားသော သတင်းများဖြစ်နိုင်သည်။ သတင်းရင်းမြစ်ကို သေချာစစ်ဆေးပါ။

သင်လက်ခံရရှိသော ကမ်းလှမ်းမှုသည် မယုံနိုင်စရာ ကောင်းလောက်အောင် ကောင်းလွန်းနေပါက ထိုကမ်းလှမ်းမှုသည် အတုအယောင်ဖြစ်နေနိုင်သည်။ ထိုကမ်းလှမ်းချက်ပို့ပေးသောသူကို သေချာစစ်ဆေးပါ။

အီးမေးလ်များတွင် ပါရှိသည့် လင့်ခ်များသို့ ကြည့်ရှုရန် ခလုတ်မနှိပ်မီ ဝက်ဆိုဒ် (URL) နှင့် သင့်ထံ အီးမေးလ်ပို့သူ မှန်၊ မမှန်ကို သေချာစစ်ဆေးပါ။

သင်မသိသောသူမှ စာများပေးပို့လာပြီး ၎င်းနှင့်တွဲလျက်ပါလာသော ဖိုင်များကို ဖွင့်ကြည့်ရန် အတင်းတိုက်တွန်းနေပါက သတိထားပါ။

အသုံးပြုသူနာမည် (username)၊ လျှို့ဝှက်စကား (password) သို့မဟုတ် အကြွေးဝယ်ကတ် အချက်အလက်များ အသေးစိတ်တောင်းခံခြင်း သို့မဟုတ် ဖြည့်စွက်ရန် မေတ္တာရပ်ခံသည့် တောင်းဆိုမှုများကို အစဉ်အမြဲသံသယထားရှိပါ။

မသင်္ကာစရာအပြုအမူများကို သတိထားမိပါက ထိုအကြောင်းကို သင်၏ ကွန်ရက်အား စီမံခန့်ခွဲပေးသူ သို့မဟုတ် အင်တာနက် ဝန်ဆောင်မှုပေးသူထံ အကြောင်းကြားပါ။

အင်တာနက် ကွန်ရက်လုံခြုံရေးနှင့် ပတ်သက်ပြီး ပို့ချသည့် သင်တန်းများကို တက်ရောက်ပါ။ သတင်းအချက်အလက်အသစ်များကို အမြဲသိနေအောင် နားစွင့်ထားပါ။

ကျွန်ုပ်တို့ တဖြည်းဖြည်းနှင့် မသိမသာ မှီခိုအားထားလွန်းလာနေသော အင်တာနက်ဆက်သွယ်ရေး အခြေခံအဆောက်အအုံကြီးသည် မတည်ငြိမ်၊ မလုံခြုံ၊ စိတ်မချရ သို့မဟုတ် မယုံကြည်ရ ဖြစ်လာနိုင်မည်လား။ ထိုသို့ ဆိုပါက အခြေအနေများသည် လုံးဝကွဲပြားခြားနားသွားမည်ဖြစ်သည်။ ဒစ်ဂျစ်တယ် ကမ္ဘာကြီးသည် ပိုမိုဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ cyberspace နှင့် cloud solutions တို့တွင် အလွန်အရေးပါသော ဝန်ဆောင်မှုများကို ပိုမိုပေးစွမ်းလာပြီး ထိုအချက်များကို အခွင့်ကောင်းယူလျက် ဆိုင်ဘာရာဇဝတ်မှုနှင့် အခြားသော တရားမဝင်အပြုအမူများကို လုပ်ဆောင်ရန် အခွင့်အရေးတစ်ခုအဖြစ် အသုံးချနိုင်သော လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတို့သည်လည်း အမြဲတမ်းရှိနေနိုင်မည်ဖြစ်သည်။

IBM X-force ၏ ၂၀၂၀ ပြည့်နှစ် စစ်တမ်းအရ ကမ္ဘာတစ်ဝန်းတွင် ဆိုင်ဘာတိုက်ခိုက်ခံရမှု မှတ်တမ်းပေါင်းသည် ၂၀၁၉ ခုနှစ်အတွင်း ၈ ဒသမ ၅ သန်းကျော်ရှိခဲ့ပြီး အဆိုပါ ပမာဏသည် ၂၀၁၈ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် နှစ်ဆကျော် မြင့်တက်လာခြင်းဖြစ်သည်။ Ramsomware ဖြင့် တိုက်ခိုက်ခံရမှုသည် နှစ်စဉ် စစ်ဆေးလေ့လာချက်များအရ ၂၀၁၉ ၏ စတုတ္ထသုံးလတာ ကာလအတွင်း ၆၇ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိခဲ့ရသည်။ ဤသို့သော ဖြစ်စဉ်များသည် အစိုးရမှသည် ကျန်းမာရေးစောင့်ရှောက်မှု၊ ကုန်ထုတ်လုပ်မှုနှင့် တယ်လီကွန်း စသည့် လုပ်ငန်း နယ်ပယ်ကဏ္ဍပေါင်းစုံတွင် ကြုံတွေ့နေရသည်။

ထို့ကြောင့် ဤကဲ့သို့ အရေးပါသည့် အခန်းကဏ္ဍမှ လုပ်ငန်းများ ဆောင်ရွက်နေသည့် ကျွန်ုပ်တို့၏ ကွန်ရက်များကို တိုက်ခိုက်ခံရပါက ခြေရာခံနိုင်ရန်၊ ခုခံတုံ့ပြန်နိုင်ရန် စသည့် ကွန်ရက်လုံခြုံရေးပိုင်း ပိုမိုကောင်းမွန်လာစေရန်အတွက် တယ်လီနောအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ ပရိုဂရမ်တစ်ခုကို အကောင်အထည်ဖော် လုပ်ဆောင်လျက်ရှိသည်။ အဆင့်မြင့် အပိုထပ်ဆောင်းဝန်ဆောင်မှုများ ပံ့ပိုးပေးခြင်းဖြင့် ဆန်းပြားရှုပ်ထွေးသော တိုက်ခိုက်မှုများ သို့မဟုတ် အဆင့်မြင့် malware များ၏ရန်မှ ကာကွယ်ပေးနိုင်ရန်အတွက် သုံးစွဲသူများ၏ လုံခြုံမှုကို သေချာအောင် လုပ်ဆောင်လျက်ရှိသည်။



ကိုအာကာညွှန့်ဝေ

**စာရေးသူ ကိုယ်ရေးအကျဉ်း**

၁၉၉၅ ခုနှစ် ဝန်းကျင်တွင် ရန်ကုန်နည်းပညာတက္ကသိုလ် (ယခင် RIT) တွင် လျှပ်စစ်အင်ဂျင်နီယာ ဘာသာရပ်ကို လေ့လာဆည်းပူးနေဆဲကာလ၌ ထိုင်းနိုင်ငံ၊ Assumption University သို့ ပြောင်းရွှေ့ကာ ဘွဲ့ကြိုတန်းပြီးဆုံးအောင် တက်ရောက် ပညာသင်ကြားခဲ့သည်။ မိုးလေဝသနှင့် Wind Tunnel ဆိုင်ရာ ကိရိယာများနှင့် သက်ဆိုင်သည့် ထိုင်းကုမ္ပဏီတစ်ခုတွင် ခြောက်နှစ်တာ လုပ်ကိုင်ခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် ထိုင်းနိုင်ငံ Nokia Siemens Networks (ယခု Nokia) ၌ အလုပ်ဝင်ခဲ့ကာ OSS နှင့် SDM ထုတ်ကုန်များကို ပံ့ပိုးပေးသည့်ဌာန၌ ၂၀၁၆ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၇ နှစ်ဆန်းပိုင်းမှ စတင်ပြီး တယ်လီနော မြန်မာ၏ ISIT စီမံကိန်းများကို ပံ့ပိုးပေးနိုင်ရန် စီမံကိန်းမန်နေဂျာ (PM) ဖြင့် ဝင်ရောက်ခဲ့ပြီး ၂၀၁၈ နှစ်ဦးတွင် Business Security ဌာနကို လက်လွှဲရယူခဲ့ပြီး ယနေ့အချိန်အထိ ၎င်းဌာနတွင်ပင် တာဝန်များ ထမ်းဆောင်လျက်ရှိသည်။

ကျွန်ုပ်တို့ကိုယ်တိုင် ဦးဆောင်နေကြရသော ဒစ်ဂျစ်တယ် လူ့အသိုက်အဝန်းများ၊ ဒစ်ဂျစ်တယ် စီးပွားရေးများနှင့် ဒစ်ဂျစ်တယ်ဘဝများ လုံခြုံစိတ်ချရရေးကို သေချာစေဖို့ရန် ကျွန်ုပ်တို့ အားလုံး၌ တာဝန်ရှိပါသည်။ ကျွန်ုပ်တို့သည်လည်း မိမိကျရာတာဝန်ကို ကျေပွန်အောင် အကောင်းဆုံးထမ်းဆောင်သွားမည် ဖြစ်ပါသည်။ ပျော်ရွှင်စရာ တယ်လီကွန်းနေ့ ဖြစ်ပါစေ။ ။

## ဒေါက်တာအေးမောင်သည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိတော့ကြောင်းနှင့် ယင်းအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ ပယ်ဖျက်လိုက်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၉၆ / ၂၀၂၀ )
၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်
(၂၀၂၀ ပြည့်နှစ်၊ မေ လ ၁၈ ရက်)

**ဒေါက်တာအေးမောင်သည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိတော့ကြောင်းနှင့် ယင်းအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ ပယ်ဖျက်လိုက်ကြောင်း ကြေညာခြင်း**

၁။ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ကျင်းပခဲ့သော ကြားဖြတ်ရွေးကောက်ပွဲ၌ ရခိုင်ပြည်နယ်၊ အမ်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ရသော ဒေါက်တာအေးမောင်သည် ရာဇသတ်ကြီးပုဒ်မ ၁၂၂(၁)နှင့် ရာဇသတ်ကြီးပုဒ်မ ၅၀၅(ခ) တို့အရ ၂၀၁၉ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့တွင် စစ်တွေခရိုင်တရားရုံး၏ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီး တရားရုံးအဆင့်ဆင့်သို့ အယူခံဝင်ရောက်ခဲ့သော်လည်း စစ်တွေခရိုင်တရားရုံး၏အမိန့်ကို အတည်ပြုခဲ့သဖြင့် တည်ဆဲဥပဒေအရ ထောင်ဒဏ်ကျခံရသူဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

၂။ သို့ဖြစ်ပါ၍ ဒေါက်တာအေးမောင်သည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးနောက် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ဃ) ပါ ပြဋ္ဌာန်းချက်နှင့် ငြိစွန်းသဖြင့် စစ်တွေခရိုင်တရားရုံးမှ စီရင်ချက်ချမှတ်သည့် ၂၀၁၉ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့မှစ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိတော့ကြောင်းနှင့် ယင်းအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူအဖြစ်မှ ပယ်ဖျက်လိုက်ကြောင်း ကြေညာအပ်ပါသည်။

၃။ ယင်းသို့ ရွေးကောက်တင်မြှောက်ခံထားရသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်ခြင်းခံရသော ဒေါက်တာအေးမောင် [ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၁၃/ နခန (နိုင်) ၀၀၉၉၉၉ ] သည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၈၊ ပုဒ်မခွဲ (က) အရ ယနေ့မှစ၍ နောင်တွင် ပြုလုပ်သည့် ရွေးကောက်ပွဲများတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိကြောင်း ကြေညာအပ်ပါသည်။

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

❑ *ကျောဖုံးမှ*

ရှောင်တိမ်းရန်အချိန် အလွန်နည်းပါသည်။ ညအချိန်များတွင် ပိုမို ဂရုပြုနေထိုင်ပါ။

(၄) အန္တရာယ်ရှိသည့် မြစ်ချောင်းများ၊ တောင်ကျချောင်းများ၊ တောင်ခြေများ၊ တောင်စောင်းများ စသည့် မြေပြို၊ တောင်ပြိုမှုများ ဖြစ်ပေါ်နိုင်သည့် နေရာများတွင်နေထိုင်သူများ အထူးသတိပြုနေထိုင်ပါ။ လိုအပ်ပါက ခေတ္တရှောင်ရှားနေထိုင်ပါ။

(၅) မိုးထစ်ချုန်းရွာသွန်းနေချိန် တောင်ကျချောင်းများအတွင်း မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ နွားလှည်းများ၊ လူများ မဖြတ်သန်းပါနှင့်။ ရုတ်တရက် ရေများအရှိန်ဖြင့် စီးဆင်းလာနိုင်ပြီး အန္တရာယ်ရှိနိုင်ပါသည်။

(၆) လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းရွာသွန်းခြင်းများ ပြီးစီး၍ အပြင်ထွက်ပါက လျှပ်စစ်မီးကြိုး၊ လျှပ်စစ်မီးတိုင်များနှင့် တတ်နိုင်သမျှဝေးဝေးနေပါ။ မြွေနှင့် အဆိပ်ရှိသော တိရစ္ဆာန်များ၏ အန္တရာယ်ကို သတိပြုပါ။ တောင်စောင်းများ၊ မြစ်ချောင်းများ၊ တောင်ကျချောင်းများအနီးသို့ မသွားပါနှင့်။

(၇) ဘေးလွတ်ကင်းရာ နေရာများသို့ ခေတ္တရှောင်ရှားနေထိုင်သည့်အခါ COVID-19 ကူးစက်ရောဂါဆိုင်ရာ လိုက်နာရမည့် ညွှန်ကြားချက်များကို တိကျစွာလိုက်နာပါ။

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄)နာရီဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများ ဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# တိုင်းဒေသကြီး/ပြည်နယ်အချို့တို့တွင် လေပြင်းများတိုက်ခတ် ထောက်ပံ့ကူညီမှုများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၉**

မြန်မာနိုင်ငံအနေဖြင့် မိုးကြိုကာလများဖြစ်သော မတ်လ၊ ဧပြီလနှင့် မေလများအတွင်း လေပြင်းတိုက်ခတ်ခြင်း၊ မိုးတိမ်တောင်များ ဖြစ်ပေါ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးသီးကြွေခြင်းများ ဖြစ်ပေါ်လေ့ရှိပြီး ယခုနှစ်တွင်လည်း လေပြင်းတိုက်ခတ်မှုများ ဖြစ်ပွားလျက်ရှိသည်။



မေ ၁၈ ရက်နှင့် မေ ၁၉ ရက်များတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် မြို့နယ်နှစ်ခု၌ နေအိမ်ကိုးလုံး အမိုးအကာလန် ပျက်စီးခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မြို့နယ်လေးခု၌ နေအိမ်တစ်လုံး ပြိုကျပျက်စီးပြီး နေအိမ် ၃၉ လုံးနှင့် ဘာသာရေး အဆောက်အဦတစ်လုံး အမိုးအကာလန် ပျက်စီးခြင်း၊ ပဲခူးတိုင်းဒေသကြီး မြို့နယ်ရှစ်ခု၌ နေအိမ် ၅၃ လုံးနှင့် ဘာသာရေး အဆောက်အဦ တစ်လုံး အမိုးအကာလန်ပျက်စီးခြင်း၊ မကွေးတိုင်းဒေသကြီး မြို့နယ် ၁၁ ခု၌ နေအိမ်နှစ်လုံး ပြိုကျပျက်စီးပြီး နေအိမ် ၈၂ လုံးနှင့် ဘာသာရေး အဆောက်အဦ နှစ်လုံး အမိုးအကာလန်ပျက်စီးခြင်း၊ မန္တလေးတိုင်းဒေသကြီး မြို့နယ်လေးခု၌ နေအိမ်ရှစ်လုံး အမိုးအကာလန်ပျက်စီးခြင်း၊ ဧရာဝတီတိုင်းဒေသကြီး မြို့နယ်သုံးခု၌ နေအိမ်လေးလုံး ပြိုကျပျက်စီးပြီး နေအိမ်တစ်လုံးနှင့် ဘာသာရေး အဆောက်အဦတစ်လုံး အမိုးအကာလန် ပျက်စီးခြင်းတို့ ဖြစ်ပွားခဲ့ပြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ် ရုံးများမှ ထောက်ပံ့မှုများ အမြန်ဆုံးသွားရောက်ဆောင်ရွက်ခဲ့သည်။

သို့ပါ၍ ဧပြီ ၉ ရက်မှ မေ ၁၉ ရက်အထိ မြန်မာနိုင်ငံတစ်ဝန်း၌ လေပြင်းတိုက်ခတ်မှုနှင့် မိုးသီးကြွေကျမှုတို့ကြောင့် နေအိမ် ၇၉၉ လုံးနှင့် ဘာသာရေးအဆောက်အဦ ၁၄ လုံး ပြိုကျပျက်စီးခြင်း၊ နေအိမ် ၁၁၄၂ လုံးနှင့် ဘာသာရေးအဆောက်အဦ ၂၂၄ လုံး အမိုးအကာလန် ပျက်စီးခြင်းနှင့် လူခုနစ်ဦး သေဆုံးပြီး လူ ၂၄ ဦး ဒဏ်ရာရရှိခဲ့သည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနမှ ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုး၊ ကယ်ဆယ်ရေးပစ္စည်းဖိုးများနှင့် သေဆုံး၊ ဒဏ်ရာရသူ ထောက်ပံ့ခြင်းများအတွက် စုစုပေါင်းငွေကျပ် ၆၆၅ ဒသမ ၁ သန်းကျော် ထောက်ပံ့ခဲ့ပြီးဖြစ်သည်။

ပြည်သူလူထု အနေဖြင့်လည်း ယခုကာလ၌ ဖြစ်ပွားတတ်သည့် လေပြင်း တိုက်ခတ်ခြင်း၊ အချိန်အခါမဟုတ် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မိုးသီးကြွေခြင်း၊ မိုးကြိုးပစ်ခြင်းတို့နှင့် ပတ်သက်၍ အထူးဂရုပြုနေထိုင်ကြပါရန်နှင့် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ် အကူအညီ တောင်းခံနိုင်ပါကြောင်း သိရသည်။ **သတင်းစဉ်**

# မြို့နယ်အချို့၌ လေပြင်းတိုက်ခတ်၍ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်

### မိုးညို

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ်တွင် မေ ၁၈ ရက် ညနေ ၅ နာရီတွင် လေပြင်းတိုက်မှုကြောင့် ကျေးရွာများရှိ နေအိမ်အချို့ ပျက်စီးခဲ့သည်။

လေပြင်းတိုက်မှုကြောင့် မိုးညိုမြို့နယ် တက်ဆွဲအုပ်စု တက်ဆွဲကျေးရွာတွင် သက်ငယ်၊ ထရံကာ၊ ဝါးအိမ်တစ်လုံး အမိုးအကာလန်ခြင်း၊ ကျောက်ဝအုပ်စု သမီးလှကျေးရွာတွင် သွပ်မိုး၊ ထရံကာ၊ ဝါးအိမ်တစ်လုံး ပြိုလဲခြင်းနှင့် သွပ်မိုး၊ သစ်သားအိမ် နှစ်လုံး အမိုးလန်ခြင်း၊ ကျောက်ဝအုပ်စု ကျောက်ဝကျေးရွာတွင် သွပ်မိုး၊ သစ်သားအိမ်နှစ်လုံး အမိုးလန်ခြင်း၊ ငါးကယ်အုပ်စု ငါးကယ်ကျေးရွာတွင် သွပ်မိုး၊ သစ်သားအိမ် တစ်လုံး အမိုးလန်ခြင်း၊ မြစ်သာအုပ်စု မြစ်သာကျေးရွာတွင် သွပ်မိုး၊ ထရံကာ၊ ပျဉ်အိမ် တစ်လုံး အမိုးလန်ခြင်းနှင့် ဆင်ခေါင်းအုပ်စု လှယောဥကျေးရွာတွင် သက်ငယ်မိုး၊ ထရံကာ၊ ဝါးအိမ်တစ်လုံး ပြိုလဲခြင်းတို့ဖြစ်ခဲ့သည်။

အဆိုပါလေပြင်းတိုက်မှုကြောင့် နေအိမ်ပြိုလဲပျက်စီး နှစ်လုံးနှင့် အမိုးလန်၊ အကာပွင့်၊ တစ်စိတ်တစ်ပိုင်းပျက်စီးနေအိမ် ခုနစ်လုံးတို့၏ ပျက်စီးခဲ့ပြီး ထိခိုက်ပျက်စီးနေအိမ် ကိုးလုံးတွင် မိသားစုကိုးစု၊ လူဦးရေ ၃၄ ဦး နေထိုင်ပြီး လူနှင့်တိရစ္ဆာန် ထိခိုက်မှု မရှိကြောင်း သိရသည်။ **ကိုမင်း(မိုးညို)**

### အောင်လံ

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ်တွင် မေ ၁၈ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်က လေပြင်းတိုက်မှုကြောင့် ကျေးရွာအချို့ရှိ နေအိမ်၊ ဘုန်းကြီးကျောင်းနှင့် စာသင်ကျောင်းအချို့ အမိုးလန်ပျက်စီးခဲ့သည်။

ယင်းလေပြင်းတိုက်မှုကြောင့် ကျောက်အိုး(တောင်)ရွာတွင် နေအိမ်တစ်လုံး၊ ညောင်ပင်ဆိပ်ရွာတွင် နေအိမ်နှစ်လုံး၊ ကွမ်းလောင်းရွာတွင် နေအိမ်တစ်လုံး၊ သရက်တောရွာတွင် နေအိမ်တစ်လုံး၊ ကံမလေးရွာတွင် နေအိမ်သုံးလုံး၊ ပြလို့ရွာတွင် နေအိမ်တစ်လုံး၊ နံ့ဇူပင်ရွာတွင် နေအိမ်တစ်လုံး၊ လက်ပန်ကန်ရွာတွင် နေအိမ်လေးလုံး၊ ထိန်အင်းရွာတွင် နေအိမ်တစ်လုံး၊ မောက်တင်ရွာတွင် နေအိမ်လေးလုံး၊ သပြေပင်ရွာတွင် နေအိမ်တစ်လုံး၊ ကျီရပ်ကုန်းရွာတွင် နေအိမ်သုံးလုံး စုစုပေါင်းနေအိမ် ၂၃ လုံးနှင့် ကန်နှစ်ဆင့်ရွာတွင် ဘုန်းကြီးကျောင်း တစ်ကျောင်း၊ မိုးဖုန်းရွာတွင် ဘုန်းကြီးကျောင်းတစ်ကျောင်း၊ ငမဲကန်ရွာတွင် စာသင်ကျောင်းတစ်ကျောင်း၊ ကသစ်ကန်ရွာတွင် အလကကျောင်းတစ်ကျောင်းတို့ အမိုးလန်ပျက်စီးခဲ့ပြီး ယင်းဖြစ်စဉ်ကြောင့် အိမ်ထောင်စု ၁၅ စုမှ လူဦးရေ ၉၅ ဦး၊ ဘုန်းကြီးကျောင်းနှစ်ကျောင်းရှိ ဘုန်းတော်ကြီးလေးပါး၊ သာမဏေ တစ်ပါးတို့ လေဘေးသင့်ခံရပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်သေဆုံးမှု မရှိကြောင်း၊ လေဘေးသင့်ခံရသူများအား နီးစပ်ရာဆွေမျိုးများနေအိမ်တွင် ခေတ္တယာယီနေရာချပေးထားပြီး သက်ဆိုင်ရာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ အစီအမံဖြင့်ပြင်ဆင်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်းနှင့် ကယ်ဆယ်ရေးပစ္စည်းများရရှိစေရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သိန်းလွင်(အောင်လံ)**

### ပွင့်ဖြူ

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ပြည်လုံးကျော်ကျေးရွာအုပ်စု၊ ကျောင်းကုန်း ကျေးရွာအုပ်စုနှင့် ဆည်မုန်းကျေးရွာအုပ်စုတို့တွင် မေ ၁၈ ရက် ညနေ ၆ နာရီက လေပြင်းတိုက်မှုကြောင့် လူနေအိမ်သုံးလုံး ထိခိုက်ပျက်စီးမှု ဖြစ်ခဲ့သည်။

အဆိုပါ လေပြင်းတိုက်မှုကြောင့် ပွင့်ဖြူမြို့နယ် ပြည်လုံးကျော်ကျေးရွာအုပ်စု ကျောင်းစုကျေးရွာတွင် လူနေအိမ်တစ်လုံး အမိုးလန်ပျက်စီးခြင်း၊ ကျောင်းကုန်းကျေးရွာအုပ်စု ကျောင်းကုန်းကျေးရွာတွင် သစ်ပင်ပိ၍ လူနေအိမ်တစ်လုံး ပြိုလဲပျက်စီးခြင်းနှင့် ဆည်မုန်းကျေးရွာအုပ်စု ဆည်မုန်းကျေးရွာတွင် လူနေအိမ်တစ်လုံး အမိုးလန်ပျက်စီးခြင်းများ ဖြစ်ခဲ့ကြောင်း၊ လေဘေးသင့်ပြည်သူများ အဆင်ပြေစွာ နေထိုင်နိုင်ရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ကျေးရွာနေပြည်သူများက လိုအပ်သည်များ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ အဆိုပါ လေပြင်းတိုက်မှုကြောင့် လူနှင့် တိရစ္ဆာန် ထိခိုက်မှု မရှိကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ဟားခါးမြို့တွင် ကုန်တင်ကားကြီးများရပ်နားရန် ကားကြီးဝင်းအသစ် ဆောက်လုပ်ပြီးစီး

**ဟားခါး မေ ၁၉**

ချင်းပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်ကြီးကြပ်မှုနှင့်အညီ ပြည်နယ်အတွင်း ကုန်စည်စီးဆင်းမှု မြန်ဆန်ရေး၊ ကုန်တင်ကားကြီးများ စနစ်တကျ ရပ်နားပြီး ကုန်တင်ကုန်ချ စနစ်တကျ ဆောင်ရွက်နိုင်ရေးတို့အတွက် ပြည်နယ်အစိုးရ၏ ခွင့်ပြုရန်ပုံငွေကျပ် ၅၁၉ ဒသမ ၅၀၀ သန်းဖြင့် ဟားခါးမြို့ ကျောဘုတ်ရပ်ကွက် အဝေးပြေးကားဂိတ်နှင့် ကုန်စည်သိုလှောင်ရုံ၊ ကားကြီးဝင်းတစ်ခုအသစ် ဆောက်လုပ်လျက်ရှိရာ ယခုအခါ လုပ်ငန်းအားလုံးရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း ဟားခါးမြို့နယ် စည်ပင်သာယာရေးရုံး အမှုဆောင်အရာရှိ ဦးတမ်အောင်ရှိန်းက ပြောသည်။

"အရင်ကတော့ ကားကြီးတွေဟာ အဝေးပြေးကားဂိတ်မှာဖြစ်ဖြစ်၊ မြို့ထဲမှာပဲဖြစ်ဖြစ် ကုန်တင်ကုန်ချ လုပ်ကြရပါတယ်။ ဟားခါးမြို့ရဲ့ မြေမျက်နှာပြင် အနေအထားအရ မြို့ထဲလမ်းတွေဟာ အကွေ့အကောက်များတယ်။ ကျဉ်းတယ်။ ဒါကြောင့် ကုန်တင်ကုန်ချလုပ်ရာမှာ အခက်အခဲတွေရှိပါတယ်။ ဒါကြောင့် ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးစိုးထက်ရဲ့ ညွှန်ကြားမှုနှင့်အတူ ကားကြီးဝင်းအသစ် ဆောက်လုပ်ခဲ့တာ ဖြစ်ပါတယ်။ ကားကြီးဝင်းမှာ ဂိတ်အခန်းပေါင်း ၁၄ ခန်းရှိပြီး ကုန်တင်ကုန်ချရုံးခန်း တစ်ခုလည်း သီးခြားဆောက်လုပ်ပေးထားပါတယ်။ ယခု လက်ရှိ ကားကြီးဝင်းအဝင်လမ်းကို ကွန်ကရစ်ခင်းတာတွေ ဆောင်ရွက်ထားရှိပြီး မကြာမီ ကုန်တင်ကားကြီးတွေ ရပ်နားနိုင်တော့မှာ ဖြစ်ပါတယ်"ဟု အမှုဆောင်အရာရှိ ဦးတမ်အောင်ရှိန်းက ပြောသည်။

ချင်းပြည်နယ်အစိုးရအဖွဲ့ အနေဖြင့် ဟားခါးမြို့အား မြို့တော်အင်္ဂါရပ်နှင့်အညီ ဖြစ်စေရေး၊ ပို့ဆောင်ရေးလုပ်ငန်းများအဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး (အဝေးပြေး) ကားဂိတ်ကို ဇန်နဝါရီ ၄ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ယခုအခါ အဆိုပါ အဝေးပြေးကားဂိတ်နှင့်လေးဖာလုံခန့်အကွာတွင် ကုန်တင်ကားကြီးများ ရပ်နားနိုင်ရန် ကားကြီးဝင်းကို ဆောက်လုပ်ထားရှိခြင်း ဖြစ်ကြောင်း၊ ကားကြီးဝင်း၊ အဝေးပြေးကားဂိတ်နှင့် ဟားခါးမြို့တစ်လျှောက် လမ်းများ သန့်ရှင်းသာယာလှပရေးနှင့် လမ်းအဆင့်မြှင့်တင်ခြင်းများ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးစိုးထက်က ပြောသည်။ **မြင့်နိုင်စိုး(ပြန်/ဆက်)**

*✽ ကျောဖုံးမှ*

ငင်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေး စိစစ်ရေးနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားသည့် သတ်မှတ်ချက်များနှင့်အညီ သီးခြားသတ်မှတ်ပေးထားသည့်နေရာ သို့မဟုတ် သတ်မှတ်ဟိုတယ်များ၌ ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) အနေဖြင့် မေ ၂၄ ရက်တွင် ချန်နိုင်း-ရန်ကုန်ခရီးစဉ်ကိုလည်းကောင်း၊ မေ ၂၇ ရက်တွင် ဂါယာ-ရန်ကုန်ခရီးစဉ်တို့ကို လည်းကောင်း၊ စီစဉ်ပြေးဆွဲလျက် အိန္ဒိယနိုင်ငံရှိ အဆိုပါဒေသများတွင် အခက်အခဲကြုံတွေ့နေကြသည့် မြန်မာနိုင်ငံသားများကိုလည်း မြန်မာနိုင်ငံသို့ အသီးသီးပြန်လည်ခေါ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဗြိတိန်က မြန်မာနိုင်ငံအား ကိုဗစ်-၁၉ အကျိုးဆက်များလျှော့ချနိုင်ရန် အမေရိကန်ဒေါ်လာ ၃၆ သန်းခန့်ကူညီ

**ရန်ကုန် မေ ၁၉**

ဗြိတိန်အစိုးရသည် မြန်မာနိုင်ငံ၏ ကျန်းမာရေးနှင့် အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်များအတွက် လျာထားသော ပံ့ပိုးမှုများမှ ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၃၆ သန်းခန့်ကို မြန်မာနိုင်ငံ ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှု အကျိုးဆက်ကို လျှော့ချကန့်သတ်နိုင်ရန်အတွက် ခွဲဝေပံ့ပိုးလိုက်ပြီဖြစ်သည်။ ယင်းရန်ပုံငွေသည် ယူကေက မြန်မာနိုင်ငံအပေါ် ချက်ချင်းတုံ့ပြန်ပံ့ပိုးကူညီမှု၏ တစ်စိတ်တစ်ဒေသလည်း ဖြစ်သည်။

မြန်မာနိုင်ငံအစိုးရ၊ ကုလသမဂ္ဂ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ တခြား တာဝန်ရှိအဖွဲ့အစည်းများနှင့် အတူတကွ လက်တွဲကာ UK aid က သက်ကြီးရွယ်အိုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပဋိပက္ခဖြစ်ပွားရာဒေသများမှ ပြည်သူများအပါအဝင် ကိုဗစ်-၁၉ ကြောင့် ထိခိုက်နစ်နာမှု အများဆုံးခံစားရသူများကို ဦးစားပေး ကူညီပံ့ပိုးမှုများ ဆောင်ရွက်သွားမည်ဖြစ်သည်။

ဗြိတိန်က ကျန်းမာရေးစောင့်ရှောက်မှုလက်လှမ်းမီ ရန်ပုံငွေ (Access to Health Fund)မှ တစ်ဆင့် အမေရိကန်ဒေါ်လာ ၁၆ သန်းနီးပါးကို လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ဝေးလံခေါင်သီသော ဒေသများမှ ပြည်သူများအတွက် အဓိက ဆေးဝါး အထောက်အပံ့ပစ္စည်းများ ပံ့ပိုးရန်နှင့် ကျန်းမာရေးဝန်ဆောင်မှုများ လက်လှမ်းမီစွာရရှိရေး ပံ့ပိုးသုံးစွဲလျက်ရှိသည်။ UK aid သည် အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေ (LIFT Fund) မှ တစ်ဆင့် အမေရိကန်ဒေါ်လာ ၁၅ သန်းနီးပါး အသုံးပြုပြီး ထိခိုက်လွယ်သော ရပ်ရွာလူထုအတွက် ဘေးကင်းသော သောက်သုံးရေနှင့် မိလ္လာစနစ်ရရှိသုံးစွဲနိုင်ရေး၊ အသေးစားချေးငွေများ ကျယ်ကျယ်ပြန့်ပြန့် လက်လှမ်းမီနိုင်ရေး၊ အရေးပေါ်လူမှုကာကွယ်စောင့်ရှောက်ရေးငွေကြေးပံ့ပိုးမှု မြှင့်တင်နိုင်ရေးများ ဆောင်ရွက်လျက်ရှိသည်။ LIFT အတွက် ရန်ပုံငွေထည့်ဝင်သော အခြားအလှူရှင်များနှင့်အတူ ယူကေ၏ ပံ့ပိုးမှုများသည် ကိုယ်ဝန်ဆောင်နှင့် မွေးဖွားပြီးစ ကလေးမိခင် ၂၄၂၀၀၀ ဦးနှင့် အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးရွယ်အို ၂၀၀၀၀၀ ဦးတို့ကို တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ အပိုထပ်ဆောင်း ငွေကြေးပံ့ပိုးမှု ထောက်ပံ့ကူညီနိုင်မည်ဖြစ်သည်။

ပြီးခဲ့သည့်လက ဗြိတိန်သည် ပရဟိတလုပ်ငန်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများသို့ ကိုဗစ်-၁၉ ကာကွယ်ရေးကို ပံ့ပိုးရန်နှင့် ကူးစက်ရောဂါပျံ့နှံ့မှုကို တုံ့ပြန်ရာတွင် အလိုအပ်ဆုံးသူများ အစားအစာ၊ သန့်ရှင်းရေးနှင့် ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှုများကို မရှိမဖြစ် ရယူသုံးစွဲနိုင်ရန်အတွက် အမေရိကန်ဒေါ်လာ ၅ ဒသမ ၅ သန်း ရန်ပုံငွေပံ့ပိုးခဲ့ပြီးဖြစ်သည်။ လာမည့်နှစ်တွင်လည်း ကိုဗစ်-၁၉ တုံ့ပြန်ရေးအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ ပေးရန် အမေရိကန်ဒေါ်လာ ၁၂ သန်းကို ထပ်မံပံ့ပိုးမည်ဖြစ်ကြောင်း သိရသည်။



ကိုဗစ်-၁၉ နှင့် ပတ်သက်၍ ကျေးလက်ပြည်သူများအား ယူကေမှ ကူညီဆောင်ရွက်ပေးစဉ်။

မြန်မာနိုင်ငံဆိုင်ရာ UK aid ၏ ဌာနေညွှန်ကြားရေးမှူး Dr Rurik Marsden က "ကိုရိုနာဗိုင်းရပ်စ်စိန်ခေါ်မှုကို ရင်ဆိုင်ဖြေရှင်းနေရတဲ့အချိန်မှာ UK aid က မြန်မာနိုင်ငံကို ပံ့ပိုးကူညီဖို့ ခိုင်မာတဲ့ သန္နိဋ္ဌာန်ချထားပါတယ်။ ဒီလို ကမ္ဘာ့ကပ်ဘေးကို အဆုံးသတ်ဖို့ဆိုရင် ကမ္ဘာတစ်ဝန်းက နိုင်ငံအားလုံး အတူတကွလက်တွဲပြီး လူသားအားလုံးအတွက် ကာကွယ်ဖို့လိုအပ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာ ဗိုင်းရပ်စ်ပျံ့နှံ့မှုကို ထိန်းချုပ်ဖို့နဲ့ ထိခိုက်သူတွေကို ကာကွယ်ဖို့အတွက် ကျွန်တော်တို့ တတ်နိုင်တဲ့ဘက်ကနေ အစွမ်းကုန် ပါဝင်ကူညီနေပါတယ်" ဟု ပြောသည်။

**မောင်စိန်လွင် (မြန်မာ့အလင်း)**

# ဟံသာဝတီအသင်း လေ့ကျင့်မှုမပြုလုပ်မီ ကစားသမားများ၏ ကြံ့ခိုင်မှု စတင်စစ်ဆေးမည်

**ရန်ကုန် မေ ၁၉**

မြန်မာနေရှင်နယ်လိဂ်ကလပ် ဟံသာဝတီအသင်းသည် လေ့ကျင့်မှု စတင်ပြုလုပ်နိုင်ရန်အတွက် ယခုလကုန်ပိုင်းတွင် ကစားသမားများ၏ ကြံ့ခိုင်မှုကို စတင်စစ်ဆေးသွားမည်ဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ်ကလပ်အသင်းများသည် မတ် ၂၄ ရက်တွင် ပြိုင်ပွဲများရပ်နားကတည်းက လေ့ကျင့်မှုရပ်နားခဲ့ခြင်းဖြစ်ပြီး နှစ်လဝန်းကျင်ကြာမြင့်နေပြီဖြစ်သောကြောင့် လေ့ကျင့်မှုပြန်လည်ပြုလုပ်နိုင်ရန် စီစဉ်လျက်ရှိရာ ဟံသာဝတီအသင်းသည် ပထမဆုံး ပြန်လည်လေ့ကျင့်ရန် စီစဉ်နေခြင်းဖြစ်သည်။

"အသင်းအုပ်ချုပ်မှုအဖွဲ့နဲ့ နည်းပြအဖွဲ့ ဆွေးနွေးပြီး ကစားသမားတွေကို ပြန်လည်လေ့ကျင့်ဖို့အတွက် ဆွေးနွေးခဲ့ပါတယ်။ လေ့ကျင့်မှုမပြုလုပ်ခင်မှာ ကြံ့ခိုင်မှုစစ်ဆေးသွားမှာဖြစ်ပြီး ယခုလကုန်ပိုင်းမှာ စတင်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ကြံ့ခိုင်မှုစစ်ဆေးရာမှာလည်း အသင်းလိုက်ပြုလုပ်မှာမဟုတ်ဘဲ သက်ဆိုင်ရာရဲ့ ညွှန်ကြားချက်ကို လိုက်နာတဲ့အနေနဲ့ တစ်ကြိမ်ကို လေးဦးပဲ စစ်ဆေးမှာဖြစ်ပါတယ်။ အသင်းလိုက်လေ့ကျင့်ဖို့ကတော့ သက်ဆိုင်ရာက ခွင့်ပြုချက်ရမှ ပြုလုပ်မှာဖြစ်ပါတယ်"ဟု ဟံသာဝတီအသင်းအုပ်ချုပ်သူ ဦးထွန်းထွန်းလင်းက ပြောသည်။

ဟံသာဝတီအသင်းသည် ယခုရာသီတွင် ရလဒ်ကောင်းမွန်နေပြီး မတ် ၂၃ ရက် ပွဲစဉ်များအပြီးတွင် ၁၀ ပွဲကစား ၂၇ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။ ဟံသာဝတီအသင်းသည် ယခုရာသီတွင် ချန်ပီယံမျှော်လင့်နိုင်သည့် အနေအထားရှိနေပြီး ရာသီဝက်အပြောင်းအရွှေ့ကာလတွင်လည်း ကစားသမားဖြည့်တင်းမှုများ ပြုလုပ်သွားမည်ဖြစ်သည်။ **ညီမြတ်သော်တာ**

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မေ ၁၉**

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၆ ဒီဂရီစင်တီဂရိတ်နှင့် မုံရွာမြို့၊ မြင်းမူမြို့၊ မြင်းခြံမြို့၊ ဂန့်ဂေါမြို့နှင့် ပေါက်မြို့တို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

# စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး တောင်သူလယ်သမားအသိပညာပေး စိုက်ပျိုးရေးအစီအစဉ်များ ဆောင်ရွက်ပေးနေ

**နေပြည်တော် မေ ၁၉**

စိုက်ပျိုးရေးသုတေသနဦးစီးဌာနအနေဖြင့် နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံအဝန်းရှိ စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော လယ်ယာကဏ္ဍဆိုင်ရာ သတင်းအချက်အလက်များ၊ စိုက်ပျိုးထုတ်လုပ်မှုနည်းပညာများနှင့် သုတေသနရလဒ်များအား တောင်သူလယ်သမားများထံ အချိန်နှင့်တစ်ပြေးညီ ရောက်ရှိနိုင်ရေးအတွက် မီဒီယာဗဟုပြု စိုက်ပျိုးပညာပေးအစီအစဉ်များအားကိုလည်း တောင်သူလယ်သမားကဏ္ဍ ရုပ်သံလုပ်ငန်းစုမှ ရိုက်ကူး တင်ဆက်ပေးလျက်ရှိကြောင်း သိရသည်။ (ယာပုံ)

စိုက်ပျိုးရေးသုတေသနဦးစီးဌာန တောင်သူလယ်သမားကဏ္ဍ ရုပ်သံလိုင်းလုပ်ငန်းစု (DAR– Farmer Channel Team) အနေဖြင့် တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းခွင်တွင် လိုအပ်သည့် သတင်းအချက်အလက်၊ နည်းပညာများအား အထောက်အပံ့ပေးနိုင်ရေးနှင့် နည်းပညာဗဟုသုတများဖြန့်ဝေပေးနိုင်ရေး မျှော်မှန်းချက်ဖြင့် တောင်သူပညာပေး အစီအစဉ်များအား အမေးအဖြေကဏ္ဍ၊ မှတ်တမ်းရုပ်ရှင်၊ စကားဝိုင်းဆွေးနွေးခန်း၊ သုတ/ ရသ ဇာတ်လမ်းတို၊ သီချင်းနှင့်သဘင် အစီအစဉ်များအဖြစ် ရိုက်ကူးထုတ်လုပ်လျက်ရှိကြောင်း၊ DAR– Farmer Channel Team ရိုက်ကူးရေးအဖွဲ့က ရိုက်ကူးတည်းဖြတ်ပြီး ပညာပေး အစီအစဉ်များအား မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV–တပ်ကုန်း)သို့ ပေးပို့ခြင်းဖြစ်ကာ MRTV– Farmers Channel မှ တစ်ဆင့် နေ့စဉ် တောင်သူပညာပေး အစီအစဉ်များ ထုတ်လွှင့်ပေးခြင်း ဖြစ်ကြောင်း စိုက်ပျိုးရေးသုတေသန ဦးစီးဌာနမှ သိရသည်။

DAR– Farmer Channel Team မှ တောင်သူပညာပေးအစီအစဉ်များ ရိုက်ကူးတည်းဖြတ်ခြင်းလုပ်ငန်းများအား ၂၀၁၄– ၂၀၁၅ ခုနှစ်မှ စတင်ခဲ့ရာ အစီအစဉ်စုစုပေါင်း ၇၀၀ ခု ရှိပြီဖြစ်ပြီး ယခု ၂၀၁၉– ၂၀၂၀ ခုနှစ်တွင် ယနေ့အထိ ရိုက်ကူးထုတ်လုပ်ပြီး အစီအစဉ် ၆၅ ခု ရှိပြီဖြစ်ကြောင်း၊ ထို့အပြင် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်သော် လည်းကောင်း၊ တောင်သူလယ်သမားများ စိုက်ပျိုးရေးဆိုင်ရာ အသိပညာ၊ နည်းပညာများ ရရှိစေရန်အတွက်သော် လည်းကောင်း ရည်ရွယ်၍ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ သုတေသနနှင့် နည်းပညာလုပ်ငန်းများ ဆောင်ရွက်နေမှုအား ဆိုရှယ်မီဒီယာဖြစ်သော **"စိုက်ပျိုးရေးသုတေသနဦးစီးဌာန –Farmer Channel"** Facebook Page မှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ ဖော်ပြပေးလျက်ရှိကြောင်းနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ တရားဝင် ဝက်ဘ်ဆိုက်ဖြစ်သော https://www.dar.gov.mm တွင်လည်း သုတေသနလုပ်ငန်းစဉ်များ၊ သုတေသနနှင့် နည်းပညာဆိုင်ရာ သတင်းအချက်အလက်များဖော်ပြပေးလျက်ရှိကြောင်း သိရသည်။ **မေမိုးသဲ**



# မူဆယ်မြို့နှင့် အနီးဝန်းကျင်တို့မှ မူးယစ်ဆေးဝါးများ၊ ကျောက်စိမ်းတုံးများ၊ လက်နက်၊ ခဲယမ်းများနှင့် တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၉**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကောင်းမှုလွယ်ရပ်ကွက်နေ ဒေါ်ချို၏ နေအိမ်အား မေ ၁၇ ရက် ည ၁၀ နာရီခန့်တွင် သတင်းအရ ဝင်ရောက်ရှာဖွေရာ နေအိမ်ခြံဝင်းနှင့် နေအိမ်အတွင်းတို့မှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၄၃၀၀၀ (ခန့်မှန်းတန်ဖိုး ငွေကျပ်သိန်း ၈၀၀ ကျော်) နှင့် ကျောက်စိမ်းတုံးဆိုက်စုံ ၄၂ တုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ထို့ပြင် ပူးပေါင်းတပ်ဖွဲ့ဝင်များက ည ၁၀ နာရီ မိနစ် ၂၀ ခန့်တွင် ကောင်းမှုလွယ်ရပ်ကွက်ရှိဦးထိုက်ချွန်းပိုင်ဆိုင်သောနေအိမ်အား သတင်းအရ ဝင်ရောက်ရှာဖွေရာ စည်သူနှင့် စန်းတင့်အောင်တို့နှစ်ဦးကို ဒီတိုနေတာ ၂၉၀၀ နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်းပစ္စည်းများသည် အဆိုပါရပ်ကွက်ရှိ အိမ်အမှတ်(၅၁၁)နေ ဦးမင်းသိန်းပိုင်ဆိုင်သည့်ပစ္စည်းများဖြစ်ကြောင်း သိရှိရသဖြင့် ပူးပေါင်းအဖွဲ့က ည ၁၁ နာရီခွဲခန့်တွင် ဦးမင်းသိန်း၏ နေအိမ်အား ဆက်လက်သွားရောက်ရှာဖွေရာ ၎င်းကို ပစ္စတိုတစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ၎င်းကျည် ၁၀ တောင့်တို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း။

**ဖမ်းဆီးရမိ**

အလားတူ ပူးပေါင်းအဖွဲ့သည် မေ ၁၈ ရက် နံနက်ပိုင်းတွင် မန့်မိုင်ကျေးရွာသို့ သတင်းအရ သွားရောက်ရှာဖွေစစ်ဆေးရာ ဦးမာလ၏ နေအိမ်၌ တရားမဝင် တမလန်းသစ်ဆိုက်စုံ ၅ ဒသမ ၆၂၅ တန်ခန့်ကို လည်းကောင်း၊ ဦးမာခါးနေအိမ်ခြံဝင်းအတွင်း၌ တရားမဝင်တမလန်း၊ ပိတောက်နှင့် သစ်မကျီး စသည့်သစ်မျိုးစုံ ၂၉ ဒသမ ၂ တန်ခန့်ကို လည်းကောင်း၊ ဒေါ်နန်းအေးယုံ၏ နေအိမ်ခြံဝင်းအတွင်း၌ ခြံစောင့်ကျော်ဦးနှင့်အတူ တရားမဝင်တမလန်း၊ ပိတောက်နှင့်သစ်မကျီး စသည့်သစ်မျိုးစုံ ၂၁ တန်ခန့်ကိုလည်းကောင်း၊ ကောင်းမှုလုံကျေးရွာရှိ ပိုင်ရှင်စိစစ်ဆဲနေအိမ်တစ်လုံး၌ ပိတောက်နှင့် တမလန်းသစ်ဆိုက်စုံ ၁၆ ဒသမ ၆၂ တန်ကိုလည်းကောင်း ဖမ်းဆီးရမိခဲ့ကြောင်း။

အဆိုပါ ဖမ်းဆီးရမိသူများ၊ လက်နက်၊ ခဲယမ်းများ၊ မူးယစ်ဆေးဝါးများ၊ ကျောက်စိမ်းတုံးများနှင့် သစ်များအား မူဆယ်မြို့မရဲစခန်းနှင့် သစ်တောဦးစီးဌာနတို့သို့ စနစ်တကျ လွှဲပြောင်းအပ်နှံခဲ့ကြောင်းနှင့် ပတ်သက်ဆက်နွှယ်သူများအား ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



● *ကျောဖုံးမှ*

၎င်းကို ခေါ်ယူရန် ချိတ်ဆက်လျက်ရှိကြောင်း သတင်းများ ထွက်ပေါ်နေသည်။

ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ပွဲစဉ်များ ရပ်နားထားရာမှ ဇွန် ၁၉ ရက်တွင် ပွဲစဉ်များ ပြန်လည်စတင်ဖွယ်ရှိနေခြင်းကြောင့် မန်စီးတီးအသင်းအတွက် ဆေးဗားလ်ကို ရာသီပြီးဆုံးသည်အထိ ထိန်းထားနိုင်ခြင်းက အားသာချက်တစ်ရပ်အဖြစ် ရှိနေသည်။ အသက် ၃၄ နှစ်အရွယ်ရှိ ဆေးဗားလ်သည် မန်စီးတီးအသင်းတွင် ဆက်လက်နေလိုပြီး အသင်းနှင့် ချန်ပီယံလိဂ်ဖလားရယူရန် ဆန္ဒရှိနေသေးကြောင်း သိရသည်။ မန်စီးတီးအသင်းသည် ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ ရီးရဲမက်ဒရစ်အိမ်ကွင်း ဘာနေဗျူးတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိထားသည်။ ထို့ကြောင့် ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်အဖြစ် မန်စီးတီးအိမ်ကွင်း အီတီဟက်၌ ရီးရဲမက်ဒရစ်အသင်းကို လက်ခံကစားဖို့ ရှိနေခြင်းလည်းဖြစ်သည်။ ထို့ပြင် မန်စီးတီးအသင်းသည် ပရီမီယာလိဂ်တွင် ကစားရန် ၁၀ ပွဲ ကျန်ရှိ နေသေးပြီး အက်ဖ်အေဖလားပြိုင်ပွဲတွင်လည်း ကစားရန် ကျန်ရှိနေသေးသည်။

ဆေးဗားလ်သည် မန်စီးတီးအသင်း၌ ၁၀ နှစ်ကြာ ဖြတ်သန်းထားသူဖြစ်ပြီး ပရီမီယာလိဂ်ဖလား လေးကြိမ်၊ အက်ဖ်အေဖလား နှစ်ကြိမ်နှင့် လိဂ်ဖလား ငါးကြိမ် စုစုပေါင်း ဆုဖလား ၁၁ လုံးရရှိအောင် စွမ်းဆောင်ပေးထားနိုင်ကြောင်း သိရသည်။

၎င်းသည် ၂၀၁၀ ပြည့်နှစ်တွင် ဗလင်စီယာအသင်းမှ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာပြီး အသင်း၏ အဓိကအခန်းကဏ္ဍတွင် ပါဝင်ကစားခွင့်ရရှိထားသူဖြစ်ကာ အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၄၂၃ ပွဲ ပါဝင်ကစားထား၍ ၇၃ ဂိုး သွင်းယူပေးထားနိုင်ကြောင်း မှတ်တမ်းများအရ သိရသည်။ **အောင်ဇော်**

# တောင်ငူမြို့တွင် လွတ်ထွက်လာသော သုံးနှစ်အရွယ် ဝက်ဝံတစ်ကောင်က အသက် ၉၀ ကျော် အဘိုးအိုတစ်ဦးအား ရန်ပြုတိုက်ခိုက်မှုဖြစ်ပွား

**တောင်ငူ မေ ၁၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အမှတ် (၁)ရပ်ကွက် ထီးလှိုင်ကွန်ကရစ်ကားလမ်းဘေးရှိ စားသောက်ဆိုင်တွင် မွေးမြူထားသော သုံးနှစ်သားအရွယ် ဝက်ဝံတစ်ကောင်လွတ်ထွက်သွားခဲ့ပြီး ခြံချင်းကပ်လျက်နေ အသက် ၉၀ ကျော်အဘိုးအိုတစ်ဦးကို မေ ၁၈ ရက် နေ့လယ်ပိုင်းက ရန်ပြုတိုက်ခိုက်မှုဖြစ်ပွားခဲ့သည်။ ဒဏ်ရာများရရှိသော အဘိုးအိုအား တောင်ငူဆေးရုံကြီးသို့ တင်ပို့ပေးခဲ့ရကြောင်း သိရသည်။

ဝက်ဝံ ၁၂ ကောင်ခန့်ကို မွေးမြူထားသော ကိုစိုးမိုးအောင်က တရုတ်နိုင်ငံနယ်စပ်ဒေသများတွင် မြန်မာနိုင်ငံမှ ဝက်ဝံများ ဖမ်းဆီးသတ်ဖြတ်ရောင်းချလျက်ရှိနေ၍ တိရစ္ဆာန်ချစ်စိတ်ဖြင့် ဝယ်ယူမွေးမြူထားခဲ့ခြင်းဖြစ်ကြောင်း၊ အခင်းဖြစ်သည့်နေ့ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်ခန့် ပြာလချောင်ဟု အမည်ပေးထားသည့် သုံးနှစ်သားအရွယ် ဝက်ဝံထီးသည် လှောင်အိမ်မှ လွတ်ထွက်သွားခဲ့ပြီး ခြံချင်းကပ်လျက်နေ ဦးရွှေရိုး (၉၇နှစ်) အား ရန်ပြုတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဝက်ဝံတိုက်ခိုက်မှုကြောင့် ဦးရွှေရိုးတွင် ဒဏ်ရာများရရှိခဲ့သည်။ တောင်ငူ အမှတ် (၁)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကြည်စိုးက "အခု ဒီဝက်ဝံတွေကို ပြည်သူတွေကြားထဲမှာ ထားဖို့တော့ မဖြစ်နိုင်တော့ဘူး။ အလားတူ ဒီထက်ဆိုးတဲ့ပြဿနာတွေ ဖြစ်လာရင် တာဝန်ရှိသူတွေကပဲ ဖြေရှင်းပေးရမှာဖြစ်တယ်။ ပြောင်းရွှေ့ဖို့ကိုတော့ တာဝန်ရှိသူတွေ၊ ရပ်မိရပ်ဖတွေနဲ့တိုင်ပင်ပြီးမှ ဆောင်ရွက်မှာပါ"ဟု ပြောသည်။



တောင်ငူမြို့ အမှတ် (၁)ရပ်ကွက် ထီးလှိုင်ကွန်ကရစ်ကားလမ်းဘေးရှိ စားသောက်ဆိုင်တွင် မွေးမြူထားသော ဝက်ဝံများကို တွေ့ရစဉ်။

**သန်းလွင်(ဆွာ)**

# AFC Cup လက်ကျန်ပွဲများအတွက် အာရှဘောလုံးအဖွဲ့ချုပ် ပြန်လည်ထုတ်ပြန်မည်

**ရန်ကုန် မေ ၁၉**

အာရှဘောလုံးအဖွဲ့ချုပ်သည် မြန်မာကလပ်အသင်းများ ယှဉ်ပြိုင်နေသည့် ၂၀၂၀ AFC Cup ပြိုင်ပွဲ လက်ကျန်ပွဲများ ကျင်းပမည့်အစီအစဉ်အတွက် ပြန်လည်ထုတ်ပြန်သွားမည်ဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် အာရှဒေသတွင်းနိုင်ငံများ၏ ကိုဗစ်-၁၉ရောဂါ ပျောက်ကင်းမှုအပေါ် မူတည်၍ ပြန်လည်ကျင်းပမည်ဖြစ်ပြီး အရှေ့တောင်အာရှနိုင်ငံများအနက် ဗီယက်နမ်နိုင်ငံသည် ဒေသတွင်းလိဂ်ပြိုင်ပွဲများ ပြန်လည်ကျင်းပရန် စီစဉ်လျက်ရှိသည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ် AFC Cup ပြိုင်ပွဲကို ဇန်အလိုက်ခွဲ၍ ကျင်းပလျက်ရှိပြီး အာဆီယံဇုန်အုပ်စုသုံးခုမှာ ပထမအကျော့ပြီးဆုံးသွားပြီဖြစ်သော်လည်း အချို့အုပ်စုများမှာမူ ပွဲအနည်းငယ်သာ ကစားရသေးသလို အုပ်စုအချို့မှာလည်း တစ်ပွဲမျှပင် ကစားရခြင်းမရှိသေးကြောင်း သိရသည်။

ရန်ကုန်အသင်းသည် အုပ်စု(F)တွင် ဟိုချီမင်းစီးတီး (ဗီယက်နမ်)၊ ဟောင်အန်ယူနိုက်တက် (စင်ကာပူ)၊ လာအိုတိုယိုတာ (လာအို)တို့နှင့် ကျရောက်နေပြီး ပထမအကျော့အပြီးတွင် ဟိုချီမင်းစီးတီးနှင့် ရန်ကုန်အသင်းက ခုနစ်မှတ်စီ၊ ဟောင်အန်အသင်းက သုံးမှတ်ရထားကာ လာအိုတိုယိုတာအသင်းမှာ အမှတ်မရသေးပေ။ ရန်ကုန်အသင်းသည် ပထမအကျော့သုံးပွဲစလုံး အိမ်ကွင်းကစားခဲ့ရပြီး ဟိုချီမင်းစီးတီးနှင့် နှစ်ဂိုးစီသရေကျသော်လည်း ဟောင်အန်အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ လာအိုတိုယိုတာအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရထားသည်။ ရှမ်းယူနိုက်တက်အသင်းသည် အုပ်စု (H) တွင် တမ်ပနိစ်ရိုဗာ(စင်ကာပူ)၊ ကာယာ (ဖိလစ်ပိုင်)၊ မာကာဆာ (အင်ဒိုနီးရှား)တို့နှင့် ကျရောက်နေပြီး ပထမအကျော့အပြီးတွင် တမ်ပနိစ်ရိုဗာအသင်းက ခုနစ်မှတ်၊ ကာယာအသင်းက ငါးမှတ်၊ မာကာဆာအသင်းက လေးမှတ်ရထားပြီး ရှမ်းယူနိုက်တက်အသင်းမှာမူ အမှတ်မရသေးပေ။ ရှမ်းယူနိုက်တက်အသင်းသည် ပထမအကျော့ပွဲစဉ်များတွင် ကာယာအသင်းကို အိမ်ကွင်း၌ နှစ်ဂိုး-ဂိုးမရှိ၊ မာကာဆာအသင်းကို အဝေးကွင်း၌ သုံးဂိုး-တစ်ဂိုး၊ တမ်ပနိစ်ရိုဗာအသင်းကို အဝေးကွင်း၌ နှစ်ဂိုး-တစ်ဂိုးတို့ဖြင့် ရှုံးနိမ့်ထားသည်။ ရန်ကုန်အသင်းသည် ဒုတိယအကျော့သုံးပွဲစလုံးကို အဝေးကွင်းကစားရမည်ဖြစ်ပြီး ရှမ်းယူနိုက်တက်အသင်းမှာမူ အိမ်ကွင်းနှစ်ပွဲ၊ အဝေးကွင်းတစ်ပွဲ ကစားရမည်ဖြစ်သည်။ **ညီမြတ်သော်တာ**

# မိုးညှင်းမြို့နယ်တွင် တရားမဝင်ရွှေတူးဖော်သူ ၃၉ ဦးကို အရေးယူ

**မိုးညှင်း မေ ၁၉**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နန်းမားဒေသ ကန်ကုန်းကြီးကျေးရွာ အနောက်ဘက် သုံးမိုင်ခန့်အကွာရှိ တောထဲတွင် တရားမဝင်ရွှေတူးဖော်နေသူ ၃၉ ဦးအား နယ်မြေလုံခြုံရေးဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းနှင့် နယ်မြေခံရဲတပ်ဖွဲ့တို့ ပူးပေါင်းဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခဲ့ကြောင်း နန်းမားနယ်မြေရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ မေ ၁၆ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်ခန့်က နယ်မြေခံတပ်ရင်း ဗိုလ်မှူးလှိုင်မြတ်ဌေးနှင့်အဖွဲ့၊ နန်းမားနယ်မြေရဲစခန်းမှ ခေတ္တစခန်းမှူး ရဲအုပ်သက်နိုင်စိုးနှင့်အဖွဲ့တို့ပူးပေါင်း၍ ကန်ကုန်းကြီးကျေးရွာ အနောက်ဘက် သုံးမိုင်ခန့်အကွာရှိ တောတွင်းအား နယ်မြေရှင်းလင်းရေး ဆောင်ရွက်ခဲ့ရာ တရားမဝင် ရွှေတူးဖော်နေကြသော ဦးထွန်းထွန်းဝင်းအပါအဝင် စုစုပေါင်း ၃၉ ဦးတို့အား တရားမဝင်ရွှေတူးဖော်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့် တွေ့ရှိရသဖြင့် ဗိုလ်မှူးလှိုင်မြတ်ဌေးက တရားလိုပြုလုပ်၍ အမှုဖွင့်လှစ်ခဲ့သည်။

အဆိုပါ ဖြစ်စဉ်ကြောင့် ဦးထွန်းထွန်းဝင်း (၄၀နှစ်) လယ်မီးကျေးရွာ နန်းမားဒေသ မိုးညှင်းမြို့နယ်နေထိုင်သူအပါအဝင် စုစုပေါင်း ၃၉ ဦးတို့အား နန်းမားနယ်မြေရဲစခန်းက သတ္တုတွင်းဥပဒေဖြင့် အမှုဖွင့်လှစ်ခဲ့ပြီး ဒုရဲအုပ် ဘိုဘိုဌေးက အမှုစစ်အဖြစ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **၀၇၈**

# ပြည်ကြီးတံခွန်မြို့နယ်တွင် ဝရိန်ဆော်ရာမှ နေအိမ်အလုံး ၂၀ မီးလောင်မှုဖြစ်ပွား

**ပြည်ကြီးတံခွန် မေ ၁၉**

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် ၅၅ လမ်းနှင့် ၅၆ လမ်းကြား အေးသုခလမ်းနှင့် အေးမေတ္တာလမ်းကြားရှိ (ဆ)ရပ်ကွက် အကွက်အမှတ်(၃၃-၄၄)တွင် နေအိမ်အနောက်ဘက်တိုက်အမိုးပေါ်၌ သံပန်းသံတံခါးများ ဝရိန်ဆော်ရာမှတစ်ဆင့် ယနေ့ မွန်းတည့် ၁၂ နာရီခန့်က နေအိမ်အလုံး ၂၀ မီးလောင်မှုဖြစ်ခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်ရာသို့ အုပ်ချုပ်မှုယာဉ်သုံးစီး၊ မီးငြိမ်းသတ်ယာဉ် ၂၅ စီးနှင့် ရေသယ်ယာဉ် ၁၀ စီး၊ သန္ဓေမီးသတ် ၆၀၊ အရန်မီးသတ် ၁၀၀ နှင့် ရပ်ကွက်နေပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ရာ မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ **(ဝဲအောက်ပုံ)**

မီးလောင်မှုကြောင့် နေအိမ်အလုံး ၂၀ မီးလောင်ဆုံးရှုံးခဲ့ပြီး မီးစတင်လောင်သောနေအိမ်ပိုင်ရှင် ကိုမျိုးအောင်နှင့် သံပန်းသံတံခါးဝိုင်ယာရိန်းဆရာ ကိုသက်လင်းအောင်တို့အား ပြည်ကြီးတံခွန်မြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မီးလောင်ဆုံးရှုံးခဲ့သော အိမ်ခြေအလုံး ၂၀ မှအိမ်ထောင်စု ၂၄ စုအား အဆိုပါရပ်ကွက်ဓမ္မာရုံတွင် ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလရော်တို့က အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်ငါးသောင်း သွားရောက်ထောက်ပံ့ လှူဒါန်းလျက်ရှိကြောင်း သိရသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**



# တူရကီနိုင်ငံ၌ ကိုဗစ် – ၁၉ ကပ်ရောဂါကိုထိန်းချုပ်ရန် လေးရက်ကြာ အဝင်အထွက်ကန့်သတ်ပိတ်ဆို့ကြောင်း ကြေညာ

အင်ကာရာ မေ ၁၉

**တူရကီနိုင်ငံ၌ ကိုဗစ် – ၁၉ ကပ်ရောဂါကူးစက်မှုကို ထိန်းချုပ်ရန် တစ်နိုင်ငံလုံး မေ ၂၃ ရက်မှ မေ ၂၆ ရက်အထိ လေးရက်ကြာ အဝင်အထွက်ကန့်သတ်ပိတ်ဆို့လိုက်ကြောင်း တူရကီသမ္မတ ရီဆက်တေယစ်အာဒိုဂန်က ကြေညာခဲ့ကြောင်း သိရသည်။**

အစိုးရကထုတ်ပြန်လိုက်သည့် အပြင်မထွက်ရ အမိန့်သည် ပြည်နယ်ပေါင်း ၈၁ ပြည်နယ်လုံးကို လွှမ်းခြုံသက်ရောက်မည်ဖြစ်ကြောင်း သမ္မတ အာဒိုဂန်က အစ္စတန်ဘူလ်မြို့မှနေ၍ ဗီဒီယိုကွန်ဖရင့်အစည်းအဝေးတစ်ခု ကျင်းပခဲ့ပြီးနောက် ပြောကြားခဲ့သည်။

အစ္စလာမ်ဘာသာဝင်များ၏ အထွတ်အမြတ်ဖြစ်သည့် ရာမာဒန်ဥပုသ်လပြီးဆုံးသည့် အထိမ်းအမှတ်နေ့အထိ အဆိုပါ ကန့်သတ်ပိတ်ဆို့မှု အကျုံးဝင်မည်ဖြစ်ကြောင်း သိရသည်။

**ခွင့်ပြုပေးမည်**

လာမည့်စက်တင်ဘာလတွင် စတင်မည့် စာသင်နှစ်မတိုင်မီအထိ စာသင်ကျောင်းများကို ဆက်လက်ပိတ်ထားမည်ဖြစ်ပြီး အခြေအနေအရပ်ရပ်အပေါ် မူတည်ကာ လာမည့် မေ ၂၉ ရက်မှစတင်၍ ဘာသာရေးအဆောက်အအုံများကို ဆုတောင်းဝတ်ပြု ပူဇော်မှုများအတွက် ဒေသအာဏာပိုင်များနှင့် သာသနာရေးဆိုင်ရာ အာဏာပိုင်များက ခွင့်ပြုပေးမည်ဖြစ်ကြောင်း သမ္မတက ပြောသည်။

တူရကီနိုင်ငံ၌ ကိုဗစ် – ၁၉ ကူးစက်မှုကြောင့် သေဆုံးသူ အရေအတွက်မှာ လက်ရှိ ၄၁၇၁ ဦးအထိ မြင့်တက်ခဲ့ပြီး ရောဂါကူးစက်ခံရသူ အရေအတွက် စုစုပေါင်း ၁၅၀၅၉၃ ဦးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးရ ထုတ်ပြန်ဖော်ပြချက်အရ သိရသည်။

**ဆင်ဟွာ**



မြို့တော် အင်ကာရာ၌ အပြင်မထွက်ရအမိန့်ထုတ်ထားသည့်ကာလအတွင်း ရဲအရာရှိများက ခွေးများဖြင့် ကင်းလှည့်နေစဉ်။

# တာလီဘန်များနှင့် အာဖဂန်တပ်တို့ကြား တိုက်ပွဲများကြောင့် အရပ်သားသေဆုံးမှုမြင့်တက်ဟု ကုလပြော

**ကဘူးလ် မေ ၁၉**

တာလီဘန်တို့နှင့် အာဖဂန်နစ္စတန်တပ်များကြား တိုက်ပွဲများကြောင့် အရပ်သားသေဆုံးမှု မြင့်တက်နေသည့်အတွက် အကြမ်းဖက်တိုက်ခိုက်မှုများလျှော့ချရန် ကုလသမဂ္ဂက မေ ၁၉ ရက်တွင် သတိပေးခဲ့သည်။


အိုင်အက်စ်အဖွဲ့၏ တိုက်ခိုက်မှုများကိုလည်း စိုးရိမ်ကြောင်း ကုလသမဂ္ဂက ထုတ်ဖော်ပြောကြားခဲ့သည်။

ပြီးခဲ့သည့် သီတင်းပတ်အတွင်း ကဘူးလ်မြို့ရှိ သားဖွားဆေးရုံတွင် တိုက်ခိုက်ခံရပြီး ယခုအချိန်ထိ မည်သည့်အဖွဲ့အစည်း၏ လက်ချက်မှန်း မသိရသေးပေ။ ယင်းသို့ တိုက်ခိုက်မှုကြောင့် မွေးကင်းစကလေးနှစ်ဦး သေဆုံးခဲ့ပြီး ကလေးမိခင်အချို့ အပါအဝင် ၂၄ ဦး သေဆုံးခဲ့ရသည်။ တာလီဘန်တို့ကမူ ယင်းတိုက်ခိုက်မှုမှာ ၎င်းတို့၏လက်ချက်မဟုတ်ဟု ငြင်းဆိုခဲ့သည်။ လွန်ခဲ့သည့် လအတွင်း လူပေါင်း ၂၀၈ ဦး သေဆုံးစေခဲ့သည့် တိုက်ခိုက်မှုများအတွက် တာလီဘန်တို့အပေါ် အပြစ်တင်ခဲ့သည်။

အလားတူပင် ဧပြီလအတွင်း အာဖဂန်တပ်ဖွဲ့များ၏ စစ်ဆင်ရေးကြောင့် လူပေါင်း ၁၇၂ ဦး သေဆုံးခဲ့ရသည်။ နိုင်ငံရေးပါတီများသည် ငြိမ်းချမ်းစွာ အဖြေရှာရေးနှင့် အရပ်သားများ၏ အသက်မဆုံးရှုံးစေရေး အကာအကွယ်ပေးရန် အာဖဂန်နစ္စတန်ဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် ဒီဘိုရာ့လိုင်ရွန်က ပြောကြားခဲ့သည်။

အာဖဂန် ပြည်တွင်းငြိမ်းချမ်းရေးအတွက် ဆွေးနွေးပွဲများ အစောဆုံး စတင်နိုင်ရေးကိုလည်း ၎င်းက တောင်းဆိုခဲ့သည်။ ဝါရှင်တန်မှ ငြိမ်းချမ်းရေး အထူးကိုယ်စားလှယ် ဇတ်မေးခါလစ်ဇာတ်က တာလီဘန်များနှင့် ကဘူးလ်မြို့တွင် နောက်ထပ်ဆွေးနွေးမှုပြုလုပ်ခဲ့ပြီး တာလီဘန်နိုင်ငံရေးခေါင်းဆောင်များနှင့် တာလီဘန်တို့ ငြိမ်းချမ်းရေးဆွေးနွေးပွဲ စတင်နိုင်ရေး ဖိအားပေးခဲ့ပြီးနောက်ပိုင်းတွင် ကုလသမဂ္ဂက အခုလို တောင်းဆိုခဲ့ခြင်းဖြစ်သည်။ တာလီဘန်တို့ဘက်ကမူ ငြိမ်းချမ်းရေး ဆွေးနွေးပွဲမစတင်မီ အကျဉ်းသားလဲလှယ်ရေးကို ပြီးစီးအောင် ဆောင်ရွက်သင့်သည်ဟု ပြောထားပြီး ယင်းအစီအစဉ် ပြီးဆုံးပြီးနောက်ပိုင်းမှသာ ထာဝရအပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရအောင် ဆောင်ရွက်ရမည်ဟု ပြောကြားထားသည်။

**ပီတီအိုင်**



ကဘူးလ်မြို့ကို ငေးကြည့်နေကြသော အာဖဂန်ကလေးငယ်များကို တွေ့ရစဉ်။

## အစ္စရေးနိုင်ငံတွင် အပူချိန်ပြင်းထန်သဖြင့် နှာခေါင်းစည်းတပ်ဆင်မှုကို ယာယီကင်းလွတ်ခွင့်ပေး

**ဂျေရုဆလင် မေ ၁၉**

အစ္စရေးနိုင်ငံတွင် ပြင်းထန်သည့်အပူလှိုင်းကြောင့် အများပြည်သူနှင့် သက်ဆိုင်သည့် နေရာများသို့သွားသည့်အခါ နှာခေါင်းစည်းဝတ်ဆင်မှုကို ယာယီအားဖြင့် ကင်းလွတ်ခွင့်ပေးထားကြောင်း အစ္စရေးကျန်းမာရေးဝန်ကြီးဌာနက မေ ၁၉ ရက်တွင် ကြေညာခဲ့သည်။

အစ္စရေးနိုင်ငံတွင် မေ ၁၆ ရက်မှစတင်ကာ ပုံမှန်မဟုတ်သည့် အပူချိန်နှင့် ကြုံတွေ့နေရသည်။ မေ ၂၂ ရက်အထိ ယင်းအပူလှိုင်းဒဏ်ကို ဆက်လက်ခံစားသွားရဖွယ်ရှိသည်။ တိုင်းပြည်ရှိ အချို့နေရာများတွင် အပူချိန်မှာ ၄၀ ဒီဂရီဆဲလ်စီးရပ်စ်အထိ ရောက်ရှိခဲ့သည်။ ကျောင်းများတွင်လည်း လူစုလူဝေးပြုလုပ်သည့်အချိန်မှစ၍ ကျန်အချိန်များတွင် ယာယီအားဖြင့် နှာခေါင်းစည်းကို မတပ်ဘဲနေနိုင်သည်ဟု အစ္စရေးကျန်းမာရေးဝန်ကြီးသစ် ယူလီ အဒယ်စတိန်းက ကြေညာခဲ့သည်။

**ဆင်ဟွာ**

## တောင်ကိုရီးယားရှိကျောင်းများ ပြန်လည်ဖွင့်လှစ်မည်

**ဆိုးလ် မေ ၁၉**

တောင်ကိုရီးယားတွင် နောက်ထပ်ကူးစက်ခံရသူ ၁၃ ဦး တွေ့ရှိခဲ့ပြီးနောက် မြို့တော်ဧရိယာတွင် ရောဂါကူးစက်ခံရမှုနှုန်းမှာ တည်ငြိမ်စပြုသည့် လက္ခဏာတွေ့မြင်လာရသည်။

အာဏာပိုင်များသည်လည်း စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ပြင်ဆင်နေကြသည်။ နောက်ထပ်ကူးစက်ခံရသူများတွင် ဆိုးလ်မြို့မှ ကိုးဦးနှင့် ကျန်လူများမှာ အနီးအနားပတ်ဝန်းကျင်များမှ ဖြစ်ကြသည်။ တောင်ကိုရီးယားတွင် လူအချင်းချင်းခပ်ခွာခွာနေရန် တင်းကျပ်သည့် စည်းမျဉ်းများကို ဖြေလျှော့ပြီးနောက် မေလအစောပိုင်းတွင် နိုက်ကလပ်မှ ကူးစက်ခံရသူနှင့်ဆက်စပ်ကာ အစုလိုက်ကူးစက်ခံရသူများ မြင့်တက်လာခဲ့သည်။

ဗိုင်းရပ်စ်နှိမ်နင်းရေး ခက်ခက်ခဲခဲကြိုးစားခဲ့မှုများကို ဆက်လက်ထိန်းသိမ်းထားပြီး သတိထားမှုများကိုမလျှော့ရန် ဒုတိယကျန်းမာရေးဝန်ကြီး ကင်ဂမ်လစ်က တိုက်တွန်းခဲ့သည်။ မေ ၂၀ ရက်တွင် ကျောင်းပြန်တက်ရမည့် အထက်တန်းကျောင်းသားများအား သေချာစစ်ဆေးမှုများ၊ ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထားကြရန်လည်း ပညာရေးဝန်ကြီးဌာနထံ ၎င်းက တောင်းဆိုခဲ့သည်။

**ပီတီအိုင်**

# လက်ဘနွန်တွင် ကိုဗစ် - ၁၉ ထိန်းချုပ်ရေးအတွက် ကြိုတင်ကာကွယ်မှုများတိုးမြှင့်လျက် စီးပွားရေးလုပ်ငန်းများ ပြန်စတင်

**ဘေရွတ် မေ ၁၉**

လက်ဘနွန်နိုင်ငံတွင် ကိုဗစ် – ၁၉ ထိန်းချုပ်နိုင်ရေးအတွက် ထိန်းချုပ်ကန့်သတ်မှုများ ပြုလုပ်ထားရာ မေ ၁၈ ရက်တွင် စီးပွားရေးလုပ်ငန်းများ ပြန်လည်စတင်ရန် ပိတ်ထားသည့် ဈေးဆိုင်များ၊ စားသောက်ဆိုင်များ ပြန်လည်ဖွင့်လှစ်နိုင်ရေး ကန့်သတ်ချက်များ ဖြေလျှော့ရန် လက်ဘနွန်အစိုးရက ဆုံးဖြတ်ထားသည်။

အဝတ်အစားဆိုင်များ၊ စားသောက်ဆိုင်များ၊ ကော်ဖီဆိုင်များ၊ ကမ်းခြေများ၊ ဟိုတယ်နှင့် အခြားကုန်သွယ်ရေး လုပ်ငန်းများသည် အချိန်တစ်လကျော်ကြာ ပိတ်ထားရပြီးမှ ပြန်ဖွင့်လှစ်ခွင့်ရခြင်းဖြစ်သည်။ ယင်းလုပ်ငန်းများ ပိတ်ထားရသည့်အတွက် ဘဏ္ဍာရေးတွင် ကြီးမားသည့် ဆုံးရှုံးနစ်နာမှု ပေါ်ပေါက်ခဲ့ရသည်။

ကိုဗစ် – ၁၉ ကြောင့် စီးပွားရေးတွင် နေ့စဉ် အမေရိကန်ဒေါ်လာသန်း ၁၂၀ ဆုံးရှုံးနေရသည်။ နိုင်ငံသားများသည် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် စည်းကမ်းချက်များအတိုင်း ကြိုတင်ကာကွယ်မှုများ လုပ်ဆောင်ရန် လိုအပ်သည်။

ဘေရွတ်မြို့လမ်းမများထက်တွင် လမ်းလျှောက်နေသည့် ပြည်သူများ၊ ဈေးဆိုင်များတွင် ဈေးဝယ်နေသူများ၊ ရောင်းဝယ်ဖောက်ကားနေကြသူများအားလုံးသည် နှာခေါင်းစည်းများ တပ်ဆင်ထားကြသည်ကို တွေ့မြင်ရသည်။ လက်ဘနွန်နိုင်ငံသည် ကိုဗစ်–၁၉ ထိန်းချုပ်ရေးကို လုပ်ဆောင်ရာတွင် အောင်မြင်မှုရလဒ်များရရှိခဲ့သည်။ သို့သော်လည်း ရောဂါကူးစက်မှုမြင့်နေသည့် နိုင်ငံများမှပြန်ရောက်လာကြသူများနှင့် စည်းကမ်းမလိုက်နာကြသည့် ဒေသခံအချို့ကြောင့် နိုင်ငံနေရာအချို့တွင် ကူးစက်မှု ပြန်လည် မြင့်တက်လာခဲ့သည်။

လက်ဘနွန်နိုင်ငံတွင် မေ ၁၇ ရက်က ကူးစက်မှုပြန်လည်မြင့်တက်ခဲ့ပြီး ကူးစက်ခံရသူ ကိုးဦးမှ ၉၁၁ ဦးအထိမြင့်တက်ခဲ့သည်။ သေဆုံးသူစာရင်းမှာ ဆက်လက်မြင့်တက်လာခြင်းမရှိဘဲ ၂၆ ဦးတွင် ရပ်တန့်နေသည်။

**ဆင်ဟွာ**



ဘေရွတ်မြို့တောင်ပိုင်းရှိ အပန်းဖြေစခန်းတစ်ခုမဖွင့်လှစ်မီ သန့်ရှင်းရေးလုပ်ဆောင်နေသည်ကို တွေ့ရစဉ်။

# ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အမေရိကန်နုတ်ထွက်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ခြိမ်းခြောက်

**ဝါရှင်တန် မေ ၁၉**

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် ကိုဗစ်-၁၉ တုံ့ပြန်မှုကို ကပျက်ကချော်လုပ်ခဲ့သည်ဟု စွပ်စွဲလိုက်ပြီးနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အမေရိကန်နုတ်ထွက်မည်ဖြစ်ကြောင်း ခြိမ်းခြောက် ပြောကြားလိုက်သည်။

ကိုရိုနာဗိုင်းရပ်စ်ကြောင့် ကမ္ဘာပေါ်တွင် လူပေါင်း ၄ ဒသမ ၈ သန်းကူးစက်ခံရသည့်အနက် ၃၁၇၀၀၀ ထက်မနည်း သေဆုံးခဲ့ကြောင်း၊ ကမ္ဘာ့အစိုးရများကလည်း ကိုဗစ်-၁၉ကို ထိန်းချုပ်ရန် အလုအယက်ကြိုးပမ်းနေကြသလို ကိုရိုနာဗိုင်းရပ်စ်ကြောင့် ပျက်စီးနေသောစီးပွားရေးကို ပြန်လည်ထောင်မတ်လာစေရန် အစွမ်းကုန်ဆောင်ရွက်နေရကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စုသည် ယခုအချိန်အထိ တခြားနိုင်ငံများထက် ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးမှုနှင့် ကူးစက်မှုနှုန်း ပိုမိုများပြားလျက်ရှိရာ အဆိုပါအရေးနှင့်ပတ်သက်ပြီး ဖိအားများနှင့် ရင်ဆိုင်နေရသော အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကို အစောပိုင်း ဗိုင်းရပ်စ်စတင်ပျံ့နှံ့ကတည်းက လုံလောက်သည့် ထိန်းချုပ်မှုမလုပ်ဟုဆိုကာ ပြစ်တင်ပြောကြားလိုက်သည်။

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်သည် ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခုဖြစ်သည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အား ရန်ပုံငွေထောက်ပံ့ပေးနေမှုကို ရပ်နားခဲ့ပြီးဖြစ်သလို ၎င်း၏ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ တက်ဒရော့စ်ထံ တွစ်တာမှတစ်ဆင့်ပေးပို့လိုက်သော အိမ်ဖြူတော်မှတ်ချက်စကားတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အမြဲတမ်းရပ်နားလိုက်မည်ဖြစ်ကြောင်းလည်း ခြိမ်းခြောက် ပြောကြားလိုက်သည်။

ထို့အပြင် အဆိုပါမှတ်ချက်ပြုပြောစကားတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲနှင့်ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် ကိုရိုနာဗိုင်းရပ်စ်အပေါ် တုံ့ပြန်ဆောင်ရွက်ရာတွင် မကြာခဏဆိုသလို အလွဲများပြုလုပ်လေ့ရှိကြောင်း၊ ယင်းက ကမ္ဘာကြီးကို ဆုံးရှုံးမှုများဖြစ်ပေါ်စေကြောင်း ထရမ့်က ပြောကြားခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ဆုံးဖြတ်ချက်နှင့် လုပ်ငန်းဆောင်တာများ တိုးတက်မတက်ကို နောက်ထပ်ရက်ပေါင်း ၃၀ အတွင်း စောင့်ကြည့်သွားမည်ဖြစ်ကြောင်း အဆိုပါ မှတ်ချက်စကားတွင် ဆက်လက်ပြောကြားခဲ့သည်။

ထို့အပြင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က သူ့အနေဖြင့် ဟိုက်ဒရောက်စီကလိုရိုကွင်းဆေးကို ကိုဗစ်-၁၉ ကာကွယ်ဆေးအဖြစ် အသုံးပြုသွားမည်ဖြစ်ကြောင်း ဆုံးဖြတ်လိုက်သည်။ အဆိုပါဆုံးဖြတ်ချက်နှင့် ပတ်သက်ပြီး ၎င်း၏ အစိုးရအဖွဲ့တွင်းရှိ ပညာရှင်များက ယင်းဆေးသည် ကိုဗစ်-၁၉ ကို တိုက်ဖျက်ရန် မသင့်တော်ကြောင်း ပြောကြားလိုက်သည်။

**အေအက်ဖ်ပီ**



အမေရိကန်သမ္မတဒေါ်နယ်ထရမ့်

## ဖိလစ်ပိုင်၌ ကပ်ရောဂါဆိုင်ရာလမ်းညွှန်ချက်များကို မလိုက်နာသည့်ဈေးဝယ်သူများအား အစိုးရက သတိပေး

**မနီလာ မေ ၁၉**

ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ် - ၁၉ ကပ်ရောဂါကျရောက်မှုကြောင့် တစ်နိုင်ငံလုံး နှစ်လကြာ အဝင်အထွက်ကန့်သတ်ပိတ်ဆို့ထားမှုကို အာဏာပိုင်များက စတင်ဖြေလျှော့ပေးလျက်ရှိချိန်တွင် ဈေးဝယ်ကုန်တိုက်များ၌ ဈေးဝယ်သူများက စုပြုံတိုးကြိတ်ကာ စည်းကမ်းမဲ့ဈေးဝယ်မှုများ ပြုလုပ်ခဲ့ကြပြီး နောက်တစ်ရက်တွင် ဖိလစ်ပိုင်အစိုးရက ကိုဗစ် - ၁၉ ဆိုင်ရာ သတိထား စောင့်ကြည့်မှုများ လုပ်ဆောင်ရန် တိုက်တွန်းခဲ့ရကြောင်း သိရသည်။




ဖိလစ်ပိုင်၌ ကန့်သတ်ပိတ်ဆို့မှုများ ဖြေလျှော့ပေးခဲ့ပြီးနောက် ဈေးဝယ်ကုန်တိုက်တစ်ခုတွင် ဝယ်သူများကို တွေ့ရစဉ်။

သတင်းဓာတ်ပုံများနှင့် ဗီဒီယိုဖိုင်များတွင် မြို့တော်မနီလာရှိ ဈေးဝယ်ကုန်တိုက်အချို့၌ ဈေးဝယ်သူများက တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေကြရန် ထုတ်ပြန်ထားသည့် စည်းကမ်းများကို ချိုးဖောက်ကာ စည်းကမ်းမဲ့စွာ ဝယ်ယူခဲ့ကြပုံများ လူမှုကွန်ရက်ပေါ်တွင် မြန်မြန်ဆန်ဆန်ပျံ့နှံ့ခဲ့ပြီး အများပြည်သူ၏ ဝေဖန်မှုများနှင့် သတိပေးနှိုးဆော်မှုများ ပေါ်ပေါက်လာစေခဲ့ကာ အစိုးရအနေဖြင့် ကျန်းမာရေးဆိုင်ရာ သတိပေးချက်များ ချက်ချင်းထုတ်ပြန်ခဲ့သည်။

တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေကြရန် ညွှန်ကြားချက်ကို တိတိကျကျ လိုက်နာ ဆောင်ရွက်ခြင်းမရှိလျှင် သို့မဟုတ် လူစုလူဝေးထိန်းချုပ်မှုများကို ကောင်းစွာဆောင်ရွက်နိုင်ခြင်းမရှိလျှင် ဈေးဝယ်ကုန်တိုက်များကို ထပ်မံပိတ်သိမ်းရလိမ့်မည်ဖြစ်ကြောင်း အစိုးရက သတိပေးခဲ့သည်။

**ဘန်ကောက်ပို့စ်**

## ကပ်ရောဂါကြောင့် ဂျပန်နိုင်ငံ၏ ဂျီဒီပီကျဆင်းပြီး စီးပွားရေးထိခိုက်နိုင်ကြောင်း ကျွမ်းကျင်သူများသုံးသပ်

**တိုကျို မေ ၁၉**

ကိုဗစ် - ၁၉ ဆက်လက်ဖြစ်ပွားနေသည့်အတွက် ဂျပန်နိုင်ငံ၏ စီးပွားရေးအပေါ် ထိခိုက်မှု ကြီးကြီးမားမား ဆက်လက်ဖြစ်ပွားနေသောကြောင့် ဇန်နဝါရီလမှ မတ်လအထိ သုံးလပတ်ကာလအတွက် ဂျပန်နိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး(ဂျီဒီပီ)လည်း ကျဆင်းခဲ့ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် မေ ၁၉ ရက်က ဖော်ပြလိုက်သည်။

သုံးလပတ်ကာလအတွက် ဂျီဒီပီသည် လွန်ခဲ့သောနှစ် သုံးလပတ်ကာလနှင့် နှိုင်းယှဉ်ကြည့်လျှင် ပကတိတန်ဖိုးသည် တစ်နှစ်စာ ပျမ်းမျှ၏ ၃ ဒသမ ၄ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း အစိုးရအဖွဲ့ရုံးက ပြောကြားသည်။ ယခုလို ဂျီဒီပီကျဆင်းလာခြင်းသည် သုံးလပတ်ကာလအတွင်း နှစ်ကြိမ်ဆက်တိုက် ကျဆင်းလာခြင်းဖြစ်သည်။ ဂျပန်နိုင်ငံ၏ ဂျီဒီပီထက်ဝက်ကျော်ပမာဏရှိသည့် တစ်ဦးချင်းသုံးစွဲမှု ပမာဏသည်လည်း ၀ ဒသမ ၇ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သည်။ လူများသည် အပြင်သို့သွားရောက် စားသောက်ခြင်းနှင့် အလည်အပတ်ခရီးစဉ်သွားရောက်ခြင်းများကို ထိန်းချုပ်နေခဲ့သောကြောင့် ယခုလို ဂျီဒီပီကျဆင်းလာခြင်း ဖြစ်သည်။ ထို့အတူ မော်တော်ကားအရောင်းများလည်း သိသိသာသာ ကျဆင်းခဲ့သည်။ ကမ္ဘာတစ်ဝန်း စီးပွားရေးပျက်ကပ်ဆိုက်နေသောကြောင့် ပြည်ပပို့ကုန်ကဏ္ဍတွင်လည်း ၆ ရာခိုင်နှုန်း၊ အိမ်ရာဝယ်ယူရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် ၄ ဒသမ ၅ ရာခိုင်နှုန်း၊ ကုမ္ပဏီရင်းနှီးမြှုပ်နှံမှုတွင် ၀ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ ထို့အပြင် ဧပြီလမှ ဇွန်လအထိ သုံးလပတ်ကာလတွင်လည်း ကမ္ဘာ့ကပ်ရောဂါကြောင့် စီးပွားရေးအကြီးအကျယ် ထိခိုက်မည်ဖြစ်ကြောင်း စီးပွားရေးကျွမ်းကျင်သူများက သုံးသပ်ထားသည်။

**အင်န်အိတ်ချ်ကေ**

## လာအို၌ ကန့်သတ်ချက်များဖြင့် ကျောင်းများ ပြန်ဖွင့်မည်

**ဗီယန်ကျင်း မေ ၁၉**

လာအိုနိုင်ငံအစိုးရက တစ်နိုင်ငံလုံးရှိ ကျောင်းသားကျောင်းသူများအားလုံး လာမည့် ဇွန် ၂ ရက်တွင် ကျောင်းပြန်တက်နိုင်ပြီဖြစ်ကြောင်း ကြေညာခဲ့ပြီး မူလတန်းအဆင့်၊ အလယ်တန်းအဆင့် ကျောင်းသားများအတွက် မေ ၁၈ ရက်မှစကာ ကျောင်းများပြန်ဖွင့်ပေးထားပြီဖြစ်ကြောင်း သိရသည်။

မေ ၁၅ ရက်က ဝန်ကြီးချုပ်ရုံးမှ နောက်ဆုံးထုတ်ပြန်လိုက်သော ကြေညာချက်အရ အစိုးရနှင့် ပုဂ္ဂလိကမူကြိုကျောင်းများ၊ မူလတန်းနှင့် အလယ်တန်းကျောင်းများ၊ အထက်တန်းဝင်ခွင့်ကျောင်းများ၊ ကောလိပ်များနှင့် တက္ကသိုလ်များ အသီးသီးကန့်သတ်ချက်များဖြင့် ဇွန် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ မေ ၁၈ ရက်က ပြန်ဖွင့်ပေးခဲ့သော မူလတန်းနှင့် အလယ်တန်းကျောင်းအများစုတွင် အထက်တန်းပညာအဆင့်၊ ကောလိပ်နှင့် တက္ကသိုလ်အသီးသီးဝင်ခွင့်အတွက် စာမေးပွဲကြိုတင် ပြင်ဆင်ရမည့် အတန်းများကို ပြန်လည်ဖွင့်လှစ်ပေးခဲ့ကြောင်း ဗီယန်ကျင်းတိုင်းမ်နေ့စဉ်သတင်းစာတွင် ရေးသားသည်။

မေ ၁၇ ရက်တွင် ပညာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေး အမျိုးသားလုပ်ငန်းကော်မတီ၏ ထောက်ခံမှုဖြင့် ကျောင်းအုပ်ချုပ်ရေးအဖွဲ့ဝင်များသည် ကိုဗစ်-၁၉ ကူးစက်မှုမဖြစ်ပေါ်စေရန် လိုအပ်သော ကြိုတင်ကာကွယ်ရေးအစီအစဉ်များကို မဖြစ်မနေ လုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် ကျောင်းများပြန်ဖွင့်နိုင်ရန်အတွက် ကျောင်းအုပ်ချုပ်ရေးအဖွဲ့ဝင်များသည် စာသင်ခန်းများနှင့် ကျောင်းပရိဝုဏ်သန့်ရှင်းရေးများပြုလုပ်ခြင်း၊ ရောဂါကူးစက်မှုလျော့ပါးစေရန် အသုံးအဆောင်ပစ္စည်းကို ဆေးဖျန်းခြင်းများ ကြိုတင်ဆောင်ရွက်ထားရမည်ဖြစ်ကြောင်း သိရသည်။

ကျောင်းဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများသည် ကျောင်းချိန်ပြည့် နှာခေါင်းစည်းတပ်ဆင်ထားရမည်ဖြစ်ကြောင်း၊ ကလေး ကြိုပို့မိဘများသည်လည်း မဖြစ်မနေနှာခေါင်းစည်းတပ်ဆင်ထားရမည်ဖြစ်ကြောင်း၊ ကျောင်းသားများအတွက် လက်ဆေးဆပ်ပြာ၊ လက်ဆေးရည်နှင့် လက်ဆေးဇလုံများထားရှိပေးရမည်ဖြစ်ကြောင်း၊ ကျောင်းသားတစ်ဦးနှင့် တစ်ဦး အနည်းဆုံး တစ်မီတာအကွာအဝေးရှိရန် ဆရာများက သင့်လျော်သလို စီမံပေးရမည်ဖြစ်ကြောင်းနှင့် ကျောင်းသားများ ကျောင်းဝင်းအတွင်း ဝင်ရောက်ပါက ခန္ဓာကိုယ်အပူချိန် စစ်ဆေးရမည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။ လာအိုနိုင်ငံကျန်းမာရေးဝန်ကြီးဌာနသည် မတ် ၂၄ ရက်က နိုင်ငံအတွင်း ကိုဗစ် -၁၉ ကူးစက်ခံရသူ ပထမဆုံး လူနာနှစ်ဦး တွေ့ရှိကြောင်း ကြေညာခဲ့ပြီးချိန်မှစကာ လက်ရှိအချိန်အထိ နိုင်ငံတွင် ကိုဗစ်-၁၉ အတည်ပြု လူနာ ၁၉ ဦးရှိကြောင်း သိရသည်။

**ဆင်ဟွာ**



လွန်ခဲ့သောနှစ်က လာအိုနိုင်ငံရှိ ကျောင်းတစ်ကျောင်းတွင် မူလတန်းကျောင်းသားများကို တွေ့ရစဉ်။

# သမ္မတထရမ့်နဲ့ ဟိုက်ဒရောက်စီကလိုရိုကွင်း

• • • • ကလျာမိုးမြင့် • • • •

အမေရိကန်အစိုးရအဖွဲ့ စည်းကမ်းထိန်းသိမ်းရေးအာဏာပိုင်တွေက ဘေးကင်းကြောင်းအထောက်အထား ပြသနိုင်ခြင်းမရှိသေးဘူးလို့ သတိပေးထားတဲ့ ဟိုက်ဒရောက်စီကလိုရိုကွင်းဆေးကို သမ္မတထရမ့်က သောက်သုံးနေပြီဆိုတဲ့အကြောင်း မနေ့ကပဲ ထုတ်ဖော်ပြောကြားလာခဲ့ပါတယ်။

## ထရမ့်ကိုယ်တိုင် သောက်သုံးနေတဲ့ဆေး

ငှက်ဖျားရောဂါကု ဆေးတစ်မျိုးဖြစ်တဲ့ ဟိုက်ဒရောက်စီကလိုရိုကွင်းဆေးဟာ ကိုဗစ်-၁၉ ကိုတိုက်ဖျက်ဖို့ ကောင်းမွန်သင့်လျော်တဲ့ဆေးမဟုတ်ပါဘူးလို့ ဆေးဝါးကျွမ်းကျင်ပညာရှင်တွေကိုယ်တိုင်က အသေအချာပြောထားပါလျက်နဲ့တောင် သမ္မတထရမ့်က ဒီဆေးကို ၎င်းသောက်နေတယ်ဆိုတဲ့အကြောင်းကို ပြောင်ပြောင်တင်းတင်းပဲ ထုတ်ဖော်ကြေညာလာခဲ့တာ ဖြစ်ပါတယ်။

ထရမ့်က ၎င်းဟာ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကို ကြိုတင်ကာကွယ်တဲ့အနေနဲ့ ဟိုက်ဒရောက်စီကလိုရိုကွင်းဆေးကို သောက်နေခဲ့တာ ၁၀ရက်လောက်ရှိနေပြီဖြစ်ပြီး ၎င်းမှာဗိုင်းရပ်စ်မရှိကြောင်း စစ်ဆေးချက်အဖြေထွက်ပေါ်ခဲ့တဲ့အပြင် ဘာရောဂါလက္ခဏာမှခံစားရခြင်းမရှိဘူးလို့ပြောပါတယ်။ ဆေးကို ဇင့်နဲ့တွဲဖက်ပြီး တစ်ရက်တစ်လုံး ပုံမှန်သောက်တယ်လို့လည်း သိရပါတယ်။

## မျက်စိကျနေ

ဒီဆေးကို ယုံကြည်စိတ်ချစွာနဲ့သောက်သုံးနေရတဲ့ အကြောင်းရင်းကဘာများလဲလို့ မေးမြန်းတဲ့အခါ ၎င်းက “ဒီဆေးဟာ ကောင်းတယ်လို့ ကျွန်တော်ထင်လို့ပဲ၊ ဆေးရဲ့ကောင်းကျိုးရလဒ်တွေနဲ့ပတ်သက်တဲ့ အဖြစ်အပျက်တွေအများကြီးကိုလည်း ကျွန်တော်ကြားသိခဲ့ရပြီးပြီ။ ဒါကြောင့် စိတ်ချလက်ချနဲ့ သောက်သုံးနေခြင်းဖြစ်တယ်”လို့ ဖြေကြားခဲ့ပါတယ်။






သမ္မတထရမ့်ဟာ ဟိုက်ဒရောက်စီကလိုရိုကွင်းဆေးကို အတော်လေးမျက်စိကျနေခဲ့တာဖြစ်ပြီး တွင်တွင်ကျယ်ကျယ်အသုံးပြုလာစေဖို့ အကြိမ်ကြိမ်ဆော်ဩခဲ့တာ ရက်သတ္တပတ်များစွာ ကြာပါပြီ။ ဆရာဝန်အချို့က ဒီဆေးဟာ ကိုဗစ်-၁၉ ကူးစက်ခံရတဲ့လူနာတွေအတွက် အလုပ်မဖြစ်ဘူးလို့ ထောက်ပြခဲ့ပြီး အမေရိကန်အစိုးရအဖွဲ့ စည်းကမ်းကြပ်မတ်ရေးအဖွဲ့တွေက ဆေးရဲ့ဘေးကင်းလုံခြုံမှုကို အထောက်အထားမပြနိုင်ဘူးလို့ သတိပေးနေကြသည့်တိုင် သမ္မတထရမ့်က ဂရုမစိုက်ခဲ့ပါဘူး။

## အကြံကောင်းတစ်ခုလား

ထရမ့်က ဒီဆေးကို ကိုဗစ်-၁၉ တိုက်ဖျက်ဖို့ အတွက် အလားအလာရှိတဲ့ ကုထုံးတစ်ခုအနေနဲ့ သောက်သုံးနေတာက အကြံကောင်းတစ်ခုတော့ မဟုတ်ဘူးလို့ အမေရိကန် အောက်လွှတ်တော်ဥက္ကဋ္ဌ နန်စီပီလိုစီက ဝေဖန်ထားပါတယ်။ ထရမ့်အနေနဲ့ အထူးသဖြင့် ၎င်းရဲ့ အသက်အရွယ်အုပ်စု ဆိုကြပါစို့ အနည်းငယ်အဝလွန်တဲ့ကိုယ်အလေးချိန်အုပ်စုအတွက် ဆေးပညာရှင်တွေက ထောက်ခံချက်မပေးထားတဲ့ အရာတစ်ခုကို မသုံးစွဲတာ ပိုကောင်းလိမ့်မယ်လို့ နန်စီပီလိုစီက ဝေဖန်ထောက်ပြခဲ့ပါတယ်။

ဆီးနိတ်လွှတ်တော်ခေါင်းဆောင် ချပ်စကူးမားကတော့ သမ္မတထရမ့်က ဒီဆေးကိုသောက်ဖို့ ဆုံးဖြတ်တာဟာ နမော်နမဲ့နိုင်တယ်လို့ ပြောပါတယ်။ နိုင်ငံ့ခေါင်းဆောင်တစ်ဦး ဖြစ်တဲ့ ထရမ့်က ရှေ့ကနေ ဒီလိုလုပ်ပြလိုက်တဲ့အတွက် ပြည်သူတွေကို မျှော်လင့်ချက်အမှားတစ်ခုကို ပေးလိုက်ရာ ရောက်သွားတယ်။ ဒီလိုနဲ့ပြည်သူတွေဟာ စစ်မှန်တဲ့ဆေးဝါးကုထုံးတွေနဲ့ လမ်းလွဲသွားနိုင်ပြီး အကုန်ဒုက္ခရောက်သွားနိုင်တယ်။ ထရမ့်က ဒီဆေးကို သောက်လိုက်တာဟာ အန္တရာယ်ကြီးတဲ့လုပ်ရပ်တစ်ခုကို လုပ်လိုက်တာပဲလို့ စကူးမားက အက်စ်အက်စ်အင်န်ဘီစီ သတင်းသို့ ပြောကြားခဲ့ပါတယ်။

## အံ့အားသင့်ဖွယ်ကြေညာချက်

အမေရိကန်ပြည်ထောင်စုမှာ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့်သေဆုံးသူ အရေအတွက် ၉၀၀၀၀ ကျော်ရှိလာပြီး တစ်ကမ္ဘာလုံးရှိ သေဆုံးသူအရေအတွက် စုစုပေါင်းရဲ့ သုံးပုံတစ်ပုံလောက်နီးပါး ရှိနေတဲ့အချိန်မှာ သမ္မတထရမ့်က ခွင့်ပြုချက်ပေးမထားရသေးတဲ့ ဟိုက်ဒရောက်စီကလိုရိုကွင်းဆေးကို ၎င်းကိုယ်တိုင်သောက်သုံးနေကြောင်း ကြေညာလိုက်ခြင်းဟာ အံ့ဩစရာကောင်းလွန်းလှပါတယ်။

လူတွေဘယ်လောက်များများအထိ အထူးသဖြင့် ရောဂါတိုက်ဖျက်ရေးမှာ ရှေ့တန်းကနေပါဝင်နေကြတဲ့ ဝန်ထမ်းလုပ်သားတွေ ဒီဆေးကိုသောက်နေကြတယ်ဆိုတာကို သင်ပက်ပင်းတွေ့မိတဲ့အခါ အတော်လေး အံ့ဩသွားလိမ့်မယ်။ ဟိုက်ဒရောက်စီကလိုရိုကွင်းကို သောက်နေတဲ့လူတွေ နည်းတာမဟုတ်ဘူးလို့ အိမ်ဖြူတော်မှာ လုပ်တဲ့ ဆွေးနွေးပွဲကို အာရုံစိုက်နေကြတဲ့ သတင်းထောက်တွေကို သမ္မတထရမ့်က ပြောကြားလိုက်တာ ဖြစ်ပါတယ်။

## နှာခေါင်းစည်းတပ်ဖို့ ငြင်းဆန်

သမ္မတထရမ့်ဟာ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ရဲ့ အန္တရာယ်ကို မကြာခဏဆိုသလို လျှော့တွက်ခဲ့တယ်။ ပြီးခဲ့တဲ့ ရက်သတ္တပတ်တုန်းကလည်း ဗိုင်းရပ်စ်ဟာ လူအနည်းငယ်လောက်ကိုသာ ခြောက်လှန့်နိုင်တယ်ဆိုပြီး ပြောခဲ့သေးတယ်။ အဲဒီအပြင်က ဖက်ဒရယ်လမ်းညွှန်ချက်တွေအရ နှာခေါင်းစည်းတပ်ဖို့ ညွှန်ကြားထားတာကိုလည်း မလိုက်နာဘူး။ ၎င်းရဲ့အစိုးရအဖွဲ့ဝန်ထမ်းအများစုက လူထုအတွင်းမှာ နှာခေါင်းစည်းတပ်ဆင်ထားကြပေမယ့် ၎င်းကတော့ နှာခေါင်းစည်းတပ်ဆင်ဖို့ ငြင်းဆန်ခဲ့တယ်လို့ သိရပါတယ်။

သမ္မတထရမ့်နဲ့ နီးနီးကပ်ကပ်ရှိသူ ဒုတိယသမ္မတ မိုက်ပန့်စ်ရဲ့သတင်းထုတ်ပြန်ရေးအတွင်းဝန် ကာတီမီလာဟာ အခုဆိုရင် ကိုဗစ်-၁၉ ကူးစက်ခံထားရကြောင်း စစ်ဆေးတွေ့ရှိထားပါတယ်။ သမ္မတထရမ့်ကတော့ ဟိုက်ဒရောက်စီကလိုရိုကွင်း ဆေးကို အိမ်ဖြူတော်ရဲ့ သမားတော် ဆီယန်ကွန်လေရဲ့ ထောက်ခံအတည်ပြုချက်နဲ့ သောက်သုံးခဲ့တာလို့ ပြောပါတယ်။

## ဆွေးနွေးမှုပြုလုပ်ခဲ့

“ကျွန်တော်က ဒီဆေးကို ဘယ်လိုသဘောရလဲ”လို့ သမားတော်ကို မေးတဲ့အခါ သမားတော်က “ဒီဆေးကို သမ္မတအနေနဲ့ သောက်ချင်တယ်ဆိုရင် သောက်နိုင်တယ်”ဟု ပြောခဲ့တယ်လို့ ဆိုပါတယ်။ အိမ်ဖြူတော်သမားတော် ကွန်လေက နောက်ပိုင်းမှာ ဖော်ပြချက်တစ်စောင် ထုတ်ပြန်ခဲ့ပြီး အဲဒီထုတ်ပြန်ချက်မှာ ဟိုက်ဒရောက်စီကလိုရိုကွင်းဆေးရဲ့ ကောင်းကျိုးဆိုးပြစ်တွေနဲ့ ပတ်သက်လို့ ၎င်းတို့အကြား ဆွေးနွေးမှုအမြောက်အမြား ပြုလုပ်ခဲ့ပြီးမှ ဒီဆေးကို သမ္မတထရမ့်သောက်ဖို့ ခွင့်ပြုချက်ပေးလိုက်တာဖြစ်တယ်လို့ ဖော်ပြခဲ့ပါတယ်။

အစိုးရရဲ့ အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲမှု အာဏာပိုင်အဖွဲ့ကတော့ ဟိုက်ဒရောက်စီကလိုရိုကွင်းဆေးဟာ ကိုဗစ်-၁၉ လူနာတွေမှာ နှလုံးခုန်အလွန်မြန်စေတဲ့ ပြဿနာအပါအဝင် တခြားဘေးထွက်ဆိုးကျိုးတွေလည်းရှိလို့ အရေးပေါ်အခြေအနေတွေမှာ ယာယီစည်းကမ်းချမှတ်ထားတဲ့ စည်းမျဉ်းအရ ခွင့်ပြုပေးတာကလွဲရင် ကပ်ရောဂါကာကွယ်ရာမှာရော ကုသရာမှာပါ မသုံးအပ်ဘူးလို့ ကန့်ကွက်ထားပါတယ်။ ကပ်ရောဂါကာလအတွင်းမှာ ဟိုက်ဒရောက်စီကလိုရိုကွင်းဆေးနဲ့ ပတ်သက်ပြီး သဘောထားကွဲပြားမှုတွေ ဒီထက်ပိုဖြစ်လာဦးမယ့် အရိပ်အယောင်တွေကိုလည်း မြင်တွေ့နေရဆဲပါ။ ။ **ကိုးကား – အေအက်ဖ်ပီ**

**“အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲမှု အာဏာပိုင်အဖွဲ့ကတော့ ဟိုက်ဒရောက်စီကလိုရိုကွင်းဆေးဟာ ကိုဗစ် - ၁၉ လူနာတွေမှာ နှလုံးခုန်အလွန်မြန်စေတဲ့ ပြဿနာအပါအဝင် တခြားဘေးထွက်ဆိုးကျိုးတွေလည်းရှိလို့ အရေးပေါ်အခြေအနေတွေမှာ ယာယီစည်းကမ်းချမှတ်ထားတဲ့ စည်းမျဉ်းအရ ခွင့်ပြုပေးတာကလွဲရင် ကပ်ရောဂါကာကွယ်ရာမှာရော ကုသရာမှာပါ မသုံးအပ်ဘူးလို့ ကန့်ကွက်ထား”**

# နိုင်ငံတကာသတင်းတိုထွာ

## အိန္ဒိယနိုင်ငံမှ မလေးရှားနိုင်ငံသို့ ဆန်တင်သွင်းမှု နှစ်ဆနီးပါး မြင့်တက်

**ကွာလာလမ်ပူ မေ ၁၉**

အိန္ဒိယနိုင်ငံမှ ဆန်တန်ချိန်ပေါင်း ၁၀၀၀၀၀ ကို ယခုလနှင့် လာမည့်လတို့တွင် တင်သွင်းရန် မလေးရှားနိုင်ငံက သဘောတူခဲ့ပြီးနောက်တွင် ယခု သဘောတူညီမှုသည် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးဆိုင်ရာ ဆက်ဆံရေးတိုးတက်မှုအခြေအနေကိုဖော်ပြသည့် လက္ခဏာတစ်ရပ်အနေဖြင့် ပေါ်ထွက်လာခဲ့သည်။

ယခုနှစ်တင်ပို့သည့် ဆန်တန်ချိန်ပမာဏသည် ပြီးခဲ့သည့် ငါးနှစ်အတွင်း အိန္ဒိယနိုင်ငံမှ မလေးရှားသို့ နှစ်စဉ်တင်သွင်းခဲ့သည့် ဆန်တန်ချိန်ပမာဏ၏ နှစ်ဆနီးပါးရှိကြောင်း သိရသည်။ ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ အကျပ်အတည်းဖြစ်ပေါ်နေသည့်ကာလအတွင်း ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံတို့က ပြည်တွင်းလိုအပ်ချက်အတွက် ဆန်တင်ပို့မှုပမာဏကို လျှော့ချနေချိန် မလေးရှားနိုင်ငံက အိန္ဒိယနိုင်ငံမှ ဆန်တန်ချိန်အမြောက်အမြားကို ဝယ်ယူလိုက်ခြင်းဖြစ်သည်။

မလေးရှားနိုင်ငံ၏ ဆန်ဝယ်ယူမှုက ကမ္ဘာ့ဆန်တင်ပို့မှု အများဆုံးနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံတွင် ဆန်တင်ပို့ကုန် အမြောက်အမြားစုပုံနေမှုကို ကူညီဖြေရှင်းနိုင်ဖွယ်ရှိကြောင်း သိရသည်။ နောက်ဆုံးချုပ်ဆိုခဲ့သည့် သဘောတူစာချုပ်များအပြီးတွင် အိန္ဒိယနိုင်ငံမှမလေးရှားသို့ ဆန်တင်သွင်းမှုသည် ယခုနှစ်တွင် တန်ချိန်ပေါင်း ၂၀၀၀၀၀ အထိမြင့်တက်လာနိုင်ကြောင်း သိရသည်။

ဘန်ကောက်ပို့စ်

## ကပ်ရောဂါတိုက်ဖျက်ရေးအတွက် တရုတ်နိုင်ငံက အမေရိကန်ဒေါ်လာ နှစ်ဘီလီယံ အကူအညီပေးရန် ကတိပြု

**ပေကျင်း မေ ၁၉**

ကိုဗစ်-၁၉ ကပ်ရောဂါကို တုံ့ပြန်ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် နိုင်ငံတကာ အကူအညီအနေဖြင့် အမေရိကန်ဒေါ်လာ နှစ်ဘီလီယံကို နှစ်နှစ်ကျော်ကြာသည်အထိ အကူအညီပေးအပ်သွားရန် တရုတ်သမ္မတ ရှီကျင့်ဖျင်က အလေးအနက် ကတိပေးအပ်လိုက်ကြောင်း သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ နှစ်စဉ်ညီလာခံ ဖွင့်ပွဲကျင်းပသည့် မေ ၁၈ ရက်တွင် ဗီဒီယိုမှတစ်ဆင့် တရုတ်သမ္မတက မိန့်ခွန်းပြောကြားခဲ့သည်။ မိန့်ခွန်းအတွင်း တရုတ်နိုင်ငံသည် ကိုဗစ်-၁၉ ကပ်ရောဂါကို တိုက်ဖျက်ရေးဆောင်ရွက်သည့်ကာလတစ်လျှောက်လုံး ပွင့်လင်းမြင်သာစွာနှင့် တာဝန်သိစွာဖြင့် ပါဝင်ဆောင်ရွက်ခဲ့ကြောင်း ၎င်းကပြောသည်။ ထို့အပြင် တရုတ်နိုင်ငံအနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် သက်ဆိုင်ရာနိုင်ငံများသို့ အခြေအနေအရပ်ရပ်ကို အချိန်နှင့်တစ်ပြေးညီ သတင်းပို့ခဲ့ကြောင်း သမ္မတ ရှီကျင့်ဖျင်က ပြောကြားခဲ့သည်။

အင်န်အိတ်ချ်ကေ

# COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၁၉–၅–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

၁။ (၁၈–၅–၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ဒုတိယအသုတ်) အဖြစ် စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၂၃၉) ခု တွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၃) ဦး တွေ့ရှိခဲ့ပါသည်။

၂။ သို့ဖြစ်ရာ (၁၉–၅–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာ (၁၉၁) ဦး ရှိပြီဖြစ်ပါသည်။

၃။ အဆိုပါ ဓာတ်ခွဲအတည်ပြုလူနာအသစ်အား သက်ဆိုင်ရာဆေးရုံများသို့ လွှဲပြောင်း၍ စောင့်ကြည့်ကုသမှု ပေးလျက်ရှိပါသည်။

၄။ (၁၈–၅–၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်+ဒုတိယ အသုတ်) အဖြစ် ဓာတ်ခွဲနမူနာ (၄၂၇) ခုနှင့် ဆေးသုတေသနဦးစီးဌာန (DMR) မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၇၀) ခု စုစုပေါင်း (၅၉၇)ခု စစ်ဆေးခဲ့ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

COVID-19 ရောဂါအတွက်
ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၁၉–၅–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

| | |
|---|---|
| (၁၈–၅–၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ် + ဒုတိယအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၄၂၇) ခု |
| (၁၈–၅–၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၇၀) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၃) ဦး |

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၁၉–၅–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၃) ဦး | (၁၉၁) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၁၀၁) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

COVID-19ရောဂါအတွက်ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ
(၁၉-၅-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ

| လူနာ အမှတ်စဉ် | အသက် | ကျား/မ | လိပ်စာ | COVID-19 ရောဂါ အတည်ပြု လူနာများနှင့် ထိတွေ့မှု | ပြည်ပသို့ ခရီးသွား ရာဇဝင် ရှိ/ မရှိ | ယခု ဆေးကုသမှု ခံယူလျက်ရှိသည့် ခံယူစေမည့် ဆေးရုံ | COVID-19 ပိုးတွေ့ရှိ/ မတွေ့ရှိ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 189 | ၅၀ နှစ် | ကျား | တောင်တွင်းကြီးမြို့နယ် မကွေးတိုင်းဒေသကြီး | မရှိ | ရှိ (မလေးရှား) | သင်ကြားရေးဆေးရုံကြီး မကွေးမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မကွေးမြို့) |
| 190 | ၂၅ နှစ် | ကျား | တောင်ကုတ်မြို့နယ် ရခိုင်ပြည်နယ် | မရှိ | ရှိ (မလေးရှား) | ပြည်သူ့ဆေးရုံ တောင်ကုတ်မြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (တောင်ကုတ်မြို့) |
| 191 | ၂၀ နှစ် | ကျား | ပန်းတနော်မြို့နယ် ဧရာဝတီတိုင်းဒေသကြီး | မရှိ | ရှိ (မလေးရှား) | ပြည်သူ့ဆေးရုံကြီး ပုသိမ်မြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ပုသိမ်မြို့) |

# COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၁၉–၅–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

၁။ (၁၉–၅–၂၀၂၀) ရက်နေ့၊ ညနေပိုင်းတွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ပထမအသုတ် အဖြစ် စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၈၄) ခု၊ ဆေးသုတေသနဦးစီးဌာန (DMR) မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၅၉) ခု၊ စုစုပေါင်း (၃၄၃)ခု တွင် –

- COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၂) ဦး တွေ့ရှိရပါသည်။

၂။ (၁၉–၅–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၁၉၃) ဦးရှိပြီဖြစ်ပါသည်။

၃။ (၁၉–၅–၂၀၂၀) ရက်နေ့အထိ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာများတွင် (၂) ကြိမ် ဆက်တိုက် ပိုးမတွေ့ရှိသူ အသစ် (၃) ဦး (Case– 34, 122, 157) ရှိခဲ့သဖြင့် စုစုပေါင်း (၁၀၄) ဦး ရှိပါသည်။ ၎င်းတို့အနက် (၉၁) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆) ဦး ရှိပါသည်။

၅။ (၁၈–၅–၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၁၉–၅–၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၆၇) ဦး ရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၁၉–၅–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | |
|---|---|
| (၁၉–၅–၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၈၄) ခု |
| (၁၉–၅–၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၅၉) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၂) ဦး |

COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၁၉–၅–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၂) ဦး | (၁၉၃) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၃) ဦး | (၁၀၄) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

(၁၉–၅–၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID–19 လူနာတွေ့ရှိမှု
ည (၈:၀၀) နာရီ

| လူနာ အမှတ်စဉ် | အသက် | ကျား/မ | နေထိုင်ခဲ့သည့် လိပ်စာ | COVID–19 ရောဂါ အတည်ပြု လူနာများနှင့် ထိတွေ့မှု | ပြည်ပသို့ ခရီးသွား ရာဇဝင် ရှိ/ မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID–19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 192 | ၃၄ နှစ် | မ | တောင်ကြီးမြို့၊ ရှမ်းပြည်နယ် (တောင်ပိုင်း) | မရှိ | ရှိ (ယူအေအီး) | ဝေဘာဂီအထူးကုဆေးရုံ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထား ရှိသူ (လှိုင်မြို့နယ်) |
| 193 | ၆၀ နှစ် | မ | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (ယူအေအီး) | ဝေဘာဂီအထူးကုဆေးရုံ | တွေ့ရှိ | |

# စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအပေါ် ကိုဗစ်-၁၉ ကပ်ရောဂါ၏ သက်ရောက်မှု

**ဒေါက်တာမောင်မောင်တာ**

ယနေ့တွင် လူသားတို့၏ ဘဝများနှင့် လူသားတို့၏ အသက်မွေးဝမ်းကျောင်းအတွက် ကိုဗစ်-၁၉ ကပ်ရောဂါသည် အန္တရာယ်ရှိပြီး လျင်မြန်စွာ ပျံ့နှံ့နေသည်။ ၎င်းသည် ဒေသဆိုင်ရာပြဿနာ မဟုတ်။ တစ်ကမ္ဘာလုံး၏ တုံ့ပြန်မှုကို လိုအပ်နေသည့် ကမ္ဘာလုံးဆိုင်ရာပြဿနာတစ်ခု ဖြစ်သည်။ ယင်းရောဂါသည် နောက်ဆုံးတွင် ဆုတ်ခွာပြီးဆုံးသွားလိမ့်မည်ဟု ကျွန်ုပ်တို့ သိသော်လည်း ယင်းဆုတ်ခွာမှုသည် မည်မျှမြန်မြန် ဖြစ်ပျက်မည်ကို ကျွန်ုပ်တို့ မသိပါ။ ယင်းသည် စားနပ်ရိက္ခာ ဝယ်လိုအားနှင့် ရောင်းလိုအားအပေါ် သိသိသာသာ သက်ရောက်မှုရှိနေသည်။

ဤကပ်ရောဂါသည် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးအကျပ်အတည်းဖြစ်ပြီး မှန်ကန်သောအစီအမံများ မပြုလုပ်ပါက မြန်မာနိုင်ငံတွင် စားနပ်ရိက္ခာဖူလုံမှု အကျပ်အတည်း ဖြစ်စေနိုင်သည်။ လုပ်ကွက်ငယ်တောင်သူများ၊ ဆင်းရဲနွမ်းပါးသူများနှင့် ချို့တဲ့သူများ၏ အသက်မွေးဝမ်းကျောင်းမှုအပေါ် ဆိုးကျိုးသက်ရောက်မှု အနည်းဆုံးဖြစ်စေရန် အလွန်အရေးကြီးသည်။ ပို၍အရေးကြီးသည်မှာ ဤကျန်းမာရေးအကျပ်အတည်းကို စားနပ်ရိက္ခာ အကျပ်အတည်းအဖြစ်သို့ မပြောင်းလဲရန် သတိပြုရမည်ဖြစ်သည်။

ကိုဗစ်-၁၉ ဖြစ်ပွားစဉ်အတွင်း အဓိက အစားအစာများဖြစ်သည့် သစ်သီးများ၊ ဟင်းသီးဟင်းရွက်နှင့် အသားများကို လုံလောက်စွာ ဖြည့်တင်းပေးနိုင်ခဲ့သော်လည်း ရေရှည်တွင် စားနပ်ရိက္ခာဖူလုံမှုကို ခြိမ်းခြောက်နေဆဲဖြစ်သည်။ သယ်ယူပို့ဆောင်ရေးနှင့် လူသွားလာမှုအပေါ် ကန့်သတ်ချက်များသည် အစားအစာ ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ စိန်ခေါ်မှုများကို ဖြစ်ပေါ်စေခဲ့သည်။ လယ်သမားများသည် လုပ်သားအင်အား မလုံလောက်မှု၊ သယ်ယူပို့ဆောင်ရေးနှင့် ဈေးကွက်လည်ပတ်မှု အကန့်အသတ်များကြောင့် ရိတ်သိမ်းခြင်း၊ သိုလှောင်ခြင်းနှင့် ရောင်းဝယ်ဖောက်ကားခြင်းတို့တွင် ရုန်းကန်နေရသည်။

ကိုဗစ်-၁၉ ကူးစက်ရောဂါသည် စိုက်ပျိုးရေးနှင့် ပတ်သက်သော စီးပွားရေးလုပ်ငန်းအပေါ် ကျယ်ပြန့်စွာနှင့် ကြာရှည်စွာ ဩဇာလွှမ်းမိုးမှုရှိနိုင်သည်။ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်လျက်ရှိသော ကျန်းမာရေးထိတ်လန့်မှုနှင့် စီးပွားရေးထိတ်လန့်မှုတို့ကို ဖြေလျှော့ပေးနိုင်မည့် ဆန်းသစ်သော ကုန်ထုတ်လုပ်မှုစနစ်တစ်ရပ် လိုအပ်ပါသည်။ မြန်မာနိုင်ငံ စိုက်ပျိုးရေးကဏ္ဍအပေါ် လက်ရှိကူးစက်ရောဂါ၏ သက်ရောက်မှုအတိုင်းအတာနှင့်ပတ်သက်၍ တိကျသော အချက်အလက်များ မရရှိသော်လည်း လက်ရှိဖြစ်ပေါ်နေသော ကပ်ဘေးအန္တရာယ်သည် မြန်မာ့စိုက်ပျိုးရေးကို တိမ်းရောင်သွားမည်မဟုတ်သည်မှာ ငြင်းစရာမရှိပါ။

### စားနပ်ရိက္ခာအကျပ်အတည်းကို ကြုံတွေ့ရနိုင်

အကာအကွယ်မဲ့သူများကို အကာအကွယ်ပေးရန်၊ ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာထောက်ပံ့ရေး ကွင်းဆက်များကို ရှင်သန်စေရန်နှင့် စားနပ်ရိက္ခာစနစ်တစ်လျှောက် ကမ္ဘာ့ကပ်ရောဂါ၏ သက်ရောက်မှုများကို လျော့ပါးစေရန် အလျင်အမြန် လုပ်ဆောင်ခြင်းများ မပြုလုပ်ပါက ကျွန်ုပ်တို့သည် စားနပ်ရိက္ခာအကျပ်အတည်းကို ကြုံတွေ့ရနိုင်သည်။

အထူးသဖြင့် ဗိုင်းရပ်စ်ပိုးကြောင့် ပြင်းထန်စွာခံစားနေရသော သို့မဟုတ် စားနပ်ရိက္ခာမလုံလောက်မှု မြင့်မားသော နိုင်ငံများတွင် နယ်စပ်ပိတ်ခြင်း၊ သီးသန့်ထားရှိခြင်း၊ ဈေးကွက်၊ ထောက်ပံ့ရေးကွင်းဆက်နှင့် ကုန်သွယ်မှု ပြတ်တောက်ခြင်းတို့သည် လုံလောက်ပြီး အမျိုးစုံသော အာဟာရပြည့်ဝသည့်အစားအစာများ ရရှိရန် အကန့်အသတ်ဖြစ်နိုင်သည်။ သို့သော် ကမ္ဘာကြီးအတွက် အထိတ်အလန့်ဖြစ်စရာ မလိုအပ်ပါ။ တစ်ကမ္ဘာလုံးတွင် လူတိုင်းအတွက် အစားအစာ အလုံအလောက်ရှိသည်။

ယခုအချိန်တွင် စားနပ်ရိက္ခာကို လုံလောက်စွာ ဖြည့်တင်းနိုင်ခြင်းနှင့် ဈေးကွက်တည်ငြိမ်မှုတို့ကြောင့် အနှောင့်အယှက် အနည်းငယ်မျှသာရှိသည်။ ရောဂါဖြစ်ပွားမှု ကြာရှည်လာပါက စားနပ်ရိက္ခာဖြန့်ဖြူးမှုတွင် ပြတ်တောက်မှုများကို တွေ့ရှိရနိုင်သည်။ ဥပမာအားဖြင့် ရွှေ့လျားမှုကို ကန့်သတ်ခြင်းများကြောင့် တောင်သူများနှင့် အစားအစာထုတ်လုပ်သူများကို အတားအဆီး ဖြစ်စေနိုင်သည်။ ဓာတ်မြေဩဇာများ၊ တိရစ္ဆာန်ကုသရေး ဆေးဝါးများနှင့် အခြားသွင်းအားစုများ၏ ပြတ်လပ်မှုသည် စိုက်ပျိုးရေးထုတ်လုပ်မှုကို ထိခိုက်နိုင်သည်။ စားသောက်ဆိုင်များပိတ်ခြင်းနှင့် ကုန်စုံဈေးဝယ်ထွက်မှု နည်းပါးခြင်းသည် လတ်ဆတ်သော ထွက်ကုန်များနှင့် သားငါးထုတ်ကုန်များ၏ ဝယ်လိုအားကို လျော့နည်းစေကာ ထုတ်လုပ်သူများနှင့် ဖြန့်ဖြူးသူများကို ထိခိုက်စေသည်။ အထူးသဖြင့် စိုက်ပျိုးရေး၊ ငါးလုပ်ငန်းနှင့် ငါးမွေးမြူရေးကဏ္ဍများသည် ခရီးသွားလုပ်ငန်းများကို ကန့်သတ်ခြင်း၊ လက်ဖက်ရည်ဆိုင်များနှင့် စားသောက်ဆိုင်များကို ပိတ်ခြင်းတို့ကြောင့် ထိခိုက်မှုများသည်။



**ယခုအချိန်တွင် စားနပ်ရိက္ခာကို လုံလောက်စွာဖြည့်တင်းနိုင်ခြင်းနှင့် ဈေးကွက်တည်ငြိမ်မှုတို့ကြောင့် အနှောင့်အယှက် အနည်းငယ်မျှသာရှိသည်။ ရောဂါဖြစ်ပွားမှု ကြာရှည်လာပါက စားနပ်ရိက္ခာဖြန့်ဖြူးမှုတွင် ပြတ်တောက်မှုများကို တွေ့ရှိရနိုင်သည်။ ဥပမာအားဖြင့် ရွှေ့လျားမှုကို ကန့်သတ်ခြင်းများကြောင့် တောင်သူများနှင့် အစားအစာထုတ်လုပ်သူများကို အတားအဆီး ဖြစ်စေနိုင်သည်။ စားသောက်ဆိုင်များပိတ်ခြင်းနှင့် ကုန်စုံဈေးဝယ်ထွက်မှု နည်းပါးခြင်းသည် လတ်ဆတ်သော ထွက်ကုန်များနှင့် သားငါးထုတ်ကုန်များ၏ ဝယ်လိုအားကို လျော့နည်းစေကာ ထုတ်လုပ်သူများနှင့် ဖြန့်ဖြူးသူများကို ထိခိုက်စေသည်။**

မည်သည့်အခြေအနေမျိုးတွင်မဆို အထိခိုက် အနစ်နာဆုံးမှာ ရွှေ့ပြောင်းနေထိုင်သူများ၊ အိုးအိမ်စွန့်ခွာ ထွက်ပြေးရသူများနှင့် ပဋိပက္ခဒဏ်ခံရသူများ အပါအဝင် လူဦးရေ၏ အဆင်းရဲဆုံးနှင့် အထိခိုက်အလွယ်ဆုံး အစိတ်အပိုင်းများဖြစ်သည်။ ပြည်သူ့ကျန်းမာရေးအတွက် ရင်းနှီးမြှုပ်နှံမှု နည်းပါးသော နိုင်ငံများတွင် ကမ္ဘာ့ကပ်ရောဂါ၏ သက်ရောက်မှုများသည် ကြီးမားနိုင်သည်။

ထိခိုက်လွယ်သော အုပ်စုများတွင် လုပ်ကွက်ငယ်တောင်သူများ၊ မွေးမြူရေးသမားများနှင့် ငါးမွေးမြူသူများ ပါဝင်ပြီး လယ်ယာလုပ်ကိုင်ခြင်း၊ တိရစ္ဆာန်များ သို့မဟုတ် ငါးမွေးမြူခြင်းများအတွက် အဟန့်အတားဖြစ်စေနိုင်သည်။ ၎င်းတို့သည် ကုန်ပစ္စည်းများကို ရောင်းချခြင်း၊ မရှိမဖြစ်လိုအပ်သော သွင်းအားစုများ ဝယ်ယူခြင်း၊ ဈေးကွက်များသို့ဝင်ရောက်ခြင်း၊ စားနပ်ရိက္ခာဈေးနှုန်းများ မြင့်တက်ခြင်းနှင့် ဝယ်ယူနိုင်စွမ်းအားနည်းခြင်း စသည့် စိန်ခေါ်မှုများနှင့်လည်း ရင်ဆိုင်ရလိမ့်မည်။ အလုပ်သမားများသည် ရိတ်သိမ်းခြင်းနှင့် ပြုပြင်ထုတ်လုပ်ခြင်းတို့တွင် အလုပ်အကိုင်နှင့် ဝင်ငွေ ဆုံးရှုံးမှုဒဏ်ကို ခံရလိမ့်မည်။

စိုက်ပျိုးရေးအပြင် အခြား ကဏ္ဍအလိုက် အကျိုးသက်ရောက်မှုများကိုလည်း မျှော်လင့်နိုင်သည်။ ဥပမာအားဖြင့် ကမ္ဘာတစ်ဝန်းတွင် ငါးသည် အများဆုံး ကုန်သွယ်သော အစားအစာ ကုန်ပစ္စည်းများအနက် တစ်ခုဖြစ်သည်။ ထို့ကြောင့် ငါးဖမ်းသောအသိုင်းအဝိုင်းများ၏ စားဝတ်နေရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရနှင့် ကုန်သွယ်မှုအပေါ် သက်ရောက်မှုသည် အထူးသဖြင့် ငါးဖမ်းလုပ်ငန်းကို အကြီးအကျယ်အားကိုးသော နိုင်ငံများအတွက် သိသိသာသာ ထူးခြားမည်ဟု ယူဆနိုင်သည်။

သို့သော် ယခုဖြစ်နေသော စိန်ခေါ်မှုများမှာ အစားအစာရွှေ့လျားမှုတွင် ပါဝင်သော ထောက်ပံ့ပို့ဆောင်ရေး (အစားအစာများကို အမှတ် A မှ အမှတ် Bသို့ မရွှေ့ပြောင်းနိုင်ခြင်း)၊ တိရစ္ဆာန်အစာများကို လက်ခံရရှိမှုနှင့် ဝယ်လိုအား ကျဆင်းလာခြင်း၊ ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ အကန့်အသတ်များနှင့် အလုပ်သမားရှားပါးမှုများ ဖြစ်သည်။

ကိုဗစ်-၁၉ ဖြစ်ပြီးနောက် ကမ္ဘာအနှံ့အပြားရှိ နိုင်ငံများသည် ရောဂါထပ်မံပြန့်ပွားမှုကိုရှောင်ရှားရန် ရည်ရွယ်သည့် မူဝါဒဆိုင်ရာ အစီအမံများကို စတင် အကောင်အထည်ဖော်ခဲ့သည်။ သို့သော် ဤအစီအမံများသည် စိုက်ပျိုးရေးထုတ်လုပ်မှုနှင့် ကုန်သွယ်မှုကို တစ်နည်းတစ်ဖုံ ထိခိုက်စေနိုင်သည်။ သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများ ပိတ်ဆို့ကန့်သတ်ခြင်းများနှင့် သီးသန့်ခွဲထုတ်ထားရှိခြင်း အစီအမံများသည် အထူးသဖြင့် လတ်ဆတ်သော စားနပ်ရိက္ခာထောက်ပံ့ရေး ကွင်းဆက်များအတွက် အဟန့်အတားဖြစ်စေပြီး စားနပ်ရိက္ခာဆုံးရှုံးမှုနှင့် စွန့်ပစ်ပစ္စည်းများ ပိုမိုများပြားလာစေနိုင်သည်။ ဥပမာအားဖြင့် နိုင်ငံများစွာသည် ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများအပေါ် ပိုမို၍ ထိန်းချုပ်မှုများပြုလုပ်ခဲ့ရာ ရေကြောင်းပို့ဆောင်ရေး လုပ်ငန်းများကို အန္တရာယ်ပြုနိုင်သည့်အပြင် အလွန်ပျက်စီးနိုင်သောကြောင့် သတ်မှတ်ကာလ အတောအတွင်း ရောင်းချခြင်း၊ ပြုပြင်ထုပ်ပိုးခြင်း သို့မဟုတ် သိမ်းဆည်း သိုလှောင်ခြင်းများ ပြုလုပ်ရန် လိုအပ်သည့် လတ်ဆတ်သော သစ်သီးများ၊ ဟင်းသီးဟင်းရွက်များ၊ ပန်းမန်များ၊ ငါးနှင့် ထုတ်ကုန်များကဲ့သို့ ပျက်စီးသွားနိုင်သော ကုန်ပစ္စည်းများအတွက် အထူးအန္တရာယ်ရှိသည်။

ဆန်ကဲ့သို့သော သော့ချက်ကျသည့် အဓိကသီးနှံများအတွက် အပြည်ပြည်ဆိုင်ရာဈေးနှုန်းများ အနည်းငယ်မြင့်တက်လာနေသော်လည်း ဝင်ငွေကျဆင်းခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးကျဆင်းမှု အလားအလာများကြောင့် အဓိကဝယ်လိုအားများ လျော့ပါးသွားသဖြင့် စားနပ်ရိက္ခာဈေးနှုန်းများမှာ ပိုမိုကျဆင်းနေသည်။ စားသောက်ဆိုင်များနှင့် လမ်းဘေးစားသောက်ဆိုင်များကို ပိတ်ခြင်းသည် ထုတ်လုပ်သူများနှင့် ပြုပြင်ထုတ်လုပ်သူများအတွက် အဓိကဈေးကွက်ကို ဆုံးရှုံးသွားစေသည်။ အချို့သော ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကုန်သည်များနှင့် စားသုံးသူများသည် အကန့်အသတ်များကြောင့် လတ်ဆတ်သော ထွက်ကုန်များအတွက် မြို့ပြဝယ်လိုအားနှင့် ရောင်းလိုအား နှစ်ခုလုံး ကျဆင်းနေသည်။

ဆင်းရဲသောနိုင်ငံများတွင် စားနပ်ရိက္ခာ ဝယ်လိုအားသည် ဝင်ငွေနှင့် ပိုမိုဆက်စပ်နေပြီး ဝင်ငွေရရန် အခွင့်အလမ်း ဆုံးရှုံးခြင်းသည် စားသုံးမှုအပေါ် အကျိုးသက်ရောက်နိုင်သည်။ ရောဂါကူးစက်ခြင်းကို ကြောက်ရွံ့ခြင်းသည် အစားအစာဈေးကွက်များသို့ ဈေးဝယ်ထွက်ခြင်းကို လျော့နည်းစေနိုင်သည်ဟု သုံးသပ်နိုင်သည်။

ရာသီအလုပ်သမားများကဲ့သို့သော လူများ၏ လွတ်လပ်စွာသွားလာလှုပ်ရှားမှုအပေါ် အကျိုးသက်ရောက်သည့် ဆောင်ရွက်ချက်များသည် စားနပ်ရိက္ခာ ထုတ်လုပ်မှုကို အကျိုးသက်ရောက်စေနိုင်ပြီး တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ဈေးကွက်ပေါက်ဈေးကိုလည်း သက်ရောက်နိုင်သည်။ အလုပ်သမားရှားပါးမှုသည် အစားအစာထုတ်လုပ်မှုနှင့် ပြုပြင်ထုတ်လုပ်ခြင်းကို အနှောင့်အယှက်ဖြစ်စေနိုင်သည်။ အထူးသဖြင့် လုပ်သားအင်အားသုံး စက်မှုလုပ်ငန်းများဖြစ်သည့် တန်ဖိုးမြင့်သီးနှံများ၊ အသားနှင့် ငါး ထုတ်လုပ်ခြင်းလုပ်ငန်းများ ဖြစ်သည်။ အစားအစာ စက်ရုံများတွင် လက်ခံနိုင်သော ကျန်းမာရေးစံနှုန်းများကို အာမခံရန် ဆောင်ရွက်ချက်များသည် ထုတ်လုပ်မှုကို နှေးကွေးစေနိုင်သည်။

### FAO ၏ အကြံပြုချက်များ

စားနပ်ရိက္ခာထောက်ပံ့မှု ကွင်းဆက်နှင့် စားနပ်ရိက္ခာထုတ်လုပ်မှုတို့တွင် အနှောင့်အယှက်ဖြစ်မှုကို ရှောင်ကြဉ်ရန်၊ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုကို ဖွင့်လှစ်ထားပြီး ၎င်းတို့၏ စားနပ်ရိက္ခာထောက်ပံ့မှု ကွင်းဆက်ကို ကာကွယ်ရေးအစီအမံများ ပြုလုပ်ထားရန် (ဥပမာ- မျိုးစေ့များကဲ့သို့ သွင်းအားစုများ ရရှိခြင်းမှသည် အသေးစား လယ်သမားများအနေဖြင့် ၎င်းတို့ထွက်ကုန်များကို ရောင်းချရန် ဈေးကွက်များသို့ ဝင်ရောက်နိုင်ခြင်းအထိ)၊ အထိခိုက်အလွယ်ဆုံးသူများ၏ လိုအပ်ချက်များကို ဂရုပြုရာတွင် ငွေသားလွှဲပြောင်းမှု အပါအဝင် လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များကို မြှင့်တင်ရန်၊ ၎င်းတို့၏ ပြည်တွင်း စားနပ်ရိက္ခာထောက်ပံ့မှုတန်ဖိုး ကွင်းဆက်များကို ရှင်သန်လည်ပတ်နိုင်စေရေး ထိန်းသိမ်းရန်၊ လိုအပ်သော ကြိုတင်ကာကွယ်မှုများရယူရန်၊ မျိုးစေ့များနှင့် စိုက်ပျိုးရေးဆိုင်ရာ သွင်းအားစုများကို လုပ်ကွက်ငယ်တောင်သူများထံ ဆက်လက်စီးဆင်းစေရန်၊ တိရစ္ဆာန်မွေးမြူသူများသို့ တိရစ္ဆာန်အစာများ၊ ငါးမွေးမြူသူများအတွက် ငါးမွေးမြူရေးဆိုင်ရာ သွင်းအားစုများ စဉ်ဆက်မပြတ် စီးဆင်းရန်၊ စိုက်ပျိုးရေးဆိုင်ရာ ထောက်ပံ့မှုကွင်းဆက်များကို ကျန်းမာရေးဆိုင်ရာ စိုးရိမ်မှုများနှင့် သဟဇာတဖြစ်စေမည့် နည်းလမ်းများဖြင့် ဆက်လက်ရှင်သန်စေသည့် စိုက်ပျိုးရေးဆိုင်ရာ နည်းလမ်းများကို ထိန်းသိမ်းရန်နှင့် တစ်ကိုယ်ရေသန့်ရှင်းမှုဆိုင်ရာ နိုင်ငံတကာ စံချိန်စံညွှန်းများ၊ လုပ်ငန်းခွင်အခြေအနေများ၊ စိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းများနှင့် တန်ဖိုးကွင်းဆက်တစ်လျှောက် လုပ်ငန်းများတွင် အဆင့်မြှင့်တင်ရန်တို့ ဖြစ်သည်။

### ပိုမိုအသေးစိတ်သော အကြံပြုချက်များ

တိုင်းပြည်များသည် ၎င်းတို့၏ ထိခိုက်လွယ်သော လူဦးရေ၏ စားနပ်ရိက္ခာလိုအပ်ချက်များကို ချက်ချင်းဖြည့်ဆည်းပေးသင့်သည်။ ဥပမာ-အရေးပေါ်စားနပ်ရိက္ခာ လိုအပ်ချက်များ ဖြည့်ဆည်းပေးမှုကို သေချာစေခြင်း၊ လူမှုကာကွယ်ရေး စောင့်ရှောက်ရေး အစီအစဉ်များ ညှိနှိုင်းတိုးချဲ့ခြင်း၊ အာဟာရထောက်ပံ့မှုကို တိုးမြှင့်ခြင်း၊ စီမံခန့်ခွဲမှုကို ထောက်ပံ့ခြင်းနှင့် အာဟာရချို့တဲ့မှုကို ကာကွယ်ခြင်း၊

*စာမျက်နှာ ၁၈ သို့*

## မေ ၁၉ ရက်တွင် ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ငါးဦး ထပ်တိုးလာသဖြင့် စုစုပေါင်း ပိုးတွေ့လူနာ ၁၉၃ ဦးအထိ ရှိလာ

**နေပြည်တော် မေ ၁၉**

မေ ၁၉ ရက်တွင် ကိုဗစ်-၁၉ ရောဂါပိုးရှိသူ လူနာ ငါးဦး ထပ်တိုးလာသဖြင့် စုစုပေါင်း ပိုးတွေ့လူနာ ၁၉၃ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ရောဂါပိုးရှိသူ ငါးဦးမှာ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်မှ တစ်ဦး၊ ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်မှ တစ်ဦး၊ ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ တစ်ဦး၊ ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့မှ တစ်ဦး၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်မှ တစ်ဦးတို့ ဖြစ်ကြသည်။

ပိုးတွေ့လူနာ ၁၉၃ ဦးအနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့သူ စုစုပေါင်း ၁၀၄ ဦး၊ ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၉၁ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ **သတင်းစဉ်**

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၅၁၃၇ | ၁၉၃ |
| **ရောဂါပိုးကင်းစင်လာသူ** | **သေဆုံးသူ** |
| ၁၀၄ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၄၃၉၂

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၉၁ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၄၉ | ၅ |
| ၂ | ပဲခူး | ၇ | ၁ |
| ၃ | စစ်ကိုင်း | ၇ | |
| ၄ | ချင်း | ၇ | |
| ၅ | ရှမ်း(ရှေ့) | ၃ | |
| ၆ | မန္တလေး | ၃ | |
| ၇ | ရှမ်း(တောင်) | ၃ | |
| ၈ | ရှမ်း(မြောက်) | ၂ | |
| ၉ | နေပြည်တော် | ၂ | |
| ၁၀ | ကရင် | ၂ | |
| ၁၁ | ရခိုင် | ၂ | |
| ၁၂ | မကွေး | ၂ | |
| ၁၃ | ကချင် | ၁ | |
| ၁၄ | တနင်္သာရီ | ၁ | |
| ၁၅ | မွန် | ၁ | |
| ၁၆ | ဧရာဝတီတိုင်းဒေသကြီး | ၁ | |
| | **စုစုပေါင်း** | **၁၉၃** | **၆** |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁၉-၅-၂၀၂၀ ရက်၊ ည (၈) နာရီ

### ၁၉-၅-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၅၅၂၁၄၀ | ၃၅၈၉၀၆ | ၉၂၀၆၄ |
| ၂။ | ရုရှား | ၂၉၉၉၄၁ | ၇၆၁၃၀ | ၂၈၃၇ |
| ၃။ | စပိန် | ၂၇၈၁၈၈ | ၁၉၆၉၅၈ | ၂၇၇၀၉ |
| ၄။ | ဘရာဇီး | ၂၅၇၃၉၆ | ၁၀၀၄၅၉ | ၁၆၉၄၁ |
| ၅။ | ဗြိတိန် | ၂၄၆၄၀၆ | စိစစ်ဆဲ | ၃၄၇၉၆ |
| ၆။ | အီတလီ | ၂၂၅၈၈၆ | ၁၂၇၃၂၆ | ၃၂၀၀၇ |
| ၇။ | ပြင်သစ် | ၁၇၉၉၂၇ | ၆၁၇၂၈ | ၂၈၂၃၉ |
| ၈။ | ဂျာမနီ | ၁၇၇၃၈၇ | ၁၅၅၇၀၀ | ၈၁၃၁ |
| ၉။ | တူရကီ | ၁၅၀၅၉၃ | ၁၁၁၅၇၇ | ၄၁၇၁ |
| ၁၀။ | အီရန် | ၁၂၄၆၀၃ | ၉၇၁၇၃ | ၇၁၁၉ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၉ - ၅ - ၂၀၂၀

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| စင်ကာပူ | ၂၈၇၉၄ | ၉၈၃၅ | ၂၂ |
| အင်ဒိုနီးရှား | ၁၈၄၉၆ | ၄၄၆၇ | ၁၂၂၁ |
| ဖိလစ်ပိုင် | ၁၂၉၄၂ | ၂၈၄၃ | ၈၃၇ |
| မလေးရှား | ၆၉၇၈ | ၅၆၄၆ | ၁၁၄ |
| ထိုင်း | ၃၀၃၃ | ၂၈၅၇ | ၅၆ |
| ဗီယက်နမ် | ၃၂၄ | ၂၆၃ | ၀ |
| မြန်မာ | ၁၉၃ | ၁၀၄ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၆ | ၁ |
| ကမ္ဘောဒီးယား | ၁၂၂ | ၁၂၂ | ၀ |
| လာအို | ၁၉ | ၁၄ | ၀ |

## အသွားအလာကန့်သတ်စောင့်ကြည့်နေရာများရှိ စေတနာ့ဝန်ထမ်းများအား ဆင့်ပွားသင်တန်းဖွင့်လှစ်ပို့ချ

**မကွေး မေ ၁၉**

မကွေးမြို့နယ်အတွင်းရှိအသွားအလာကန့်သတ်စောင့်ကြည့် နေရာများတွင် ကူညီဆောင်ရွက်ပေးနေသော စေတနာ့ဝန်ထမ်းများအား ဆင့်ပွားသင်တန်းဖွင့်လှစ်ပို့ချခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



ရှေးဦးစွာ အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာ ခင်မောင်အေးက သင်တန်းပို့ချခြင်းကို တိုင်းဒေသကြီးရှိ မြို့နယ်ခုနစ်မြို့နယ်တွင် ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း၊ စေတနာ့ဝန်ထမ်းများ၊ ပြည်သူများ ပူးပေါင်းပါဝင်မှသာလျှင် ကျော်လွှားနိုင်မည်ဖြစ်ကြောင်း အမှာစကားတွင် ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ ရောဂါကာကွယ်ရေးအတွက် အကာအကွယ်သုံးပစ္စည်းများဖြစ်သည့် တစ်ကိုယ်ရည်ကာကွယ်ရေးဝတ်စုံ ၆၀၊ နှာခေါင်းစည်း အခု ၃၀၀၊ လက်သန့်ဆေးရည်နှင့် အပူချိန်တိုင်းကိရိယာများကို ပေးအပ်ရာ မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က လက်ခံရယူခဲ့သည်။ ထို့နောက် အသွားအလာကန့်သတ် စောင့်ကြည့်နေရာများရှိစေတနာ့ဝန်ထမ်းများအား ဒေါက်တာ ဖြူဖြူထွန်းက ဆင့်ပွားသင်တန်းကို ဆက်လက်ပို့ချခဲ့သည်။

အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့၏ စီစဉ်မှုဖြင့် မေ ၅ ရက်မှစတင်၍ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်များတွင် နည်းပြအဖြစ်ဆောင်ရွက်ကြမည့် မြန်မာနိုင်ငံဆရာဝန်အသင်းက စုစည်းပေးပို့သော စေတနာ့ဝန်ထမ်း ၁၃၈ ဦးကို အွန်လိုင်းဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆရာဝန်အသင်းတို့ပူးပေါင်း၍ (TOT) သင်တန်းပို့ချဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်တန်းဆင်းပြီးသော ဆရာဝန်များက သက်ဆိုင်ရာဒေသမြို့နယ်အလိုက် အသွားအလာကန့်သတ်စောင့်ကြည့် နေရာများရှိ စေတနာ့ဝန်ထမ်းများအား တစ်ရက်တာ ဆင့်ပွားသင်တန်းပို့ချမှုများကို ဆောင်ရွက်လျက်ရှိရာ မေ ၁၉ ရက်တွင် မကွေးတိုင်းဒေသကြီးမှ မကွေး၊ ဂန့်ဂေါ၊ ရေနံချောင်း၊ မင်းဘူးနှင့် နတ်မောက်မြို့နယ်တို့တွင် စေတနာ့ဝန်ထမ်းများအား ဆင့်ပွားသင်တန်းဖွင့်လှစ်ပို့ချပြီး မင်းလှ၊ ပွင့်ဖြူနှင့် ကျန်ရှိသည့် မြို့နယ်များတွင် ဆက်လက်၍ ဖွင့်လှစ်ပို့ချရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# နေရပ်စွန့်ခွာသူများနေထိုင်ရာ IDP စခန်းများတွင် ကိုဗစ်-၁၉ ကာလအတွင်း ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်(၂)နှစ်အောက်ကလေးသူငယ်များအား ငွေကြေးထောက်ပံ့

**နေပြည်တော် မေ ၁၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါဖြစ်သည့် ကိုဗစ်-၁၉ ကာလအတွင်း ထိခိုက်လွယ် အုပ်စုတွင် ပါဝင်သည့် ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက် (၂) နှစ်အောက် ကလေးသူငယ်များ ငွေကြေးထောက်ပံ့ခြင်း (MCCT) အစီအစဉ်ကို ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာသူများနေထိုင်ရာ IDP စခန်းများတွင် မေ ၁၈ ရက်မှစတင်ပြီး နိုင်ငံတော်ဘဏ္ဍာ ရန်ပုံငွေမှကျခံ၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ World Food Programတို့နှင့် ပူးပေါင်း၍ ထောက်ပံ့ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ အကျိုးခံစားခွင့်ရှိသူများသည် သာမန်အခြေအနေ၌ပင် ထိခိုက်လွယ်သူများဖြစ်ကြပြီး ယခုကဲ့သို့သော ပုံမှန်လူမှုစီးပွားဘဝများအပေါ် ကူးစက်ရောဂါကြောင့် သက်ရောက်မှုရှိလာသော အခြေအနေတွင် ပို၍ထိခိုက်လွယ်သူများဖြစ်လာကြပြီး အခြေခံဝန်ဆောင်မှုများအား ရယူသုံးစွဲနိုင်မှုတွင် အထူးအားနည်းလာခြင်းကြောင့် ဘေးဒုက္ခတစ်ခုခုကြုံတွေ့ရချိန်တွင် တုံ့ပြန်ဆောင်ရွက်ရသည့် လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ် (Shock Responsive Social Protection Program) အနေဖြင့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်ရှိ နေရပ်စွန့်ခွာသူများနေထိုင်ရာ IDP စခန်းများရှိ ထိခိုက်လွယ်ဆုံး အုပ်စုဝင်များဖြစ်သည့် ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက် (၂) နှစ်အောက် ကလေးသူငယ်များအား တစ်ကြိမ်ထောက်ပံ့မှု (one time support) ထောက်ပံ့ခြင်းဖြစ်သည်။



ပထမအကြိမ် ထောက်ပံ့မှုအနေဖြင့် ကချင်ပြည်နယ်ရှိ IDP စခန်း ၄၃ ခုရှိ အကျိုးခံစားသူ ဦးရေ ၁၂၈၅ ဦးနှင့် ရှမ်းပြည်နယ်ရှိ IDP စခန်း ၁၁ ခုရှိ အကျိုးခံစားသူ ၁၁၇ ဦး၊ စုစုပေါင်း အကျိုးခံစားသူ ၁၄၀၂ ဦးအား တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ယနေ့တွင် စတင်ထောက်ပံ့လျက်ရှိပြီး ကျန်ရှိနေသော IDP စခန်းများအား ဆက်လက်၍ ထောက်ပံ့ပေးသွားမည်ဖြစ်သည်။

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအနေဖြင့် MCCT အစီအစဉ်ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်က စတင်၍ ချင်း၊ ရခိုင်၊ ကရင်၊ ကယား ပြည်နယ်များနှင့် နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသများတွင် ပုံမှန်ထောက်ပံ့မှုများ ဆောင်ရွက်နေသည့်အပြင် ကိုဗစ်-၁၉ ကာလ ထပ်ဆောင်းထောက်ပံ့မှုများပါ ဆောင်ရွက်သွားမည်ဖြစ်သည်။

IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများရှိသော ချင်း၊ ရခိုင်၊ ကရင်၊ ကချင်နှင့် ရှမ်းပြည်နယ်တို့အနက် MCCT အစီအစဉ်ဝင်ရောက်နိုင်သေးခြင်းမရှိသော ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့ရှိ IDP စခန်းများတွင် နေထိုင်ကြသော ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက် (၂) နှစ်အောက် ကလေးသူငယ်များအား ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၆ မှ*

အထိခိုက်အလွယ်ဆုံး မိသားစုများသို့ အစားအစာဖြန့်ဝေခြင်း၊ ကျောင်းနေအရွယ်ကလေးများရှိသည့် မိသားစုများနှင့် အထူးသဖြင့်စီးပွားရေးကဏ္ဍတွင် အထိခိုက်ဆုံးအလုပ်သမားများအတွက် အခြေခံအစားအစာအပေါ် အခွန်ကင်းလွတ်ခွင့်ပေးခြင်း၊ ဒေသခံလယ်သမားများနှင့် ငါးလုပ်သားများထံမှ လတ်ဆတ်သော အစားအစာများ ပေးပို့ခြင်း၊ အစားအစာများ ဖြန့်ဖြူးခြင်း၊ ကိုဗစ်-၁၉ ၏ အန္တရာယ်ကို လျှော့ချရန် အစီအမံများအတွက် တိုးတက်သော ဆက်သွယ်ရေးနည်းပညာများကို အသုံးပြုခြင်းတို့ ပါဝင်သည်။

တိုင်းပြည်များသည် လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များကို မြှင့်တင်ရာတွင် လူမှုဖူလုံရေး အကူအညီမှ ငွေပေးချေခြင်း သို့မဟုတ် မိသားစုများ၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်အတွက် ငွေပေးချေမှုမျိုးစုံကို သေချာစေခြင်း၊ အသေးစားထုတ်လုပ်သူများမှ ဝင်ငွေဆုံးရှုံးမှုကို ကာမိစေရန် ဖြည့်စွက်ရန်ပုံငွေများ ပြဋ္ဌာန်းပေးခြင်း၊ အစိုးရမှ အစားအစာများ တိုက်ရိုက်ထောက်ပံ့ပေးခြင်းသာမက တစ်ဦးချင်းဖြစ်စေ၊ ပေါင်းစည်းထားသော အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ထောက်ပံ့ခြင်း၊ သွားလာမှုကို ကန့်သတ်ထားသဖြင့် ငွေသားထုတ်ယူမှုများ ပြတ်တောက်ခြင်းကို တားဆီးရန် မိုဘိုင်းငွေပေးချေစနစ်များကို ဖွင့်ပေးခြင်း၊ စိုက်ပျိုးရေး၊ ငါးလုပ်ငန်းနှင့် ငါးမွေးမြူရေးကဏ္ဍများတွင် ရန်ပုံငွေများ ထည့်သွင်းခြင်းတို့ ပါဝင်သင့်သည်။

တိုင်းပြည်များအနေဖြင့် ထိရောက်သော စွမ်းဆောင်ရည်များ ရရှိရန်နှင့် ကုန်သွယ်ရေးနှင့်ဆက်စပ်သော ကုန်ကျစရိတ်များကို လျှော့ချရန် ကြိုးစားဆောင်ရွက်ရာတွင် ကုန်သွယ်မှုနှင့် ကုန်ပစ္စည်းများ၏ရွေ့လျားမှုကို ကန့်သတ်သောအစီအမံများ ချမှတ်ခြင်းမပြုရန်၊ အစားအစာ စွန့်ပစ်ပစ္စည်းများ လျှော့ချရန်၊ ထောက်ပံ့ပို့ဆောင်ရေး အခက်အခဲများ ဖြေရှင်းရန်၊ ကုန်သွယ်ရေးနှင့် မူဝါဒရွေးချယ်မှုများနှင့် ဖြစ်နိုင်ခြေရှိသော သက်ရောက်သူများကို ချက်ချင်း ပြန်လည်သုံးသပ်ရန်၊ သွင်းကုန်ခွန် လျှော့ချရန်နှင့် အခြားအခွန်များကို ယာယီလျှော့ချရန်၊ တင်သွင်းကုန်ပစ္စည်းများအား အခွန်စည်းကြပ်သည့် မူဝါဒကို ပြန်လည်သုံးသပ်ရန်တို့ ပါဝင်သင့်သည်။

မူဝါဒချမှတ်သူများအနေဖြင့် ဖြစ်ပေါ်နေသော အခြေအနေများကို စောင့်ကြည့်ပြီး တင်းကျပ်ထားသော အစားအစာထောက်ပံ့ရေးအခြေအနေများတွင် မတော်တဆမှုများကို ရှောင်ရှားရန်ဂရုစိုက်ရမည်။ လိုက်လျောညီထွေဖြစ်သော နည်းလမ်းများကိုဖန်တီး၍ စီမံခန့်ခွဲနိုင်ရမည်။ ဒစ်ဂျစ်တယ်နည်းပညာများသည် ပြဿနာများကို ကြိုတင်ခန့်မှန်းခြင်း၊ ယာယီပြတ်လပ်မှုများကို ချောမွေ့စေခြင်း၊ အနာဂတ်တွင် အလားတူ အဖြစ်အပျက်များကို ရှောင်ရှားနိုင်ရန်အတွက် အစားအစာကွင်းဆက်များ၏ ခံနိုင်ရည်ကို တည်ဆောက်ခြင်းတို့တွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်သည်။ နည်းပညာအသစ်များသည် အလွန်ပျက်စီးလွယ်သော ကုန်ပစ္စည်းများ (သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်များ၊ ပန်းမန်များ၊ ငါးနှင့် ရေထွက်ပစ္စည်းများကဲ့သို့) အတွက် အလွန်တန်ဖိုးရှိသော ရောင်းလိုအားနှင့် ဝယ်လိုအားအကြား ဆက်သွယ်မှုကို လွယ်ကူချောမွေ့စေသည်။

တီထွင်ဆန်းသစ်မှုကိုဦးစားပေးခြင်းနှင့် လိုက်လျောညီထွေဖြစ်စေခြင်းတို့သည် ကုန်ထုတ်စွမ်းအားနှင့် ရေရှည်တည်တံ့ ခိုင်မြဲမှုတို့၏ အဓိကမောင်းနှင်အားများအဖြစ် ဆောင်ရွက်သင့်သည်။ ရရှိနိုင်သည့် အရင်းအမြစ်များကို မှန်ကန်သောနည်းဖြင့် ရည်ရွယ်ချက်တစ်ခု ပြီးမြောက်စေရေး အသုံးချရန် ကျွန်ုပ်တို့မမေ့သင့်ပေ။ လုံလောက်သော၊ သင့်လျော်သော၊ရနိုင်သောအရင်းအမြစ်များသည် လမ်းကြောင်းမှန်ပေါ်တွင် စီးဆင်းသင့်သည်။ နိုင်ငံအနှံ့ ပိတ်ဆို့မှုများ ဆက်လက်ဖြစ်ပေါ်နေမှုကို လိုအပ်ပါက ကူးစက်ရောဂါဆိုင်ရာ အကဲဖြတ်မှုအပေါ် အခြေခံ၍ အစုအဖွဲ့အလိုက် သီးသန့်သတ်မှတ် ကန့်သတ်ချက်များဖြင့် ပြန်လည်သုံးသပ်ရန် သို့မဟုတ် ပြန်လည်အစားထိုးရန် လိုအပ်လိမ့်မည်။

### ဆောင်ရွက်သင့်သော လုပ်ငန်းများ

ပထမအချက်မှာ အစားအစာဈေးနှုန်းနှင့် ဈေးကွက်များကို အနီးကပ်စောင့်ကြည့်ရန်လိုသည်။ သတင်းအချက်အလက်များကို ပွင့်လင်းမြင်သာစွာ ဖြန့်ဖြူးခြင်းသည် အစားအစာဈေးကွက်များအပေါ် အစိုးရ၏ စီမံခန့်ခွဲမှုအားကောင်းလာစေပြီး လူများ၏ စိုးရိမ်ထိတ်လန့်မှုကို တားဆီးနိုင်ကာ လယ်သမားများကို ကြောင်းကျိုးဆီလျော်သော ထုတ်လုပ်မှုဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် လမ်းညွှန်ပေးသည်။ ရောင်းလိုအားအပေါ် ဈေးကစားမှုကို စောစီးစွာ ထိန်းချုပ်နိုင်ရန် အစိုးရသည် ဈေးကွက်ဆိုင်ရာ စည်းမျဉ်းဥပဒေများကို အားကောင်းအောင် လုပ်သင့်သည်။

ဒုတိယအချက်မှာ နိုင်ငံတကာနှင့် ပြည်တွင်း စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာ ထောက်ပံ့ရေးကွင်းဆက်များ ပုံမှန်လည်ပတ်မှုသေချာစေရန် လိုအပ်သည်။ တရုတ်နိုင်ငံသည် လက်ရှိကပ်ရောဂါ ဖြစ်ပွားစဉ် စားနပ်ရိက္ခာဖူလုံမှုရှိအောင် မည်သို့လုပ်ဆောင်ရမည်ကို ဥပမာကောင်းပြခဲ့သည်။ ဥပမာအားဖြင့် လတ်ဆတ်သော စိုက်ပျိုးရေးထွက်ကုန်များအတွက် သီးသန့်လမ်းကြောင်းတစ်ခုဖွင့်ခဲ့ပြီး ခွင့်ပြုချက်မရှိဘဲ လမ်းပိတ်ဆို့ခြင်းများကို ပိတ်ပင်ခဲ့သည်။

ယခုကာလအတွင်း စားသောက်ဆိုင်အသွားအလာကျဆင်းခြင်း၊ E-Commerce ရောင်းဝယ်မှု ပိုမိုများပြားလာခြင်းနှင့် အိမ်၌ အစားစားမှု မြင့်တက်လာခြင်းတို့သည် လူများ၏ အစားအသောက်စားသုံးမှုပုံစံ ပြောင်းလဲလာမှုအတွက် အကောင်းဆုံးသာဓကများ ဖြစ်သည်။ E-Commerce နှင့် ဖြန့်ဝေရေးကုမ္ပဏီများသည် ထောက်ပံ့ပို့ဆောင်ရေးတွင် အဓိကကဏ္ဍမှ ပါဝင်နေသည်။ ဥပမာအားဖြင့် ပိတ်ဆို့ခြင်း အစီအမံသည် အစားအသောက်ဆိုင်များမှ အိမ်များသို့ ပို့ဆောင်ရေးဝယ်လိုအားကို တိုးမြှင့်စေပြီး E-Commerce ကုမ္ပဏီများသည် လူတစ်ဦးနှင့်တစ်ဦး အထိအတွေ့မရှိသော ပို့ဆောင်ခြင်းလုပ်ငန်း (စားသုံးသူများယူနိုင်သည့် အဆင်ပြေသော နေရာတွင် ပို့ဆောင်သည့်လုပ်သားများက ပါဆယ်ကို ထားခဲ့ရန်ခွင့်ပြုသည့်စနစ်) ပေါ်ထွက်ခဲ့သည်။

တတိယအနေဖြင့် စိုက်ပျိုးရေးကဏ္ဍတွင် အဓိကလှုပ်ရှားပါဝင်သူများဖြစ်သော လုပ်ကွက်ငယ်တောင်သူများသည် ယခုကာလတွင် အဓိကကြုံတွေ့နေရသော ပို့ဆောင်ဆက်သွယ်ရေး၊ ဈေးကွက်ရရှိနိုင်ရေးနှင့် ပတ်သက်သော အခက်အခဲများကို တစ်ဦးချင်းဖြေရှင်းနိုင်ရန် မလွယ်ကူလှပါ။ ထိုကဲ့သို့ ကြုံတွေ့ရသော အခက်အခဲများကို တစ်ဦးချင်း လုပ်ဆောင်သည်ထက် ပိုမိုမြန်ဆန်ထိရောက်စွာ ဖြေရှင်းနိုင်ရေးအတွက် လုပ်ကွက်ငယ် တောင်သူများသည်တောင်သူ အစုအဖွဲ့၊ အသင်း၊ သမဝါယမများ အဖြစ် ယခုထက် ပိုမိုလုပ်ဆောင်နိုင်ရန် တွန်းအားပေးရမည်။

စတုတ္ထအချက်အနေဖြင့် ပို၍ဒဏ်ခံနိုင်သော အစားအစာစနစ်တစ်ခု တည်ဆောက်ရန် ပိုမိုရင်းနှီးမြှုပ်နှံမှုလိုအပ်သည်။ ရင်းနှီးမြှုပ်နှံမှုများအတွက် နိုင်ငံအစိုးရများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းများ၏ ပူးပေါင်းဆောင်ရွက်မှုတို့သည် အရေးပါသော အခန်းကဏ္ဍတွင် တည်ရှိနေသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စားနပ်ရိက္ခာဖူလုံမှုအကျပ်အတည်းကို ကာကွယ်ရန် သို့မဟုတ် ထိန်းချုပ်ရန် စွမ်းရည်ကို မြှင့်တင်ခြင်းသည် စုပေါင်းအားထုတ်မှုတစ်ခုဖြစ်သည်။ ထို့အပြင် ကမ္ဘာ့ကုန်သွယ်ရေးကို ချောချောမွေ့မွေ့စီးဆင်းစေရန်နှင့် စားနပ်ရိက္ခာဖူလုံရေးအတွက် နိုင်ငံတကာဈေးကွက်ကို အပြည့်အဝအသုံးချရန် အရေးကြီးသည်။ ထို့ကြောင့် ကမ္ဘာ့ကုန်သွယ်မှုဆိုင်ရာအဖွဲ့အစည်း (WTO)၊ ကမ္ဘာ့စားနပ်ရိက္ခာ အဖွဲ့အစည်း (FAO)၊ ကမ္ဘာ့ဘဏ် (World Bank) နှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေ အဖွဲ့ (IMF) တို့ကဲ့သို့ ကမ္ဘာလုံးဆိုင်ရာ အဖွဲ့အစည်းများသည် ကုန်သွယ်ရေးဆိုင်ရာမူဝါဒများ ချမှတ်ရာတွင် ကိုဗစ်-၁၉ ကို အကြောင်းပြချက်တစ်ခုအဖြစ် အသုံးမပြုရန်နှင့် စားနပ်ရိက္ခာဖူလုံရေးအတွက်ကိုပါ ထည့်သွင်းစဉ်းစားဆောင်ရွက်ကြရန် တိုက်တွန်းပေးသင့်သည်။

### စိုက်ပျိုးရေးဆိုင်ရာနည်းလမ်းများ

လက်ရှိအနေအထားများတွင် မျိုးစေ့များနှင့် အခြားလယ်ယာသုံး သွင်းအားစုများသည် မိုးရာသီအတွက် အချိန်မီတောင်သူများထံ ရောက်ရှိရန် လိုအပ်မည်။ လူ၏လုပ်အားအပေါ် မှီခိုမှုလျှော့ချရန် လူအစား အလိုအလျောက်စက်ကိရိယာများဖြစ်သည့် မောင်းသူမဲ့လေယာဉ်များ၊ အလိုအလျောက် မောင်းနှင်နိုင်သော လယ်ထွန်စက်များ၊ မျိုးစေ့ချစက်ရုပ်များနှင့် စက်ရုပ်ရိတ်သိမ်းစက်များကဲ့သို့သော နည်းပညာများကို ပိုမိုအားပေး ဆောင်ရွက်သင့်သည်။ ရိတ်သိမ်းချိန်လွန်ဆုံးရှုံးမှုကို လျှော့ချသည့်အပြင် စိုက်ပျိုးရေးထုတ်လုပ်မှုကို တိုးမြှင့်စေခြင်းဖြင့် အစားအစာနှင့် အာဟာရဆိုင်ရာ အကျိုးကျေးဇူးများကို အထောက်အကူပြုရန် မျိုးရိုးဗီဇဆိုင်ရာ အင်ဂျင်နီယာနည်းပညာကို အားပေးမြှင့်တင်သင့်သည်။ သီးနှံမျိုးစုံမျိုးကွဲ စိုက်ပျိုးခြင်းနှင့် စိုက်ပျိုးရေးဂေဟဗေဒဆိုင်ရာ နည်းပညာများကဲ့သို့သော ထိန်းသိမ်းစောင့်ရှောက်ရေးအလေ့အကျင့်များကို တစ်ပြိုင်တည်းချိန်ကိုက်ကြိုးပမ်းအားထုတ်မှုများ ပြုလုပ်သင့်သည်။ လယ်သမားများသည် ၎င်းတို့၏ ထုတ်ကုန်များကို စားသုံးသူများသို့ တိုက်ရိုက်ရောင်းနိုင်အောင် ဒစ်ဂျစ်တယ်နည်းပညာများ (E-Commerce) ကို သင့်လျော်သလို ပါဝင်ခွင့်ရှိသင့်သည်။

ကိုဗစ်-၁၉ ကာလ အကျပ်အတည်းကို တစ်ဖက်တစ်လမ်းမှ ဖြေရှင်းရန်နှင့် အာဟာရပြည့်ဝသော အစားအစာများကို ရရှိနိုင်ရန်အတွက် မြို့ပြစိုက်ပျိုးရေးသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ထို့ကြောင့် မြို့ပြစိုက်ပျိုးရေး နည်းစနစ်များကို မြှင့်တင်ရန်အတွက် သမားရိုးကျတစ်နိုင်တစ်ပိုင်စိုက်ပျိုးခြင်းမှ အလွန်အဆင့်မြင့်သော ခေတ်မီအပင်စက်ရုံများ၊ ဆန်းသစ်သော စိုက်ပျိုးမွေးမြူစနစ်များ ကျင့်သုံးခြင်း (ဥပမာ - မိုးလုံလေလုံထိန်းချုပ်ဝန်းကျင်တွင် စိုက်ပျိုးခြင်း) နည်းစနစ်များကို ပိုမိုအားပေးဆောင်ရွက်နိုင်သည်။ စိုက်ပျိုးရေးမှထွက်ရှိသော ကုန်ကြမ်းပစ္စည်းများအား အဆင့်မြင့် ကုန်ချောထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်ခြင်း၊ ရိတ်သိမ်းပြီး ထွက်ကုန်များအတွက် အဆင့်မြင့်ခေတ်မီသိုလှောင်ရုံများနှင့် သယ်ယူပို့ဆောင်ရေးယာဉ်များ လက်လှမ်းမီအောင် လုပ်ဆောင်ခြင်းတို့ဖြင့် ကူညီနိုင်သည်။

စိုက်ပျိုးရေးလုပ်ငန်းများ၏ ထောက်ပံ့ရေးကွင်းဆက်တစ်လျှောက် အဆင့်မြှင့်တင်ခြင်း၊ ဈေးကွက်ရှာဖွေခြင်းနှင့် အဖွဲ့အစည်းဆိုင်ရာ ဆန်းသစ်တီထွင်ခြင်းများသည် မရှိမဖြစ်လိုအပ်သည်။ ထို့ကြောင့် စိုက်ပျိုးရေးကို အားဖြည့်ပေးရာတွင် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့၏ သက်ဆိုင်ရာ အခန်းကဏ္ဍကို ပိုမိုနားလည်ရန်လိုအပ်ပြီး စိုက်ပျိုးမွေးမြူရေးခြံများနှင့် စိုက်ပျိုးရေးအစားအစာ ကုမ္ပဏီများတွင် ပိုမိုထိရောက်သော အလေ့အကျင့်များ ကျင့်သုံးနိုင်ရန် ကူညီဆောင်ရွက်ပေးသင့်သည်။ ကိုဗစ်-၁၉ နောက်ပိုင်း စိန်ခေါ်မှုတစ်ခုမှာ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေး လုပ်ငန်းများအပါအဝင် စီးပွားရေးလုပ်ငန်းများ ပြန်လည်တည်ထောင်ခြင်း ဖြစ်လိမ့်မည်။ စားနပ်ရိက္ခာလိုအပ်ချက်ကို ဖြည့်ဆည်းရန် ဤစိုးရိမ်မှုများကို ပိုမိုရှေ့နောက်ညီညွတ်သော မူဝါဒဝန်းကျင်ဖြင့် ဖြေရှင်းနိုင်သည်။ အကြံပြုထားသော မူဝါဒများတွင် အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍများအကြား ပူးပေါင်းဆောင်ရွက်ရန် အားပေးခြင်း၊ စားနပ်ရိက္ခာဈေးကွက်အပေါ် အစိုးရ၏ စီမံခန့်ခွဲမှုအားကောင်းလာစေရန် သတင်းအချက်အလက်များကို ပွင့်လင်းမြင်သာစွာ ဖြန့်ဖြူးခြင်း၊ အကြောင်းအကျိုးညီညွတ်သော ထုတ်လုပ်မှု ဆုံးဖြတ်ချက်ချရန် တောင်သူများကို လမ်းညွှန်ခြင်း၊ စီမံခန့်ခွဲမှု မူဝါဒများကို ထိရောက်စွာ ဆောင်ရွက်ခြင်း၊ လိုအပ်နေသူများကို ဦးတည်သည့် လယ်ယာဝင်ငွေ အထောက်အပံ့ အစီအမံများ ရေးဆွဲခြင်းတို့ ပါဝင်ပါသည်။

ယခုတင်ပြချက်များသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးတွင် နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်ခြင်းကို အားပေးထောက်ခံလျက် အကြံပြုတင်ပြလိုက်ရပါသည်။ ။

# နိုင်ငံတော် အရန်ဆန် ဝယ်ယူ၊ စစ်ဆေး၊ လက်ခံ၊ သိုလှောင်ခြင်းများ ဆောင်ရွက်လျက်ရှိရာ လဝက်အတွင်း တန်ချိန် ၁၀၀၀၀ ကျော် ဝယ်ယူထားရှိပြီးဖြစ်

**ရန်ကုန် မေ ၁၉**

နိုင်ငံတော် အရန်ဆန် ဝယ်ယူ၊ စစ်ဆေး၊ လက်ခံ၊ သိုလှောင်ခြင်းများ ဆောင်ရွက်လျက်ရှိရာ လဝက်အတွင်း တန်ချိန် ၁၀၀၀၀ ကျော်ကို ဝယ်ယူထားရှိပြီးဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ထံမှ သိရသည်။

နိုင်ငံတော်၏ အရန်ရိက္ခာဆန် အစီအစဉ်အတွက် အရန်ဆန် ဝယ်ယူ၊ စစ်ဆေး၊ လက်ခံ၊ သိုလှောင်ခြင်းများကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ MITS နှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့က ဧပြီ ၃၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ မေ ၁၅ ရက်အထိ ပြည်ပတင်ပို့မည့် ကုမ္ပဏီ ၅၀ ထံမှ သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ ဝယ်ယူလက်ခံထားရာ သိုလှောင်ရုံ ငါးခုတွင် တန်ချိန် ၁၀၀၀၀ ကျော်ရှိကြောင်း သိရသည်။

နိုင်ငံတော်၏ အရန်ရိက္ခာ အစီအစဉ်အောက်တွင် အရန်ဆန်ထားရှိရေးအတွက် ဆန်ပြည်ပတင်ပို့မှုနှင့် ဆက်စပ်ပြီး ပို့ကုန်တင်ပို့သူများ အနေဖြင့် ပြည်ပ တင်ပို့မှု၏ ၁၀ ရာခိုင်နှုန်း ပမာဏကို အရန်ဆန် (25% broken, well-milled & sorted grade) အဖြစ် သတ်မှတ်သိုလှောင်ရုံများတွင် ပေးသွင်းရမည်ဖြစ်ကာ တတိယအဖွဲ့အစည်းဖြစ်သော MITS မှ အရည်အသွေး၊ အရေအတွက်ကို စစ်ဆေးလက်ခံယူလျက်ရှိသည်။

ထိုသို့ လက်ခံယူရာတွင် ပင်လယ်ရေကြောင်းမှ တင်ပို့မှုအတွက် ရန်ကုန်တိုင်းဒေသကြီးက အရန်ဆန် လက်ခံလျက်ရှိပြီး နယ်စပ်မှ တင်ပို့မှုအတွက် မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနက သိုလှောင် ထိန်းသိမ်းကြီးကြပ် လက်ခံလျက်ရှိသည်။

သို့ဖြစ်၍ ဆန်စပါးဈေးကွက်သည် ပြည်တွင်းဖူလုံမှု အပြည့်အဝရှိသည့်အပြင် လိုအပ်ပါက ရိက္ခာဖြန့်ဖြူးရေးအတွက် အရန်ဆန် ထားရှိရေးကိုပါ စီစဉ်ဆောင်ရွက်ထားသဖြင့် လုံလောက်ဖူလုံမှုရှိကြောင်း၊ ပြည်ပတင်ပို့မှုကိုလည်း ၂၀၂၀ ပြည့်နှစ် မေလမှစတင်၍ပုံမှန်အတိုင်း ဆောင်ရွက်လျက်ရှိကာ လက်ရှိဘဏ္ဍာနှစ်တွင် တန်ချိန် နှစ်သန်းကျော် တင်ပို့ရန် ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ထံက သိရသည်။

လက်ရှိ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ပြည်တွင်း/ ပြည်ပဈေးကွက် အခြေအနေနှင့် ကိုဗစ်-၁၉ အခြေအနေတို့ပေါ်တွင် မူတည်၍ ပြည်ပတင်ပို့မှုကို နိုင်ငံတော် အစိုးရနှင့် ညှိနှိုင်းတင်ပြ အကြံပြုဆောင်ရွက်လျက်ရှိကြောင်း၊ လတ်တလော အခြေအနေတွင် နွေစပါးပေါ်ချိန်ဖြစ်၍ တောင်သူလယ်သမားများအတွက် သင့်တင့်မျှတသော ဈေးနှုန်းဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်သကဲ့သို့ စားသုံးသူ ပြည်သူများအတွက် ကိုဗစ်-၁၉ ကာလတွင် ဆန်ဈေး သင့်တင့်မျှတစေရန် အသင်းချုပ်၊ ညီနောင်အသင်းများနှင့် ကုန်စည်ဒိုင်များ၊ ဆန်စပါး လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ဆန်စားသုံးမှုတွင် ပြည်တွင်းဈေးကွက်သည် ထုတ်လုပ်မှု၏ ၇၀ ရာခိုင်နှုန်းကျော် ဖြစ်ပြီး ပြည်ပတင်ပို့မှုသည် ထုတ်လုပ်မှု၏ ၂၀ ရာခိုင်နှုန်းကျော် ဖြစ်သဖြင့် ပြည်တွင်း/ပြည်ပ ဈေးကွက် နှစ်ခုစလုံးအတွက် ချင့်ချိန်သုံးသပ်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ထံက သိရသည်။

လက်ရှိ ဆန်ပြည်ပတင်ပို့မှုအနေဖြင့် ယခုမေလ တွင် တန်ချိန် ၁၅၀၀၀၀ (+/-၁၀%) ခန့်ကို ပင်လယ်ရေကြောင်းမှ တန် ၁၀၀၀၀၀ (+/-၁၀%) နှင့် နယ်စပ်မှ တန် ၅၀၀၀၀ (+/-၁၀%) တင်ပို့ရန်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့ ညှိနှိုင်းသတ်မှတ်ထားပြီး အာဆီယံနိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံများအား အစိုးရအချင်းချင်း ညှိနှိုင်း ရောင်းချရန်ကိုလည်း ဆွေးနွေးစီစဉ်လျက်ရှိသည်။

**ငြိမ်းငြိမ်း**

# ကိုဗစ်-၁၉ ကာလအတွင်း ဝယ်လိုအားကျဆင်း၍ ဖရဲစိုက်တောင်သူများ အရှုံးပေါ်

**ရပ်စောက် မေ ၁၉**

ရှမ်းပြည်နယ်တောင်ပိုင်း ရပ်စောက်မြို့နယ်အတွင်း ဝင်ငွေရသီးနှံဖြစ်သော ဖရဲစိုက်ပျိုးခြင်းလုပ်ငန်းကို တောရကျေးရွာတွင် စီးပွားဖြစ်စိုက်ပျိုးလျက်ရှိရာ



စိုက်ခင်းအောင်မြင် ဖြစ်ထွန်းလျက်ရှိသော်လည်း (ဝဲအောက်ပုံ) ဝယ်လိုအားကျဆင်းမှုကြောင့် အရှုံးပေါ်လျက်ရှိသည်။

ဖရဲစိုက်တောင်သူ ဦးဝင်းမြင့်က "ကျွန်တော်က ဒီနှစ် ဖရဲသီးနှံကို ပြည်ပဈေးကွက် ထိုးဖောက်ရောင်းချနိုင်အောင်လုပ်မယ်ဆိုပြီး တောရကျေးရွာမှာ မြေခြောက်ဧကလောက် ငှားရမ်းစိုက်ပျိုးတာ မြေ၊ ရေအဆင်ပြေပြီး သီးနှံလည်း ဖြစ်ထွန်းအောင်မြင်ပါတယ်။ ဈေးကွက်တင်ပို့ရခါနီးမှ ကပ်ရောဂါဖြစ်ပွားချိန်နဲ့ ကြုံရတော့ မြေယာထွန်ယက်ခတွေ၊ မျိုးစေ့ဖိုးတွေ၊ မြေဩဇာဖိုးတွေ၊ ပိုးသတ်ဆေး၊ အားဆေးဖိုးတွေ၊ အလုပ်သမား ငှားရမ်းအသုံးပြုခတွေအားလုံး အရင်းပြန်မရတဲ့အပြင် အခုရှိနေတဲ့အသီးတွေတောင် တစ်ထောင်၊ တစ်ထောင့်ငါးရာနဲ့ မနည်းရောင်းနေရတယ်။ ပြည်တွင်းဝယ်လိုအားလည်း မရှိဘူးလေ။ ခြံထဲ လာဝယ်သူတွေကိုပဲ လက်လီရောင်းနေရတယ်" ဟု ပြောသည်။

ရပ်စောက်မြို့နယ်တွင် ယခင်က ယခုကဲ့သို့ ဖရဲသီးနှံကို စိုက်ပျိုးမှုမရှိဘဲ ယခုမှစတင် စိုက်ပျိုးခြင်းဖြစ်ပြီး ဈေးကွက်အတွင်းရောက်ရှိရန် ကုန်တင်ယာဉ်ခေါ်ယူရမှုခက်ခဲခြင်း၊ ကုန်သည်ပွဲစားများ ဝင်ရောက်မှုမရှိခြင်းတို့ကြောင့် ဖရဲစိုက်တောင်သူများ အရှုံးပေါ်အခက်တွေ့လျက်ရှိကြောင်း သိရသည်။

**ဇော်ဝင်း(ပြန်/ဆက်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၉-၅-၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၈၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၄၆၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၇၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၂၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၄၅၄၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၄၅၀/၄၈၀ | ကျပ် | ၄၈၀/၅၀၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၄၆၀/၄၉၀ | ကျပ် | ၄၉၅/၅၁၅ | ကျပ် |
| အောက်တိန်း ၉၂ | ၃၆၀/၃၉၀ | ကျပ် | ၄၂၀/၄၄၀ | ကျပ် |
| အောက်တိန်း ၉၅ | ၄၉၀/၅၀၅ | ကျပ် | ၅၅၀/၅၈၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၁၀ . ၂ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၄၄ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၉၅ . ၈၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၂၇ . ၅ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၁၁ . ၉ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၂၄ . ၄၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၈ . ၄၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၆၄၇ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၅ . ၀၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၄ . ၅၆ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၄ . ၁၉၃ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၀၀၀ | ၁၁၀၀၀ | ၁၈၈၁ | ၂၀၂၁၈၀၀၀ |
| MTSH | ၃၇၀၀ | ၃၇၀၀ | ၄၆၅၂ | ၁၇၂၁၂၄၀၀ |
| MCB | ၈၂၀၀ | ၀ | ၀ | ၀ |
| FPB | ၂၆၀၀၀ | ၂၆၀၀၀ | ၁၁၁၄ | ၃၄၈၉၆၀၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၆၀၇ | ၁၆၆၉၂၅၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။




## အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီ တောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ |
| ဘာသာပြန်စာတည်း | - | မြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၄၀၁၃၂၊ စာတည်းအဖွဲ့ ၀၆၇-၃၄၁၀၁၅၊ ဖက်စ် ၀၆၇-၃၄၁၀၁၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၁၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၃၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၉၈၃၄၊ ၀၁-၅၅၀၁၁၈၊ Fax ၀၁-၅၄၉၁၂၁၊ ၀၆၇-၃၄၁၀၃၄၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၅၄၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တိုင်းဒေသကြီးအတွင်းရှိ စည်ပင်သာယာရေးကော်မတီဝင်များနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

# ကယားပြည်နယ်ဝန်ကြီးချုပ် လွိုင်ကော်မြို့ ဒေါတမရပ်ကွက်ရှိ ရေမြောင်းတူးဖော်နေသည့် လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**လွိုင်ကော် မေ ၁၉**

ကယားပြည်နယ် လွိုင်ကော်မြို့ ဒေါတမရပ်ကွက်အတွင်း မိုးရာသီကာလတွင် မိုးရွာသွန်းမှုများကြောင့် လမ်းမကြီးတစ်လျှောက် ရေကြီးရေလျှံမှု များဖြစ်ပေါ်သဖြင့် ရန်အောင်လမ်းနှင့် တံခွန်လမ်းသွယ်များမှတစ်ဆင့် ဘီလူးချောင်းအတွင်းသို့ စီးဆင်းစေရေးအတွက်ယခင်မြေသားမြောင်းများ ပြန်လည်တူးဖော်ပေးခြင်းလုပ်ငန်းကို ပြင်/ထိန်း ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ ယခုနှစ်တွင် မြေသားမြောင်းများ အနည်းငယ်ပြိုကျပျက်စီးမှုကြောင့် မြောင်းများပိတ်ဆို့ခြင်း၊ ရေစီးရေလာ ကောင်းမွန်မှု မရှိခြင်းတို့ကြောင့် ပြန် လည်ပြုပြင်တူးဖော်ခြင်းလုပ်ငန်းကို ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် တာဝန်ရှိသူများက ယမန်နေ့က ကြည့်ရှုစစ်ဆေးကြသည်။ **(အောက်ပုံ)**

ထိုသို့ စစ်ဆေးရာတွင် ပြည်နယ်ဝန်ကြီးချုပ်က အဆိုပါလမ်းများသည် ကုန်းမြင့်အတွင်းတည်ရှိပြီး လမ်းမကြီးတစ်လျှောက် ရေလွှမ်းမိုးမှု မရှိစေရေးအတွက် ဘီလူးချောင်းအတွင်းသို့ ရေပိုများ ကောင်းမွန်စွာ စီးဆင်းစေရေး အတွက် ပြင်/ထိန်း လုပ်ငန်းဖြင့် ဆောင်ရွက်ပေးသော မြောင်းများဖြစ်ကြောင်း၊ ရေစီးရေလာကောင်းမွန်စေရေး အတွက် အနက်ခုနစ်ပေ အထိ တူးဖော်ရသည့် မြောင်းများဖြစ်ကြောင်း ရပ်ကွက်နေပြည်သူများ သိရှိစေရေး သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးက ချပြဆောင်ရွက်သွားရန်နှင့် လမ်းသွယ်အတွင်းတည်ရှိသော်လည်း လိုအပ်ပါက ခိုင်ခံ့သော ကျောက်စီရေမြောင်းဖြင့် ဆောင်ရွက်ပေးနိုင်ရေး သက်ဆိုင်ရာလမ်းဦးစီးဌာနက တွက်ချက်တင်ပြပေးရန် မှာကြားသည်။

ထို့နောက် ရန်အောင်လမ်းနှင့် တံခွန်လမ်းတို့သည် ကုန်းမြင့်နေရာတွင် တည်ရှိသဖြင့် ဘီလူးချောင်းသို့ စီးဆင်းနိုင်ရေး ရေမြောင်းတူးဖော်ရာတွင် အချို့သော နေရာများ၌ မြောင်းအနက် ခုနစ်ပေအထိ တူးဖော်ခြင်း၊ လမ်းသွယ်အတွင်း တည်ရှိသော ရန်အောင်လမ်းနှင့် ကျော်ခိုင်လမ်းထောင့်ကိုလည်းကောင်း၊ ကျော်ခိုင်လမ်းနှင့် သီတာလမ်းထောင့်ကိုလည်းကောင်း ရေထုတ်ပြွန်ဆောင်ရွက်ခြင်းလုပ်ငန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ထည့်သွင်းလျာထားပြီးဖြစ်ကြောင်း သိရသည်။

**ထွန်းလေး (ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် တိုင်းဒေသကြီးအတွင်းရှိ စည်ပင်သာယာရေး ကော်မတီဝင်များနှင့် တွေ့ဆုံ

**ရန်ကုန် မေ ၁၉**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းသည် ယမန်နေ့က ရန်ကုန်မြို့တော် စည်ပင် သာယာရေး ကော်မတီရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးအတွင်းရှိ စည်ပင်သာယာရေး ကော်မတီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကော်မတီဝင်များအား စက်ရုံ၊ အလုပ်ရုံများ ပြန်လည်ပတ်နိုင်ရေး၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန်၊ ဈေးများစနစ်တကျ သတ်မှတ်ချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ပလက်ဖောင်းများ၊ မီးတိုင်များ သတ်မှတ်ကာလအတွင်း အမြန်ဆုံး ပြီးပြတ်အောင် ဆောင်ရွက်ရေး၊ မြို့နယ်များဖွံ့ဖြိုး တိုးတက်ရေးအတွက် ဌာနဆိုင်ရာများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် မှာကြားသည်။

ထိုသို့ တွေ့ဆုံရာသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ ဒုတိယ ဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးစိုးလွင်နှင့် ကော်မတီဝင်များ၊ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့များ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌများ၊ အဖွဲ့ဝင်(၁)၊ အဖွဲ့ဝင်(၂)၊ အတွင်းရေးမှူးများ တက်ရောက်ကြကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန် /ဆက်)**



# ကိုဗစ် - ၁၉ ကာလအတွင်း မြိတ်ဆိပ်ကမ်းတွင် စက်တပ်သမ္ဗန်လှေ မောင်းနှင်သူများ စားဝတ်နေရေး အခက်အခဲများဖြစ်နေ

**မြိတ် မေ ၁၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့သည် ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်ပြီး မြိတ်ဆိပ်ကမ်းတွင် ဝင်ထွက်သွားလာသူများနှင့် ကုန်စည်များကို သယ်ယူပို့ဆောင်ပေးလျက်ရှိသည့် စက်တပ်သမ္ဗန်လှေ မောင်းနှင်သူများသည် ကိုဗစ်-၁၉ ကာလတွင် ဝင်ငွေသုံးပုံနှစ်ပုံကျဆင်းခဲ့သဖြင့် ၎င်းတို့၏ မိသားစုစားဝတ်နေရေးအခက်အခဲများ ဖြစ်နေကြကြောင်း သမ္ဗန်လှေ မောင်းနှင်နေသူများထံက သိရသည်။



အလုပ်အကိုင်ရှားပါးသဖြင့် ဆိပ်ကမ်း၌ ဆိုက်ကပ်ထားရသော သမ္ဗန်လှေများ။

"အရင်တုန်းနဲ့စာရင် တော်တော်လေး ကျပ်တည်းပါတယ်။ အရင်က တစ်နေကုန်မောင်းပြီး ညနေစောင်း အထိလုပ်ရင် အဆင်ပြေ ပါတယ်။ အခုက စောစောရော ညနေပါမောင်းမှ ပိုက်ဆံလေးငါးထောင်ရ အောင် မနည်း လိုက်မောင်းနေရတယ်" ဟု သမ္ဗန်မောင်းနှင်နေသူ ဦးမိုးငယ် က ပြောသည်။

ကိုဗစ်-၁၉ မဖြစ်ခင်ကာလက သမ္ဗန်တစ်စင်း၌လူငါးဦး၊ခြောက်ဦး ပို့ဆောင်ပေးခဲ့ရပြီး ယခုအချိန်တွင် သမ္ဗန်တစ်စင်း နှစ်ဦး၊ သုံးဦးသာ လာရောက်စီးကြကြောင်း၊ မြိတ်တစ်ဖက်ကမ်းသို့ ပို့ဆောင်ရာတွင် လူတစ်ဦးလျှင် ငွေကျပ် ၃၀၀ သာရရှိကြောင်း၊ သမ္ဗန်အုံနာယူထားသူများက အုံနာရှင်ကို တစ်ရက် ငွေကျပ် ၅၀၀၀ ပေးကြရကြောင်း၊ တချို့သမ္ဗန်မောင်းသူများမှာ အုံနာဖိုးနှင့် မိသားစု စားဝတ်နေရေးအတွက် ကြိုးစားဆောင်ရွက်နေကြရပြီး အကျပ်အတည်းများလျက်ရှိကြောင်း သိရသည်။

"လက်ရှိ အခြေအနေမှာတော့ စီးပွားရေးက ကျပ်ပါတယ်။ အရင်က သမ္ဗန်မောင်းတာ ငွေကျပ် ၈၀၀၀၊ ၉၀၀၀ လောက်ရပါတယ်။ ငါးဖမ်းလှေတွေ ဝင်လာရင် ငွေကျပ် ၂၀၀၀၀ လောက်ရပါတယ်။ အခုလက်ရှိအချိန်မှာ သုံးလေးထောင်ရအောင် မနည်း ရှာနေရပါတယ်။ ငါးဖမ်းလှေတွေ ကိုဗစ်-၁၉ ဖြစ်ကတည်းက မဝင်လာတော့သူတို့ကို မှီခိုပြီး လုပ်နေရတဲ့အတွက်အခက်အခဲရှိပါတယ်၊အဆင်ပြေသလိုပဲ မိသားစု စားနိုင်သောက်နိုင်အောင် လိုက်ပြီး ကြိုးပမ်းနေရတယ်" ဟု သမ္ဗန်မောင်းနှင်နေသူ ဦးအောင်အောင်က ပြောသည်။

မြိတ်ဆိပ်ကမ်းတွင် ရေဆင်းတံတားနှင့် ဆိပ်ခံတံတားရှစ်ခုရှိရာ အဆိုပါတံတားများတွင် စက်တပ်သမ္ဗန်အစင်းရေ ၂၀၀ ခန့်မှ ကုန်စည်များ၊ ပစ္စည်းများကို သယ်ယူပို့ဆောင်ခြင်း၊ မြိတ်မြို့တစ်ဖက်ကမ်းရှိ လျှောင်းတော်မူ ဘုရားဖူးများအား ပို့ဆောင်ပေးခြင်း၊ ငါးဖမ်းလှေ၊ ကုန်လှေများသို့ လှေသားများ ပို့ဆောင်ပေးခြင်းဖြင့် တစ်နေ့ရသည့် ဝင်ငွေများသည် ဖူလုံမှုရှိပြီး ကိုဗစ်-၁၉ ကာလတွင် ရောဂါဖြစ်ပွားမှာကို စိုးရိမ်ကြသော်လည်း စားဝတ်နေရေး အဆင်ပြေရန် ဆောင်ရွက်နေကြရကြောင်း၊ ယခုအချိန်တွင် ဧည့်သည်များ လာရောက်မှုနည်းပါးလျက်ရှိကာ ဝင်ငွေအနေဖြင့် ယခင်ကထက် သုံးပုံနှစ်ပုံ လျော့နည်းခဲ့၍ စားဝတ်နေရေး အခက်အခဲများဖြစ်ကြောင်း သမ္ဗန်လှေမောင်းနှင်နေသူများထံက သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

# ဆီဆိုင်တွင် သစ်ပင် နှစ်သိန်းကျော် စိုက်မည်

**ဆီဆိုင် မေ ၁၉**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အပူဒဏ်ကာကွယ်နိုင်ရေးအတွက် ၂၀၁၉-၂၀၂၀ မိုးရာသီသစ်ပင် စိုက်ပျိုးနိုင်ရန်အတွက် ပျိုးပင်ပေါင်း ၂၂၇၁၅၇ ပျိုးထောင်ထားရှိကြောင်း မြို့နယ်သစ်တော ဦးစီးဌာနက သိရသည်။

အဆိုပါပျိုးပင်များကို ဆိုက်ခေါင်ပျိုးဥယျာဉ်၌ ပျိုးပင် ၆၄၀၀၀၊ နောင်ထော်ပျိုးဥယျာဉ်၌ ပျိုးပင် ၁၂၁၂၀၀နှင့် ပန်ကန်းပျိုးဥယျာဉ်၌ ပျိုးပင် ၄၁၉၅၇ စုစုပေါင်း ပျိုးပင် ၂၂၇၁၅၇ တို့အား ပျိုးထောင် ထားရှိပြီး ပျိုးပင်များမှာ လျှော်ဖြူ ၇၅၈၅၀၊ ကျွန်း ၅၉၅၀၀၊ ထင်းရှူး၁၂၅၅၀၊ မဲဇလီ၁၄၅၅၀၊ အော်ရီရှား ၆၃၀၀၊ ရေသင်းဝင် ၂၇၂၀၀ ၊ စိန်ပန်းပြာ၂၀၀၀၊ ယူကလစ် ၅၄၅၇၊ မန်ကျည်း ၁၅၀၀ နှင့် ထေပတ် ၂၂၂၅၀ တို့ကို မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများမှ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာရုံးများ၊ အသင်းအဖွဲ့များ၊ အခြေခံပညာကျောင်းများ၊ သစ်ပင်စိုက်ပွဲတော်များ၊ မိမိနေအိမ်ခြံဝင်းများ၌ စိုက်ပျိုးလိုသူများအား အခမဲ့ဖြန့်ဝေပေးမည်ဖြစ်ကြောင်း သိရသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**

# ဆောမြို့နယ်ရှိ ကျေးရွာများသို့ သောက်သုံးရေ လှူဒါန်း

**ဆော မေ ၁၉**

မကွေးတိုင်းဒေသကြီး ဆောမြို့နယ် လောင်းရှည်ဒေသမှ ဆရာစော(မန်းတက္ကသိုလ်) ဦးဆောင်သော ဆိုင်ကယ်စီး ပရဟိတလူငယ်အဖွဲ့များက မေ ၁၇ ရက်က ရေရှားပါးပြတ်လပ်မှုကြုံတွေ့နေရသည့် ဆောမြို့နယ် ယမ်းကျေးရွာနှင့် ယမ်းငကွက်ကျေးရွာများသို့ သောက်သုံးရေများကို အိမ်အရောက် လိုက်လံဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ယခုရက်ပိုင်းအတွင်း ရာသီဥတုပူပြင်းမှုကြောင့် ကျေးရွာအချို့၌ ရေတွင်း၊ ရေကန်များ ခန်းခြောက်လာကာ ရေအခက်အခဲများနှင့် ကြုံတွေ့နေရသဖြင့် လောင်းရှည်ဒေသရှိ ကျေးရွာများမှ သောက်သုံးရေ ပြတ်လပ်မှုများ ကြုံတွေ့လာပါက ဦးစောမင်းနိုင် ဖုန်း-၀၉၂၅၆၅၇၉၆၇၁ သို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

**ဇော်မျိုးသန့်(ဆော)**

# ရောဝတီတိုင်းဒေသကြီးအတွင်း ခရိုင်နှင့် မြို့နယ်များ၌ ရောဝတီလင်းပိုင်ထိန်းသိမ်းရေး သတိပေးပိုစတာများ စိုက်ထူထား




ရောဝတီလင်းပိုင်ထိန်းသိမ်းရေးဆိုင်ရာ သတိပေးပိုစတာကို ပုသိမ်မြို့၌ စိုက်ထူထားစဉ်

**ပုသိမ် မေ ၁၉**
ရောဝတီတိုင်းဒေသကြီးအတွင်း တရားဝင် ရေထွက်ပစ္စည်း ရောင်းဝယ်ခွင့်လိုင်စင် ပြုလုပ်ထားခြင်းမရှိဘဲ ငါးအရောင်း အဝယ် လုပ်ကိုင်နေခြင်းနှင့် ရှားပါးတိရစ္ဆာန်မျိုးစိတ်တစ်ခု ဖြစ်သော ရောဝတီလင်းပိုင်များကို ဖမ်းဆီး ရောင်းဝယ်ခြင်း၊ လိုင်စင်မရှိဘဲ ပင်လယ်ထွက်ပစ္စည်းများကို စုဆောင်းခြင်းနှင့် ရောင်းဝယ်ခြင်းများ မရှိစေရေးအတွက် ရောဝတီ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့် မြို့နယ်များတွင် ရောဝတီ လင်းပိုင်များကို ထိန်းသိမ်းရေး သတိပေးသည့် ကြော်ငြာနှင့် ပိုစတာများကို လိုက်လံစိုက်ထူထားကြောင်းသိရသည်။

ရောဝတီလင်းပိုင်(Orcaella brevirostris)သည် မြန်မာ နိုင်ငံရှိ ကမ်းရိုးတန်းဒေသများနှင့် ရောဝတီမြစ်အတွင်း နေထိုင်ကျက်စားကာ လက်ရှိအချိန်တွင် မျိုးသုဉ်းပျောက် ကွယ်ရန်အန္တရာယ် ကျရောက်နေသော အလွန်ရှားပါးသည့် ရေနေ နို့တိုက်သတ္တဝါမျိုးစိတ်ဖြစ်သည်။

ထို့ကြောင့် ရောဝတီလင်းပိုင်များကို ကာကွယ်ရန် အတွက် ၎င်းတို့အား ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ ဒဏ်ရာ အနာတရဖြစ်စေခြင်း၊ အနှောင့်အယှက်ပြုခြင်း၊ လက်ဝယ် ထားရှိခြင်း၊ သယ်ယူခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ထောက်ခံချက်မရှိဘဲ ပြည်ပသို့တင်ပို့ခြင်းများ မပြုလုပ်ကြ ရန်နှင့် မတော်တဆ အသက်ရှင်လျက်ဖမ်းမိပါက အမြန်ဆုံး ပြန်လွှတ်ပေးရန် ငါးလုပ်ငန်းဦးစီးဌာန၏ ညွှန်ကြားချက် အမှတ်(၁/၂၀၁၈)ဖြင့် နိုင်ငံအတွင်း ရောဝတီမြစ်ကြောင်း တစ်လျှောက်ရှိ မြို့နယ်များသို့ ညွှန်ကြားထားပြီးဖြစ်သည်။

အဆိုပါညွှန်ကြားချက်များကို ပြည်သူများ သိရှိစေရန် အတွက် သတိပေးကြော်ငြာနှင့် ပိုစတာများကို လိုက်လံ စိုက်ထူခြင်းဖြစ်ကြောင်းနှင့် ညွှန်ကြားချက်ကို လိုက်နာရန် ပျက်ကွက်ပါက မြန်မာ့ပင်လယ်ငါးလုပ်ငန်း ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**

## မချမ်းဘောမြို့နယ်၌ ရန်ကုန်နှင့် မန္တလေးမှ လာသူများအား အသွားအလာကန့်သတ် စောင့်ကြပ်ကြည့်ရှုနေ

**မချမ်းဘော မေ ၁၉**
ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘောမြို့နယ်၌ ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသူများသာမက ရန်ကုန်နှင့် မန္တလေးမြို့များမှ လာသူ များကိုပါ သတ်မှတ်နေရာများ၌ သီးသန့်ထားရှိပြီး အသွားအလာကန့်သတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကြောင်း မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ကုသရေး ကော်မတီမှ သိရသည်။

မချမ်းဘောမြို့နယ်သို့ ပြည်ပမှ ပြန်လာသူများနှင့် ရန်ကုန်မြို့၊ မန္တလေး မြို့တို့မှ ရောက်ရှိသူများအား ကြိုတင်ပြင်ဆင်ထားသည့် အသွားအလာ ကန့်သတ် စောင့်ကြပ်ကြည့်ရှုရာ နေရာများ၌ ခွဲခြားထားရှိရာ မချမ်းဘော အထကကျောင်းတွင် ရန်ကုန်မြို့နှင့် မန္တလေးမြို့မှလာသူ ခြောက်ဦး၊ နမ့်ခမ်း အထက(ခွဲ)ကျောင်းတွင် ပြည်ပမှပြန်လာသူ ငါးဦးနှင့် ထရမ်းဒမ်း အထက(ခွဲ) ကျောင်းတွင် ပြည်ပမှပြန်လာသူ ငါးဦး စုစုပေါင်း ၁၆ ဦးအား ၂၁ ရက်ကြာ အသွားအလာကန့်သတ်၍ စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။ မြို့နယ် အတွင်း ယခင်က သီးသန့်ထား စောင့်ကြည့်ခဲ့သူ ခြောက်ဦးမှာ သတ်မှတ်ရက် ပြည့်သလို ဆေးစစ်ချက်အဖြေရရှိပြီး ကျန်းမာရေးလည်း ကောင်းမွန်သော ကြောင့် နေရပ်သို့ ပြန်လွှတ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မချမ်းဘောမြို့နယ်၌ ကိုဗစ်-၁၉ ထိန်းချုပ်ရေးကော်မတီက ဦးဆောင် ကာ မြို့နယ် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ အသွားအလာကန့်သတ် စောင့်ကြည့်ထားသူများအား ကျန်းမာ ရေးအခြေအနေ ထူးခြားမှုရှိမရှိ စစ်ဆေးစောင့်ကြည့်ခြင်း၊ ညွှန်ကြားချက်များ၊ ဒေသန္တရအမိန့်များနှင့် ထုတ်ပြန်ချက်များကို လိုက်နာနေထိုင်ရေးအတွက် အနီးကပ်စောင့်ကြည့်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဆိပ်ဖြူမြို့နယ်၌ မိုးရာသီကာလအတွင်းစိုက်ပျိုးရန် ပျိုးပင် ၁၆၀၀၀၀ ကျော် ပျိုးထောင်ထား

**ဆိပ်ဖြူ မေ ၁၉**
မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် သစ်တော ဦးစီးဌာနသည် ၂၀၂၀ မိုးရာသီအတွင်း စိုက်ပျိုးနိုင်ရန် မြို့နယ်အတွင်းရှိ ပျိုးဥယျာဉ် သုံးခု၌ သစ်ပင်မျိုးစုံ ပျိုးပင်ပေါင်း ၁၆၀၀၀၀ ကျော်ကို ပျိုးထောင်ထားရှိ ကြောင်းသိရှိရသည်။

မိုးရာသီတွင် စိုက်ပျိုးရန် ပျိုးပင်များကို မြို့မ ပျိုးဥယျာဉ်၊ သပြေပျိုးဥယျာဉ်နှင့် ကဇွန်းမပျိုးဥယျာဉ် တို့တွင် ပျိုးထောင်ထားပြီး အပင်အမျိုးအစားများ အနေဖြင့် စီးပွားရေးကျွန်းစိုက်ခင်းအတွက် ပျိုးပင် ပေါင်း ၅၄၀၀၀၊ ကျေးရွာ ထင်းစိုက်ခင်းအတွက် ပျိုးပင်ပေါင်း ခြောက်သောင်းကျော်နှင့် လူထုဖြန့် စိုက်ခင်းအတွက် ပျိုးပင် သုံးသောင်းဖြစ်ကြောင်း သိရသည်။



ပျိုးဥယျာဉ်တွင် ပျိုးထောင်ထားသည့် ကျွန်းနှင့် အခြားသစ်ပင်မျိုးစုံ ပျိုးပင်များ

အဆိုပါပျိုးပင်များကို ယခုနှစ် မိုးရာသီကာလ အတွင်း အချိန်မီ စိုက်ပျိုးနိုင်ရန် ပြင်ဆင်ဆောင်ရွက် ထားပြီး လူထုဖြန့်စိုက်ခင်းအနေဖြင့် အရိပ်ရပင် များကို ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း၊ လူထုဖြန့် ပျိုးပင်များ စိုက်ပျိုးရေးလုပ်ငန်းကို ဆောင်ရွက်ရာ တွင် ယခုအခါ လူထုစိတ်ပါဝင်စားမှု ရရှိလာသည့် အတွက် စိုက်ပျိုးထားသည့် ဒေသခံ အစုအဖွဲ့ပိုင် စိုက်ခင်းများမှာ အောင်မြင်မှုများရရှိနေပြီး လျှော်ဖြူ စိုက်ပျိုးသည့်တောင်သူများအနေဖြင့်လည်း လျှော်ဖြူ စိုက်ပျိုးခြင်းမှ မိသားစုဝင်ငွေ ရရှိနေပြီဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

ဆိပ်ဖြူမြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် သဘာဝသစ်တောများ အဆင့်မြှင့်တင်ခြင်း လုပ်ငန်း များနှင့် လူထုဖြန့် ထင်းစိုက်ခင်းများကို အကောင် အထည်ဖော်လျက်ရှိကြောင်း၊ သစ်တော သစ်ပင်များ စိုက်ပျိုးခြင်းဖြင့် သဘာဝ ဘေးအန္တရာယ်များကို ကာကွယ်နိုင်ရန်၊ ဒေသခံပြည်သူတို့အတွက် အလုပ် အကိုင် အခွင့်အလမ်းများ ရရှိစေရန် ရည်ရွယ်၍ ထင်းစိုက်ခင်းများ တည်ထောင်ပေးခြင်းဖြစ်ကြောင်း၊ ထင်းစိုက်ခင်းများ ထူထောင်ခြင်းဖြင့် ဒေသခံများ အတွက် ထင်း၊ တိုင်၊ မျောများ ထုတ်ယူသုံးစွဲနိုင်မည် ဖြစ်ကြောင်း သိရသည်။ **စိုးလင်းနိုင်(ပြန်/ဆက်)**

# မြောက်ဦးမြို့၌ "စောစောရှာ" မိုဘိုင်းအက်ပလီကေးရှင်း အသုံးပြုနည်းများ အသိပညာပေး

**မြောက်ဦး မေ ၁၉**
မြောက်ဦးမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ပိုးတွေ့လူနာများနှင့် နီးစပ် ထိတွေ့ခဲ့သူများအား ရှာဖွေရာတွင် အထောက် အကူဖြစ်စေမည့် "စောစောရှာ" မိုဘိုင်းအက်ပလီ ကေးရှင်း အသုံးပြုပုံ နည်းလမ်းများနှင့် ပတ်သက်၍ ပြည်သူများအား ရှင်းလင်း အသိပညာပေးခြင်းကို မြောက်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက မေ ၁၈ ရက်တွင် ဆောင်ရွက်ခဲ့သည်။

ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနမှ ဝန်ထမ်းများက မြောက်ဦးမြို့မှ လူစည်ကားရာ နေရာများ၊ လမ်းဆုံများ၊ ရွှေပြည်တန် လျှပ်ပြေး ရေယာဉ်ဆိပ်ကမ်းများ၊ ကားဂိတ်များနှင့် ဌာနဆိုင်ရာ ရုံးများသို့ ကွင်းဆင်းသွားရောက်၍ အသိပညာပေး မှုများ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

"စောစောရှာ အက်ပလီကေးရှင်းကို မိမိတို့ရဲ့ ကိုယ်ပိုင် မိုဘိုင်းဖုန်းတွေမှာ ထည့်သွင်းအသုံးပြုခြင်း အားဖြင့် ရောဂါကူးစက်ခံထားရသူတွေနဲ့ ထိတွေ့ခဲ့မှု ရှိနိုင်တဲ့ အခြေအနေတွေ၊ ရောဂါကူးစက်ခံထားရသူ တွေရဲ့ သွားလာခဲ့တဲ့ နေရာတွေ၊ ရောဂါကူးစက်ခံ ထားရသူတွေနဲ့ ထိတွေ့ဆက်ဆံမှု ရှိ/မရှိ စတာတွေ ကို ဆောလျင်စွာ သိရှိနိုင်တယ်။ ပြီးတော့ အသွား အလာကန့်သတ် စောင့်ကြည့်ခံနေရတဲ့ အချိန်တွေ မှာလည်း မိမိတို့ရဲ့ ကျန်းမာရေးအခြေအနေတွေကို သိနိုင်ပြီး လိုအပ်ရင် ကုသမှုအကူအညီကို ဆောလျင် စွာ ရရှိနိုင်လို့ ကာကွယ်ထိန်းချုပ်နိုင်ဖို့နဲ့ အရေးပေါ် တုံ့ပြန်ဆောင်ရွက်နိုင်ဖို့ များစွာအထောက်အကူ ဖြစ်စေပါတယ်"ဟု မြောက်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူး ဦးတင်ရွှေက ပြောကြားသည်။

မြောက်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနအနေဖြင့် စောစောရှာ မိုဘိုင်းအက်ပလီ ကေးရှင်း အသုံးပြုနည်း အသိပညာပေးခြင်းနှင့်အတူ မြောက်ဦးမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကို ကြိုတင် ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် အများ ပြည်သူမြင်သာသော နေရာများ၌ ရောဂါအကြောင်း ပညာပေးသည့် ဗီနိုင်းပိုစတာများ ချိတ်ဆွဲပြသခြင်း၊ လက်ကို စနစ်တကျဆေးရန် အသိပညာပေးခြင်း နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ထုတ်ဝေထားသည့် ကိုဗစ်-၁၉ ဆိုင်ရာ သတင်း စကား လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို လည်း မြောက်ဦးခရိုင်အတွင်းရှိ မြို့နယ်အသီးသီး၌ အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။

**တင်ထွန်းဦး(ပြန်/ဆက်)**

## ရေရှားပါးလာသည့်ကျေးရွာသို့ သောက်သုံးရေများလှူဒါန်း

**ကြံခင်း မေ ၁၉**
ရောဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်အတွင်း ကုန်းမြင့်ကျေးရွာရှိ ကုန်းမြင့် သာယာကျောင်းတိုက်နှင့် ကျည်တိုင်ကွင်းကျေးရွာတို့တွင် သောက်သုံးရေရှားပါးမှု ကြုံတွေ့လာသဖြင့် မြို့နယ်မီးသတ်ဦးစီးအရာရှိနှင့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဘက်ရဲမြို့မှ ဆေးဝါးရာဇာ လူမှုကူညီရေးအသင်းတို့က သောက်သုံးရေများကို မေ ၁၈ ရက်က သွားရောက်လှူဒါန်းကြောင်း သိရသည်။

ရာသီဥတုပူပြင်းကာ စက်ရေတွင်းများမှ ရေရရှိမှုနည်းလာသဖြင့် ကုန်းမြင့် ကျေးရွာရှိ ကုန်းမြင့်သာယာကျောင်းတိုက်မှ သံဃာတော်များနှင့် ဘိုးဘွား ရိပ်သာမှ ဘိုးဘွားများ စုစုပေါင်း ၂၅ ဦးခန့်အတွက် သောက်သုံးရေ လုံလောက်မှု မရှိသောကြောင့် မြို့နယ် မီးသတ်ဦးစီးအရာရှိနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ရေသယ်ယာဉ်ဖြင့် ရေဂါလန် ၁၆၀၀ ကိုလည်းကောင်း၊ ကြံခင်းမြို့နှင့် ၁၈ မိုင်ခန့်ဝေးသည့် ကျည်တိုင်ကွင်းကျေးရွာ၌ သောက်သုံးရေပြတ်လပ်နေသဖြင့် ဘက်ရဲမြို့ ဆေးဝါးရာဇာ လူမှုကူညီရေးအသင်းက ရေဂါလန် ၁၆၀၀ ကိုလည်း ကောင်း သွားရောက်လှူဒါန်းခဲ့ခြင်းဖြစ်သည်။ **မြို့နယ်(ပြန်/ဆက်)**



# ဖောင်းပြင်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုများ ကွင်းဆင်းစစ်ဆေး

**ဖောင်းပြင် မေ ၁၉**
စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့နယ်၌ ဒေသ ဖွံ့ဖြိုးရေးအတွက် လမ်း၊ တံတား တည်ဆောက်နေမှု အခြေအနေများကို နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးအောင် တင်ကျော်နှင့် တာဝန်ရှိသူများ မေ ၁၈ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

ညွှန်ကြားရေးမှူးနှင့်အတူ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်လတ်၊ ဖောင်းပြင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်၊ ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီစောနှင့် တာဝန်ရှိသူများက ဖောင်းပြင်မြို့နယ်မှ ဒေသဖွံ့ဖြိုး ရေးလုပ်ငန်းများဖြစ်သည့် တာပန်-မားသီး-ငွေ့ငူ မြေသားလမ်း ၅ မိုင် ၄ ဖာလုံ ဖောက်လုပ်ခြင်းလုပ်ငန်း၊ လွင်ကြီး-နောက်မနား-နောင်မိုးလမ်း အရှည် ၄ မိုင် ၆ ဖာလုံ၌ ကျောက်ရောမြေခင်းခြင်းလုပ်ငန်း၊ ရွာတန်းရှည်-နန်းယုံ-လယ်ဦး ကျေးရွာချင်းဆက် လမ်း သုံးမိုင်ပေါ်၌ အကျယ် ၂၄ပေရှိလမ်းဖြတ်တံတား ငါးစင်း တည်ဆောက်ခြင်းလုပ်ငန်းနှင့် ဖောင်းပြင်မြို့ ကျွန်းရွှေဝါ အင်ကြင်းမြိုင်ရပ်ကွက်မှ မြို့တွင်းလမ်း အရှည် ၄ ဖာလုံ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင် ရွက်နေမှုအခြေအနေများကိုလိုက်လံ စစ်ဆေးခဲ့ခြင်း ဖြစ်ပြီး သတ်မှတ်စံချိန်စံညွှန်းနှင့် အညီသတ်မှတ် ကာလအတွင်းပြီးစီးအောင် ဆောင်ရွက်ရန် တာဝန် ရှိသူများအား မှာကြားခဲ့သည်။ **မွေးကြူဇင်**

## အလိုတော်ပြည့်ကျောင်းမှ ဆရာတော်နှင့် သရုပ်ဆောင် ခန့်စည်သူက လူကြမ်းသရုပ်ဆောင်များအား စားသောက်ကုန်များ ထောက်ပံ့ပေးအပ်



ရန်ကုန်မြို့ တာမွေမြို့နယ် ပင်ရွှေညောင်လမ်းရှိ အလိုတော်ပြည့်ကျောင်းတိုက်မှ ဆရာတော် အရှင်ကုမာရနှင့် သရုပ်ဆောင် ခန့်စည်သူတို့ ဦးဆောင်၍ ရုပ်ရှင် လူကြမ်းသရုပ်ဆောင်များအတွက် အခြေခံစားသောက်ကုန်များကို မေ ၁၇ ရက်က ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

"လူကြမ်းသရုပ်ဆောင်တွေဖြစ်ကြတဲ့ ကိုလူချောတို့အဖွဲ့ အယောက် ၈၀ အတွက် ကျွန်တော်တို့ တတ်နိုင်သလောက် ဆန်၊ ဆီ၊ ဆေး၊ ပဲနဲ့ စားသောက်ကုန်တွေ လှူဒါန်းခဲ့ကြတာပါ။ အဲဒီလှူဒါန်းမှုကို ကိုလူချောတို့အဖွဲ့ကိုယ်စား ဦးအောင်ခိုင်နဲ့ ကိုယ်စားလှယ်တွေက လက်ခံရယူပြီးတော့ မလာနိုင်တဲ့သူတွေဆီကို အိမ်တိုင်ရာရောက် လိုက်လံပို့ဆောင်ပေးသွားမှာပါ"ဟု ခန့်စည်သူက ပြောသည်။

လှူဒါန်းဖြစ်သည့်အကြောင်းရင်းနှင့်ပတ်သက်၍လည်း "အခုအချိန်က လူတိုင်းနီးပါး တကယ်ကို အခက်အခဲဖြစ်နေကြတာဆိုတော့ ရုပ်ရှင်လောကက အခြေခံအဖွဲ့တွေအတွက်လည်း အခက်အခဲဖြစ်တာ အမှန်ပါပဲ၊ ဒါကြောင့် ကျွန်တော်တို့ အနုပညာသမားတွေအချင်းချင်း တတ်နိုင်သလောက် ပေးဝေကူညီတာပါ။ ဒီကပ်ရောဂါဘေးက ဘယ်လာက်ကြာမလဲဆိုတာ ပြောမရသေးဘူးဆိုတော့ အခုလို ဆရာတော်နဲ့ တိုင်ပင်ပြီး ထောက်ပံ့ကူညီဖြစ်တာပါ၊ ဆရာတော်က သူတတ်နိုင်တာလေး ကူညီမယ်လို့ပြောတာနဲ့ ကျွန်တော်က လိုအပ်တာလေးတွေကို ပံ့ပိုးဖြစ်တာပါ"ဟု သရုပ်ဆောင် ခန့်စည်သူက ဆက်လက်ပြောကြားသည်။

ကိုလင်း

## နန်းဆုရတီစိုးက Clean Yangon အဖွဲ့နှင့် ပူးပေါင်းကာ ပြည်သူများအား အခြေခံစားသောက်ကုန်များ လိုက်လံလှူဒါန်းပေးလျက်ရှိ

သရုပ်ဆောင်နှင့် အဆိုတော်တစ်ဦး ဖြစ်သည့် နန်းဆုရတီစိုး အနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါ ကာလအတွင်း စားဝတ်နေရေး အခက်အခဲ ကြုံတွေ့နေသော ပြည်သူများအတွက် အခြေခံစားကုန်များကို Clean Yangon အဖွဲ့နှင့်ပူးပေါင်း၍ လိုက်လံလှူဒါန်းလျက်ရှိကြောင်း သိရသည်။

"နန်းဆုကတော့ အားလုံးကို Information ပေးချင်တဲ့စိတ်ရယ်၊ ဒီအခြေအနေမှာ ကိုယ်ကျိုးအတွက် မဟုတ်ဘဲ အများအကျိုးအတွက် ကြိုးစားလုပ်ကိုင်နေကြတဲ့ ပရဟိတသမားတွေကို လေးစားလို့ ပူးပေါင်းပါဝင်ချင်တဲ့စိတ်ရယ်၊ နန်းဆုကိုယ်တိုင် လာရောက်လှူဒါန်းလို့ ပြည်သူတွေရဲ့ ဘဝအမောတွေ ခဏတာလေးဖြစ်ဖြစ် ပြေပျောက်သွားစေချင်တဲ့ စိတ်ရယ်ကြောင့် ကိုယ်တိုင်ကိုယ်ကျ သွားရောက်လှူဒါန်းခဲ့ပါတယ်။ ဒီလို နိုင်ငံနဲ့ချီပြီး အခက်အခဲကြုံတွေ့ရတဲ့ အခြေအနေမှာ မေတ္တာတရားကို လက်ကိုင်ထားပြီး တတ်နိုင်သမျှ ကိုယ်စွမ်းရှိသလောက် အချင်းချင်း လှူဒါန်းကူညီပေးကြဖို့လည်း တိုက်တွန်းပါတယ်နော်။ အိမ်မှာ Stay at Home နေရင်းနဲ့ Clean Yangon Page ကနေတစ်ဆင့် ပါဝင်လှူဒါန်းလို့လည်း ရပါတယ်"ဟု နန်းဆုရတီစိုးက ပြောသည်။

ကိုဗစ်-၁၉ ရောဂါကြောင့် Stay at Home နေထိုင်ရသည့်ကာလအတွင်း မိသားစု၏ စားဝတ်နေရေးအတွက် အခက်အခဲဖြစ်နေရသော ပြည်သူများအတွက် ဆန်၊ ဆီ၊ ဆား၊ ငါးသေတ္တာ၊ ပဲနှင့် ဆပ်ပြာဆီများကို နန်းဆုရတီစိုး အနေဖြင့် Clean Yangon အဖွဲ့နှင့် ပူးပေါင်း၍ တတ်နိုင်သမျှ လှူဒါန်းပေးလျက်ရှိသလို အွန်လိုင်းမှ Live လွှင့်၍ ပရိသတ်များအတွက် အဝတ်အထည်များ မဲဖောက်ပေးခြင်းကိုလည်း ပြုလုပ်လျက်ရှိကြောင်း သိရသည်။

"နန်းဆု မဝတ်ဖြစ်တဲ့ အဝတ်အစားတွေ၊ တစ်ခါဝတ်ပြီး သိမ်းထားတဲ့ အဝတ်အစားတွေကို သူငယ်ချင်းတွေနဲ့အတူ နေထုတ်လှန်း၊ သန့်ရှင်းရေး လုပ်ပါတယ်၊ ပြီးတော့ အမျိုးအစားတွေခွဲပြီး ပရိသတ်တွေကို လက်ဆောင်ပေးချင်တာမို့ နန်းဆု page ကနေ live လွှင့်တာပါ။ တစ်ယောက်ကို ငါးထည်စီ လက်ဆောင်ပေးမှာပါ။ အထည်အရေအတွက်က ထောင်ချီရှိတာမို့ သေချာ သန့်ရှင်းရေး မလုပ်ပေးနိုင်တာတော့ တောင်းပန်ပါတယ်နော်။ အခုက အပြင်ကိုမထွက်ရတော့ အွန်လိုင်းကနေပဲ မဲဖောက်ပေးတာပေါ့။ လက်ဆောင်လေးတွေ ပေးချင်တာမို့ အခုလို လုပ်ဖြစ်တာပါ၊ အထည်တွေကတော့ အမျိုးအစား အများကြီးပါပဲ၊ နန်းဆုကို ချစ်ခင်အားပေးသူတွေ စိတ်ပျော်သွားအောင်နဲ့ သူတို့အတွက် အမှတ်တရလေးလည်း ဖြစ်အောင်လို့ ဒီလိုလုပ်တာပါ"ဟု နန်းဆုရတီစိုးက ပြောသည်။

နန်းဆုရတီစိုးအနေဖြင့် ပရိသတ်များအတွက် အဝတ်အထည်များ မဲဖောက်၍ လက်ဆောင်ပေးခြင်းကို မေ ၁၀ ရက်က ပထမအကြိမ်နှင့် မေ ၁၇ ရက်က ဒုတိယအကြိမ် ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ကိုလင်း



နန်းဆုရတီစိုးက Clean Yangon အဖွဲ့နှင့်အတူ ပြည်သူတစ်ဦးထံ စားသောက်ကုန်များ သွားရောက်လှူဒါန်းစဉ်

## လှိုင်သာယာမြို့နယ်ရှိ အကူအညီလိုအပ်သူများအတွက် ဇော်ခီက ကျပ်တစ်သောင်းစီ ပေးပို့လှူဒါန်းထား

သရုပ်ဆောင် ဇော်ခီ ဦးဆောင်နေသည့် Free Cash Program for the Needy(FCPN) သည် ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း လှိုင်သာယာမြို့နယ်မှ ငွေကြေးလိုအပ်သူ အခြေခံလူတန်းစား အိမ်ထောင်စုများအား လှူဒါန်းရန်အတွက် ကျပ်တစ်သောင်းပါ စာအိတ် ငါးရာ၊ စုစုပေါင်း ကျပ်သိန်း ၅၀ကို လှူဒါန်းသွားမည်ဖြစ်ကာ အဆိုပါ အလှူငွေစာအိတ်များကို လှိုင်သာယာမြို့နယ်မှ Braveheart Foundation သို့ မေ ၁၅ ရက်က ပေးအပ်ထားပြီးဖြစ်ကြောင်း သိရသည်။

"သရုပ်ဆောင် ဇော်ခီရဲ့ Free Cash Program for the Needy(FCPN) အဖွဲ့အစည်းက သူတို့ဆီကို အွန်လိုင်းကနေ အကူအညီတောင်းခံလာတဲ့ အမှန်တကယ် အကူအညီလိုအပ်နေသူတွေကို ငွေလှူဒါန်းပေးနေတာပါ။ အခုက လှိုင်သာယာမှာရှိတဲ့ အိမ်ထောင်စု ၅၀၀ အတွက် တစ်အိမ်ထောင်ကို ကျပ်တစ်သောင်းနှုန်းနဲ့ ကိုယ်စား လှူဒါန်းပေးဖို့ ကျွန်တော်တို့ Braveheart Foundation အဖွဲ့ကို ဆက်သွယ်ပြီး စုစုပေါင်း ကျပ်သိန်း ၅၀ ကို လာရောက်ပို့ပေးသွားတာပါ"ဟု Braveheart Foundation အဖွဲ့မှ ကိုသန်းထိုက်က ပြောသည်။

အဆိုပါ အလှူငွေများကို Braveheart Foundation က တာဝန်ယူ၍ မေ ၁၅ ရက်မှစတင်ကာ လှိုင်သာယာမြို့နယ် အရှေ့ခြမ်းနှင့် အနောက်ခြမ်း ရပ်ကွက်များမှ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများအား ပထမဦးစားပေးအဖြစ် ရွေးချယ်ပြီး အိမ်တိုင်ရာရောက် လိုက်လံပို့ဆောင် လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။ **ကိုလင်း**



## 'ပြည်သူနှင့်အတူ လှူကြမယ်' အစီအစဉ်မှ ကိုဗစ်-၁၉ ကာကွယ် ကုသရေးအတွက် ဆေးရုံကြီးများသို့ ကျပ်သိန်း ၇၈၀ ကျော်ဖိုး လှူဒါန်းပြီးဖြစ်

အနုပညာရှင်များဖြစ်သော ဂျွန်လွင် (Stars & Models Agency)၊ မောင်မောင်အေး၊ မေခလာ၊ ရန်ကျော်၊ ဖြိုးပြည့်စုံ၊ ဂျူဝယ်နှင့် R ဇာနည်တို့ အပါအဝင် အနုပညာရှင်ပေါင်းများစွာ၊ ပြည်ပမှ အလှူရှင် Dr.Eris နှင့် ပြည်တွင်းမှ စေတနာရှင် ပြည်သူများဖြင့် ဖွဲ့စည်းထားသည့် "ပြည်သူနှင့်အတူလှူကြမယ်" အစီအစဉ်အနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ် ကုသရေးအတွက် စုစုပေါင်း အလှူငွေ ကျပ် ၁၁၅၈ သိန်းခန့် ရရှိထားသည့်အထဲမှ ကျပ် ၇၈၄ သိန်းကျော် တန်ဖိုးရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေး ပစ္စည်းများကို လိုအပ်သော ဆေးရုံများ၊ ကျန်းမာရေးဌာနများသို့ လှူဒါန်းထားပြီးဖြစ်ကြောင်း သိရသည်။

ပြည်သူနှင့်အတူလှူကြမယ် အစီအစဉ်ဖြင့် ရန်ကုန်ဆေးရုံကြီး ICU ဌာနသို့ Arterial Blood Gas Analyzer စက်ကိုလည်းကောင်း၊ အင်းစိန် ပြည်သူ့ဆေးရုံကြီးသို့ Videolaryngoscope စက်နှင့် ကိုဗစ်လူနာကို ကုသပေးသော ဆရာဝန်များအတွက် ဆေးကုသရာတွင် လိုအပ်သည့် အသုံးအဆောင်ပစ္စည်းများကိုလည်းကောင်း၊ ဝေဘာဂီဆေးရုံသို့ LG အဝတ်လျှော်စက် နှစ်လုံးနှင့် အခြားလိုအပ်သော ပစ္စည်းများကိုလည်းကောင်း၊ စစ်ကိုင်း စေတနာမွန်ဆေးရုံသို့ PPE ဝတ်စုံ ၅၀ နှင့် Surgical Gown ၂၀၀ ကိုလည်းကောင်း၊ နေပြည်တော် ပြည်သူ့ဆေးရုံကြီးနှင့် မန္တလေးဆေးရုံကြီးသို့ Laryngoscope စက်တစ်လုံးစီကိုလည်းကောင်း လှူဒါန်းထားပြီးဖြစ်ကြောင်း သိရသည်။

ထို့အပြင် မေ ၁၄ ရက်ကလည်း ရန်ကုန်မြို့ တောင်ဥက္ကလာပ အထူးကုဆေးရုံကြီးသို့ အသက်ရှူအထောက်အကူပြုကိရိယာ စက် (တန်ဖိုး ကျပ် ၂၄၆ သိန်းကျော်)၊ PPE ဝတ်စုံ ၆၇၀ နှင့် ဆက်စပ်ပစ္စည်းများ(တန်ဖိုး ကျပ်သိန်း ၁၅၀)၊ ကွန်ပျူတာနှင့် ပရင်တာ သုံးစုံ(တန်ဖိုး ကျပ် ၃၁ သိန်းကျော်)၊ စုစုပေါင်း တန်ဖိုး ကျပ် ၄၂၇ သိန်းကျော်တို့ကို Stars & Models International Agency မှ ကိုဂျွန်လွင် ဦးဆောင်သည့်အဖွဲ့က သွားရောက်လှူဒါန်းခဲ့ကြရာ အဆိုပါလှူဒါန်းမှု အပါအဝင် စုစုပေါင်း လှူဒါန်းပြီးသည့် တန်ဖိုးမှာ ကျပ် ၇၈၄၅၁၈၉၅ ဖြစ်ကြောင်း သိရသည်။ **ကိုလင်း**



တောင်ဥက္ကလာပဆေးရုံကြီးသို့ ကိုဗစ်-၁၉ ကုသရေးသုံးပစ္စည်းများ လှူဒါန်းစဉ်

## နိုင်ငံတကာအနုပညာသတင်းပဒေသာ

### အသက် ၃၂ နှစ်မှာ ကမ္ဘာ့နပန်းလောက ကနေ အနားယူလိုက်ရတာ စွန့်စားမှုကြီးဟု ဒွိန်းဂျွန်ဆင်ပြော

ဒွိန်းသည်ရော့ခ်ဂျွန်ဆင်ကတော့ ကမ္ဘာ့နပန်းဖျော်ဖြေရေးလောကမှာ စူပါစတားတစ်ဦးဖြစ်ခဲ့ပါတယ်။ သူဟာ ၂၀၀၄ခုနှစ်မှာ ရုပ်ရှင်ရိုက်ဖို့အတွက် နပန်းလောကကို စွန့်ခွာခဲ့ပါတယ်။

အခုအခါမှာတော့ ကမ္ဘာ့နပန်းဖျော်ဖြေရေးလောကကနေ စွန့်ခွာဖို့ ဆုံးဖြတ်ရတာ စွန့်စားမှုကြီးတစ်ရပ်ပါပဲဆိုပြီး သူက ပြောခဲ့ပါတယ်။ သူ့အလုပ်အကိုင်ပြောင်းလိုက်တာနဲ့ ပတ်သက်ပြီး ပြောပြရာမှာတော့ သူဟာ အသက် ၃၂ နှစ်မှာ ဟောလိဝုဒ်ရုပ်ရှင်လောကထဲကို ခြေချသင့်ပြီလို့ စဉ်းစားခဲ့ပါတယ်။

နပန်းလောကကနေ တိတ်တဆိတ် အနားယူသွားရင် ဒါဟာပရိသတ်တွေ လက်ခံဖို့ခက်ခဲမှာပဲ။ နပန်းလောကရဲ့ ပြင်ပမှာ အောင်မြင်မှုတွေ ဆက်ရှိနေမယ်ဆိုရင်တော့ ဒါဟာကျွန်တော့်ရဲ့တကယ်ရည်မှန်းချက်ပဲလို့ သည်ရော့ခ်က ပြောခဲ့ပါတယ်။

သည်ရော့ခ်ကတော့ WWE လို့ခေါ်တဲ့ ကမ္ဘာ့နပန်းဖျော်ဖြေရေး ကုမ္ပဏီကို တစ်ခါတလေ ပြန်သွားလေ့ရှိပြီး နပန်းလောကထဲကို သူပြန်လာချင်တဲ့အကြောင်းလည်း ပြောပါတယ်။ ဒီတစ်ကြိမ်မှာတော့သူဟာ WWE က ကစားသမားတွေနဲ့ ကုမ္ပဏီအတွက် အကျိုးအမြတ် ကြီးကြီးမားမားရရှိအောင် စွမ်းဆောင်ပေးနိုင်လိမ့်မယ်လို့ ပြောကြားခဲ့ပါတယ်။ **ဟောလိဝုဒ်လိုက်ဖ် ဒေါ့ကွန်း**



ဟောလိဝုဒ်အက်ရှင်မင်းသား ဒွိန်းဂျွန်ဆင်

### ဂေါ်ရီလာ ဥယျာဉ်ထိန်းသိမ်းရေးတွင် လီယိုနာဒိုဒီကာပရီယို ကူညီထောက်ပံ့မည်

အာဖရိကရဲ့သက်တမ်းအရင့်ဆုံး သဘာဝဥယျာဉ်ကြီး ထိန်းသိမ်းစောင့်ရှောက်ရေးလှုပ်ရှားမှုမှာ ဟောလိဝုဒ် နာမည်ကျော် မင်းသားလီယိုနာဒိုလည်း ပါဝင်မယ်လို့ သိရပါတယ်။

ဒီအာကွန်ဂိုနိုင်ငံမှာရှိတဲ့ ဗီရန်ဂါအမျိုးသားဥယျာဉ်ဟာ ခရီးသွားတွေကို အထူးဆွဲဆောင်တဲ့ နေရာတစ်ခုဖြစ်ပြီး ဂေါ်ရီလာမျောက်ဝံကြီးတွေရှိတာကြောင့်လည်း နာမည်ကြီးပါတယ်။ ဧပြီ ၁၂ ရက်က ဥယျာဉ်အတွင်း တိုက်ခိုက်ခံရမှုကြောင့် ဝန်ထမ်း ၁၂ ဦး သေဆုံးခဲ့ရပါတယ်။

ရဝမ်ဒါ သူပုန်အုပ်စုရဲ့ လက်ချက်ကြောင့်လို့ ယူဆရပါတယ်။ အခုအခါမှာတော့ လီယိုနာဒိုဟာ အဲဒီဥယျာဉ်ကြီးအတွက် ရန်ပုံငွေ အသစ်ထည့်ဝင်ပေးခဲ့ပါတယ်။ လီယိုနာဒိုပူးတွဲတည်ထောင်ထားတဲ့ Earth Alliance သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ဟာ အမေရိကန်ဒေါ်လာနှစ်သန်းကို ဥယျာဉ်ထိန်းသိမ်းရေးရန်ပုံငွေအဖြစ်ထည့်ဝင် လှူဒါန်းခဲ့ပါတယ်။

အဲဒီဥယျာဉ်ကြီးဟာ ယူနက်စကိုရဲ့ ထိန်းသိမ်းရေးနယ်မြေအဖြစ် အသိအမှတ်ပြုခံထားရတဲ့နယ်မြေဖြစ်ပြီး ကမ္ဘာပေါ်မှာ ဇီဝမျိုးကွဲတွေ အများဆုံးနေထိုင်ရာနေရာလည်း ဖြစ်ပါတယ်။ **ဘရိုက်တီဒေါ့ကွန်း**



ဟောလိဝုဒ်မင်းသား လီယိုနာဒိုဒီကာပရီယို

## ဥပဒေအတွေး ရေးပါရစေ အပိုင်း(၂၂၀)

# အိမ်မှာနေရင်း ဥပဒေအတွေးတွေးစို့



### ဦးဟန်ညွန့် (ဥပဒေ)

**မောင်ပျင်းရိ၏မေးခွန်း**

"အိမ်မှာနေ (Stay Home) ရတာ ပျင်းလှပြီ ဆရာကြီး။ ရှေ့နေအလုပ်ခန်း မဆင်းရတာလည်း ကြာပြီ။ တရားရုံးတွေ မရောက်တာလည်းကြာပြီ။ ဆရာကြီးရေးတဲ့ ဥပဒေအတွေးရေးပါရစေ ဆောင်းပါးတွေပဲ ဖတ်နေရတယ်။ အိမ်မှာနေရင်း ဘယ်လိုအကျိုးရှိအောင် လုပ်ရမှာလဲ။ ကျွန်တော်တော့ အတော်အိပ်ရေးဝနေပါပြီ" ဟု အလုပ်သင်ရှေ့နေ မောင်ပျင်းရိက ပျင်းပျင်းနှင့် မေးခွန်းထုတ်ပါသည်။ သူ့မေးခွန်းက အတော်ပညာပါသည်ဟု ဆိုရမလိုပါ။ သူကပျင်းရိပေမယ့် အကွက်မြင်သူ အလုပ်သင်ရှေ့နေတစ်ဦးဟု ကျွန်တော် သတိပြုနေရသူတစ်ဦး ဖြစ်ပါသည်။

**အိမ်မှာနေရင်းအကျိုးရှိအောင်**

အိမ်မှာနေရင်း အကျိုးရှိအောင် ဘာလုပ်မည်လဲ။ မိမိကဘာတာဝန်ရှိသူလဲ။ ရှေ့နေလား။ တရားသူကြီးလား။ ဆရာဝန်လား။ အင်ဂျင်နီယာလား။ ကိုယ်တာဝန်ထမ်းဆောင်ရတဲ့ အလုပ်တာဝန်ပေါ်မှာမူတည်ပြီး အကျိုးရှိအောင် ထမ်းဆောင်သင့်သည်ဟု ကျွန်တော်အကြံပေးပါရစေ။

**ရှေ့နေတစ်ဦး**

ဆိုကြပါစို့။ ကျွန်တော်က ရှေ့နေတစ်ဦးဖြစ်သည်။ ရှေ့နေတစ်ဦးဖြစ်၍ ရှေ့နေအလုပ်ကို လုပ်ကြရမှာပဲ။ စာဖတ်ရမည်။ အမှုတွဲလေ့လာရမည်။ အဓိကအလုပ်ဖြစ်သည်။ ရုံးမှာအလုပ်တွေများ၍ (အားလပ်သည့်အချိန်) ရတဲ့အခါကျမှ လုပ်မည်ဟု ကြုံးဝါးထားခဲ့သော ကိစ္စရှိမည်။ [**နောင်မှအချိန်ရရင်ရသလို ကြိုးစားလုပ်ရမည်**] ဟု တေးမှတ်ထားသည့် အလုပ်မျိုး ရှိကောင်းရှိမည်။ အခါအခွင့်သင့်ပြီးရလာသည့် အိမ်မှာနေ (Stay Home) အခွင့်အရေး ယခုရပါပြီ။

**အမှုစာရင်း**

မိမိလိုက်ပါသော စာမူ မည်မျှရှိပါသလဲ။ စာရင်းချပြီး ရေးပါ။ ရုံးခန်းမှာလုပ်မည်ဟု တေးမှတ်ထားခဲ့ပြီး ကျန်နေသော အလုပ်ကြွေးများရှိပါသလား။ အချိန်ရလျှင် သေသေချာချာလုပ်မည်ဟု ရည်ရွယ်မှတ်စုတစ်ခုခု ရှိပါသလား။ စီရင်ထုံးအညွှန်း ရှာမည်ဟု မှတ်သားချက်ရှိပါသလား။ မေ့နေသော စာမျက်နှာ၊ သက္ကရာဇ်ခုနှစ်၊ အညွှန်း၊ မှတ်စု တစ်ခုခုကျန်နေပါသလား။

**ရှေ့နေတစ်ဦး၏ဂုဏ်ရည်**

ရှေ့နေတစ်ဦး၏ ဂုဏ်ရည်မှာ "စာဖတ်ခြင်းဖြစ်ပါသည်။ စာဖတ်ပျင်းသော ရှေ့နေသည် ကြာရှည်မခံပါ။ ရေရှည်ဥပဒေတိုက်ပွဲတွင် အရှုံးနှင့်ရင်ဆိုင်ရပါမည်။ အချိန်မရ၍၊ အလုပ်ရှုပ်၍၊ ရုံးချိန်းတွေ ဂရုစိုက်နေရ၍ ဥပဒေစာအုပ်စင်နှင့် ဝေးကွာခဲ့သည်များ ရှိတတ်ပါသည်။ ဥပဒေစာအုပ် မကိုးကားဘဲ၊ မရည်ညွှန်းဘဲ၊ အလွယ်လုပ်ခဲ့သည်များ ရှိတတ်ပါသည်။ ကိုယ်သိပြီး၊ ဖတ်ပြီးသားတွေပါကွာ။ အလွတ်ရနေတာပဲ ဟူသော ဘဝင်စိတ်ရှိတတ်ပါသည်။ ထိုအချိန်၊ ထိုကာလ၊ ထိုရက်များအတွက် အစားထိုး၊ ပေးဆပ်ရမည့်အချိန် (သင့်ရှေ့တွင်) ရောက်နေပေပြီ။ Stay Home (အိမ်မှာနေ) သည့်ရက်များက သင့်အား အလုပ်လုပ်ဖို့ ကြိုဆိုနေပါပြီ။ စိတ်ကြိုက် လေ့လာနိုင်ပါပြီ။ စိတ်ကြိုက် စာဖတ်နိုင်ပါပြီ။ စိတ်ကြိုက် (ကျန်ရှိသောအကြွေး) အကြွေးဆပ်နိုင်ပါပြီ။ [ရုံးခန်းမှာလာသမျှ ညှော်သည်တွေနှင့် ညှော်ခံစကားပြောနေခဲ့ရ၍] ဟု အကြောင်းပြပြီး သင်မဖတ်ခဲ့သော ဥပဒေစာအုပ်၊ စာမျက်နှာများက ယခုစောင့်ကြိုနေပါပြီ။ အလုပ်အကြွေး များဆပ်ချိန် ရနေပါပြီ။ အိမ်တွင်းမိသားစု ဥပဒေစာအုပ်စင်တွင် သင်မဖတ်ရ သေးသော ဥပဒေစာအုပ်များ များစွာကျန်နေပါသေးသည်။ တစ်နေ့အားလပ်ချိန် ရလျှင် ဖတ်မည်ဟု တေးမှတ်ထားခဲ့သော ဥပဒေစာအုပ်တွေက သင့်ကိုကြိုဆိုနေပါပြီ။

**ပျင်းရိသူများ**

အလုပ်သင်ရှေ့နေ မောင်ပျင်းရိကဲ့သို့ ပျင်းရိသူများ ရှိနိုင်ပါသည်။ နေ့စဉ်အလုပ်လုပ်နေကျသူတိုင်း ကိုယ်လုပ်ဆောင်မြဲအလုပ်ကို ကိုယ်တန်ဖိုးမထားတတ်ကြပါ။ ငြီးငွေ့သည့်သဘောဖြစ်တတ်သည်မှာ သဘာဝပါပဲ။ သို့သော် လုပ်အားတန်ဖိုး ချစ်မြတ်နိုးကြရမည်သာ ဖြစ်ပါသည်။ ပျင်းနေ၍ အလုပ်မဖြစ်။ လုပ်သင့်တာလုပ်၊ အချိန်မဖြုန်းနှင့်။ မိမိ၏အမှုသည်များအပေါ် သစ္စာထား၊ တာဝန်ကျေပွန်ရမည် မဟုတ်လား။ တရားရုံးများအပေါ်တာဝန်ကျေအောင် ထမ်းဆောင်ရမည် မဟုတ်ပါလား။ စာဖတ်ပျင်းသောရှေ့နေမဖြစ်ဖို့၊ ရှေ့နေဂုဏ်ရည်တိုးတက်ဖို့ ကျွန်တော်တို့ တာဝန်မဟုတ်ပါလား။

**ရုံးချိန်း**

ဤနေရာတွင် အရေးကြီးသောအလုပ်တစ်ခုကို သတိရသည်။ အခြားမဟုတ်။ ရုံးချိန်းယူခဲ့သော အမှုတချို့ကို နေ့စဉ်မှတ်တမ်း (Diary) တွင် ပြန်ဖတ်ကြည့်တော့ တွေ့ရသည်။ နေမကောင်း၍၊ ရိုးရိုးသားသား ရုံးချိန်းတောင်းခဲ့သည်များ ရှိသလို၊ မိမိဘက်က အဆင်သင့်မဖြစ်၍ ရက်ချိန်း၊ ရုံးချိန်းတောင်းခဲ့သည်များ ရှိသည်။ ကိုယ်သာ အသိဆုံး။ တစ်ဖက် ရှေ့နေက သိမည်မထင်။ တရားသူကြီးပင်လျှင် သိမည်မထင်။ ကိုယ်အခွင့်အရေးယူတာ ကိုယ်သာသိသည်။ သည်တစ်ခေါက် ရုံးပြန်တက်လျှင် ရုံးချိန်းမတောင်းမိဖို့ အရေးကြီးလှသည်။ အဆင်သင့်ဖြစ်နေရမည်။ Stay Home ကာလမှာ ပြင်ဆင်ခဲ့ပြီးပြီ။ ဖတ်ခဲ့ပြီးပြီ။ စာချောပြီးပြီ။

**ရုံးအရာရှိ**

ရှေ့နေကြီးများသည် ရုံးအရာရှိဖြစ်သည်။ အမှန်တရား၏ အကျိုးဆောင်ဖြစ်သည်။ သက်သေများ မှန်ကန်စွာထွက်ဆိုအောင်၊ အမှားအယွင်း မဖြစ်စေရအောင် ကူညီရမည်။ သက်သေလိမ်၊ အမှုလိမ်များဖြင့် ရှေ့နေတစ်ဦး၏ ကျင့်ဝတ်သိက္ခာ မကျဆင်းသင့်ပါ။ မိမိ၏ ဂုဏ်သတင်းကောင်းမွန်အောင် အလေးအနက်သတိထားသင့်ပါသည်။ မိမိ၏ အမှား၊ မိမိ၏တာဝန် ပျက်ယွင်းမှုများအတွက် သတိတရားထားကာ နောင်တရသင့်သည်များ ရသင့်ပါပြီ။ မိမိတို့ဘဝတူချင်း၊ ရှေ့နေအချင်းချင်းအပေါ်တွင် သစ္စာတရားထား၍ ညီအစ်ကိုရှေ့နေများအဖြစ် ရှေ့ဆက်ရမည့်ခရီးသို့ ချီတက်သင့်ပါသည်။ ယခုလို Stay Home (အိမ်မှာနေ) ကာလတွင် စဉ်းစားသုံးသပ်ချိန်၊ ပြင်ဆင်ချိန်၊ ညှိနှိုင်းချိန်များရရှိပါကြောင်း အလုပ်သင်ရှေ့နေမောင်ပျင်းရိ၏ မေးခွန်းကို ဖြေကြားအပ်ပါသည်။

**သိက္ခာရှိစွာနှင့် တည့်မတ်မှန်ကန်စွာ**

အေးအေးဆေးဆေးရက်ရှည်ကာလ ပြန်လည်သုံးသပ်တွေးခေါ်စဉ်းစားနိုင်သော Stay Home (အိမ်မှာနေ) ကာလတွင် မိမိကိုယ်ကို ပြန်လည်သုံးသပ်သင့်သော ကာလဖြစ်ပါသည်။ သိက္ခာရှိစွာနှင့် တည့်မတ်မှန်ကန်စွာဆောင်ရွက်ခဲ့သော ရှေ့နေလုပ်ငန်းများအပေါ်တစ်မှုချင်း၊ တစ်ရုံးချင်း၊ စိတ်ရှည်စွာသုံးသပ်နိုင်သော အခွင့်အရေးရရှိပါသည်။ ဂုဏ်သတင်းပျံ့သင်းသော ရှေ့နေတစ်ဦး၏ဘဝတွင် အမှားအမှန်ပြန်လည်သုံးသပ်ခြင်းဖြင့် ရှေ့နေအောင်မြင်မှုများ ထပ်တလဲလဲရရှိမည် ဧကန်ဖြစ်ပါသည်။

> **"မိမိတို့ ဘဝတူချင်း၊ ရှေ့နေအချင်းချင်းအပေါ်တွင် သစ္စာတရားထား၍ ညီအစ်ကို ရှေ့နေများအဖြစ် ရှေ့ဆက်ရမည့်ခရီးသို့ ချီတက်သင့်ပါသည်။ ယခုလို Stay Home (အိမ်မှာနေ) ကာလတွင် စဉ်းစား သုံးသပ်ချိန်၊ ပြင်ဆင်ချိန်၊ ညှိနှိုင်းချိန်များရရှိ"**

**ကိုယ်ကျင့်တရား**

အသိတရားနှင့်ယှဉ်၍ ထားရှိသင့်သော ကိုယ်ကျင့်တရားမှာရှေ့နေတစ်ဦးအတွက် အထူးလိုအပ်ကြောင်း ရေးပြစရာလိုမည် မထင်ပါ။ စီရင်ထုံးများစွာကို ဖတ်ရှုဖူးသောရှေ့နေတိုင်း ကိုယ်ကျင့်တရားနှင့်သက်ဆိုင်သော [၁၉၉၆၊ မြန်မာနိုင်ငံ စီရင်ထုံး၊ စာ-၃၁] စီရင်ထုံးကိုသတိမူ သိရှိကြပြီးဖြစ်ပါမည်။ မွန်မြတ်သော အသက်မွေးဝမ်းကျောင်းပြုသူ အသိပညာရှင်ကြီးများမှာ ရှေ့နေကြီးများပင် ဖြစ်ပါသည်။

အလုပ်သင်ရှေ့နေမောင်ပျင်းရိအပါအဝင် ကျွန်တော်တို့ရုံးခန်းမှ ရှေ့နေများကိုယ်ကျင့်တရားကောင်းမွန်ရေး ပိုမိုအလေးပေး ဆောင်ရွက်ကြပါမည်။ တစ်ဦးနှင့်တစ်ဦးအားနည်းချက်များ ပြုပြင်၊ ဝေဖန်ထောက်ရှု၍ ဆွေးနွေးညှိနှိုင်းကြပါမည်။ ရှေ့နေလောကတိုးတက်အောင်မြင်ရေး အတွေးအခေါ်များတောက်ပြောင်စေပြီး ရှေ့သို့ခရီးကို မျှော်မှန်းထမ်းဆောင်ကြရပါမည်။

**ကျန်းမာရေးဆိုင်ရာဥပဒေများ**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဦးဆောင်၍ ကိုဗစ်- ၁၉ ကာလ၌ ကျန်းမာရေးအသိဗဟုသုတ ကျန်းမာရေးဆိုင်ရာဥပဒေများကို အသိပေး ထုတ်ပြန်ပေးနေပါသည်။ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်ညွှန်ကြားချက်များကိုလည်း ဒေသဆိုင်ရာအာဏာပိုင်များက ထုတ်ပြန်ပေးလျက်ရှိပါသည်။

**သတင်းမီဒီယာများ**

သတင်းမီဒီယာများကလည်း ကျန်းမာရေးဆိုင်ရာ ဗဟုသုတများကို အလျဉ်းသင့်သလို တင်ပြပေးခြင်း၊ ထုတ်ပြန်ခြင်း၊ ရုပ်မြင်သံကြား၊ ရေဒီယိုများမှလည်း ဗဟုသုတအဖြာဖြာထုတ်ပြန်ပေးခြင်း ဆောင်ရွက်လျက်ရှိပါသည်။ အိမ်မှာနေရင်းဖြင့်ပင် ပြင်ပသို့မထွက်ရဘဲ ဗဟုသုတရရှိနိုင်ကြပါသည်။ ခေတ်မီတိုးတက်သော Online နည်းစနစ်များဖြင့် ဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်း၊ ပညာပေးခြင်း၊ စည်းဝေးခြင်းများလည်း ပြုလုပ်လျက်ရှိပါသည်။

**ဘက်နှစ်ဘက်အမြင်**

ကိုဗစ်- ၁၉ ကာလတွင် အပြင်မထွက်ရဘဲ အိမ်မှာနေ (Stay Home) ရသဖြင့် ဘက်နှစ်ဘက်အမြင်ဖြင့် တင်ပြရလျှင်-

၁။ ပြင်ပမထွက်ရ၍ ဆုံးရှုံးမှုရှိသည်ဟူသော အမြင်

၂။ အိမ်မှာနေရ၍ (အိမ်ထဲမှာနေရ၍) ပိုမိုအကျိုးရှိရှိ လေ့လာဆည်းပူးဖတ်ရှု၊ အချိန်ကို တန်ဖိုးရှိအောင် ပို၍အသုံးချနိုင် သည်ဟူသော အမြင်ရှိနေပေသည်။

**စေတနာ**

ဆောင်းပါးအစတွင် မောင်ပျင်းရိ မေးခွန်းထုတ်သလို ကျွန်တော်တော့ အတော်အိပ်ရေးဝနေပါပြီဟု ပြောကြားချက်အပေါ် တွေးခေါ်စဉ်းစားမိသော ကျွန်တော်၏ စေတနာဥပဒေအတွေးမျှသာပါ... ။ ။

၂၀၂၀ ပြည့်နှစ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပတော့မည်ဖြစ်ရာ အဆိုပါရွေးကောက်ပွဲကြီးနှင့် ပတ်သက်၍ ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။

(စာတည်းအဖွဲ့)

# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ (၂၀) ရွေးကောက်ပွဲနှင့်လွှတ်တော်များ၊ အစိုးရအဖွဲ့များ၏ သက်တမ်းများ



မောင်စာဂ

မြန်မာနိုင်ငံ အပါအဝင် ကမ္ဘာတစ်ဝန်းလုံးတွင် ကိုဗစ်-၁၉ ရောဂါကပ်ဆိုးကြီး ကူးစက်ခံနေရသော အချိန်အခါဖြစ်သည်။ ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကြီးကလည်း ရှိနေသည်။ ဤ ကိုဗစ်-၁၉ ရောဂါကပ်ဆိုးကြီးကြောင့် ပုံမှန်အနေအထားအတိုင်း နိုဝင်ဘာလထဲတွင် ရွေးကောက်ပွဲကြီး ကျင်းပနိုင်ပါမည်လား။ လွှတ်တော်များ၏ သက်တမ်း၊ အစိုးရအဖွဲ့များ၏သက်တမ်း မည်သို့သတ်မှတ်ထားသနည်း။ သိလိုကြသည်။ မေးမြန်းလာကြသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ကိုးကား၍ အနှစ်ချုပ် မျှဝေပါရစေ။

**လွှတ်တော်များ၏ သက်တမ်း**

လွှတ်တော်များဟုဆိုရာတွင် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များကို ဆိုလိုပါသည်။ ပြည်သူ့လွှတ်တော် သက်တမ်းသည် ယင်းလွှတ်တော်၏ ပထမအကြိမ် အစည်းအဝေးစတင်ကျင်းပသည့် နေ့ရက်မှစ၍ ငါးနှစ်ဖြစ်သည်။ အမျိုးသားလွှတ်တော်၏ သက်တမ်းသည် ပြည်သူ့လွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်။ ပြည်သူ့လွှတ်တော်၏ သက်တမ်းကုန်ဆုံးသောနေ့တွင် အမျိုးသားလွှတ်တော်၏ သက်တမ်းသည်လည်း ကုန်ဆုံးသည်။ ပြည်ထောင်စုလွှတ်တော်သည်လည်း ရှိမည်မဟုတ်တော့ပါ။ **[ပုဒ်မ ၁၁၉/၁၅၁]**

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များ၏သက်တမ်းသည်လည်း ပြည်သူ့လွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်။ ပြည်သူ့လွှတ်တော် သက်တမ်းကုန်ဆုံးသည့်နေ့တွင် ယင်းတို့၏ သက်တမ်းသည်လည်း ကုန်ဆုံးသည်။ **[ပုဒ်မ ၁၆၈]**

**ပြည်သူ့လွှတ်တော်အစည်းအဝေး စတင်ကျင်းပခြင်း**

ပထမအကြိမ် လွှတ်တော်သက်တမ်းကာလတွင် ပြည်သူ့လွှတ်တော်၏ ပထမအကြိမ်အစည်းအဝေးကို ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့တွင် စတင်ကျင်းပခဲ့သည်။ ယင်းနေ့ရက်မှစ၍ ငါးနှစ်ပြည့်သည့်နေ့တွင် ပြည်သူ့လွှတ်တော်သက်တမ်းကုန်ဆုံးပြီး ကျန်ရှိသောလွှတ်တော်များ၏သက်တမ်းသည်လည်း ကုန်ဆုံးသည်။ ဒုတိယအကြိမ် လွှတ်တော်သက်တမ်းကာလတွင် ပြည်သူ့လွှတ်တော်ပထမအကြိမ် ပုံမှန်အစည်းအဝေးကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် စတင်ကျင်းပခဲ့သည်ဖြစ်၍ ယင်းနေ့ရက်မှစ၍ ငါးနှစ်ပြည့်သည့် နေ့ရက်တွင် ပြည်သူ့လွှတ်တော်၏ သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။ ပြည်သူ့လွှတ်တော်၏ သက်တမ်းကုန်ဆုံးလျှင် ကျန်ရှိသော လွှတ်တော်များ၏ သက်တမ်းသည်လည်း ကုန်ဆုံးပါမည်။

**လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၏ တာဝန်ထမ်းဆောင်မှု**

လွှတ်တော်များ၏သက်တမ်း ကုန်ဆုံးသွားသော်လည်း လွှတ်တော်အသီးသီး၏ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၏ တာဝန်ထမ်းဆောင်မှုမှာ ရပ်စဲသွားခြင်းမရှိပါ။ လွှတ်တော်အသီးသီး၏ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့သည် နောက်တစ်ကြိမ် လွှတ်တော်သက်တမ်း ပထမအစည်းအဝေး စတင်မကျင်းပမီအချိန်အထိ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့၏တာဝန်ကို ဆက်လက်ထမ်းဆောင်ကြရသည်။ လွှတ်တော်တစ်ခုနှင့်တစ်ခု ချိတ်ဆက်မိစေရန်ဖြစ်သည်။ **[ပုဒ်မ ၁၁၃ (က)၊ ၁၄၅၊ ၁၆၅]**

**အစိုးရအဖွဲ့များ၏ သက်တမ်း**

အစိုးရအဖွဲ့များဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပြည်နယ်အစိုးရအဖွဲ့များကို ဆိုလိုပါသည်။ ပြည်ထောင်စုအစိုးရအဖွဲ့ကို နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုရှေ့နေချုပ်တို့ပါဝင်၍ ဖွဲ့စည်းသည်။ တိုင်းဒေသကြီးအစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်တို့ဖြင့် ဖွဲ့စည်းသည်။ **[ပုဒ်မ ၂၀၀၊ ၂၄၈ (ခ) ]**

နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတတို့၏ ရာထူးသက်တမ်းသည် ငါးနှစ်ဖြစ်သည်။ ယင်းရာထူးသက်တမ်းကုန်ဆုံးသည့်အခါ နိုင်ငံတော်သမ္မတအသစ်

> **“ ရွေးကောက်ပွဲ ကျင်းပခြင်းသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အဓိကပင်မ တာဝန်ကြီးတစ်ရပ်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်ကြောင့်၊ နယ်မြေလုံခြုံရေးအခြေအနေကြောင့် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပနိုင်ခြင်း မရှိသည့် မဲဆန္ဒနယ်အားလုံး၏ ရွေးကောက်ပွဲကို ဖြစ်စေ၊ အချို့ကိုဖြစ်စေ ရွှေ့ဆိုင်းခြင်းပြုနိုင်”**

ရွေးချယ်တင်မြှောက်ပြီးသည့် အချိန်အထိ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် မိမိတို့၏လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်ရသည်။ **[ ပုဒ်မ ၆၁(က)၊ (ခ)]** ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုရှေ့နေချုပ်တို့၏ ရာထူးသက်တမ်းများသည် လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၏ ရာထူးသက်တမ်းသည်လည်းကောင်း သာမန်အားဖြင့် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်းပင်ဖြစ်သည်။ **[ပုဒ်မ ၂၃၅ (က) ၊ ၂၄၀ (က)၊ ၂၆၂ (ဍ)]**

**ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၏ ရာထူးသက်တမ်း**

ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြပါရှိသည့် ပြည်ထောင်စုအဖွဲ့အစည်းများနှင့် စပ်လျဉ်း၍ - ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၏ ရာထူးသက်တမ်း သတ်မှတ်ချက်များကို အသက်ဖြင့် သတ်မှတ်သည်။ အသက် ၇၀ နှစ်ပြည့်သည်အထိ တာဝန်ထမ်းဆောင်ခွင့်ရှိသည်။ [ ပုဒ်မ ၃၀၃ ]

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ သက်တမ်းသည် ပြည်ထောင်စုလွှတ်တော်၏ သက်တမ်းနှင့်အညီ ငါးနှစ်ဖြစ်သည်။ သို့ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အသစ်ဖွဲ့စည်းပြီးသည့်အချိန်အထိ မိမိ၏လုပ်ငန်းတာဝန်များကို ဆက်လက်တာဝန်ထမ်းဆောင်ရသည်။ **[ ပုဒ်မ ၃၃၅ ]**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ ရာထူးသက်တမ်းကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်သတ်မှတ်ပေးထားခြင်း မရှိပါ။ သို့ရာတွင် ၂၀၁၂ ခုနှစ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၆ အရ နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်းဖြစ်သည်။ သို့ရာတွင် သက်တမ်းကုန်ဆုံးပြီးဖြစ်သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတက ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အသစ်တစ်ရပ် ဖွဲ့စည်းပြီးသည့်အချိန်အထိ မိမိ၏လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်ရသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် နေပြည်တော်ကောင်စီတို့၏ သက်တမ်းသည်လည်း သာမန်အားဖြင့် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်းဖြစ်သော်လည်း ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ နိုင်ငံတော်သမ္မတက ပြန်လည်၍ အသစ်ဖွဲ့စည်းပြီးသည့်အချိန်အထိ မိမိတို့၏ လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်ကြရသည်။ **[ပုဒ်မ ၂၄၅ (က)၊ ၂၄၆ (င) ၊ ၂၈၆ (က) (၁) ]**

**နှိုင်းယှဉ်လေ့လာချက်**

လွှတ်တော်များ၏ သက်တမ်းကိုလည်း ငါးနှစ်သတ်မှတ်ထားသည်။ အစိုးရအဖွဲ့များနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၏ သက်တမ်းကိုလည်း ငါးနှစ်သတ်မှတ်ထားသည်။ ငါးနှစ်သက်တမ်း သတ်မှတ်ထားခြင်းတူညီသော်လည်း သက်တမ်းကုန်ဆုံးမှုပုံစံများ တူညီခြင်းမရှိပါ။ လွှတ်တော်များသည် သက်တမ်းငါးနှစ်ပြည့်သည်နှင့် ကုန်ဆုံးသွားသည်။ သို့သော် လွှတ်တော်များ၏ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၏ တာဝန်ထမ်းဆောင်မှု ရပ်စဲမသွားပါ။

အစိုးရအဖွဲ့အစည်းများကမူ သက်တမ်းငါးနှစ်ပြည့်သော်လည်း ကုန်ဆုံးခြင်းမရှိပါ။ ပြည်ထောင်စုအစိုးရအဖွဲ့အကြီးအကဲ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် နိုင်ငံတော်သမ္မတအသစ်နှင့် ဒုတိယသမ္မတအသစ်များ ရွေးချယ်ပြီးသည့်အချိန်ကာလအထိ ၎င်းတို့၏တာဝန်များကို ဆက်လက်ထမ်းဆောင်ကြရမည်။ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များသည်လည်း နိုင်ငံတော်သမ္မတ၏ သက်တမ်းအတိုင်းဖြစ်ပြီး နောက်ထပ် ပြည်ထောင်စုဝန်ကြီးအသစ်များ၊ ပြည်ထောင်စုရှေ့နေချုပ်အသစ်တို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရွေးချယ်ခန့်အပ်ပြီးသည်အထိ ၎င်းတို့၏ တာဝန်များကို ဆက်လက်ထမ်းဆောင်ကြရမည်။

ထိုနည်းတူစွာ တိုင်းဒေသကြီးအစိုးရ သို့မဟုတ် ပြည်နယ်အစိုးရများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများဖြစ်သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် နေပြည်တော်ကောင်စီတို့သည်လည်း နိုင်ငံတော်သမ္မတက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြန်လည်ဖွဲ့စည်းပြီးသည့်အချိန်အထိ ၎င်းတို့၏ လုပ်ငန်းတာဝန်များကို ဆက်လက်ဆောင်ရွက်နေကြရပါမည်။

**အကြားအလပ်မရှိရဟူသောမူ**

နိုင်ငံတော်၏အစိုးရတစ်ရပ်နှင့်တစ်ရပ် တစ်ဆက်တစ်စပ်တည်း အကြားအလပ်မရှိ ဖြစ်တည်နေရမည်ဆိုသည်မှာ နိုင်ငံတကာ အခြေခံကျင့်စဉ်မူတစ်ရပ်ဖြစ်သည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများ၏ သက်တမ်းသတ်မှတ်ချက်နှင့် သက်တမ်းကုန်ဆုံးခြင်းတို့ကို နိုင်ငံတကာအခြေခံကျင့်စဉ်မူနှင့်အညီ သတ်မှတ်ပြဋ္ဌာန်းပေးထားခြင်းဖြစ်သည်။ ဤအခြေခံကျင့်စဉ်မူနှင့်အညီ ဖြစ်စေရေးအတွက် ရွေးကောက်ပွဲများ ကျင်းပခြင်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ကြသည်။

**အဓိကပင်မ တာဝန်**

ရွေးကောက်ပွဲကျင်းပခြင်းသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အဓိကပင်မတာဝန်ကြီးတစ်ရပ် ဖြစ်သည်။ သဘာဝဘေးအန္တရာယ်ကြောင့်၊ နယ်မြေလုံခြုံရေးအခြေအနေကြောင့် လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲများ ကျင်းပနိုင်ခြင်းမရှိသည့် မဲဆန္ဒနယ်အားလုံး၏ ရွေးကောက်ပွဲကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ ရွှေ့ဆိုင်းခြင်းပြုနိုင်သည်။ **[ပုဒ်မ ၃၉၉ (င)]**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို ပုံမှန်အနေအထားအရဆိုလျှင် ပုံမှန်ကျင်းပလေ့ရှိခဲ့သည့် နိုဝင်ဘာလအတွင်း ကျင်းပပေးရမည်ဖြစ်သည်။ သို့ရာတွင် ယခုလက်ရှိအနေအထားသည် ပုံမှန်အနေအထားမျိုးတွင်မရှိ။ ကိုဗစ်-၁၉ ဘေးအန္တရာယ်ရောဂါကပ်ဆိုးနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။ မည်သည့်အချိန်မည်သည့်ကာလတွင် ပြီးဆုံးသွားမည်ဟု တပ်အပ်သေချာ ခန့်မှန်းတွက်ချက်နိုင်ခြင်း ပြုနိုင်မည်မဟုတ်ပါ။

အကယ်၍များ ကိုဗစ်-၁၉ ရောဂါအန္တရာယ်ကြောင့် အထွေထွေရွေးကောက်ပွဲကြီးကို ပုံမှန်ကျင်းပနေကျအတိုင်း မကျင်းပနိုင်ခဲ့သော်၊ ကိုဗစ်-၁၉ ကာလရှည်ကြာခဲ့သော် မည်သို့ပင်ဖြစ်စေ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကြီး ကျင်းပပြုလုပ်ပေးနိုင်သည့် အချိန်ကာလသို့ ရောက်ရှိသည်နှင့် တစ်ပြိုင်နက် ဥပဒေနှင့်အညီ ရွေးကောက်ပွဲကြီး ကျင်းပနိုင်ရေးအတွက် အစဉ်သတိချပ်လျက် ပြည့်စုံခိုင်မာသည့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်နေကြရမည်သာ ဖြစ်ကြောင်းပါဗျာ။

- **ကိုဗစ် -၁၉ ဘေးအန္တရာယ်ကပ်ဆိုးရောဂါ အလျင်အမြန် အဆုံးသတ်နိုင်ပါစေ၊**
- **၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ ပုံမှန် ကျင်းပနိုင်ပါစေ၊**
- **လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲ ဖြစ်ပါစေ။ ။**

# အမှန်တရား၏ အခြားမဲ့၌


**နေလင်းဦး**

သရေခေတ္တရာပြည်ကြီးဟာ ဆန်ကောတစ်ချပ်ကြောင့် ပျက်ရတယ်လို့ ငယ်ငယ်က အိပ်ရာဝင်ပုံပြင်အနေနဲ့ မှတ်သားခဲ့ဖူးပါတယ်။ ဆန်ကော လေနဲ့လွင့်သွားတာကို ငှါးဆန်ကောဆိုပြီး နောက်ကလိုက်ဖမ်းရာက အရပ်တစ်ပါးက နန်းစောတပ်တွေ ဝင်လာတိုက်တယ် ထင်ယောင်မှားပြီး တစ်ယောက်ကစလို့ အများပြေးကြလွှားကြရင်း ပြည်ပျက်ကိန်းဆိုက်ခဲ့တာပါပဲ။

## သိမှုဘက်လိုက်ခြင်း

ဒီပုံပြင်ဟာ သမိုင်းတန်ဖိုးမရှိတဲ့ ပါးစပ်ရာဇဝင်သက်သက်ဖြစ်ပေမယ့် လေ့လာမှတ်သားစရာ သင်ခန်းစာကတော့ရှိနေပါတယ်။ သတင်းမှားဆိုတာ ယုံချင်စရာကောင်းပြီး ပျံ့နှံ့လွယ်တယ်။ အကြောင်းကတော့ ကြားသမျှ၊ မြင်သမျှရဲ့နောက်မှာ ဝေဖန်ပိုင်းခြားနိုင်တဲ့ အသိ၊ သတိမလိုက်လို့ပါပဲ။ ဒီအခါ လိုရာဆွဲကောက်ချက်ချတတ်တဲ့ ကျွန်တော်တို့ရဲ့ သိမှုဘက်လိုက်ခြင်း (cognitive bias) က လွှမ်းမိုးလာပါတယ်။

သိမှုဘက်လိုက်ခြင်း (cognitive bias) ဆိုတာ စဉ်းစားသုံးသပ်တဲ့နေရာမှာ အမှားအယွင်းဖြစ်တာကို ပြောတာပါ။ ဒါပေမယ့် ဒီအမှားဟာ မတော်တဆ မဟုတ်ဘဲ လူ့ဇီဇမှာကိုကတည်းက စနစ်တကျပါလာတဲ့ အမှားမျိုးဖြစ်ပါတယ်။ သိသာထင်ရှားတဲ့ နမူနာပြရရင် ဂျာမန်လူမှုဗေဒပညာရှင် ဖရန့်ကားလ်မူလာလူးရာရဲ့ မူလာလူးရာ ထင်ယောင်မှားမှု (Muller- Lyer illusion) ပဲဖြစ်ပါတယ်။ အောက်မှာဖော်ပြထားတဲ့ မြားခေါင်းနှစ်ဖက် အပြင်ထွက်နေတဲ့မျဉ်းနဲ့ အတွင်းဝင်နေတဲ့ မျဉ်းနှစ်ကြောင်းရဲ့အရှည်ဟာ အတူတူပါပဲ။ ဒါပေမယ့် မြားခေါင်းနှစ်ဖက်အတွင်းဝင်နေတဲ့မျဉ်းက ပိုရှည်တယ်လို့ ထင်နေရပါတယ်။ ဒီလိုထင်စေတာက အမြင်အာရုံလှည့်စားလို့ဖြစ်ရတဲ့ ဘက်လိုက်မှုကြောင့်ပါပဲ။



မြားခေါင်းအတွင်းဝင်နေတဲ့မျဉ်းက ပိုရှည်တယ်လို့ တွေးထင်သုံးသပ်မှုကို ၂၀၀၂ ခုနှစ် စီးပွားရေးနိုဗယ်ဆုရှင် ဒေါက်တာ ဒန်နီယယ်ခန်နမန်က တွေးခေါ်ပုံစနစ်-၁ (System 1) လို့ သတ်မှတ်ပါတယ်။ အထင်အမြင်အတိုင်း တစ်မုဟုတ်ချင်း ဆုံးဖြတ်ချက်ချတတ်တဲ့ ကျွန်တော်တို့ရဲ့ တွေးတောဆင်ခြင်မှုစနစ်ကို ဆိုလိုတာဖြစ်ပါတယ်။ ဒီစနစ်ဟာ အရေးတကြီး မြန်မြန်ဆန်ဆန်ဆုံးဖြတ်ဆောင်ရွက်ရမယ့်ကိစ္စတွေအတွက် လူသားတွေကို သဘာဝကပေးတဲ့ လက်ဆောင်ဖြစ်ပါတယ်။ ဒါပေမယ့် အပြစ်အနာအဆာတွေပါတဲ့အတွက် အန္တရာယ်လည်းများတဲ့ စဉ်းစားသုံးသပ်နည်းလည်းဖြစ်ပါတယ်။ မျဉ်းနှစ်ကြောင်းလုံး အတူတူပဲလို့သိဖို့ဆိုတာဟာ သေချာစူးစမ်းလေ့လာစနစ်တကျတိုင်းတာပြီးမှ သိရတာပါ။ ဒီတွေးပုံက အချိန်ယူရပြီး နှေးပါတယ်။ ဒါကို ဒေါက်တာ ခန်နမန်က တွေးခေါ်ပုံစနစ်-၂ (System 2) လို့ သတ်မှတ်ပါတယ်။ တွေးခေါ်ပုံစနစ်- ၁ က ဇီဇအလျောက်တုံ့ပြန်မှုမို့ ကျွန်တော်တို့ကို လွှမ်းမိုးမှုများပါတယ်။ ဒါကြောင့် ဒေါက်တာ ခန်နမန်က ဆယ်စုနှစ်ပေါင်းများစွာ ပညာရှင်တွေလက်ခံထားတာထက်ပိုပြီး လူတွေဟာ ကြောင်းကျိုးချင့်ချိန်နိုင်စွမ်းနည်းကြတယ်လို့ သူ့ရဲ့ Thinking, Fast and Slow စာအုပ်မှာ သုံးသပ်ထားတာဖြစ်ပါတယ်။

ဒါပေမယ့် တွေးခေါ်ပုံစနစ်-၂ ဟာ အလိုအလျောက် မဟုတ်ဘဲ အားထုတ်ရတဲ့ တွေးနည်းဖြစ်ပေမယ့်လည်း ဆင့်ကဲပြောင်းလဲဖြစ်တည်မှု (evolution) အရ လိုအပ်လို့ ဒီအရည်အသွေးကို ကျွန်တော်တို့ပိုင်ဆိုင်ထားပါတယ်။ ဒီလိုပိုင်ဆိုင်ထားပါလျက် စဉ်းစားချင့်ချိန်၊ ဝေဖန်ပိုင်းခြားနိုင်တဲ့ စွမ်းရည်ဖြစ်တဲ့ တွေးခေါ်ပုံစနစ်-၂ ကို အသုံးပြုဖို့ မကြိုးစားခြင်းဟာ သိမှုဘက်လိုက်ခြင်းတွေဖြစ်ဖို့ ဖန်လာရတဲ့အကြောင်းပဲ ဖြစ်ပါတယ်။ နောက်ပြီး တကယ့် လက်တွေ့ဘဝမှာကြုံနေကြရတဲ့ အဖြစ်အပျက်တွေဟာလည်း မြားခေါင်းအတွင်းဝင်၊ အပြင်ထွက်တဲ့ မျဉ်းနှစ်ကြောင်းလောက်လည်း မရိုးရှင်းကြတာလည်း ပါပါတယ်။

သိမှုကြောင့်ဖြစ်တဲ့ ဘက်လိုက်မှုတွေဟာ စာရင်းအရတော့ ၁၈၅ မျိုးတောင် ရှိပါတယ်။ အမျိုးအစားအားလုံးတင်ပြဖို့ မဖြစ်နိုင်တာကြောင့် ဒီဆောင်းပါးနဲ့ သက်ဆိုင်မယ့် အနည်းအကျဉ်းလောက်ကိုပဲ ဖော်ပြပါရစေ။ ဘက်လိုက်မှုတွေထဲမှာ သိသာတာက Affect Heuristic လို့ခေါ်တဲ့ စိတ်ခံစားမှုအပေါ်မှာမူတည်ပြီး တွေးတောဆုံးဖြတ်မှုပါ။ သုတေသီတွေရဲ့ လေ့လာမှုတွေအရ ကျွန်တော်တို့ဟာ စိတ်ကောင်းဝင်ပျော်ရွှင်နေရင် အကျိုးကိုပိုမြင်ပြီး စိတ်နောက်ကျိနေချိန်မှာ အပြစ်ကို ပိုမြင်တတ်ကြပါတယ်။ နောက် Anchoring ကတော့ ပထမဆုံးသိရ၊ ကြားရတဲ့ သတင်းအချက်အလက်ကိုပဲ စိတ်စွဲပြီး နောက်ပိုင်းဆုံးဖြတ်ချက်ချတဲ့နေရာတွေမှာ အဲဒီသတင်းအချက်အလက်က လွှမ်းမိုးသွားတာ ဖြစ်ပါတယ်။ နောက်တစ်မျိုး Confirmation Bias ဆိုတာ ကိုယ်လက်ခံထား၊ သိထားတာကို အထောက်အပံ့ဖြစ်မယ့် သတင်းအချက်အလက်ကိုပဲ ရှာဖွေလက်ခံပြီး စဉ်းစားတွေးခေါ်လုပ်ကိုင်တတ်တာ ဖြစ်ပါတယ်။

Gambler's Fallacy ကတော့ ဖြစ်ရပ်တစ်ခုခုဟာ အချိန်ကာလတစ်ခုအတွင်းမှာ ဆက်တိုက်ဖြစ်နေပြီဆို နောက်ပိုင်းဖြစ်ဖို့အလားအလာ နည်းသွားပြီလို့ ထင်မြင်ယူဆတာမျိုး ဖြစ်ပါတယ်။ ဥပမာ-အကြွေစေ့ကို ခေါင်းပန်းလှန်လို့ ခေါင်းချည်းပဲ ငါးကြိမ်လောက် ဖြစ်နေပြီဆို ခြောက်ကြိမ်မြောက်ဟာ ပန်းဖြစ်မယ်လို့ ထင်နေတတ်တာမျိုးပါ။ တကယ်တော့ ခေါင်း (သို့မဟုတ်) ပန်းကျဖို့ ဖြစ်နိုင်ချေဟာ အကြိမ်တိုင်းမှာ ၅၀/၅၀ ရာခိုင်နှုန်းသာဖြစ်ပါတယ်။ အများလုပ်လို့ (သို့မဟုတ်) ယုံကြည်နေလို့ ကိုယ်ကလည်း အများနည်းတူ လိုက်လုပ်၊ လိုက်ယုံကြည်တာမျိုးကို Bandwagon Effect လို့ ခေါ်ပါတယ်။ လူဟာ နီးစပ်ရာအသိုင်းအဝိုင်းပတ်ဝန်းကျင်လိုပဲ တွေးတတ်လုပ်တတ်တဲ့ သဘောဖြစ်ပါတယ်။ အဲဒါနဲ့ဆင်တာက Groupthink ဖြစ်ပါတယ်။ သူကတော့ အုပ်စုတွင်းသမူဟဖြစ်ဖို့ ဝေဖန်ရေးသိပ်မလုပ်ဘဲ အများသဘောတူ ဆုံးဖြတ်ချက်ချရာကနေ ဖြစ်ရတဲ့ ဘက်လိုက်မှုအမှားပဲဖြစ်ပါတယ်။ ဒီလို သိမှုဘက်လိုက်ခြင်းတွေဟာ ဆန်းသစ်တဲ့ ဆက်သွယ်ရေးနည်းပညာကြောင့် ပိုမိုသန်စွမ်းအရှိန်ကောင်းလာတဲ့ သတင်းအချက်အလက်မြစ်ပြင်ထဲက ဒိုက်သရောသဖွယ် သတင်းမှားတွေနဲ့ ပေါင်းလိုက်တဲ့အခါမှာ မတူကွဲပြားသူချင်း ယှဉ်တွဲနေထိုင်ပြီး သာယာဝပြောတဲ့ လူ့ဘောင်တစ်ရပ်ထူထောင်ဖို့အတွက် ခမ္ဘန္တရာယ် ဖြစ်လာရပါတော့တယ်။ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်းကနေစလို့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုတွေအထိမှာပါ ဂယက်လှိုင်းတံပိုးတွေ ထလာစေပါတယ်။

> “ တကယ့်လက်တွေ့မှာ ဖြစ်တတ်တာကလည်း အများစုက ကိုယ်နဲ့ တစ်သဘောတည်းရှိမယ့်သူတွေနဲ့သာ ရွေးချယ်ပူးပေါင်းကြတာကြောင့် သိမှုဘက်လိုက်ခြင်းကို ပိုဆိုးစေပြီး အမြင်မတူသူနဲ့ တူသူတွေကြားမှာ ပိုမိုကွဲပြားမှုတွေ ဖြစ်လာကြတာပါ။ အပြင်မှာထက် အွန်လိုင်းပေါ်မှာ အကြိုက်တူ၊ ယုံကြည်ချက်တူသူတွေ စုဖွဲ့ဖို့ဆိုတာ ပိုပြီးလွယ်လှပါတယ်”

## သတင်းမြစ်ထဲက သတင်းညစ်

ယနေ့ခေတ်မှာ အင်တာနက်နဲ့ ဆက်သွယ်ရေးနည်းပညာတွေ တိုးတက်လာတာကြောင့် သမားရိုးကျ သတင်းရင်းမြစ်တွေဖြစ်တဲ့ သတင်းဌာနတွေ၊ တီဗွီချန်နယ်တွေ၊ သတင်းစာ၊ ဂျာနယ်တွေကနေ သတင်းအချက်အလက်တွေဟာ စီးဆင်းတာမျိုး မဟုတ်တော့ပါဘူး။ သာမန်ပြည်သူတွေဟာလည်း အင်တာနက်ပေါ်က လူမှုကွန်ရက်တွေကြောင့် သတင်းရေးသားဖြန့်ချိသူ (content contributor) တွေဖြစ်လာကြပါတယ်။

ဒီတော့ သတင်းတွေဟာ တိကျမှန်ကန်မှု၊ ခိုင်ခိုင်မာမာစနစ်တကျဖွဲ့စည်းမှု၊ ခမ္ဘဓိဋ္ဌာန်ကျတဲ့တင်ပြမှုစတဲ့ အရည်အသွေးတွေမရှိတော့ဘဲ သတင်းနဲ့ ထင်မြင်ချက်ဟာ လေနဲ့ဝမ်းမကွဲဖြစ်လာပါတယ်။ ဖြစ်ရပ်တစ်ခုတည်းကိုပဲ သိမှုဘက်လိုက်ခြင်းကြောင့် တစ်ယောက်တစ်မျိုး ထင်မြင်ယူဆတင်ပြကြပါတယ်။ အဲဒါကို သိမှုဘက်လိုက်ခြင်းကြောင့်ပဲ အယူအကောက်လွဲကြပါတယ်။ အဆိုးဆုံးကတော့ သတင်းမှားနဲ့ လုပ်ကြံသတင်းတွေကို ယုံကြည်ကြ၊ ဖြန့်ချိကြတာပါပဲ။ ဥပမာ-၂၀၁၆ ခုနှစ် စက်တင်ဘာလထုတ် The Economist မဂ္ဂဇင်းရဲ့ဖော်ပြချက်အရဆို Facebook ပေါ်မှာ သတင်းမှားဟာ သတင်းမှန်နဲ့ ပြန်လည်ဖြန့်ဝေတဲ့ အကြိမ်အရေအတွက်ချင်းအတူတူပဲလို့ ဖော်ပြထားပါတယ်။ ၂၀၂၀ ပြည့်နှစ် မတ်လ Forbes ရဲ့ ဆောင်းပါးတစ်ပုဒ်မှာ Facebook ဟာ Google နဲ့ Twitter ကို ကျော်ပြီး သတင်းမှားဖြန့်ချိတဲ့နေရာမှာ နံပါတ်တစ် ချိတ်နေပါတယ်။ ဒီတော့အင်တာနက်နဲ့ ခေတ်မီဆက်သွယ်ရေးနည်းပညာတွေရဲ့ပံ့ပိုးမှုကြောင့် လူတွေရဲ့ ဖြစ်ရိုးဖြစ်စဉ်သိမှုဘက်လိုက်ခြင်းကို အခြေခံပြီး ပေါ်ပေါက်လာတဲ့ သတင်းမှားတွေဟာ ခေတ်ရဲ့ ရေညစ်စီးကြောင်းကြီးသဖွယ် ဖြစ်လာနေပါတယ်။

အထူးသဖြင့် အင်တာနက် လူမှုကွန်ရက်တွေဖြစ်တဲ့ Facebook, Twitter, Youtube, Instagram စတာတွေဟာ သတင်းမှားတွေ၊ လုပ်ကြံဇာတ်လမ်းတွေ မွေးထုတ်ပေးနေတဲ့ နေရာတွေပဲ ဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ် စစ်တမ်းတစ်ခုအရ အများစုဟာ လူမှုကွန်ရက်တွေပေါ်က လုပ်ကြံသတင်းမှားတွေကိုသိတယ်လို့ သဘောထားမှတ်ချက်ပြန်ကြားကြပါတယ်တဲ့။ ဒါပေမယ့် သတင်းမှားဆိုတာ ပုံစံအမျိုးမျိုး ရှိပါတယ်။ အလွယ်တကူ ခွဲခြားလို့ရအောင် သိသာနေတဲ့ သတင်းမှားကစလို့ အချက်အလက်မှန်တွေကို စနစ်တကျသုံးကာ ရည်ရွယ်ချက်ရှိရှိ တည်ဆောက်ထားပြီး ကိုယ့်ကိုယ်ဘဝင်ကျစေတဲ့ သတင်းမှားတွေပဲ ဖြစ်ပါတယ်။ အဲဒီလို သတင်းမှားမျိုးကိုတော့ အလွယ်တကူ ခွဲခြားသိဖို့ ခက်ပါတယ်။ FOX Business မှာပါတဲ့ စစ်တမ်းတစ်ခုအရကတော့ Facebook သုံးသူ ထက်ဝက်ကျော်ဟာ သတင်းမှားကို သတင်းမှန်လို့ ယုံကြည်နေကြပါတယ်တဲ့။ ဒါပေမယ့် ဒါဟာ အမေရိကန်ပြည်ထောင်စုမှာကောက်ယူတဲ့စာရင်းဖြစ်လို့ အခြားလူ့အဖွဲ့အစည်းတစ်ရပ်မှာဆို ကိန်းဂဏန်းအပြောင်းအလဲ ရှိနိုင်ပါတယ်။ နောက်ပြီး လူမှုကွန်ရက်သုံးသူ ၆၀ ရာခိုင်နှုန်းဟာ သတင်းကို ခေါင်းစဉ်ပဲကြည့်ပြီး အချင်းချင်းပြန်ပြီး ဖြန့်ဝေတတ်ကြပါတယ်။ သတင်းရင်းမြစ်ကိုသာမက အထဲမှာ ဘာရေးထားတယ်ဆိုတာကိုတောင် မဖတ်ကြပါဘူး။ ဒီနေရာမှာ ကျွန်တော်ယူခဲ့တဲ့ လူမှုဗေဒ (Sociology) တန်းမှာ တရုတ်က ကျောင်းသူတစ်ယောက်နဲ့ အငြင်းအခုံ ဖြစ်ခဲ့တာကို သတိရမိပါတယ်။ လူမှုကွန်ရက်သုံးသူတွေဟာ သတင်းကယုတ္တိသိပ်မတန်ရင်တောင် ယုံကြတယ်။ လူတွေဟာ ယုံချင်လို့ ယုံကြတယ်လို့ သူက ဆိုပါတယ်။ ကျွန်တော် လက်မခံပါဘူး။ နောက်ပိုင်း သူမှန်တာ သိလာရပါတယ်။ သူပြောတာဟာ ကိုယ်လက်ခံထားတဲ့အသိ၊ ယုံကြည်ချက်တွေနဲ့ ချိန်ထိုးကြည့်ပြီး ကိုက်ညီနေရင် အလွယ်တကူ လက်ခံတတ်တဲ့ confirmation bias ပဲ ဖြစ်ပါတယ်။

ဒါကို နည်းပညာဆန်းတွေဖြစ်တဲ့ အသိဉာဏ်တု (artificial intelligence)၊ big data (လူတွေရဲ့ အမူ အကျင့်၊ ပြောဆိုဆက်ဆံပုံ စတာတွေကို ကွန်ပျူတာစနစ်နဲ့တွက်ချက် အဖြေထုတ်နိုင်တဲ့ သတင်းအချက်အလက်ပေါင်းမြောက်မြားစွာကို ပြောတာဖြစ်ပါတယ်။) တွေနဲ့ လူမှုကွန်ရက် သုံးသူတွေရဲ့ အကြိုက်၊ ယုံကြည်ချက်၊ စိတ်တိမ်းညွတ်မှု စတာတွေကို အခွင့်ကောင်းယူပြီး အဓမ္မရည်ရွယ်ချက်တစ်ခုခုအတွက် တည်ဆောက်ထားတဲ့ သတင်းမျိုးဟာ လူပုဂ္ဂိုလ်တစ်ဦးချင်းအတွက်သာမက လူ့အဖွဲ့အစည်းအတွက်ပါ အန္တရာယ်များပါတယ်။ ကျွန်တော်တို့ရဲ့ စိတ်ခံစားမှု၊ ခံယူချက်တွေကို အသုံးချလို့ရတယ်ဆိုတာ ချဲ့ကားပြောတာ မဟုတ်ပါဘူး။ လူမှုကွန်ရက်ပေါ်မှာ ကျွန်တော်တို့ Like တို့၊ Share လုပ်တာတွေဟာ ကျွန်တော်တို့ဟာ ဘယ်လိုလူမျိုး ဖြစ်ပါတယ်ဆိုတာကို သက်ဆိုင်ရာ နည်းပညာကုမ္ပဏီတွေ (သို့မဟုတ်) big data က သိအောင်ပြောပြနေတဲ့သဘောပါပဲ။ ဥပမာ-Facebook က လက်မပုံ၊ အပြုံးပုံ၊ အသည်းပုံ စတာလေးတွေကနေ ဘယ်သတင်း၊ ဘယ်အကြောင်းအရာက ကျွန်တော်တို့ကို ပျော်စေတယ်၊ ဝမ်းနည်းစေ၊ ဒေါသဖြစ်စေတယ်ဆိုတာကို သိနိုင်ပါတယ်။ နောက်ပိုင်းခေတ်စားလာတဲ့ Deepfake နည်းပညာက လူတစ်ယောက်ယောက်က တစ်ခါမှမလုပ်ဖူး၊ မပြောဖူးတာတစ်ခုခုကို ကွန်ပျူတာဆော့ဖ်ဝဲလ်တွေသုံးပြီး လုပ်သယောင်၊ ပြောသယောင် ဖန်တီးတဲ့ ဓာတ်ပုံ၊ ဗီဒီယိုတွေ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ စိတ်လိုက်မာန်ပါ တစ်မုဟုတ်ချင်း စဉ်းစားဆုံးဖြတ်တတ်တဲ့ ဇီဇပါ တွေးခေါ်မှုစနစ်-၁ နဲ့ ခေတ်မီဆက်သွယ် ရေးနည်းပညာတွေ ပေါင်းလိုက်တဲ့အခါမှာ အမှားနဲ့အမှန်ကြား စည်းခြားထားမှုဟာ ပိုပိုပြီး ဝေဝါးလာနေပါတယ်။ ဒါတွေဟာ လူမှုရေး အရှုပ်အထွေးတွေအပြင် နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေးနယ်ပယ်တွေမှာပါ ကမောက်ကမ ဖြစ်နိုင်ပါတယ်။

နောက်တစ်ခုက သတင်းဌာနတွေဆိုတာလည်း နောက်ကငွေကြေးပံ့ပိုးပေးထားသူတွေ၊ ပိုင်ရှင်တွေရဲ့ အကျိုးစီးပွား၊ စိတ်ဝင်စားမှု၊ ရပ်တည်ထားတဲ့နိုင်ငံရေး ယုံကြည်ချက် စတာတွေနဲ့ မကင်းရာမကင်းကြောင်းတွေ ဖြစ်တတ်ပါတယ်။ ဒ့ါအပြင် သတင်းလောကဟာ ပုံနှိပ်စနစ်ကနေ ဒစ်ဂျစ်တယ်စနစ်ကို ပြောင်းလဲသွားတာကြောင့် သတင်းဌာနတွေဟာ ခေတ်စနစ်နဲ့အညီ ပြန်အထိုင်ချကြရပါတယ်။ ပရိသတ်ကို ပြန်ဆွဲဆောင်နိုင်ဖို့အတွက် အများကြိုက်လုပ်ရတာမျိုးတွေရှိပါတယ်။ ဒါကြောင့် သတင်းရင်းမြစ်တစ်ခုတည်းကို ကြည့်ရှုလေ့လာရုံမျှနဲ့ ကိစ္စတစ်ခုခုရဲ့ ဖြစ်စဉ်အမှန်၊ အကြောင်းအရင်းအမှန်ကိုသိဖို့ မလုံလောက်နိုင်ပါဘူး။ အခြားသတင်းရင်းမြစ်တွေနဲ့ တိုက်ဆိုင်စစ်ဆေးဖို့၊ ယုံကြည်စိတ်ချရပြီး ဂုဏ်သိက္ခာကြီးတဲ့ သတင်းရင်းမြစ်တွေ ဖြစ်ဖို့လည်း လိုပါတယ်။ ဂျာနယ်လစ်လည်းဖြစ်၊ နိုင်ငံရေးလေ့လာသုံးသပ်သူလည်းဖြစ်တဲ့ ဖရိဇကာရီယာက ဟောပြောပွဲတွေမှာ ပြောလေ့ပြောထရှိတာ ရှိပါတယ်။ သတင်းဌာနတစ်ခုမှာဆို အယ်ဒီတာချုပ်က နေ့စဉ်ပုံမှန်အစည်းအဝေးမှာ သတင်းစီစဉ်တင်ဆက်သူတွေကို မေးလေ့ရှိတာက ဒီနေ့သတင်းကြည့်သူ (သို့မဟုတ်) ဖတ်သူတွေကို အလန့်တကြားဖြစ်စေမယ့် ဘာသတင်းရှိသလဲဆိုတာပါပဲတဲ့။ နောက်သတင်း တင်ပြပုံနဲ့ ပတ်သက်ပြီးလည်း ဥပမာ-ပုံမှန်တိုက်နေတဲ့ မုန်တိုင်းမျိုးကိုတောင် ရာစုနှစ်အတွင်း အကြီးဆုံးမုန်တိုင်း စသည်ဖြင့် လူမျက်စိကျစေမယ့် ဝိသေသမျိုးတွေ သုံးတတ်ပါတယ်တဲ့။ သတင်းဌာနတွေရဲ့ သတင်းရွေးချယ်ပုံ၊ တင်ပြပုံတွေဟာလည်း သိမှုဘက်လိုက်ဖို့ တွန်းအားပေးသလို ဖြစ်နေတတ်ပါတယ်။

ဒါကြောင့် အကြောင်းရင်းမှန်ကို သိဖို့ဆိုတာ သတင်းဖတ်သူ (သို့မဟုတ်) ကြည့်သူကိုယ်တိုင်ရဲ့ အားထုတ်မှုလည်း လိုပါတယ်။ ဒါပေမယ့် တစ်ဖက်က ကြည့်ပြန်ရင်လည်း တိုးတက်နေတဲ့ ဆက်သွယ်ရေးနည်းပညာကြောင့် တစ်ကမ္ဘာလုံးမှာ အပ်ကျတာက အစ စက္ကန့်နဲ့အမျှ သိနေရပါတယ်။ သတင်းစီးဆင်းမှုက အလွန်မြန်ဆန်လှပါတယ်။ နေ့စဉ်နဲ့အမျှ သတင်းအချက်အလက်ပေါင်းများစွာ အဆက်မပြတ်ဒလဟော စီးဆင်းနေပါတယ်။ တစ်ခုကိုမကြေညက်ခင် နောက်အသစ်တစ်ခု ပေါ်လာနေပါတယ်။ ဒီလိုအခြေအနေမှာ ကျွန်တော်တို့ရဲ့ သိမှုဘက်လိုက်ခြင်းနဲ့ ပေါင်းလိုက်တော့ ပညာရှင်တွေ ပညတ်ကြတဲ့ အမှန်တရားလွန်ခေတ် (post-truth era) ထဲ ရောက်မှန်းမသိ ရောက်လာပါတော့တယ်။

## အမှန်တရားလွန်ခေတ်

Post-truth ဆိုတဲ့စကားလုံးဟာ မကြာသေးခင်ကမှ ပညာရှင်တွေကြားကနေ နေ့စဉ်လူမှုဘဝတွေအထိ ကျယ်ပြန့်လာတဲ့ စကားလုံးဖြစ်တယ်။ လူသုံးများလွန်းလို့ အောက်စ်ဖို့ဒ်အဘိဓာန်က ၂၀၁၆ ရဲ့ တစ်နှစ်တာ စကားလုံးအဖြစ် ရွေးချယ်ခဲ့တဲ့အထိပါပဲ။ အမှန်တရားထက် လူတွေဟာ သူတို့ရဲ့ စိတ်ခံစားချက်တွေ၊ ယုံကြည်ချက်တွေ အရသာတုံ့ပြန်ကြတဲ့အခြေအနေတစ်ရပ်ရပ်လို့ ရည်ညွှန်းဖွင့်ဆိုပါတယ်။ မြန်မာဘာသာပြန်မှာ အမှန်တရားအလွန်လို့ ဘာသာပြန်လိုက်ပေမယ့် စကားလုံးရဲ့ အဓိပ္ပာယ်ထဲမှာ အမှန်တရားဟာ သိပ်ပြီးအရေးမပါတော့ဘူးဆိုတဲ့ သဘောလည်း ပါပါတယ်။ ဒီစကားလုံးကို ၁၉၉၂ မှာ ဆာဗီးယန်း-အမေရိကန်လူမျိုး ပြဇာတ်ဆရာ စတီတေ့ဆစ်ရှ်က စသုံးတယ်လို့ ဆိုကြပါတယ်။

*စာမျက်နှာ ၂၆ သို့*

# ရွှေဘိုခ၌ ရဲမှုထမ်းဟောင်း ၆၇ ဦးအား ဆန်၊ ဆီ၊ ဆား၊ ပဲ ထောက်ပံ့



**ရွှေဘို မေ ၁၉**
စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့အတွင်းရှိ ရဲမှုထမ်းဟောင်းများအနက် ၆၇ ဦးအား ဆန်၊ ဆီ၊ ဆား၊ ပဲ ရိက္ခာ လေးမျိုးအပြင် ကြက်သွန်နီ၊ အာလူးတို့ ထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့က ရွှေဘိုခရိုင် ရဲတပ်ဖွဲ့ဝင်း အတွင်းရှိ ရန်ကြီးအောင် ရဲရိပ်သာခန်းမ၌ ကျင်းပသည်။

အဆိုပါထောက်ပံ့ပေးအပ်ပွဲတွင် နယ်မြေခံတပ်နယ်မှူး ဗိုလ်မှူးကြီး သက်ထွန်းက ရဲမှုထမ်းဟောင်းများအား အားပေးစကား ပြောကြားပြီး ရဲမှုထမ်းဟောင်း ၆၇ ဦးအား ဆန် ၃၈၆ ပြည်၊ ဆီ ၂၂ ပိဿာ၊ ပဲ ၃၃ ပိဿာ၊ ဆား ၁၉ ပိဿာတို့ကို ထောက်ပံ့ပေးအပ်သည်။ **(ယာပုံ)**

ထို့ပြင် တိုင်းဒေသကြီး ရဲတပ်ဖွဲ့အစီအစဉ်ဖြင့် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းကြည်က ရဲမှုထမ်းဟောင်း ၆၇ ဦးအား တစ်ဦးလျှင် ကြက်သွန်နီ ငါးပိဿာနှင့်အာလူး သုံးပိဿာနှုန်းဖြင့် စုစုပေါင်း ကြက်သွန်နီ ၃၃၅ ပိဿာ၊ အာလူး ၂၀၁ပိဿာတို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

**မိုးသောက်(ရွှေဘို)**

# ကန်ပက်လက်မြို့နယ်၌ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

**ကန်ပက်လက် မေ ၁၉**
ချင်းပြည်နယ် မင်းတပ်ခရိုင် ကန်ပက်လက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခါနန်းကျေးရွာအုပ်စု ရန်စဲကျေးရွာ၌ ကျေးလက်နေပြည်သူများ သောက်သုံးရေရရှိရေးအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ထောက်ပံ့ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် စိမ့်စမ်းရေသွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မေ ၁၇ ရက်က တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကန်ပက်လက်မြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကီးထန်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချန်ဖီယာန်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထန်းအွမ်နှင့်တာဝန်ရှိသူများက ရန်စဲကျေးရွာ၌ စိမ့်စမ်းရေသွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာသူ ကျေးရွာသားများအနေဖြင့် ရေပေးရေးလုပ်ငန်း ရေရှည်တည်တံ့ခိုင်မြဲအောင်ဝိုင်းဝန်းထိန်းသိမ်းစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

အဆိုပါ ရန်စဲကျေးရွာ သောက်သုံးရေရရှိရေးလုပ်ငန်းကို မတ်လစတုတ္ထပတ်ကစတင် ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ကန်ပက်လက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးထန်းအွမ်ထံက သိရသည်။

**စိုးမိုးကျော်**

# သက်တန့်ရောင်လယ်ယာအထောက်အကူပြုဝန်ဆောင်မှု သမဝါယမအသင်းလီမိတက်မှ လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

တောင်သူလယ်သမားများအတွက် လယ်ယာဝန်ဆောင်မှု လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ထားဝယ်မြို့တွင် ဖွဲ့စည်းထားသော သက်တန့်ရောင်လယ်ယာအထောက်အကူပြု ဝန်ဆောင်မှုသမဝါယမအသင်းလီမိတက်က ထွန်စက်သုံးစီး၊ ရိတ်သိမ်းခြွေလှေ့စက်ကိုးစီးဖြင့် မိုးစပါးစိုက်ပျိုးနိုင်ရန် မြေသားများပြုပြင်ပေးခြင်း၊ တမန်းနိုးခြင်း၊ အလေအလွင့် အနည်းဆုံးဖြင့် ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

Daedong RX 7630 ထွန်စက်သုံးစီးကို လယ်ယာပြုပြင်ခြင်းလုပ်ငန်းနှင့် လယ်ယာမြေ ထွန်ယက်ခြင်းလုပ်ငန်းများကို တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ်တွင် လယ်ဧက ၇၀၀ နှင့် ရေဖြူမြို့နယ်တွင် လယ်ဧက ၂၀၀၊ စုစုပေါင်း ဧက ၉၀၀ ကျော် ထွန်ယက်ပြုပြင်ပေးခဲ့ပါသည်။ ရိတ်သိမ်းခြွေလှေ့စက်ကိုးစီးဖြင့် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ်၊ ရေဖြူမြို့နယ်နှင့် ထားဝယ်မြို့နယ်တို့တွင် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ကန်ကြီးဒေါင့်မြို့နယ်များတွင် လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း လယ်ဧက ၁၃၅၀ ခန့်နှင့် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် လယ်ဧက ၃၁၅၀ ခန့်၊ စုစုပေါင်းလယ်ဧက ၄၅၀၀ ခန့်တို့ကို ရိတ်သိမ်းခြွေလှေ့ပေးခဲ့ကြောင်းနှင့် တောင်သူဦးကြီးများ အနေဖြင့် မိမိတို့၏လယ်ယာမြေများအား မိုးစပါး အချိန်မီ ထွန်ယက်စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်းလုပ်ငန်းများ အတွက် နေရာဒေသမရွေး သင့်လျော်သောဈေးနှုန်းဖြင့် အခက်အခဲမရှိ ဝန်ဆောင်ပေးလျက်ရှိပါကြောင်း အသိပေးအပ်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များ**

ထားဝယ်မြို့နယ်သမဝါယမ ဦးစီးဌာန — ဖုန်း ၀၅၉-၂၁၀၇၅

ဦးသိန်းဝင်း၊ ဥက္ကဋ္ဌ၊ သက်တန့်ရောင်လယ်ယာ အထောက်အကူပြုဝန်ဆောင်မှု သမဝါယမအသင်း — ဖုန်း ၀၉-၂၅၉၉၈၄၆၀၆

**သမဝါယမဦးစီးဌာန**



*စာမျက်နှာ ၂၅ မှ*

၂၀၁၆ ခုနှစ် အမေရိကန်သမ္မတ ရွေးကောက်ပွဲ၊ ဥရောပသမဂ္ဂကနေ ဗြိတိန်ခွဲထွက်ဖို့ ဆန္ဒခံယူပွဲတွေနဲ့ အတူ post – truth ဟာ ရေပန်းစားလာတာ ဖြစ်ပါတယ်။ နိုင်ငံရေး ရည်ရွယ်ချက်အတွက် သတင်းမှားတွေဖြန့်တာ၊ အမှန်သတင်းကို အမှားလို့ငြင်းတာ၊ အချက်အလက် အမှန်တွေထဲက ကိုယ်ပြောချင်တာကို အထောက်အကူပြုမယ့်အချက်အလက်တွေကိုပဲ ကောက်သင်းကောက်ပြီး အမှန်တရားကို လိုသလို ပုံသွင်း၊ ပုံဖျက်တာ၊ ကိန်းဂဏန်း အချက်အလက်မှန်တွေက ဘယ်လိုရှိရှိ၊ သိပ္ပံနည်းကျ သုတေသနတွေက ဘာပြောပြော ကိုယ်ယုံချင်တာကို ကိုယ့်အကြောင်းပြချက်နဲ့ ကိုယ်မျက်စိမှိတ်ယုံကြည်ကြတာတွေဟာ အမှန်လွန်ခေတ်ရဲ့ ဝိသေသလက္ခဏာတွေပဲ ဖြစ်ပါတယ်။

ဂျာနယ်လစ်နဲ့ နိုင်ငံရေး လေ့လာသုံးသပ်သူ ဖရိဇကာရီယာကဒါဗော့စ် (Davos) ဟောပြောပွဲတစ်ခုမှာ အင်တာနက်ပေါ်က သတင်းအချက်အလက်တွေဟာ အမှားတွေမဟုတ်သလို အမှန်တွေချည်းပဲလည်း မဟုတ်ပါဘူး။ တကယ်တော့ အမှန်၊ အမှားဆိုတဲ့ ဝါစဉ်ဟာ အင်တာနက်ပေါ် မရှိသလောက်ပါပဲတဲ့။ ကိုယ့်ရဲ့ဉာဏ ခွန်အားကောင်းကောင်းနဲ့ ခွဲခြမ်းစိတ်ဖြာ စူးစမ်းလေ့လာမှုနဲ့သာ အမှန်၊ အမှားခွဲခြားလို့ရမှာ ဖြစ်ပါတယ်တဲ့။ သူက ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိတဲ့ ပညာရေးချိန်မြင့်ဖို့ လိုအပ်တယ်လို့ ဆိုပါတယ်။ သုတေသနပြုမှုတွေအရ ကျွန်တော်တို့ဟာ တစ်ဦးတစ်ယောက်ကောင်းဆိုတာထက်အချင်းချင်း ပူးပေါင်းဆွေးနွေးညှိနှိုင်းကြမယ်ဆို အမှန်တရားနဲ့ ပိုနီးစပ်တဲ့ ဆုံးဖြတ်ချက်၊ အကဲဖြတ်ချက်တွေ ချမှတ်နိုင်ကြပါတယ်။ ဒါပေမယ့် တကယ့်လက်တွေ့မှာ ဖြစ်တတ်တာက လည်း အများစုက ကိုယ်နဲ့တစ်သဘောတည်း ရှိမယ့် သူတွေနဲ့သာ ရွေးချယ်ပူးပေါင်းကြတာကြောင့် သိမှုဘက်လိုက်ခြင်းကို ပိုဆိုးစေပြီး အမြင်မတူသူနဲ့ တူသူတွေကြားမှာ ပိုမိုကွဲပြားမှုတွေ ဖြစ်လာကြတာပါ။ အပြင်မှာထက် အွန်လိုင်းပေါ်မှာ အကြိုက်တူ၊ ယုံကြည်ချက်တူသူတွေ စုဖွဲ့ ဖို့ဆိုတာ ပိုပြီးလွယ်လှပါတယ်။

အမုန်းစကားတွေဆိုတာဟာလည်း စိတ်တူ၊ ကိုယ်တူ အချင်းချင်းစုဖွဲ့ပြီး အမှန်တရားကို ရှုံ့ချည်၊ နှပ်ချည်လုပ်ကာ အုပ်စုအချင်းချင်း လူမျိုးရေး၊ ဘာသာရေး၊ နိုင်ငံရေး ခံယူချက်၊ ကျား/ မ စတာတွေကို အခြေခံတိုက်ခိုက်ပြောဆိုကြတာတွေကနေ ပေါ်ပေါက်လာကြတာ ဖြစ်တယ်။ ဆင်ခြင်တုံတရား ခေါင်းပါးပြီး တကယ့်အမှန်တရားနဲ့ ဖြောင့်ဖြောင့်ကြီးသွေဖည်နေတဲ့ ပုဂ္ဂလစင်ပြိုင် အတုအယောင်အမှန်တရားတွေကို မျက်စိမှိတ်ယုံကြည်၊ ပြောဆိုကြရင်းက စည်းလုံးကြရမယ့်အစား ပိုအစည်းပြေလာ၊ သွေးစည်းကြရမယ့်အစား ပိုသွေးကွဲလာကြတာပါ။ လူ့အဖွဲ့အစည်းတစ်ရပ် တည့်မတ်မြဲမြံစေဖို့ တည်ရှိနေတဲ့ အင်စတီကျူးရှင်းတွေ ချောချောမွေ့မွေ့ လည်ပတ်နိုင်ရေးကို ကြီးစွာ အနှောင့်အယှက်ပြုလာကြပါတယ်။ ဒီလိုနဲ့ အမှန်လွန်ခေတ်မှာ ဓမ္မဓိဋ္ဌာန်ကျတဲ့အမှန်တရားဆိုတာ ပျက်ရယ်ပြုစရာ ဖြစ်လာပါတယ်။


တကယ်တော့ အမှန်နဲ့အမှား၊ စိတ်ကူးယဉ်နဲ့ အစစ်အမှန်ဟာ သတ်သတ်စီ ဖြစ်ကြပါတယ်။ Post–truth ဆိုတဲ့စာအုပ်ရေးသူ လီမက်ကင်တိုင်ယာက ဒါကိုတန်ပြန်ဖို့ဆို မိမိတို့ကိုယ်တိုင်နဲ့ စရမယ်လို့ဆိုပါတယ်။ အများစုက အမှန်တရားဆိုတာ သိဖို့ကလွယ်တယ်၊ ဘက်လိုက်မှုဆိုတာ သူများပြဿနာလို့ ထင်နေကြတယ်တဲ့။တစ်ခုခုကို ကိုယ်ကယုံကြည်ချင်ပြီဆို အဲဒီလို ယုံကြည်ဖို့ အထောက်အထားအချက်အလက်မှန် ကိုယ့်မှာ လုံလုံလောက်လောက် ရှိဖို့ လိုတယ်ဆိုတာကို သတိပြုရမှာ ဖြစ်ပါတယ်တဲ့။ မရှိသေးရင် အရင်ဆုံးကိုယ်ကိုယ်တိုင် ကိုယ်လည်း အရှိအတိုင်းဝေဖန်ပြီး နှိမ့်ချ၊ ရိုးသား၊ အမြင်ကျယ်တဲ့ စူးစမ်းချင်စိတ်မျိုးနဲ့ အမှန်တရားကို ရှာဖွေရမှာပါတဲ့။ သူ့လိုပါပဲ ဆင်ခြင်တုံတရားရှိရမယ်၊ သိပ္ပံနည်းကျ ဝေဖန်ပိုင်းခြားနိုင်မှုကို အားပေးတဲ့ ပညာရေးစနစ်ဟာ အခရာကျတယ်ဆိုတဲ့နေရာမှာ ပညာရှင်အများစုက တစ်သဘောတည်း ဖြစ်ကြပါတယ်။

**မမေ့ မလျော့ မပေါ့သော အသိ သတိ**

ကျွန်တော်ငယ်ငယ်က ကြားနေကျ မျက်မမြင်ပုဏ္ဏားများနဲ့ဆင်အကြောင်း ပုံပြင်လေးရှိပါတယ်။ အမြီးစမ်းမိသူက ဆင်ဆိုတာ ကြိုး၊ အစွယ်စမ်းမိသူက ဆင်ဆိုတာ လုံ၊ နားရွက်စမ်းမိသူက ယပ်တောင် စသဖြင့် ကိုယ်စမ်းမိရာ ကိုယ်အမှန်ထင်နေတဲ့အကြောင်း ပုံပြင်ဖြစ်ပါတယ်။ မျက်မမြင် ပုဏ္ဏားအားလုံးဆုံပြီး သူ့ထင်မြင်ချက်၊ ကိုယ့်ထင်မြင်ချက် ပေါင်းလိုက်ရင် ဆင်ဆိုတဲ့ အမှန်တရားကြီးပေါ်လာမှာ ဖြစ်ပါတယ်။ ဒါပေမယ့် အစွယ်စမ်းမိသူချင်း၊ နားရွက်စမ်းမိသူချင်း မပေါင်းမိဖို့ကို သတိပြုရမှာ ဖြစ်ပါတယ်။ ကိုယ်တိုင်ရဲ့ ဗီဇနဲ့စိတ်ခံစားမှုရဲ့စေ့ဆော်မှုအရ အလွယ်တကူ ယုံကြည်လက်ခံတတ်မှုကို သတိပြုမိပြီး အားကောင်းတဲ့ပညာရေးစနစ်ကပေးတဲ့ စနစ်တကျ စူးစမ်းလေ့လာမှုအပြင် အခြားမတူကွဲပြားတဲ့ အမြင်တွေကို ပေါင်းစပ်ညှိနှိုင်းခြင်းအားဖြင့်သာ အမှန်တရားကို ရှာဖွေနိုင်မှာ ဖြစ်ပါတယ်။ တစ်နည်းပြောရရင် နားထဲစွဲနေမိတဲ့ စကားလေးဖြစ်တဲ့ အပ္ပမာဒေန သမ္ပာဒေထဆိုတဲ့ မမေ့မလျော့မပေါ့သော အသိ သတိ ရှိကြဖို့ပါ။ တကယ်တော့ အမှန်တရားကို ကျွန်တော်တို့ မလွန်ခဲ့ပါဘူး။ ရောက်ဖို့ရန် ကျော်ဖြတ်စရာ အတားအဆီးတွေ ရှိနေတာသာဖြစ်ပါတယ်။ ။

## အမုန်းစကားမပြောရ။

**တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊**
**ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊**
**မသန်စွမ်းသူများနှင့်**
**နာတာရှည်ရောဂါဖြင့်**
**ကျန်းမာရေးချို့တဲ့နေသူများကို**
**အကြောင်းမဲ့ဖြစ်စေ၊**
**ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ**
**တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို**
**Facebook မှ ပယ်ဖျက်ပါသည်။**



## စာပေဗိမာန်စာမူဆု(၂၀၁၉) ဘာသာပြန်စာမူပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်စာမူပြဋ္ဌာန်း

**ရန်ကုန် မေ ၁၉**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်သည် ဘာသာပြန်စာပေ ဖွံ့ဖြိုးရေးနှင့် ဘာသာပြန် ဝါသနာရှင်များ တိုးတက်ရေးအတွက် စာပေဗိမာန်စာမူဆု၊ ဘာသာပြန် စာမူပြိုင်ပွဲကို နှစ်စဉ်ဖိတ်ခေါ် ကျင်းပလျက်ရှိရာ ၂၀၁၉ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ ဘာသာပြန်စာမူပြိုင်ပွဲအတွက် ပြဋ္ဌာန်းစာအုပ်များကို စတင်ရောင်းချလျက်ရှိပါသည်။

ယခင်နှစ်များတွင် ဘာသာပြန်စာမူပြိုင်ပွဲ၌ သုတဘာသာရပ်တစ်မျိုးသာ ပြဋ္ဌာန်းခဲ့သော်လည်း ၂၀၁၉ခုနှစ်အတွက် စာပေဗိမာန်စာမူဆုမှစ၍ ဘာသာပြန် (သုတ)နှင့် ဘာသာပြန်(ရသ)ဟူ၍ နှစ်မျိုးခွဲလျက် ပြဋ္ဌာန်းလိုက်ပါသည်။

၂၀၁၉ခုနှစ်အတွက် ဘာသာပြန် (ရသ) ပြဋ္ဌာန်းစာအုပ်မှာ V.S NAIPAUL ရေးသားသည့် COLLECTED SHORT FICTION စာအုပ်ဖြစ်ပြီး ဘာသာပြန် (သုတ) ပြဋ္ဌာန်းစာအုပ်မှာ MIKE GONZALEZ and MARIANELLA YANES တို့ရေးသားသည့် THE LAST DROP:The Politics of Water စာအုပ်ဖြစ်ပါသည်။

ယင်းစာအုပ်များကို အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့ရှိစာပေဗိမာန်အရောင်းဆိုင်၊ ဖုန်း ၀၁-၃၈၁၄၄၈၊ သပြေကုန်း၊ နေပြည်တော်ရှိ စာပေဗိမာန်အရောင်းဆိုင် ဖုန်း ၀၆၇-၃၄၀၄၁၆၈၊ ၈၆လမ်း ၂၁x၂၂ ကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ရှိ စာပေဗိမာန်အရောင်းဆိုင် ဖုန်း ၀၂-၄၀၃၀၁၈၆တို့တွင် COLLECTED SHORT FICTION စာအုပ်ကို တန်ဖိုးငွေကျပ် ၅၀၀၀/- THE LAST DROP:The Politics of Water စာအုပ်ကို တန်ဖိုးငွေကျပ် ၇၀၀၀/- တို့ဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ပြိုင်ပွဲဝင် စာမူတင်သွင်းရာတွင် သတ်မှတ်ထားသည့်ပြိုင်ပွဲဝင်ပုံစံဖြင့် တင်သွင်းခြင်းကိုသာ လက်ခံမည်ဖြစ်ပါသည်။ ပြိုင်ပွဲဝင်ပုံစံနှင့်စည်းကမ်းချက်များကို ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၏ Website www.moi.gov.mm/ppd တွင် အခမဲ့သော်လည်းကောင်း၊ စာပေဗိမာန်ရုံးတွင် ငွေကျပ် ၂၀၀/-ဖြင့်သော်လည်းကောင်း ဝယ်ယူရရှိပါသည်။ နယ်မှပြိုင်ပွဲဝင်လိုသူများသည် စာအုပ်တန်ဖိုးနှင့် စာအုပ်ပို့ခအပါအဝင် စုစုပေါင်း ငွေကျပ် ၂၅၀၀/-ကို ငွေပို့လွှာဖြင့် ဥက္ကဋ္ဌ၊ စာပေဆုများ အုပ်ချုပ်ထောက်ပံ့မှုကော်မတီ၊ စာပေဗိမာန်ရုံး၊ အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၈၁၄၄၉သို့ လိပ်မူ၍ မှာယူနိုင်ပါသည်။

ပြိုင်ပွဲစာမူများကိုလည်း ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၁၅ ရက် နောက်ဆုံးထား၍ ယင်းလိပ်စာသို့ပင် လိပ်မူ၍ ပေးပို့ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မြန်အောင်မြို့၌ ကိုဗစ် - ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် နှာခေါင်းစည်းတပ်ရေးလှုပ်ရှားမှုနှင့် ပညာပေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်

**မြန်အောင် မေ ၁၉**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့ နေခြည်ဈေးနှင့် မြို့နယ်အားကစားကွင်းရှိ ယာယီပျံကျဈေးတို့တွင် ယနေ့နံနက်ပိုင်းက ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေး အတွက် လူတိုင်းနှာခေါင်းစည်းတပ်ရေး လှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်ခြင်းနှင့် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်သည်။




အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဈေးများ၌ ရောင်းချလျက်ရှိသော ဈေးသည်များ၊ ဈေးဝယ်သူများ၊ လမ်းသွားလမ်းလာများအားလုံး အပြင်သို့ ထွက်သည့်အခါတိုင်း နှာခေါင်းစည်းတပ်သည့် အလေ့အကျင့်ဖြစ်ရေးအတွက် ပညာပေးခြင်းနှင့် နှာခေါင်းစည်း ၅၀၀ ကို အခမဲ့ဝေငှခြင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနကထုတ်ဝေသည့် သတင်းစကား ပညာပေး လက်ကမ်းစာစောင်များနှင့် ကျန်းမာရေးအသိပညာ မြှင့်တင်ရေးဌာနခွဲက ထုတ်ဝေသည့်ပညာပေး လက်ကမ်းစာစောင်များ စုစုပေါင်း စောင်ရေ ၅၀၀ ကို အခမဲ့ ဖြန့်ဝေခြင်း၊ ကိုဗစ်- ၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် လိုက်နာရန် လမ်းညွှန်ချက်များကို ပြည်သူအားလုံး ကျယ်ပြန့်စွာ သိရှိလိုက်နာနိုင်ရန် အသိပေး နှိုးဆော်ခြင်းတို့ကို မြန်အောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တို့မှ ဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေး အသင်းဝင်များ၊ လဝန်းရောင်ခြည်ပရဟိတ လူငယ်အဖွဲ့မှ အဖွဲ့ဝင်များနှင့် Youth Club အဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ခြင်း ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ထွန်းဇော်ထွန်း (ပြန်/ဆက်)**

---

**မွေးသက္ကရာဇ် အမှန်**

လှိုင်ကော်မြို့၊ ဒေါ်တမရပ်ကွက်၊ လောပိတလမ်း၊ ဒေါ်/၂၈၃နေ (ဘ)ဦးဇော်မင်းအောင်၏သမီး မထက်ထက်အောင်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၄-၆-၁၉၉၈ ဖြစ်ပါကြောင်း။ **မထက်ထက်အောင်**
**မွေးသက္ကရာဇ်အမှန် ၁၄-၆-၁၉၉၈**

---

**တစ်ဦးတည်း ဖြစ်ပါကြောင်း**

လှိုင်ကော်မြို့၊ ဒေါ်တမရပ်ကွက်၊ ခလရ(၅၄)လမ်းနေ ဦးသိန်းအောင်၏သမီး မဆန်းကလျာအောင်(ခ)မစန်းကလျာအောင် ၂/လကန(နိုင်) ၀၇၇၉၁၂မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**မဆန်းကလျာအောင်(ခ)မစန်းကလျာအောင်**

---

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ ၆-လမ်းတောင်၊ မြေကွက်အမှတ် (၈၉)၊ အကျယ်အဝန်း (၂၅ပေx၆၉ပေ)ရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးစိုးဝင်း ၉/မနမ(နိုင်)၀၀၅၁၉၃ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်အေးမြင့် (စဉ်-၇၁၅၈)**
**LL.B, LL.M, D.B.L**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် (G-1)၊ ကန်တော်ကလေးလမ်း၊**
**အောင်ဆန်းကွင်းမြောက်ဘက်တန်း၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၈၆၀၄၅**

---

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် (၂၃၀၃)၊ ဧရိယာ ဝဒသမ၀၈၂ ဧကရှိ ဦးအောင်ကျော်ဆွေအမည်ပေါက် ပါမစ်မြေကွက်အား ဦးမြင့်ဆွေ (ဘ) ဦးထွန်းရင် ၉/လဝန(နိုင်) ၁၀၉၄၉၁မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ တရားရုံးကျမ်းကျိန်လွှာ အမှတ် (၁၀၁၉/၂၀၂၀)၊ နှစ်ဦးသဘောတူကတိဝန်ခံချက်၊ လျှောက်ထားသူ၏ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက် မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ် စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး ဤကြော်ငြာပါသည့်နေ့မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

---

### ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၅)ရပ်ကွက်၊ သုမန(၄)လမ်း၊ တိုက်အမှတ် (၄၂၉)ဟုခေါ်တွင်သည့် နှစ်ခန်းတွဲ (၆)ထပ်တိုက်၏ (၆-လွှာ)၊ တိုက်ရှေ့မျက်နှာမူလျှင် (ညာ-ဘက်) အကျယ်အဝန်း (၁၉ပေx၅၄ပေ)ရှိ တိုက်ခန်းအား ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်လိပ်စာဖြစ်သည့် တိုက်ခန်းနှင့်အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုလက်ရောက်ရရှိထားသူ ဦးလူအေး ၁၂/လမန(နိုင်)၁၃၃၂၇၆နှင့် ဒေါ်မေသူမောင် ၁၂/လမန(နိုင်)၁၃၆၇၃၄ တို့ထံမှဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေများ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘူမောင် (LL.B) (စဉ်-၂၂၇၄၇)၊ ဒေါ်ဖြိုးဖြိုးအောင် (LL.B) (စဉ်-၄၈၄၃၁)**
**အကျိုးဆောင် အထက်တန်းရှေ့နေ**
**အမှတ် (၅/၁၁)၊ မြေညီ၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၁-၅၅၁၆၅၉၊ ၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၂၅၄၂၇၈၃၃၆**

---

### အများသိစေရန်ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်-ရွှေသောင်ယံမြို့နယ်ခွဲ၊ သဘော့ကံကျေးရွာအုပ်စု၊ ကျွန်းချောင်း (ပြင်)၊ ဦးပိုင်အမှတ်-၂၂၊ ဦးညိုတုတ် အမည်ပေါက်လျက်ရှိသော ၅ဒသမ၈၄ ဧက မြေအကျယ်ရှိပြီး၊ အရှေ့ဘက်တွင် လမ်း၊ အနောက်ဘက်တွင် ပင်လယ်၊ တောင်ဘက်တွင် ဦးအောင်တင့်၊ မြောက်ဘက်တွင် ဦးမြင့်ဦး မြေများနယ်နိမိတ်ထိစပ်နေသည့်မြေကို တရားဝင်ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ ဦးညိုတုတ် ၁၄/ပသန(နိုင်)၀၅၃၅၈၉ က ဒေါ်အေးမြင့် ၉/မကန(နိုင်)၀၈၉၈၅၅၊ ရန်ဆိုက်ခွေ ၁၃/မဆတ(နိုင်)၀၂၁၉၂၆တို့ကို ကာလတန်ဖိုးဖြင့် (၂၄-၂-၂၀၂၀)ရက်တွင် ရောင်းချပြီး ဝယ်ယူသူများမှ ရောင်းသူထံသို့ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ငွေအပြီးပေးချေမည့် (၁-၆-၂၀၂၀)ရက်တွင် COVID-19 ရောဂါပိုးကြောင့် သွားလာရေးခက်ခဲသည့်အတွက် (၁၄-၆-၂၀၂၀)ရက်တွင် ကျန်ငွေများ ဆက်လက်ပေးချေမည်ဖြစ်ကြောင်းနှင့် (၁၄-၆-၂၀၂၀) ရက်တွင် ရောဂါပိုးကြောင့် သွားလာရေးခက်ခဲမည်ဆိုပါက မြေကွက်အရောင်းအဝယ်ကိစ္စအား ရောင်းသူ၊ ဝယ်သူ နှစ်ဖက်ညှိနှိုင်းသွားမည်ဖြစ်ကြောင်းကို ဝယ်ယူသူ ဒေါ်အေးမြင့်၏ ညွှန်ကြားချက်အရ သက်ဆိုင်သူအများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ- ဦးတင်အောင်ကြည်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၁၃၁)**
**အမှတ်(၂၆၃၊ သုံးလွှာ)၊ ဗားကရာလမ်း၊ မြေနီ/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊**
**ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၂၀၀၁၈၇၃၄**

---

### "ဒေါ်ဟေမာကျော်ဇော [၁၂/ပမန (နိုင်) ၁၄၀၅၄၄] နှင့် အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်နေ ဒေါ်ခင်မာရွှေ [PME-103916] ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

လူကြီးမင်းသည် ကျွန်ုပ်အား အရေးအခွင့်တာဝန်ပေးလွှဲအပ်သူ ဒေါ်ခင်မာရွှေ ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဇလွန်လမ်း၊ အမှတ်- ၄၆/ဘီ (ပထမထပ်) တိုက်ခန်းကို (၂၅. ၉. ၂၀၁၉) ရက်နေ့မှ (၂၅. ၃. ၂၀၂၀) ရက်နေ့အထိ (၆) လငှားရမ်းခြင်းပြည့်ပြီးနောက် လူကြီးမင်း၏မေတ္တာရပ်ခံချက်ကြောင့် (၅. ၅. ၂၀၂၀) ရက်နေ့ထိ ထပ်တိုးငှားရမ်းပေးခဲ့ကြောင်း၊ (၈. ၅. ၂၀၂၀) ရက်နေ့တွင် လူကြီးမင်းတို့ အထက်ပါ တိုက်ခန်းမှ ရွှေ့ပြောင်းသွားပြီးနောက် လူကြီးမင်းတို့၏ အိမ်အသုံးအဆောင်ပစ္စည်းအချို့အား တိုက်ခန်းအတွင်းထားရှိခဲ့ပြီး အဆိုပါပစ္စည်းများကို (၁၆. ၅. ၂၀၂၀) ရက်နေ့တွင် ပြန်လည်လာရောက်ယူဆောင်ပါမည်ဟု ဝန်ခံကတိပြုခဲ့သော်လည်း ယနေ့အချိန်အထိ လာရောက်သယ်ယူခြင်းမရှိခဲ့ပါ။ ကျွန်ုပ်အား အရေးအခွင့်တာဝန်ပေးလွှဲအပ်သူက လူကြီးမင်းတို့ပြောင်းရွှေ့သွားသည့်လိပ်စာကို မသိရှိရသဖြင့် လူကြီးမင်းတို့အသုံးပြုသောဖုန်းများကို ဆက်သွယ်သော်လည်း စက်များပိတ်ထားသည့်အတွက်ကြောင့် မည်သို့မျှဆက်သွယ်၍ မရခဲ့ကြောင်း ညွှန်ကြားချက်အရ သိရှိရပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်အားအရေးအခွင့်တာဝန်ပေးလွှဲအပ်သူ၏ တိုက်ခန်းအတွင်း ကျန်ရစ်ခဲ့သည့် လူကြီးမင်း၏အိမ်သုံးပစ္စည်းများအား (၂၅. ၅. ၂၀၂၀) ရက်နေ့နောက်ဆုံးထား၍ လာရောက်သယ်ယူပါရန်နှင့် ထိုနေ့စေရောက်သည့်တိုင်အောင် ယူဆောင်ခြင်း မရှိပါက တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်ဟေမာကျော်ဇောနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်မာရွှေ၏လွှဲအပ်ညွှန်ကြားချက်အရ-

**ဒေါ်စင်မျိုးကြည် (စဉ်- ၁၀၇၁၂)**
**LL.B, D.B.L, D.I.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ**

**ဦးဘိုဘို (စဉ်- ၁၀၆၆၄)**
**B.sc (Geol), M.P.A, M.A (Business Law),H.G.P, PG.D.L, LL.B, D.M.A, D.A Psy, D.A.E, D.B.L, D.M.L, D.I.L, D.I.R, DLP, (WIPO) (101,201,301,302,317,450)**
**တရားလွှတ်တော်ရှေ့နေ**

**FAME MYANMAR LAW FIRM**
အမှတ်- ၂၈၊ အခန်း- ၅၀၂ (၅- လွှာ)၊ ၃၇လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
Ph: 09-5148942, 01-378683

---

**တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်**

ကျွန်းစုမြို့နယ်၊ ကပကျေးရွာမှ ၂၀၁၂ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သော မဖြူပြာဝင်း၏ မိခင်ဒေါ်ဝင်း ကြည်နှင့် ဒေါ်ညွန့်ရှိန် ၆/ကစန(နိုင်)၀၄၆၂၀၅မှာ တစ်ဦးတည်းဖြစ်ပြီး မဖြူပြာဝင်း၏ မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင်အောင်လက်မှတ်အရ ၂၁-၅-၁၉၉၆ ဖြစ်ပါကြောင်း။
**ဒေါ်ဝင်းကြည်(ခ)ဒေါ်ညွန့်ရှိန်**

---

### မခိုင်ဝါမင်း (ဘ) ဦးကျော်မင်း (၁၂/မဂတ(နိုင်)၀၇၃၈၀၇) (ယခုနေရပ်လိပ်စာမသိသူ) သိစေရန်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေဘုန်းပွင့်ဘုရားလမ်း၊ ကျောက်ရေတွင်းရပ်ကွက်၊ အိမ်အမှတ် (၁၆၀)တွင် နေထိုင်သူ မနီနီဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ မခိုင်ဝါမင်း သိစေရန် အောက်ပါအတိုင်း အသိပေးကြော်ငြာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ မနီနီဝင်းမှ ၎င်းနှင့်ယောင်းမတော်စပ်သူ မခင်သဥ္စာထူး(ခေတ္တဂျပန်)၏ ဆက်သွယ်ပေးမှုမှတစ်ဆင့် လူကြီးမင်းအားသိရှိခဲ့ပြီးနောက် လူကြီးမင်းသည် ငွေကြေးများအား တိုးပွားအောင် ပြုလုပ်ပေးမည်ဟုဆိုကာ ကျွန်ုပ်၏မိတ်ဆွေ မနီနီဝင်းထံမှ ငွေကြေးများ ရယူခဲ့ပါသည်။ အဆိုပါ လူကြီးမင်းရယူထားသော ငွေကြေးများအား ကျွန်ုပ်၏ မိတ်ဆွေထံ ပြန်လည်ပေးအပ်ရန် လူကြီးမင်းအနေဖြင့် အကြိမ်ကြိမ်ပျက်ကွက်ခဲ့ပြီးနောက် အဆက်အသွယ် ဖြတ်တောက်သွားကြောင်း သိရှိရပါသည်။

လူကြီးမင်း၏ နေရပ်လိပ်စာအား သွားရောက်စုံစမ်းရာတွင်လည်း နေရာပြောင်းရွှေ့သွားကြောင်းကြားသိရပြီး ယနေ့တိုင်လူကြီးမင်း၏ တယ်လီဖုန်းများအား ဆက်သွယ်၍ မရသည့်အပြင် လူကြီးမင်းနေထိုင်ရာအရပ်ဒေသကိုလည်း ရှာဖွေစုံစမ်း နေရဆဲဖြစ်ပါသည်။

သို့ပါသောကြောင့် ယနေ့ကြော်ငြာပါသည့် နေ့ရက်မှ (၇)ရက်အတွင်း လူကြီးမင်း ရယူထားသောငွေကြေးကိစ္စများနှင့် ပတ်သက်၍ ကျွန်ုပ်ထံလာရောက်ဆက်သွယ်ဖြေရှင်းရန်နှင့် သတ်မှတ်ထားသော နေ့ရက်ကျော်လွန်ပါက တရားဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

<u>ရုံးခန်းလိပ်စာ</u>
အမှတ်(၈)၊ ရေတာရှည်လမ်းဟောင်း၊
ရွှေနံ့သာရပ်ကွက်၊ ဗဟန်းမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-09 5139151

လွှဲအပ်ညွှန်ကြားချက်အရ -
**ဒေါ်ဖြူဖြူဥ (Advocate)**
**LL.B, D.B.L, D.I.L, D.M.L, D.I.R,**
**C.A.E.S, C.B.D.S, Diploma in English,**
**WIPO (Switzerland),**
**Master of Business Law (M.B.L)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၅၃၁)

---

### သားအဖြစ်မှအမွေပြတ် စွန့်လွှတ်ခြင်း

ရွှေညောင်မြို့၊ လှိုင်ဘုံသာ(၃)ရပ်ကွက်၊ အမှတ် ၁၄/၁၅၅နေ (ဦးဇော်ဝင်း) ၁၃/တကန(နိုင်)၀၃၅၁၉၇ - ဒေါ်ခင်ဥ ၁၃/တကန(နိုင်)၀၃၅၁၉၈တို့၏သား မောင်သီဟအောင်(ခ)လွှမ်းသူ ၁၃/တကန(နိုင်)၂၄၃၈၃၆သည် မိခင်၏ဆိုဆုံးမမှုကိုမနာခံဘဲ မိခင်အပေါ်စိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်သည့်အတွက် မိခင် ဒေါ်ခင်ဥမှာ ကိုယ်စိတ်နှစ်ပါးဆင်းရဲနေရသည့်အတွက် မောင်သီဟအောင် (ခ)လွှမ်းသူအား ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ဥ ၁၃/တကန(နိုင်)၀၃၅၁၉၈**

---

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## (၃၈) နှစ်မြောက် မင်္ဂလာဆုတောင်း

ဖေဖေ ဦးလှမြင့်၊ လှည်းကူးပညာရေးကောလိပ်၊ ကျောင်းအုပ်ကြီး (ငြိမ်း)- မေမေ ဒေါ်မြင့်မြင့်စန်း (မြဒါလီ Junction City ဗိုလ်ချုပ်ဈေးသစ်)တို့၏ ၂၀-၅-၂၀၂၀ ရက် (ဗုဒ္ဓဟူးနေ့)တွင် ကျရောက်သော (၃၈)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်ရက်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သားများနှင့်အတူ ကျန်းမာရွှင်လန်းစွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

| | |
|---|---|
| သားကြီး - | သားငယ် - |
| ဒေါက်တာအောင်အောင်ဖြိုးဝေမြင့် | ဒေါက်တာမောင်မောင်မိုးဝေမြင့် |
| M.B.,B SMBBS (YGN) | B.D.S (YGN) |
| M.M.Ed Sc (Orthopaedics) | Certi in Implantology (Korea) |
| ကထိက/အတိုင်ပင်ခံ | Certi in Orthodontic (Thailand) |
| အရိုးခွဲစိတ်အထူးကုဆရာဝန် | မိုးပုလဲသွားနှင့်ခံတွင်းဆေးကုခန်း၊ |
| မြောက်ဥက္ကလာပဆေးရုံ၊ ရန်ကုန် | ရန်ကုန်-မန္တလေး |

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
မြောက်ဥက္ကလာပမြို့နယ်တရားရုံး
၂၀၂၀ပြည့်နှစ်၊ တရားမကြီးမှုအမှတ်(၁၈)

ဦးစိုးဝင်း နှင့် ဦးမြင့်ဟန် ပါ(၂)
တရားလို တရားပြိုင်များ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၄)ရပ်ကွက်၊ ဗိုလ်ပျိုလမ်းသွယ်၊ အမှတ်-၄/၁၁၈၉(ခ)နေ (၂)တရားပြိုင် ဒေါ်တင်မြင့် (ဘ) ဦးမောင်လှ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ အခွင့်အမိန့်အရရှေ့နေဖြစ်စေ သို့မဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၂၀ပြည့်နှစ် မေ ၂၆ ရက် (၁၃၈၂ ခုနှစ် နယုန်လဆန်း ၅ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန်ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ပြည့်နှစ် မေ ၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နန္ဒာမျိုး)
မြို့နယ်တရားသူကြီး
မြောက်ဥက္ကလာပမြို့နယ်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံး ကိုဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
မန္တလေးခရိုင်တရားရုံးတော်
၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၉၃

ဦးမောင်မောင်တာ နှင့် ၁။ ဦးမင်းအောင်
၂။ ဦးတင်ဇော်ဝင်း(ခ)ဇော်ကြီး
၃။ ဦးတင်မောင်စိုး(ခ)စိုးဦး

တရားလို တရားပြိုင်များ

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ (ဓ-၆/၇၇)၊ လမ်း ၆၀ (ကျောကပ်)၊ သဇင်လမ်းနှင့် 112-A လမ်းကြား၊ မြို့သစ် (၄)ရပ်ကွက် (သိုးခြံရပ်)နေ (၁)တရားပြိုင် ဦးမင်းအောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက နစ်နာကြေးငွေကျပ်သိန်း ၁၅၀ တိတိ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဇွန် ၁၂ ရက် (၁၃၈၂ ခုနှစ် နယုန်လပြည့်ကျော် ၇ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်း၊ စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် မေ ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မျိုးမင်း)
ဒုတိယခရိုင်တရားသူကြီး (၄)
မန္တလေးခရိုင်တရားရုံး

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်ရိပ်သာလမ်းနှင့် ဦးအောင်မြတ်လမ်းထောင့် Kantharyar Residences ရှိ အခန်းအမှတ်(11-03)(1582)စတုရန်းပေရှိ ကွန်ဒိုအခန်း ဟုခေါ်တွင်သော အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်လှလှမြိုင် ၉/မရမ(နိုင်) ၀၄၅၁၃၈ ကန်သာယာစုပေါင်းပိုင်အဆောက်အအုံ ပိုင်ဆိုင်မှုစာချုပ် (Owners Register Book) အမည်ပေါက်က တိုက်ခန်းအား လက်ဝယ်ပိုင်ဆိုင်ကြောင်းနှင့်အပြီးအပိုင်လက်ရောက်လွှဲပြောင်းရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးချေဝယ်ယူထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများသည် ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ဇော်မြတ်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၀၉)
အမှတ်(၁၇၈)၊ ဒုထပ်၊ အခန်း၅၊ AYA BANK အပေါ်ထပ်၊ ဗိုလ်အောင်ကျော်လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၄၁၂၇၅၂၊ ၀၉-၄၃၀၈၂၁၉၂

## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့ (၁၉)၊ ခန္တီး(ဆင်သေ)မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအပ်ငွေဖြင့်ဆောင်ရွက်မည့် လဟယ်မြို့နယ် စာရင်းရုံး ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် ပြည်ထောင်စုပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သော လုပ်ငန်းခွင်သုံးပစ္စည်းများအား သတ်မှတ်လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။ စိတ်ပါဝင်စားသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါစည်းကမ်းချက်များကို သိရှိလိုပါက လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့ (၁၉)၊ ခန္တီး(ဆင်သေ)၊ ဖုန်း-၀၉-၄၅၉၈၂၁၄၈၅၊ ၀၉-၄၄၄၀၂၃၃၀၄၊ ၀၉-၄၂၅၃ ၄၂၄၆၁ သို့ (ရုံးချိန်အတွင်း) ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း မေးမြန်းနိုင်ပါသည်။

၃။ တင်ဒါလျှောက်လွှာပုံစံများကို စစ်ကိုင်းတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့ (၁၉)၊ ခန္တီး (ဆင်သေ)တွင် အောက်ပါအစီအစဉ်အတိုင်း ဝယ်ယူနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၂၂-၅-၂၀၂၀ရက် (သောကြာနေ့)
(ခ) **တင်ဒါလျှောက်လွှာအရောင်းပိတ်မည့်ရက်** - ၁၁-၆-၂၀၂၀ရက် ညနေ ၃နာရီ (ကြာသပတေးနေ့)
(ဂ) **တင်ဒါလျှောက်လွှာဖွင့်မည့်ရက်** - ၁၂-၆-၂၀၂၀ရက် နံနက် ၉နာရီ (သောကြာနေ့)

**လမ်းအထူးအဖွဲ့ (၁၉)၊ ခန္တီး(ဆင်သေ)**
**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## အသိပေးကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် လှိုင်မြို့နယ်၊ ရွှေပိတောက်ငါးဈေးရှိ ဈေးဆိုင်ခန်းများကို ၂၀၁၄ ခုနှစ်မှစ၍ အရစ်ကျစနစ်ဖြင့် (၂၅)လခွဲ၍ ရောင်းချခဲ့ပါသည်။

၂။ ဆိုင်ခန်းအရစ်ကျ ဝယ်ယူသူများအနက် ဆိုင်ခန်းဖိုးအရစ်ကျငွေများ အကျေပေးသွင်းရန် ကျန်ရှိသူများသည် ၃၀-၆-၂၀၂၀ ရက် နောက်ဆုံးထားပြီး မြို့တော်ခန်းမရှိ ဈေးများဌာန (ရုံးချုပ်)တွင် လာရောက်ပေးသွင်းရန်နှင့် ၎င်းနေ့အထိ ပေးသွင်းခြင်းမရှိသူများအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဝယ်ယူထားသည့်ဆိုင်ခန်းအား ယာယီပိတ်သိမ်းပြီး ဌာနမှလိုအပ်သလို စီမံခန့်ခွဲသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန
ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့
ရေတာရှည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း
၁၃၈၂ခုနှစ် ကဆုန်လပြည့်ကျော် ၁၄ရက်
၂၀၂၀ပြည့်နှစ် မေလ ၂၀ရက်

၁။ ရေတာရှည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ရေတာရှည်မြို့မဈေး အနောက်ဘက် လမ်းဘေးမြေနေရာတွင် ဈေးရုံ(၁)ရုံတည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများအား ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား မြန်မာ(ကျပ်)ငွေဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

- တင်ဒါအဆိုပြုလွှာရောင်း မည့်ရက် - ၂၀-၅-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီ
- တင်ဒါအဆိုပြုလွှာနောက်ဆုံးတင်သွင်းရမည့်ရက် - ၅-၆-၂၀၂၀ရက် (သောကြာနေ့) ညနေ ၄:၃၀နာရီ
- တင်ဒါဖွင့်လှစ်မည့်ရက် - ၁၂-၆-၂၀၂၀ရက်(သောကြာနေ့) နံနက် ၁၀နာရီ
- တင်ဒါဖွင့်လှစ်မည့်နေရာ - မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊ ရေတာရှည်မြို့

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ရေတာရှည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ၂၀-၅-၂၀၂၀ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူတင်သွင်းနိုင်ပါသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ**
**မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ရေတာရှည်မြို့**
**ဖုန်း-၀၅၄-၈၀၀၀၇၊ ၀၉-၄၂၈၁၂၆၄၁၉**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ၈၂/၃၃/၁၀ရပ်ကွက်၊ ညောင်ဦးလမ်း၊ အမှတ် (၂၉၁-ခ)နေ ဒေါ်သူဇာဖြူ ၁၂/ရပသ(နိုင်)၀၈၅၁၇၀၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

အမွေဆိုင်များဖြစ်ကြသည့် ဒေါ်သူဇာဖြူ၊ မောင်စောသီဟ၊ မချိုချိုလွင်၊ မောင်စိုးနိုင်လင်း၊ မောင်သောင်းထိုက် နှင့် မောင်တည်တံ့ အောင်တို့သည် ၈-၅-၂၀၂၀ရက်တွင် မိသားစုအမွေပုံပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာ သဘောတူကတိစာချုပ်ချုပ်ဆို၍ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ၈၂/၃၃/၁၀ရပ်ကွက်၊ ညောင်ဦးလမ်း၊ အမှတ်(၂၉၁-ခ) ဟုခေါ်တွင်သော အလျား ၂၀ x အနံ ၆၀ ရှိ အမွေဆိုင်မြေကွက်အား ကာလတန်ဖိုးသတ်မှတ်ကာ အမွေခွဲဝေခြင်းလက်ခံခြင်း ကိစ္စရပ်ဆောင်ရွက်ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဒေါ်သူဇာဖြူ အနေဖြင့် မောင်စောသီဟ၊ မချိုချိုလွင်၊ မောင်စိုးနိုင်လင်း၊ မောင်သောင်းထိုက်၊ မောင်တည်တံ့အောင်တို့နှင့် ငွေကြေးကိစ္စ၊ အမွေကိစ္စအစရှိသည်တို့ ပတ်သက်ခြင်း မရှိတော့ပါသဖြင့် ၎င်းတို့နှင့် ပတ်သက်သည့် လူမှုရေး၊ စီးပွားရေး၊ ငွေကြေး ကိစ္စရပ်များကိုလည်း တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အမွေကိစ္စရပ်နှင့်စပ်လျဉ်း၍ ဒေါ်သူဇာဖြူ၏ ဂုဏ်သိက္ခာထိခိုက်စေသည့် လုပ်ရပ်များပြုမူခြင်း၊ မမှန်မကန်ပြောဆိုစွပ်စွဲခြင်းမပြုလုပ်ရန်နှင့် ပြုမူပြောဆိုစွပ်စွဲခြင်း များပြုလုပ်လာပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်သူဇာဖြူ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးရန်နိုင်**
**အထက်တန်းရှေ့နေ(စဉ်-၄၆၁၆၆)**
**အမှတ်-၉၅၈၊ 3-A၊ ဓမ္မရာဇာလမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၈၆၁၄၃၄၇၊ ၀၉-၉၆၄၆၁၄၃၄၇**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
ရန်ကုန်မြို့
တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တက္ကသိုလ်တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| လုပ်ငန်းတည်နေရာ | စဉ် | လုပ်ငန်းအမည် |
|---|---|---|
| ရန်ကုန်တက္ကသိုလ်၊ ရိုးမရိပ်သာ၊ ကမာရွတ်မြို့နယ် | ၁ | (၄)ခန်းတွဲ(၄)ထပ်ဝန်ထမ်းအိမ်ရာ(၁)လုံး တည်ဆောက်ခြင်း(98'x64') RC(မြို့ပြ၊ ရေသန့်၊ လျှပ်စစ်) (၂၅၀၈၈ စပေ) |
| ရန်ကုန်တက္ကသိုလ်၊ တိုးကြောင်ကလေး ငါးမွေးမြူရေးစခန်း၊ အရှေ့ဒဂုံမြို့နယ် | ၂ | RC(၂)ထပ် စာသင်ဆောင်(၁)လုံး တည်ဆောက်ခြင်း (မြို့ပြ၊ရေသန့်၊ လျှပ်စစ်)(156'x38')(၁၁၈၅၆ စပေ) |
| ရန်ကုန်တက္ကသိုလ်၊ တိုးကြောင်ကလေး ငါးမွေးမြူရေးစခန်း၊ အရှေ့ဒဂုံမြို့နယ် | ၃ | RC(၁)ထပ်၊ (၄)ခန်းတွဲ ဝန်ထမ်းအိမ်ရာ(၁)လုံး တည်ဆောက်ခြင်း(မြို့ပြ၊ ရေသန့်၊ လျှပ်စစ်) (60'x30') (၁၈၀၀ စပေ) |
| ရန်ကုန်တက္ကသိုလ်၊ တိုးကြောင်ကလေး ငါးမွေးမြူရေးစခန်း၊ အရှေ့ဒဂုံမြို့နယ် | ၄ | 200KVA Transformer နှင့် ဆက်စပ်ပစ္စည်းများ တပ်ဆင်ခြင်း(HT, LT Line အပါအဝင်) |
| ရန်ကုန်တက္ကသိုလ်၊ တိုးကြောင်ကလေး ငါးမွေးမြူရေးစခန်း၊ အရှေ့ဒဂုံမြို့နယ် | ၅ | ပြင်ပရေသန့်လုပ်ငန်း |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၁-၅-၂၀၂၀ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး၊ အိတ်ဖွင့်တင်ဒါများကို ၂၂-၆-၂၀၂၀ ရက် (၁၆:၀၀)နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့် လုပ်ငန်းအတွက် သတ်မှတ်တင်ဒါအာမခံကြေးကို အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် ရန်ကုန်တက္ကသိုလ်၊ ဘဏ္ဍာဌာနတွင် ကျသင့်ငွေပေးသွင်းပြီး၊ ငွေသွင်းပြေစာမိတ္တူကို သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံနှင့်အတူ ပူးတွဲ၍တင်သွင်းရမည်။ လုပ်ငန်းတစ်ခုထက်ပိုမို၍ တင်ဒါတင်သွင်းလိုပါက မိမိတင်သွင်းလိုသည့် လုပ်ငန်းအမျိုးအစားတစ်ခုစီအတွက် တင်ဒါအာမခံကြေးကို သီးခြားစီပေးသွင်းပြီး၊ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံနှင့် တစ်ခုချင်းစီ တင်သွင်းရမည် ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါနှင့်သက်ဆိုင်သည့် အသေးစိတ်သိရှိလိုသော အချက်များကို-ဖုန်း-၀၁-၅၃၄၄၈၉သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## အမည်ပြောင်း

ကချင်ပြည်နယ်၊ ဒေါ့ဖုန်းယန်မြို့၊ မိုင်းမုကျေးရွာနေ(ဘ)ဦးမင်းမင်းကျော် ၁/ဒဖယ(နိုင်)၀၀၄၂၉၀၏သား မောင်သက်မင်းဦးအား မောင်ပြည့်ဖြိုးကျော်ဟုပြောင်းလဲခေါ်ပါရန်။

**မောင်ပြည့်ဖြိုးကျော်**

## အမည်မှန်

ကျုံပျော်မြို့၊ အောင်ဆန်းရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ ဦးအောင်ရ၏သား အမည်မှန်မှာ ဦးမြင့်ဝေ ၁၄/ကပန(နိုင်) ၀၀၉၃၇၇ ဖြစ်ပါကြောင်း။

**ဦးမြင့်ဝေ**

## ဖခင်အမည်မှန်

နမ့်ခမ်းမြို့နယ်၊ မော်ဆွေအုပ်စု၊ ကျောင်းကုန်းရွာနေ မအယ်(လ်)နန်လတ် ၁၃/နခန(နိုင်)၀၈၂၆၅၃၏ ဖခင်အမည်မှန်မှာ ဦးဇော်ဆမ်ဖြစ်ပါကြောင်း။

**ဦးဇော်ဆမ်**

## အများသိစေရန်ကြေညာအပ်ပါသည်

ဦးတင်ဦး ၇/ပတန(နိုင်)၀၁၀၃၇၀၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေသည် ဒေါ်ထွေး၏ အထွေထွေကိုယ်စားလှယ်ရရှိထားသူဖြစ်ပြီး ဒေါ်ထွေးသည် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ လှော်ကားကျေးရွာအုပ်စု၊ ကရင်ချောင်းကွင်း၊ အမှတ် ၅၆၁၊ ဦးပိုင်အမှတ် ၃၂၊ မြေအကျယ် ၉ဒသမ၁၅ဧက မြေကွက်သည် လယ်သမား ဦးကျော်ထွန်း အမည်ပေါက်ဖြစ်ပြီး ယခုအခါ ဦးကျော်ထွန်းကွယ်လွန်သွားပြီးဖြစ်သဖြင့် ၎င်း၏ဇနီး ဒေါ်ထွေးမှ အမွေဆက်ခံပိုင်ဆိုင်ပါသည်။ ယခုလက်ရှိတွင် ဒေါ်ထွေးသာလျှင်ပိုင်ဆိုင်ပြီး ယင်းမြေကွက်နှင့်ပတ်သက်ပြီး အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ မြေကွက်အား ဒေါ်ထွေးနှင့် ကျွန်ုပ်မိတ်ဆွေတို့၏ ခွင့်ပြုချက်မရရှိဘဲ ဝင်ရောက်နေထိုင်ခြင်းမပြုရန်နှင့် ဝင်ရောက်နေထိုင်သူများကိုလည်း ဥပဒေအရအရေးယူဆောင်ရွက်မည်ဖြစ်ပြီး မြေကွက်အားပိုင်ရှင်သဖွယ်အလွဲသုံးစားပြုလုပ်ဝင်ရောက်စီမံဆောင်ရွက်ခြင်းမပြုရန် ယခုကြေညာချက်ဖြင့် တားမြစ်လိုက်ပါကြောင်း၊ လိုက်နာဆောင်ရွက်ခြင်းမပြုပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်တင်တင်ချို (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၀၄၃)
အမှတ် (၉A/၈B)၊ မြမဥ္ဇူလမ်း၊ ဘုံရှည်ကုန်းရပ်ကွက်၊
ရွှေပြည်သာမြို့နယ်၊ ဖုန်း-၀၉-၄၃၂၀၄၆၂၁

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အထက(၅) တက္ကသိုလ်ဝင်တန်း (D)မှ မချစ်ဖူးလှိုင်၏ ဖခင်ဦးရဲနိုင်ဝင်း (ခ) ဦးရဲနိုင် ၇/ကတခ(နိုင်)၁၁၂၆၄၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးရဲနိုင်ဝင်း(ခ)ဦးရဲနိုင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးခိုင်ကျင့်ခမ်၏သမီး ကလေးမြို့နယ် နန်းဟံနွဲ့ရွာ အထက(ခွဲ)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖျဲလ်ငိုက်ဒိမ်းနှင့် ဒေါ်ဖျတ်ငိုက်ဒိမ်း ၅/ကလထ(နိုင်)၀၄၅၆၉၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ဖျဲလ်ငိုက်ဒိမ်း(ခ)**
**ဒေါ်ဖျတ်ငိုက်ဒိမ်း**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

(၁) လေပြင်းတိုက်ခတ်ချိန်နှင့် မိုးသည်းထန်စွာ ရွာသွန်းချိန်တို့တွင် သစ်ပင်၊ သစ်ကိုင်းများ၊ လျှပ်စစ်မီးတိုင်များ၊ တယ်လီဖုန်းတိုင်များ ကျိုးကျနိုင်ခြင်း၊ လဲပြိုနိုင်ခြင်း၊ လေပြင်းနှင့်အတူ လွင့်ပါလာသည့် သွပ်နှင့် အခြားအရာဝတ္ထုများကြောင့် ထိခိုက်နိုင်ခြင်း၊ မိုးကြိုးပစ်ခြင်းများ ဖြစ်ပွားနိုင်သဖြင့် တတ်နိုင်ပါက အဆောက်အဦအပြင်ဘက်သို့ မထွက်ပါနှင့်။ ဖုန်းများ အသုံးမပြုပါနှင့်။ လျှပ်စစ်ပစ္စည်းများ အသုံးမပြုပါနှင့်။

(၂) မိမိအိမ်သည် လေပြင်းဒဏ် ခံနိုင်ရည်အားနည်းသည်ဟု ယူဆပါက ခိုင်ခံ့သည့် နီးစပ်ရာ အိမ်များ၊ အဆောက်အဦများသို့ ခေတ္တရှောင်ရှားနေထိုင်ပါ။

(၃) မိုးသည်းထန်စွာ ရွာသွန်းရာမှ လျှပ်တစ်ပြက် ရေကြီးခြင်းများ ဖြစ်ပေါ်နိုင်ပြီး လျှပ်တစ်ပြက် ရေကြီးခြင်းသည်

*စာမျက်နှာ ၉ ကော်လံ ၃* ❑

## နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ အချုပ်ပိုလေးမျက်နှာပါရှိ

ဖွံ့ဖြိုးဝေစည်လာသော မနောမြေမှ ပြည်သူတို့၏ လူမှုစီးပွား အချုပ်ပိုလေးမျက်နှာ ပါရှိပါသည်။

**လာအို၌ ကန့်သတ်ချက်များဖြင့် ကျောင်းများ ပြန်ဖွင့်မည်** စာ » ၁၃

**COVID - 19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

(၁၉–၅–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ စာ » ၁၅

## မန်စီးတီး၌ ကာလတိုစာချုပ်သစ် ဆေးဗားလ် ချုပ်ဆိုမည်



ထွက်ပေါ်လာသော သတင်းများအရ မန်စီးတီးအသင်းမှ စပိန်ကစားသမား ဒေးဗစ်ဆေးဗားလ်အနေဖြင့် အသင်းနှင့် ကာလတို စာချုပ်သစ်ချုပ်ဆိုရန် သဘောတူညီလိမ့်မည်ဟု ယုံကြည်ကြောင်း ဖော်ပြထားသည်။ ဆေးဗားလ်သည် မန်စီးတီးအသင်းနှင့် ကာလတို သက်တမ်းတိုးခဲ့ပါက ၎င်းကို ရာသီပြီးဆုံးသည်အထိ မန်စီးတီးအသင်းတွင် တွေ့မြင်ရဖွယ်ရှိနေသည်။

ဆေးဗားလ်၏ မန်စီးတီးအသင်းနှင့် လက်ရှိစာချုပ်သက်တမ်းသည် လာမည့် ဇွန် ၃၀ ရက်တွင် ကုန်ဆုံးတော့မည်ဖြစ်ကာ အသင်းဟောင်း ဗလင်စီယာသို့ ပြန်လည်ပြောင်းရွှေ့ရန် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။ ထို့အပြင် မေဂျာလိဂ်ကလပ် အင်တာမီယာမီအသင်းကလည်း

*စာမျက်နှာ ၁၁ ကော်လံ ၁* ●

မြန်မာ့အလင်း
ဗုဒ္ဓဟူး၊ မေ ၂၀၊ ၂၀၂၀

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁)နှစ်တာ

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ လေးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ လေးနှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ စတုတ္ထ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

## ဖွံ့ဖြိုးဝေစည်လာသော မနောမြေမှ ပြည်သူတို့၏ လူမှုစီးပွား

**ဆောင်းပါး – ရှင်မင်း၊ ဓာတ်ပုံစုစည်း – ထိန်နန်နေဘ်၊ ပြည်နယ်ပြန်/ဆက်**



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်

**ပဒန်မနော၊ ဆွတ်မနော၊ ဂျူမနော၊ ဂွမ်ရမ်မနောနှင့် ရှဒပ်မနော စသည့် မနောပွဲများ ကျင်းပလေ့ရှိသည့် မနောမြေ ခေါ် သွေးချင်းတို့မြေ ကချင်ပြည်နယ်သည် ကချင်တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့များဖြင့် ထုံမွှမ်းနေသည်။**

**ချစ်စဖွယ် ရိုးရာဓလေ့များနှင့်အတူ ဆီးနှင်းရေခဲများ ဖုံးလွှမ်းနေသော မြန်မာနိုင်ငံ၏ အမြင့်ဆုံးတောင်ထိပ်များဖြစ်သည့် ခါကာဘိုရာဇီနှင့် ဂမ်လန်ရာဇီတောင်တို့ကို ကချင်ပြည်နယ်မှ ပိုင်ဆိုင်ထားသည်။**

ထိုကဲ့သို့ လှပသည့် တောတောင်များ၊ ချစ်စဖွယ်ရိုးရာ ယဉ်ကျေးမှုဓလေ့များဖြင့် ပြည့်နှက်နေသည့် ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်မှု ရရှိရန်အတွက် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်၏ အကျိုးအတွက် ရည်မှန်းဆောင်ရွက်လျက်ရှိသည့် မူဝါဒနှင့်စပ်လျဉ်း၍ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က “ကချင်ပြည်နယ်ဟာ လူဦးရေ ၁၆ သိန်းကျော်နဲ့ လူမျိုးပေါင်းစုံနေထိုင်တဲ့ ပြည်နယ်တစ်ခုဖြစ်ပြီး ပြည်နယ်သူ/ ပြည်နယ်သားတွေရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသနေပြည်သူတွေ ဘဝအေးချမ်းသာယာပြီး စီးပွားရေး၊ လူမှုရေး လိုအပ်ချက်တွေ ပြည့်ဝစေဖို့ Vision (မျှော်မှန်းချက်)နဲ့ Mission (ရည်မှန်းချက်တာဝန်)တွေကို ချမှတ်ပြီး ဆောင်ရွက်လျက်ရှိပါတယ်” ဟု ပြောသည်။

ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်၍ ငြိမ်းချမ်းသာယာပြီး တိုင်းရင်းသားများ အတူတကွ ယှဉ်တွဲနေထိုင်ကာ မူးယစ်ကင်းစင်သော ပြည်နယ်တစ်ခုဖြစ်လာရန် ပြည်နယ်အစိုးရအနေဖြင့် မျှော်မှန်းဆောင်ရွက်လျက်ရှိသည်။

### မူးယစ်ဆေးဝါးကင်းစင်ရေး

“မူးယစ်ဆေးဝါး ကင်းစင်ရေးအတွက် တစ်နှစ်တာအတွင်း ဆောင်ရွက်တဲ့နေရာမှာ အမှု ပေါင်း ၂၁၁၇ မှု ဖမ်းဆီးနိုင်ခဲ့ပြီး တရားခံပေါင်း ၂၈၂၄ ဦး၊ မူးယစ်ဆေးဝါးမျိုးစုံ စုစုပေါင်း ဂရမ် ၇၀၀၀၀ ကျော်၊ ဆေးပြားပေါင်း ၁၆ သိန်းကျော်၊ ဘိန်းရည် ၀ ဒသမ ၅၆ လီတာနဲ့အတူ မော်တော်ယာဉ် ၃၅ စီး၊ မော်တော်ဆိုင်ကယ် ၆၈၃ စီးနဲ့ စုစုပေါင်းတန်ဖိုးငွေကျပ် ၉၂၆၇၈၉၈၉၉၁ သန်း အရေးယူနိုင်ခဲ့ပြီး ဘိန်းခင်းစုစုပေါင်း ၄၉၆ ဒသမ ၂၃ ဧကကို ဖျက်ဆီးနိုင်ခဲ့ပါတယ်” ဟု ပြည်နယ်ဝန်ကြီးချုပ်က ပြောသည်။

### တရားဥပဒေစိုးမိုးရေး

“တရားဥပဒေစိုးမိုးရေး လုပ်ငန်းဆောင်ရွက်မှုက တစ်နှစ်တာအတွင်း အမှုကြီး ၁၀ မျိုး ဖြစ်ပွားမှု ၉၃ မှု ဖြစ်ပွားခဲ့တဲ့အနက် ၆၉ မှုကို စွဲချက်တင်နိုင်ခဲ့ပြီး အခြားအမှု ၁၈၈၁ မှုအနက် ၁၂၃၇ မှုကို စွဲချက်တင်နိုင်ခဲ့ပါတယ်” ဟု ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ပြောသည်။

စတုတ္ထ (၁) နှစ်တာ ကာလအတွင်း ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်းဖြစ်ပွားခဲ့သည့် လူကုန်ကူးမှု ၂၅ မှုအနက် အမှု ၂၀ ကို စွဲချက်တင်နိုင်ခဲ့ပြီး ကြိုတင်ကာကွယ်မှု ၄၃၇၄ မှုကို ဆောင်ရွက်နိုင်ခဲ့သဖြင့် မှုခင်းဖြစ်ပွားမှုများ လျော့နည်းစေရန် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရသည်။

### လမ်းနှင့် တံတားကဏ္ဍ

စတုတ္ထ (၁) နှစ်တာ ကာလအတွင်း မြစ်ကြီးနား – ဆွမ်ပရာဘွမ် – ပူတာအိုလမ်း

*အချပ်ပို (ခ) သို့*



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် တာဝန်ရှိသူများ ဝိုင်းမော်မြို့နယ် ပြည်သူ့ဆေးရုံ တိုးချဲ့ဆောင်သစ်ကို ဖွင့်လှစ်ပေးစဉ်။

**“ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အခြေခံပညာကျောင်းပေါင်း ၁၂၀ ကို အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ကျောင်းပေါင်း ၁၃၈ ကျောင်းကို ငွေကျပ် ၁၃ ဒသမ ဝ၆၉ ဘီလီယံဖြင့် တည်ဆောက်ပေးနိုင်ခဲ့”**

*အချပ်ပို (က) မှ*

အပါအဝင် လမ်းပိုင်း ရှစ်ခုကို ဦးစားပေး ဆောင်ရွက်ခဲ့သည်။

"ပြည်သူ့အကျိုးဖြစ်ထွန်းရေးကို ဦးစားပေးပြီး ထင်ရှားစွာ ဆောင်ရွက်နိုင်ခဲ့တဲ့ လမ်းတွေက မြစ်ကြီးနား - ဆွမ်ပရာဘွမ် - ပူတာအိုလမ်း၊ မန္တလေး - လားရှိုး - ဗန်းမော်- မြစ်ကြီးနားလမ်း၊ ရွှေဘို - မြစ်ကြီးနားလမ်း၊ မံဝိန်း - ချီဖွေ - လောခေါင် - ထောင်ဂေါ - ဗီမော် လမ်း၊ ဂွေးတော် - အင်ဂျန်းယန်လမ်း ၊ ဟိုပင်- နန့်မွန်း - ညောင်ပင် - ဇော့ခါလမ်း၊ ဗန်းမော်- နောင်လိုက် - တာဆိုင်လမ်း၊ မချမ်းဘော - ဖရူခ - ရပ်ဘော့ - နောင်မွန်လမ်း တို့ဖြစ်ပါ တယ်"ဟု ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင်က ဆိုသည်။

ပြည်နယ်လမ်းဦးစီးဌာနအနေဖြင့် AC လမ်း (၉ မိုင် ၆ ဖာလုံ)၊ ကွန်ကရစ်လမ်း (၅၅ မိုင် ၂ ဖာလုံ)၊ ကတ္တရာလမ်း (၄၅ မိုင် ၁ ဖာလုံ)၊ ကျောက်လမ်း (၅ မိုင် ၁ ဖာလုံ)၊ အမာခံလမ်း(၁ မိုင် ၂ ဖာလုံ)၊ တောင်ချဲ့ခြင်း (၄၆ မိုင် ၇ ဖာလုံ)ကို ဆောင်ရွက်ခဲ့သည်။

ပြည်နယ်အတွင်း တံတားတည်ဆောက်မှု အနေဖြင့် ပေ ၅၀ အောက် တံတား ၃၀၅ စင်း၊ ပေ ၅၀ နှင့် ပေ ၁၀၀ အကြား တံတား တစ်စင်း၊ ပေ ၁၀၀ နှင့် ပေ ၁၈၀ အကြား တံတား တစ်စင်းတို့ကို ပြည်ထောင်စုရန်ပုံငွေကျပ် ၂၂ ဒသမ ၆၆၄ ဘီလီယံနှင့် ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေ ၄၉ ဒသမ ၅၈၂ ဘီလီယံ စုစုပေါင်း ငွေကျပ် ၇၂ ဒသမ ၂၄၆ ဘီလီယံ ကုန်ကျခံ ဆောင်ရွက်ထားသည်။

ထို့ပြင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီး ဌာနမှ ၂၀၁၉ ခုနှစ်အတွင်း လမ်းလုပ်ငန်းပေါင်း ၁၇၁ မိုင်နှင့် တံတားလုပ်ငန်းပေါင်း ၁၆၆ စင်း တို့ကို စုစုပေါင်းခွင့်ပြုရန်ပုံငွေကျပ် ၃၁ ဒသမ ၉ ဘီလီယံဖြင့် တည်ဆောက်ပေးလျက်ရှိသည်။



ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မချမ်းဘော့-ဖရူခ-ရပ်ဘော့-နောင်မွန်လမ်းပေါ်ရှိ ထီခတံတားနှင့် ထာခတံတားများအား ဖွင့်လှစ်ပေးစဉ်။

**"သယံဇာတ တူးဖော်ထုတ်လုပ်မှုအနေနဲ့ သံသတ္တုရိုင်း မက်ထရစ်တန် ၃၂၄၂၀ ၊ ခဲ/ သွပ် သတ္တုမက်ထရစ်တန် ၂၈၅၀၊ မာဘယ် မက်ထရစ်တန် ၁၂၀၀ ၊ ကြေးနီမက်ထရစ်တန် ၁၁၀၊ ခဲ/ကြေးနီရောရာ မက်ထရစ်တန် ၆၀၀ ကို ထုတ်လုပ်ပေးနိုင်ခဲ့ပါတယ်။ အလားတူ သစ်ထုတ်လုပ်ရရှိမှုအနေနဲ့ သစ်မာ ၈၅၉၂ တန် ထုတ်လုပ်နိုင်ခဲ့ပါတယ်။ ကျောက်စိမ်း တူးဖော်ထုတ်လုပ်မှုက ၃၄၆၃၈ တန်ကျော် ထုတ်လုပ် နိုင်ခဲ့ပါတယ်"**

### ပြည်နယ် စည်ပင်သာယာရေးအဖွဲ့

ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ် အတွင်း ချိတ်ဆက်သွားလာနေသည့် လမ်း၊ တံတား ကွန်ရက်များကောင်းမွန်ရန် ဦးစားပေး ဆောင်ရွက်ခဲ့ရာ ပြည်နယ်စည်ပင်သာယာရေး အဖွဲ့မှ မြို့ဝင်ဘီးခွန်ကောက်လိုင်စင်ကို ပြည်သူများဝန်ထုပ်ဝန်ပိုး မဖြစ်ရန်အတွက် ဖြုတ်သိမ်းခဲ့ပြီး ဖြစ်သည်။

"ပြည်နယ်စည်ပင်သာယာရေးအဖွဲ့အနေ နဲ့ ကချင်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေကျပ် ၆၃၉ သန်းကျော်နဲ့ လမ်းလုပ်ငန်း ၄၆ ခု၊ ၂၆ မိုင် ၂ ဖာလုံ၊ တံတားလုပ်ငန်း ၁၀ ခု၊ ရေပေးရေးနှင့် အခြားလုပ်ငန်း ခြောက်ခုတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေ ၃ ဒသမ ၁၅၁ ဘီလီယံနဲ့ လမ်းလုပ်ငန်း ၁၉၄ ခု၊ ၂၆ မိုင် ၆ ဖာလုံ၊ တံတားလုပ်ငန်း ၁၁၇ ခု၊ ရေပေးရေးနဲ့ အခြားလုပ်ငန်း ၃၂၅ ခုတို့ကို ဆောင်ရွက် ပေးနိုင်ခဲ့ပါတယ်"ဟု ပြည်နယ်ဝန်ကြီးချုပ်က ရှင်းပြသည်။

### လျှပ်စစ်ကဏ္ဍ

လျှပ်စစ်မီးလင်းရေးအနေဖြင့် ပူတာအို ခရိုင်အတွင်း အထက်နမ့်ထွမ် ရေအားလျှပ်စစ် စီမံကိန်းကို တည်ဆောက်ပေးနိုင်ခဲ့ပြီး ပူတာအို မြို့ပေါ် ရပ်ကွက် ၁၀ ရပ်ကွက်နှင့် မချမ်းဘော မြို့ပေါ်ရပ်ကွက် ၄ ရပ်ကွက် အပါအဝင် ပတ်ဝန်းကျင်ရှိ ကျေးရွာ ၃၄ ရွာတို့ကို ၂၄ နာရီ မီးပေး နိုင်ခဲ့သည်။

"(၄) နှစ်တာ ကာလအတွင်း လျှပ်စစ်မီး ရရှိရေးကို ကဏ္ဍတစ်ခုအနေနဲ့ ကြိုးပမ်းဆောင် ရွက်ပါတယ်။ မြို့ပေါင်း ၃၂ မြို့လုံး လျှပ်စစ်မီး ရရှိနေပြီဖြစ်ပါတယ်။ ကျေးရွာပေါင်း ၂၅၃၉ ရွာအနက် ၁၃၁၄ ရွာကို လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်" ဟု ပြည်နယ် ဝန်ကြီးချုပ်က ရှင်းပြသည်။

### နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး

နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေ ကျပ် ၇ ဒသမ ၅ ဘီလီယံဖြင့် လမ်းတံတား လုပ်ငန်း ၅၀ ၊ သောက်သုံးရေရရှိရေးလုပ်ငန်း သုံးခုနှင့် ဝန်ထမ်းအိမ်ရာ သုံးလုံးတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

### ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ

ပြည်နယ်အတွင်း ဆက်သွယ်ရေးကဏ္ဍ တိုးတက်စေရန်အတွက် ပြည်နယ်အစိုးရအနေ ဖြင့် စတုတ္ထ (၁) နှစ်တာ ကာလအတွင်း တာဝါတိုင်ပေါင်း ၆၄ တိုင် စိုက်ထူနိုင်ခဲ့ပြီး မိုဘိုင်းဖုန်း စခန်းပေါင်း ၃၆၀ ကို ဖွင့်လှစ် နိုင်ခဲ့သည်။

ပို့ဆောင်ရေးကဏ္ဍအနေဖြင့် မိုးညှင်း မြို့နှင့် ဗန်းမော်မြို့တို့တွင် ယာဉ်ရပ်နား စခန်းများ ဆောင်ရွက်လျက်ရှိသည်။

### ပညာရေးကဏ္ဍ

ပြည်နယ်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးသည့် ကဏ္ဍတစ်ခုဖြစ်သည့်အတွက် ပြည်နယ်အစိုးရ အနေဖြင့် ပြည်နယ်အတွင်း ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးကဏ္ဍတစ်ခု အဖြစ် အကောင်အထည်ဖော်လျက်ရှိသည်။

ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အခြေခံပညာကျောင်းပေါင်း ၁၂၀ ကို အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး အထက် တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ကျောင်းပေါင်း ၁၃၈ ကျောင်းကို ငွေကျပ် ၁၃ ဒသမ ၀၆၉ ဘီလီယံဖြင့် တည်ဆောက် ပေးနိုင်ခဲ့ကြောင်း ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

ထို့ပြင် ပြည်နယ်၏ တက္ကသိုလ်၊ ကောလိပ်နှင့် ကျန်းမာရေးဌာန သင်တန်းကျောင်းများ တွင် ဝန်ထမ်းအိမ်ရာအပါအဝင် အဆောက် အဦများကို ခွင့်ပြုရန်ပုံငွေကျပ် ၂၃၃၄၄ သန်း ဖြင့် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း သိရှိ ရသည်။

### ကျန်းမာရေးကဏ္ဍ

"မြစ်ကြီးနား ခုတင် ၅၀၀ ဆံ့ ဆေးရုံကြီး လူနာဆောင် RC လေးထပ်အဆောက်အဦကို ရန်ပုံငွေ ၃ ဒသမ ၄၁ ဘီလီယံနဲ့ ဆောင်ရွက်ပေး နိုင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာလ ၃၁ ရက် မှာ အဆောက်အဦ ပြီးစီးပြီဖြစ်ပါတယ်။ ဒါ့ပြင် ပြည်နယ်ကုသရေးဦးစီးဌာနမှူးရုံး RC နှစ်ထပ်

*အချပ်ပို (ဂ) သို့*



မြစ်ကြီးနား - ဆွမ်ပရာဘွမ် - ပူတာအိုလမ်း ၃၄၉ ကီလိုမီတာနှင့် ၁၈/၃၅၀ ဒသမ ၁၈ ကီလိုမီတာအကြား ကတ္တရာ လမ်းသစ် ခင်းကျင်းပြီးစီးမှုကို တွေ့ရစဉ်။



ဟိုပင် - နန့်မွန်း - ညောင်ပင် - ဇော့ခါလမ်း ၅၃ ဒသမ ၂၉ ကီလိုမီတာနှင့် ၅၆ ဒသမ ၂၉ ကီလိုမီတာ အကြား ကတ္တရာ လမ်းချဲ့ထွင်ခင်းကျင်းဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။

*အချပ်ပို (ခ) မှ*

ဆောက်လုပ်ခြင်းလုပ်ငန်းကို ရန်ပုံငွေကျပ်သန်းပေါင်း ၄၅၀ နဲ့ ဆောင်ရွက်ပေးခဲ့ပြီး ပြီးခဲ့တဲ့နှစ် နိုဝင်ဘာလ ၁၅ ရက်မှာ အဆောက်အဦပြီးစီးပြီဖြစ်ပါတယ်” ဟု ပြည်နယ်၏ ကျန်းမာရေးကဏ္ဍ အဆင့်မြှင့်တင်မှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပြောသည်။

ထို့ပြင် အများပြည်သူ အပန်းဖြေအနားယူနိုင်ရန်နှင့် ကျန်းမာပျော်ရွှင်စွာ ဆော့ကစားနိုင်ရန်အတွက် မြစ်ကြီးနားမြို့ရှိ စိမ်းမြရော ပန်းခြံနှင့် မင်းရပ်အားကစားကွင်း၊ မိုးညှင်းမြို့နယ်ရှိ စိမ်းလဲ့သာယာပန်းခြံ၊ ဝိုင်းမော်မြို့နယ်ရှိ ရောမော်ပန်းခြံ ပြုပြင်တည်ဆောက်ခြင်းနှင့် အားကစားပစ္စည်းများ ထပ်မံဖြည့်ဆည်းပေးခြင်းတို့ဖြင့် အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

### အိမ်ရာများဖော်ဆောင်

ပြည်နယ်အတွင်းရှိ ပြည်သူ့ဝန်ထမ်းများအတွက် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဝန်ထမ်းအိမ်ရာများကို ဖော်ဆောင်လျက်ရှိသည်။ ထိုသို့ဖော်ဆောင်ရာတွင် စတုတ္ထ (၁) နှစ်တာ ကာလအတွင်း ပြည်နယ် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဝန်ထမ်းအိမ်ရာ ၁၆ လုံး၊ အခန်းပေါင်း ၂၅၆ ခန်းတို့ကို ခွင့်ပြုရန်ပုံငွေကျပ်သန်းပေါင်း ၅၃၄ သန်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

### လယ်ယာကဏ္ဍ

ပြည်သူများ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့မှ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လယ်ယာကဏ္ဍ အဆင့်မြှင့်တင်နိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ကျေးရွာပေါင်း ၂၅၄ ရွာရှိ တောင်သူပေါင်း ၃၇၀၀၀ ကျော်၏ လယ်ဧက ၂၄၄၀၀၀ ကျော်အတွက် စိုက်ပျိုးစရိတ်ချေးငွေကျပ် ၃၄ ဒသမ ၂၆၁ ဘီလီယံကို ထုတ်ချေးပေးနိုင်ခဲ့သည်။

ပြည်နယ် စက်မှုလယ်ယာဦးစီးဌာနမှ တောင်သူလယ်သမားများအတွက် ပြည်နယ်အတွင်း လယ်ယာမြေ ၄၇၈၅ ဧကကို ဖော်ထုတ်ပေးနိုင်ခဲ့ပြီး ဧက ၁၀၀ ကျော်ကို သိပ္ပံနည်းစနစ်ကျ လယ်ယာမြေအဖြစ် ဖော်ထုတ်ပေးနိုင်ခဲ့သည်။

လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ပုံစံ(၇)ကို ဥပဒေနှင့်အညီ ဦးပိုင်ပေါင်း တစ်သိန်းကျော်မှ တောင်သူပေါင်း ၉၆၃၅၄ ဦးကို ဧကပေါင်း ၅၂၅၅၂၀ ထုတ်ပေးခဲ့ပြီးဖြစ်သည်။

ထို့ပြင် သိမ်းဆည်းလယ်ယာမြေများ မူလပိုင်ရှင်တောင်သူများထံ ပြန်လည်ရောက်ရှိရေးကို ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အားစိုက်ဆောင်ရွက်လျက်ရှိသည်။

စတုတ္ထ (၁) နှစ်တာ ကာလအတွင်း နစ်နာသူတောင်သူများအတွက် မြေယာကိစ္စရပ်များ ဖြေရှင်းဆောင်ရွက်ပေးမှုအနေဖြင့် အမှုတွဲပေါင်း ၂၃၁ မှု ဖြေရှင်းပေးနိုင်ပြီး မြေဧရိယာ ၃၉၃၉၇ ဧကကို မူလပိုင်ရှင်တောင်သူ ၁၃၃၅ ဦးထံသို့ ပြည်နယ်အစိုးရအနေဖြင့် အပြီးအပြတ် လွှဲပြောင်းပေးအပ်နိုင်ခဲ့ပြီးဖြစ်သည်။

### သစ်တောနှင့် သတ္တုကဏ္ဍ

ပြည်နယ်အတွင်းမှ သယံဇာတတူးဖော်ထုတ်လုပ်မှုအနေဖြင့် ဓာတ်သတ္တု၊ သစ်၊ ရွှေနှင့် ကျောက်စိမ်းတို့ကို တူးဖော်ထုတ်လုပ်လျက်ရှိသည်။

“သယံဇာတ တူးဖော်ထုတ်လုပ်မှုအနေနဲ့ သံသတ္တုရိုင်း မက်ထရစ်တန် ၃၂၄၂၀၊ ခဲ/သွပ်သတ္တုမက်ထရစ်တန် ၂၈၅၀၊ မာဘယ် မက်ထရစ်တန် ၁၂၀၀၊ ကြေးနီမက်ထရစ်တန် ၁၁၀၊ ခဲ/ကြေးနီရောရာ မက်ထရစ်တန် ၆၀၀ ကို ထုတ်လုပ်ပေးနိုင်ခဲ့ပါတယ်။ အလားတူ သစ်ထုတ်လုပ်ရရှိမှုအနေနဲ့ သစ်မာ ၈၅၉၂ တန် ထုတ်လုပ်နိုင်ခဲ့ပါတယ်။ ကျောက်စိမ်း တူးဖော်ထုတ်လုပ်မှုက ၃၄၆၃၈ တန်ကျော် ထုတ်လုပ်နိုင်ခဲ့ပါတယ်” ဟု ပြည်နယ်ဝန်ကြီးချုပ်က ပြောသည်။

ပြည်နယ်အစိုးရအနေဖြင့် စတုတ္ထ (၁) နှစ်တာကာလအတွင်း တရားမဝင်ကျောက်စိမ်း ၄၄၃၃၂ ပိဿာကို ဖမ်းဆီးရရှိခဲ့ပြီး တရားမဝင် ကျွန်းသစ်နှင့် အခြားသစ်များ ဖမ်းဆီးရရှိမှုအနေဖြင့် ကျွန်းသစ် ၁၇၅ တန်၊ သစ်မာတန် ၁၂၀ နှင့် အခြားအသား ၅၅၇ တန် စုစုပေါင်း ၈၅၂ တန်ရှိကြောင်း သိရသည်။

လိုင်စင်မဲ့ယာဉ်နှင့် ယန္တရားများ ဖမ်းဆီးရမိမှုအနေဖြင့် မော်တော်ယာဉ်အစီး ၂၉၀၊ မော်တော်ဆိုင်ကယ် ၈၆ စီးနှင့် သုံးဘီးယာဉ် ၂ စီး စုစုပေါင်း ၃၇၈ စီး ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း သိရသည်။

*အချပ်ပို (ဃ) သို့*



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင် ဝိုင်းမော်မြို့နယ် မန္တလေး - လားရှိုး - ဗန်းမော် - မြစ်ကြီးနား ကားလမ်းပေါ်ရှိ နန့်မြစ်ခတံတားကို ဖွင့်လှစ်ပေးစဉ်။



မန္တလေး - လားရှိုး - ဗန်းမော် - မြစ်ကြီးနား ကားလမ်းပေါ်ရှိ နန့်မြစ်ခတံတား။



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် တာဝန်ရှိသူများ နိုင်ငံတော်လျှပ်စစ်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားသုံးစွဲမှု တစ်နိုင်ငံလုံး၏ ၅၀ ရာခိုင်နှုန်း ပြည့်မြောက်သည့် အခမ်းအနားကို ဖွင့်လှစ်ပေးစဉ်။

*အချပ်ပို (ဂ) မှ*

## “ပြည်နယ်စက်မှုလယ်ယာဦးစီးဌာနမှ တောင်သူလယ်သမားများအတွက် ပြည်နယ်အတွင်း လယ်ယာမြေ ၄၇၉၅ ဧကကို ဖော်ထုတ်ပေးနိုင်ခဲ့ပြီး ဧက ၁၀၀ ကျော်ကို သီပွံနည်းစနစ်ကျ လယ်ယာမြေအဖြစ် ဖော်ထုတ်ပေးနိုင်ခဲ့”

### ရင်းနှီးမြှုပ်နှံမှုကဏ္ဍ

ပြည်နယ်အစိုးရအနေဖြင့် ပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးမှုရရှိရန် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်လျက်ရှိပြီး စတုတ္ထ (၁) နှစ်တာ ကာလအတွင်း မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီ ငါးခုနှင့် နိုင်ငံခြားသားကုမ္ပဏီ လေးခုရှိသည်။

“ကချင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီကနေ အတည်အပြုမိန့်တွေ ထုတ်ပေးခဲ့တဲ့ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီ ငါးခုနဲ့ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီ လေးခုရှိပါတယ်။ ဒီလို ရင်းနှီးမြှုပ်မှုလုပ်ငန်းတွေက တစ်ဆင့် ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်း ပေါင်း ၃၁၈ နေရာကို ဖန်တီးပေးနိုင်ခဲ့ပါတယ်” ဟု ပြည်နယ်ဝန်ကြီးချုပ်က ဆိုသည်။

### ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ

ပြည်နယ်အတွင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို ပြည်နယ် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ရာတွင် မြစ်ကြီးနားခရိုင်တွင် ခုနစ်ခု၊ ဗန်းမော်ခရိုင်တွင် ၁၃ ခု၊ မိုးညှင်းခရိုင်တွင် ရှစ်ခုနှင့် ပူတာအိုခရိုင်တွင် ရှစ်ခု စုစုပေါင်း ၃၆ ခုကို ခွင့်ပြုရန်ပုံငွေ ၅ ဒသမ ၉၆၁ ဘီလီယံဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ထိုသို့ ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် မြစ်ချောင်းအနီးတစ်ဝိုက်တွင် နေထိုင်သည့် ပြည်သူများအနေဖြင့် ရေကြီးရေလျှံသည့် သဘာဝဘေးအန္တရာယ် လျော့ပါးသက်သာလာသည်။

### သဘာဝဘေး ပြန်လည်ထူထောင်ရေး

ပြည်နယ်အတွင်း ဖြစ်ပေါ်ခဲ့သော သဘာဝဘေးအန္တရာယ်ကြောင့် ထောက်ပံ့ပေးမှုအနေဖြင့် ဘေးအန္တရာယ်ခံစားခဲ့ရသည့် အိမ်ထောင်စု ၄၀၁၂ စုတို့အတွက် ထောက်ပံ့ပစ္စည်းနှင့် ထောက်ပံ့ငွေကျပ် စုစုပေါင်းတန်ဖိုး ၁၁၃ သန်းရှိကြောင်း သိရသည်။

ထို့ပြင် မိုးသည်းထန်စွာ ရွာသွန်းမှု၊ ရေကြီးမှု၊ ကြွက်ဖျက်ဆီးမှု စသည့်သဘာဝဘေးများကြောင့် ပျက်စီးသွားသည့် စိုက်ပျိုးမြေ ၂၆၂၈ ဧကအတွက် ငွေကျပ် ၂၆ သန်း ထောက်ပံ့ပေးနိုင်ခဲ့သည်။

“အစိုးရအဖွဲ့အနေနဲ့ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသနေပြည်သူတွေ ဘဝအေးချမ်းသာယာရေးနဲ့ လူနေမှုဘဝ ပြီးပြည့်စုံရေးအတွက် လေးနှစ်တာကာလအတွင်းမှာ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ အခြေခံလိုအပ်ချက်တွေဖြစ်တဲ့ လမ်းတွေ၊ တံတားတွေ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံတွေ၊ ဆက်သွယ်ရေးတာဝါတိုင်တွေ၊ ဆေးရုံနဲ့ စာသင်ကျောင်းတွေကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ နောင်နှစ်တွေမှာ ပြည်နယ်သူ/ပြည်နယ်သားတွေနဲ့ ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒီထက်တိုးပြီး ကြိုးပမ်းဆောင်ရွက်သွားပါမယ်” ဟု ပြည်နယ်ဝန်ကြီးချုပ်က ပြောသည်။

ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်သူများအတွက် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် လိုအပ်ချက်များ တည်ရှိနေနိုင်သော်လည်း ၎င်းတို့တာဝန်ယူ ဆောင်ရွက်သည့် လေးနှစ်တာကာလအတွင်း တတ်အားသမျှ ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

ထို့အတူ ပြည်သူမှ ရွေးချယ်ထားသည့် ပြည်သူ့အစိုးရဖြစ်သည့် အားလျော်စွာ ကျန်ရှိနေသည့် အစိုးရသက်တမ်းကာလအတွင်း ပြည်သူတို့၏ လိုအပ်ချက်များကို တိုးတက်ထမ်းဆောင်သွားမည်ဟု ယုံကြည်ပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။



မချမ်းဘော့ - ဖရခ - ရပ်ဘော့ - နောင်မွန်လမ်းပေါ်ရှိ တံတားအမှတ်(၁/၈) ထီခတံတား၏ ချဉ်းကပ်လမ်း ကွန်ကရစ်ခင်းဆောင်ရွက်ထားမှုကို တွေ့ရစဉ်။

မြန်မာ့အလင်း

ယနေ့ရန်ကုန်
Yangon Today

၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက်

၂၀၂၀ ပြည့်နှစ်၊ မေ ၂၀ ရက်၊ ဗုဒ္ဓဟူးနေ့

# ကိုဗစ်ကို.. မုန်းတယ်



တင်ဝင်းလေး(ကြည့်မြင်တိုင်)

"ကိုဗစ်ကို မုန်းတယ်"
"ကိုဗစ်ကို မုန်းတယ်"
"ကိုဗစ်ကို မုန်းတယ်"

ရုပ်ရှင်ထဲ...၊ ပြဇာတ်ထဲကလို မျက်လုံး နှစ်လုံးကိုစုံပိတ်၊ လက်နှစ်ဖက်က နားတွေကို အုပ်လို့ မျက်နှာကိုမော့ပြီး အသံအကျယ်ကြီးနဲ့ဆက်တိုက် ဆက်တိုက်အော်ပစ်လိုက်ချင်ပြီ နော်...။

အော်တာတောင်မှ ရုပ်ကွက်ထဲ၊ ကွင်းပြင်ကျယ်ထဲမှာမအော်ချင်ဘူး၊ မိမိအော်တဲ့အသံကို မိမိပြန်ကြားနိုင်တဲ့ လိုဏ်ဂူထဲမှာ အော်ပစ်လိုက်ချင်တာ၊ မိမိကတစ်ခါအော်လိုက်တာနဲ့ နှစ်ခါ၊ သုံးခါ၊ လေးခါ လိုဏ်သံနဲ့ ပြန်ကြားချင်တာ၊ ဒါမှစိတ်ထဲမှာ ပေါ့သွားမှာလေ--။

ဒီကိုဗစ်ကြောင့် အိမ်ထဲက အိမ်အပြင်ကိုလွတ်လွတ်လပ်လပ်စိတ်ရှင်းရှင်းနဲ့ မထွက်နိုင်တာ လနှင့်ချီကြာခဲ့ပြီပေါ့။ အလုပ်တွေလည်း မလုပ်နိုင်ကြတော့ စီးပွားရေးတွေလည်း ဆုတ်ယုတ်လာပြီလေ။ လမ်းထိပ်ကဆိုက်ကား ဆရာ ကိုဂျက်ကြီးက "တစ်နေ့ တစ်နေ့ ငွေလေး ကျပ်နှစ်ထောင်၊ သုံးထောင်ရဖို့က အနိုင်နိုင်ဖြစ်လာပြီတဲ့။ လမ်းထဲက အငှားတက္ကစီမောင်းတဲ့ ကိုဘသောင်းက "ဆီဈေးတော့ ကျပါရဲ့၊ အုံနာခလည်း တစ်ဝက်ပဲ ပေးရပါရဲ့၊ တစ်နေ့ တစ်နေ့ အုံနာခနဲ့ ဆီဖိုးတောင် ရှာရတာမလွယ်ဘူး။ မိသားစုစားဖို့ကလား...ဟဲ ဟဲ ရှိတာလေး ပေါင်ပေါ့။ ကားကို ပြန်အပ်ဖို့ပြောတော့လည်း အုံနာက အုံနာခတစ်ဝက် မပေးနိုင်သေးလည်း ပေးနိုင်သလောက်နဲ့ မောင်းပေးပါဦးတဲ့၊ ကားကရပ်ထားလို့ရပေမယ့် အတိုးကရပ်ထားလို့မရလို့ပါတဲ့၊ ဇနီးမောင်နှံနှစ်ယောက် ပင်စင်ရတဲ့ငွေလေးကို ငွေတိုးနဲ့ထပ်ဖြည့်ပြီး ဝယ်ထားတဲ့ တက္ကစီလေး နားထားရမှာ သူတို့ စိုးရိမ်မှာပေါ့။

ဒီအခြေအနေ ဒီလိုအချိန်မှာ ပိုသနားဖို့ကောင်းတာက တစ်နေ့လုပ်မှ တစ်နေ့စားရတဲ့ သူတွေရဲ့ဘဝပါ၊ နေပူပူမှာ ရေအိုးတွေကို ဆိုင်းထမ်းနဲ့ အလေးကြီးထမ်းပြီး လှည့်ရောင်းနေသူတွေ၊ ဝါးလုံးရှည်ကြီးတွေကို ထမ်းပြီး အရပ်တကာ လှည့်ရောင်းနေသူတွေ၊ ထီးချုပ်တယ်၊ ဖိနပ်ချုပ်တယ်ဆိုတဲ့ ဝင်ငွေနည်းသူတွေပါ။

သက်ဆိုင်ရာတာဝန်ရှိသူတွေ၊ ပရဟိတ အဖွဲ့တွေက တတ်စွမ်းသမျှ ထောက်ပံ့လို့ မည်သို့ပင် သတိတွေပေးပေး၊ ကြေညာကြေညာ သူတို့ဘဝများက အိမ်တွင်းအောင်း မနေနိုင်ကြသူတွေပါ၊ နွေပူတာကိုလည်း သူတို့ မမှု၊ ကိုဗစ်က ကြောက်စရာကြီးပါလို့ သိလျက်နဲ့ မကြောက်နိုင်တဲ့ ဘဝများက ရန်ကုန်မြေမှာ အများကြီးပါ၊ သမုဒ္ဒရာ ဝမ်းတစ်ထွာအရေး လမ်းပေါ် ပြေးပြေးလွှားလွှားနဲ့...။

အချပ်ပို(ဂ)သို့

# ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုတွေနဲ့ ရန်ကုန်မြို့

ဇင်လင်းမြင့်

အခု ရက်ပိုင်းအတွင်း ရန်ကုန်မြို့ရဲ့ ကားလမ်းတွေပေါ်မှာ မော်တော်ယာဉ်တွေတဖြည်းဖြည်းနဲ့ ပြန်များလာပါတယ်။ ဈေးအချို့နဲ့ ဆိုင်အချို့ ပြန်လည်ဖွင့်လာသလို ကျန်းမာရေး စစ်ဆေးရေးအဖွဲ့တွေရဲ့ စစ်ဆေးခွင့်ပြုချက်နဲ့ စက်ရုံ၊ အလုပ်ရုံတွေလည်း ပြန်ဖွင့်နေပြီ ဖြစ်တာမို့ စက်မှုဇုန်တွေလည်း အသက်ဝင်လှုပ်ရှားလာပြီဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကြောင့် ရန်ကုန်မြို့မှာ စက်ရုံ၊ အလုပ်ရုံတွေ၊ စီးပွားရေးလုပ်ငန်းတွေရပ်နားခဲ့ရပေမယ့် ရန်ကုန်တိုင်းဒေသကြီးမှာတော့ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုအသစ်တွေကတော့ ရှိနေဆဲပဲ ဖြစ်ပါတယ်။

"ရန်ကုန်တိုင်းဒေသကြီး အတွင်းမှာ ရင်းနှီးမြှုပ်နှံလိုတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းသုံးခုကို ခွင့်ပြုပေးခဲ့ပါတယ်။ ပြီးခဲ့တဲ့ ဧပြီလကလည်း ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုအချို့ကို ခွင့်ပြုပေးခဲ့ပါတယ်" လို့ မေ ၁၃ ရက်က ပြုလုပ်တဲ့ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီရဲ့ (၇/၂၀၂၀) ကြိမ်မြောက် အစည်းအဝေးကို Video Conferencing စနစ်နဲ့ ပြုလုပ်တဲ့အခါ ရန်ကုန်တိုင်း ဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီဥက္ကဋ္ဌ၊ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောပါတယ်။

ရန် ကုန် မြို့ ဟာ ပြည်တွင်းပြည်ပကုန်သွယ်မှုလမ်းကြောင်း ချိတ်ဆက်မှုကောင်းမွန်သလို စက်မှုဇုန်တွေလည်းများတာမို့ ရင်းနှီးမြှုပ်နှံလုပ်ကိုင်လိုသူတွေအတွက်တော့ ဆွဲဆောင်မှုရှိတဲ့ နေရာတစ်ခုလည်းဖြစ်ပါတယ်။ ကမ္ဘာ့စီးပွားရေးလုပ်ငန်းတွေရဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်လို့ မျက်နှာသစ်တစ်ခုလိုဖြစ်နေတဲ့အတွက် အခုတစ်ကမ္ဘာလုံး ကိုဗစ်-၁၉ ကြောင့် စီးပွားရေး၊ ကုန်သွယ်ရေးတွေ ရပ်တန့်နှေးကွေးနေတဲ့အချိန်ကာလမှာတောင် ရင်းနှီးမြှုပ်နှံမှုတွေက ဖြည်းဖြည်းမှန်မှန်နဲ့ ရှိနေဆဲဖြစ်ပါတယ်။

အဲဒီအစည်းအဝေးမှာ အတည်ပြုပေးခဲ့တဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေကတော့ စက်မှုနဲ့ ဝန်ဆောင်မှုကဏ္ဍတွေမှာဖြစ်ပြီး နိုင်ငံတွေကတော့ တရုတ်နဲ့ ထိုင်းနိုင်ငံတို့က ဖြစ်ပါတယ်။ အဲဒီနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသုံးခုကတော့ CMP စနစ်နဲ့ ဆောင်ရွက်မယ့် အဝတ်အထည်အမျိုးမျိုးချုပ်တဲ့ လုပ်ငန်း၊ Separating, Sorting, Packing, export လုပ်ငန်းနဲ့ Local Sales of recycle produces (metal, aluminium) လုပ်ငန်းတွေ ဖြစ်ပါတယ်။

တကယ်တော့ ရန်ကုန်တိုင်းဒေသကြီး အတွင်းမှာရှိတဲ့ စက်မှုဇုန် ၂၉ ဇုန်နဲ့ သီလဝါ အထူးစီးပွားရေးဇုန်တွေရဲ့ လုပ်ငန်းတွေကို ကြည့်ရင် စီးပွားရေးလုပ်ငန်း အမျိုးအစား အများအပြားပါဝင်နေသလို အဲဒီလိုလုပ်ငန်းတွေကလည်း တည်ရှိနေတာ ဖြစ်ပါတယ်။ ဒီလိုစီးပွားရေးလုပ်ငန်းတွေထဲမှာမှ အထည်ချုပ်လုပ်ငန်းတွေကတော့ မြန်မာနိုင်ငံရဲ့ အမျိုးသမီးငယ်ဦးရေအများဆုံးကို အလုပ်အကိုင်တွေ ရရှိစေတာဖြစ်ပါတယ်။ ဒါကြောင့်လည်း အခုလိုရင်းနှီးမြှုပ်နှံမှုအသစ် သုံးခုကြောင့် အလုပ်အကိုင်အခွင့်အလမ်း ၁၈၀၀ ကျော်ကို ရရှိစေဦးမှာ ဖြစ်တယ်လို့ ဆိုပါတယ်။

## အများအပြားရှိ

အခုအတည်ပြုပေးလိုက်တဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း သုံးခုရဲ့ မတည်ရင်းနှီးမြှုပ်နှံမှုဟာ အမေရိကန်ဒေါ်လာ သန်းချီရှိတယ်လို့ ဆိုပါတယ်။ ဒါဟာရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ပြည်ပကလာရောက်ပြီး ရင်းနှီးမြှုပ်နှံမှုတွေပြုလုပ်ဖို့ စိတ်ဝင်စားမှု အဆက်မပြတ်ရှိနေတာကို ဖော်ပြနေတာ ဖြစ်ပါတယ်။ ဒါ့အပြင် တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်တွေကလည်း ရင်းနှီးမြှုပ်နှံလုပ်ကိုင်လိုတဲ့ လုပ်ငန်းတွေ အများအပြားရှိနေတယ်လို့ ဆိုပါတယ်။

အချပ်ပို(ခ)သို့



**ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ စက်မှုဇုန် ၂၉ ဇုန်နဲ့ သီလဝါအထူးစီးပွားရေးဇုန်တွေရဲ့ လုပ်ငန်းတွေကိုကြည့်ရင် စီးပွားရေးလုပ်ငန်းအမျိုးအစား အများအပြားပါဝင်နေသလို အဲဒီလို လုပ်ငန်းတွေကလည်း တည်ရှိနေတာ ဖြစ်ပါတယ်။ ဒီလိုစီးပွားရေးလုပ်ငန်းတွေထဲမှာမှ အထည်ချုပ် လုပ်ငန်းတွေကတော့ မြန်မာနိုင်ငံရဲ့ အမျိုးသမီးငယ်ဦးရေအများဆုံးကို အလုပ်အကိုင်တွေ ရရှိစေတာဖြစ်ပါတယ်။**

# ရန်ကုန်မြို့ရဲ့ ဂုဏ်ဒြပ်ကို ထင်ဟပ်စေမယ့် အဆင့်မြင့်အိမ်ခန်းတွေ

ဆွေဦးဝေ



**ခေတ်မီ** မြို့ပြအဆောက်အအုံတွေ၊ ဒီဇိုင်းမျိုးစုံနဲ့ နိုင်ငံတကာအဆင့်မီ အထပ်မြင့် အဆောက်အအုံတွေ မြန်မာနိုင်ငံမှာ အများဆုံးတည်ရှိနေတာက ရန်ကုန်မြို့ပဲဖြစ်ပါတယ်။ နိုင်ငံတကာနဲ့ ကူးလူးဆက်ဆံမှုအများဆုံးမြို့ကြီးတစ်မြို့လည်းဖြစ်တာမို့ နိုင်ငံခြားက ဧည့်သည်တွေ အဝင်အထွက်များသလို တည်းခိုနေထိုင်သူတွေလည်း များပါတယ်။ ဒီလိုအနေအထားရှိတဲ့ ရန်ကုန်မြို့မှာ အဆင့်မြင့်အိမ်ရာခန်းများပါရှိတဲ့နာမည်ကြီး အထပ်မြင့်အဆောက်အဦတွေလည်း အများအပြားတည်ရှိနေပြီဖြစ်ပါတယ်။

**The Central အထပ်မြင့်အဆောက်အအုံ**

အဲဒီအဆင့်မြင့်အိမ်ရာခန်းတွေ ပါဝင်တဲ့ အထပ်မြင့်အဆောက်အအုံတွေအနက် The Central အထပ်မြင့်အဆောက်အအုံလည်း ပါဝင်နေပါတယ်။ ဒီအဆောက်အအုံဟာ ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းပေါ်မှာ တည်ရှိပြီး ၂၇ ထပ်မြင့်တဲ့ အဆောက်အအုံဖြစ်ပါတယ်။ ဒီအဆောက်အအုံကို ၂၀၁၇ ခုနှစ်မှာ စတင်တည်ဆောက်ခဲ့တာဖြစ်ပြီး အခက်အခဲတစ်စုံတစ်ရာ မရှိရင်တော့ ၂၀၂၀ ပြည့်နှစ်ကုန်မှာ ပြီးစီးမယ်လို့ မျှော်မှန်းထားပါတယ်။ ကိုဗစ်-၁၉ ကြောင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်တွေ နှောင့်နှေးမှုရှိခဲ့ပေမယ့် အပြီးသတ်တည်ဆောက်နိုင်ရေး ကြိုးစားနေပါတယ်။

ဒီအဆောက်အအုံဟာ စုစုပေါင်း မြေဧက ၈ ဒသမ ၇ ဧကရှိတဲ့ မြေအကျယ်အဝန်းပေါ်မှာ တည်ဆောက်နေတာဖြစ်ပြီး Office Tower တစ်လုံး၊ Residence Tower လေးလုံး၊ အိမ်ခန်းတွေ ပါဝင်တဲ့ အဆောက်အအုံလည်း ပါဝင်နေပါတယ်။ ပြည်ပဧည့်သည်တွေအကြိုက် နိုင်ငံတကာအဆင့်မီ အိမ်ခန်းတွေလည်း ပါဝင်တာမို့ စီမံကိန်းပြီးရင်တော့ ရန်ကုန်မြို့မှာ နိုင်ငံခြားသားတွေအကြိုက် ရွေးချယ်နေထိုင်စရာ အိမ်ရာခန်းတွေ ထပ်မံထွက်ပေါ်လာဖို့ ရှိနေပြီဖြစ်ပါတယ်။ ဒီနေရာမှာ ရန်ကုန်မြို့ရဲ့ ပထမဆုံးဈေးဝယ်လမ်းလျှောက်စင်္ကြံတာ တစ်ခုလည်း ပါဝင်မှာမို့ စိတ်ဝင်စားမှု မြင့်မားမယ့် စီမံကိန်းတစ်ခုလည်း ဖြစ်ပါတယ်။

**အဆင့်မြင့်အိမ်ရာ**

အဆင့်မြင့် အိမ်ရာခန်းစီမံကိန်းပါဝင်တဲ့ နောက်ထပ်စီမံကိန်းတစ်ခုကတော့ ရန်ကုန်မြို့ သာကေတမြို့နယ် ရှုခင်းသာ ပတ်လမ်းမှာရှိတဲ့ Emerald Bay ဖြစ်ပါတယ်။ စင်ကာပူ Golden Paragon ကုမ္ပဏီက ပတ်လမ်းဆောက်လုပ်ရေး တည်ဆောက်တာဖြစ်ပြီး မြေဧက ၃၀ ခန့်ပေါ်မှာ တည်ဆောက်တာ ဖြစ်ပါတယ်။ သာကေတမြို့နယ် ရှုခင်းသာမြို့ပတ်လမ်းပေါ်မှာ တည်ရှိပြီး ရန်ကုန်မြစ်၊ ပဲခူးမြစ်နှင့် ပုဇွန်တောင်ချောင်းတို့ဆုံရာ မြစ်ကမ်းမှာ တည်ရှိတာကြောင့် သဘာဝအလှကိုလည်း နီးကပ်စွာ မြင်တွေ့နိုင်ပါတယ်။

ဒီစီမံကိန်းမှာတော့ စတုရန်းမီတာ ၃၀၀၀၀ ကျော် ကျယ်ဝန်းတဲ့ ဈေးဝယ်စင်တာ၊ စီးတီးမတ်၊ ရုပ်ရှင်ရုံ၊ ကြယ်ငါးပွင့်အဆင့်ရှိ လူနေအိမ်ခန်းတွေ ပါဝင်ပြီး စတုရန်းပေ ၁၆၀၀၀၀ ကျော်ကျယ်ဝန်းတဲ့ အရှေ့တောင်အာရှပုံစံ အထပ်မြင့်ပန်းဥယျာဉ်၊ စတုရန်းပေတစ်သိန်းခန့် ကျယ်ဝန်းတဲ့ မြစ်ကမ်းဘေးပန်းခြံ၊ ရေကူးကန်၊ အားကစားလေ့ကျင့်ခန်းမ၊ ကလေးကစားကွင်းများ၊ ၂၄ နာရီလုံခြုံမှုစနစ်တွေလည်း ထည့်သွင်းထားပါတယ်။

နိုင်ငံတကာအဆင့်မီ အိမ်ခန်းပေါင်း ၆၀၀၀ ကျော်ပါဝင်တဲ့ ဒီစီမံကိန်းဟာ ရန်ကုန်မြို့မှာတော့ လူနေမှုဘဝပုံစံအနေထား တစ်ခုအထိ မြှင့်တင်ပေးနိုင်တဲ့ အိမ်ခန်းတွေကြောင့် နိုင်ငံခြားသားတွေ စိတ်ဝင်စားမှုရှိနေတဲ့ စီမံကိန်းလည်းဖြစ်ပါတယ်။ အိမ်ခန်းတစ်ခန်းမှာ အခန်းလေးခန်းအထိ ပါဝင်တဲ့အခန်းအမျိုးအစားတွေ၊ စတုရန်းပေ ၁၀၀၀၀ ကျော်ကျယ်ဝန်းတဲ့ အိမ်ခန်းတွေလည်း ပါဝင်တာမို့ အိမ်ခန်းအမျိုးအစားစုံလင်ပြီး ရွေးချယ်နေထိုင်နိုင်တဲ့ စီမံကိန်းလည်း ဖြစ်ပါတယ်။

**Yoma Central နှင့်**
**The Peninsula Yangon စီမံကိန်း**

အဆင့်မြင့်အိမ်ခန်းတွေ ပါဝင်တဲ့ နောက်ထပ်စီမံကိန်းတစ်ခုကတော့ Yoma Central နှင့် The Peninsula Yangon စီမံကိန်းပဲ ဖြစ်ပါတယ်။ ရန်ကုန်မြို့ ဗိုလ်ချုပ်လမ်းနဲ့ ဆူးလေဘုရားလမ်းထောင့်မှာရှိတဲ့ ယခင်မီးရထားရုံးချုပ် အဆောက်အအုံအပါအဝင် မြန်မာ့မီးရထားပိုင်မြေ ၁၀ ဧကခန့်ပေါ်မှာ တည်ဆောက်နေတာ ဖြစ်ပါတယ်။

Yoma Central စီမံကိန်းကိုတော့ Dragages Singapore Pte Ltd နဲ့ ဂျပန်နိုင်ငံမှ Taisei Corporation တို့က အကျိုးတူပူးပေါင်းဆောင်ရွက်တာဖြစ်ပါတယ်။ The Peninsula Yangon စီမံကိန်းကိုတော့ Dragages Singapore Pte Ltd နဲ့ Yoma Strategic တို့ရဲ့ ဆက်စပ်ကုမ္ပဏီဖြစ်တဲ့ BYMA Pte Ltd တို့က တည်ဆောက်တာဖြစ်ပါတယ်။ ဒီစီမံကိန်းနှစ်ခုပေါင်းရဲ့တန်ဖိုးက အမေရိကန်ဒေါ်လာသန်း ၄၀၀ ကျော်ရှိပါတယ်။

ဒီစီမံကိန်း တစ်ခုလုံးအနေနဲ့ဆိုရင် မီးရထားရုံးချုပ်ဟောင်းကို မူလအတိုင်း မထိခိုက်စေဘဲ ပြုပြင်ပြီး ဟိုတယ်အဖြစ် တည်ဆောက်ပြုပြင်သွားမှာ ဖြစ်ပါတယ်။ ကျန်တဲ့မြေနေရာမှာတော့ လူနေအိမ်ရာနဲ့ အဆင့်မြင့်လူနေတိုက်ခန်းတွေ ထည့်သွင်းတည်ဆောက်သွားမှာ ဖြစ်ပါတယ်။ ၂၆ ထပ်အမြင့်ရှိတဲ့ နိုင်ငံတကာအဆင့်မီ လူနေအိမ်ခန်းတွေအပြင် Penthouse တွေလည်း ထည့်သွင်းတည်ဆောက်သွားမှာ ဖြစ်ပါတယ်။

ဒီစီမံကိန်းပြီးစီးသွားရင်တော့ Yoma Central အဆင့်မြင့်ဟိုတယ်နဲ့အတူ အဆင့်မြင့်အိမ်ရာခန်းတွေပါဝင်တဲ့ အထပ်မြင့်အဆောက်အအုံတွေ ထွက်ပေါ်လာမှာ ဖြစ်ပါတယ်။ ရန်ကုန်မြို့လယ်မှာရှိတဲ့ ဒီလိုအဆင့်မြင့်အိမ်ခန်းတွေကို နိုင်ငံခြားသားတွေရော၊ ပြည်တွင်းက ငွေကြေးတတ်နိုင်တဲ့ လူတွေအပြင် ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းရှင်တွေပါ နှစ်သက်သဘောကျမယ့် အဆင့်မြင့်အိမ်ခန်းတွေ ဖြစ်လာမှာ သေချာပါတယ်။

**စီမံကိန်း**

ရန်ကုန်မြို့ရဲ့ နောက်ထပ်အဆင့်မြင့်အိမ်ခန်းတွေပါဝင်တဲ့ စီမံကိန်းတစ်ခုကတော့ Time City ပဲ ဖြစ်ပါတယ်။ ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဟံသာဝတီနဲ့ ကျွန်းတောလမ်းမှာ တည်ရှိတဲ့ခေတ်မီလှပတဲ့ အထပ်မြင့်အဆောက်အအုံဖြစ်ပါတယ်။ အဆင့်မြင့်ဈေးဝယ်စင်တာ၊ ရုံးခန်းတာဝါ၊ အဆင့်မြင့်ဟိုတယ်၊ ကွန်ဒိုမီနီယံတွေနဲ့ Service Apartment တွေ ပါဝင်နေပါတယ်။

ဒီအဆောက်အအုံရဲ့ ရှစ်လွှာနဲ့ ၂၇ လွှာအထိ ကွန်ဒိုအိမ်ခန်းတွေ ပါဝင်သလို ခြောက်လွှာမှ ခုနစ်လွှာအထိ Service Apartment တွေ ပါဝင်ပါတယ်။ မြေညီထပ်မှ ငါးလွှာအထိ ကျောက်မျက်အရောင်းခန်းမတွေ ပါဝင်ထားပါတယ်။ အားကစားခန်းမ၊ ရေကူးကန်၊ အပန်းဖြေဥယျာဉ်၊ ပါတီပွဲနဲ့ အခြားပွဲအခမ်းအနားတွေ ကျင်းပနိုင်တဲ့ နေရာတွေလည်း ထည့်သွင်းဖွဲ့စည်းထားပါတယ်။

ဒီစီမံကိန်းမှာ အဆင့်မြင့်လူနေကွန်ဒိုအခန်းအမျိုးအစား ငါးမျိုးခန့်ရှိနေပြီး စုစုပေါင်းကွန်ဒိုအခန်း ၄၀၀နဲ့ Service Apartment ၅၀ ခန့် ပါဝင်ပါတယ်။ သွားလာရေးလွယ်ကူပြီး ရန်ကုန်မြို့ရဲ့ အချက်အချာကျတဲ့နေရာမှာ တည်ရှိနေတာမို့ အဲဒီအဆင့်မြင့်အိမ်ခန်းတွေဟာ ရန်ကုန်မြို့ကို ကိစ္စမျိုးစုံနဲ့ လာရောက်မယ့် ပြည်တွင်းပြည်ပခရီးသွားတွေရော၊ ဝယ်ယူနေထိုင်ကြမယ့်သူတွေအတွက် အဆင်ပြေစေမှာ ဖြစ်ပါတယ်။

ရန်ကုန်မြို့ဟာ မြန်မာနိုင်ငံရဲ့ စီးပွားရေးမြို့တော်ဖြစ်တာနဲ့အညီ အဆင့်မြင့် အိမ်ခန်းတွေ ပေါ်ထွက်လာမှုကလည်း ရန်ကုန်မြို့ရဲ့ ဂုဏ်ဒြပ်ကို တိုးမြှင့်ထင်ဟပ်စေတာတော့ အမှန်ပါပဲ။ ။

> **“အဆင့်မြင့် အိမ်ရာခန်းစီမံကိန်းပါဝင်တဲ့ နောက်ထပ်စီမံကိန်းတစ်ခုကတော့ ရန်ကုန်မြို့ သာကေတမြို့နယ် ရှုခင်းသာပတ်လမ်းမှာရှိတဲ့ Emerald Bay ဖြစ်ပါတယ်။ စင်ကာပူ Golden Paragon ကုမ္ပဏီက ပတ်လမ်းဆောက်လုပ်ရေး တည်ဆောက်တာဖြစ်ပြီး မြေဧက ၃၀ ခန့်ပေါ်မှာ တည်ဆောက်တာ ဖြစ်ပါတယ်။ သာကေတမြို့နယ် ရှုခင်းသာမြို့ပတ်လမ်းပေါ်မှာ တည်ရှိပြီး ရန်ကုန်မြစ်၊ ပဲခူးမြစ်နှင့် ပုဇွန်တောင်ချောင်းတို့ဆုံရာ မြစ်ကမ်းမှာ တည်ရှိတာကြောင့် သဘာဝအလှကိုလည်း နီးကပ်စွာ မြင်တွေ့နိုင်ပါတယ်”**

---

**ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုတွေနဲ့**
**ရန်ကုန်မြို့ . . . . မှ**

ကိုဗစ်-၁၉ ကြောင့် ရန်ကုန်မြို့မှာရှိတဲ့ စက်ရုံ၊ အလုပ်ရုံတွေ ပိတ်ထားရတဲ့ကာလဖြစ်တဲ့ ပြီးခဲ့တဲ့ဧပြီလမှာလည်း ရန်ကုန်တိုင်းဒေသကြီးမှာ ရင်းနှီးမြှုပ်နှံမှုအသစ်တွေ ရရှိခဲ့ပါတယ်။ ၂၀၂၀ ပြည့်နှစ် ဧပြီ ၂၉ ရက်က ကျင်းပခဲ့တဲ့ (၆/၂၀၂၀) ကြိမ်မြောက် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေးမှာလည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း လေးခုနဲ့ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု တစ်ခုတို့ကို အတည်ပြုပေးနိုင်ခဲ့ပါတယ်။

အဲဒီလို အတည်ပြုပေးခဲ့တဲ့ လုပ်ငန်းလေးခုမှာတော့ CMP စနစ်နဲ့ ဆောင်ရွက်မယ့် အိတ်ချုပ်လုပ်ငန်းတွေ၊ အဝတ်အထည်ချုပ်တဲ့ လုပ်ငန်းတွေ၊ အမိုးပြား၊ နံရံပြား၊ အခင်းပြား၊ စတီးပြားတွေ ထုတ်လုပ်တဲ့လုပ်ငန်းတွေနဲ့ အခြားဝန်ဆောင်မှုလုပ်ငန်းတွေ ဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေ အကောင်အထည်ဖော်လည်ပတ်နိုင်ရင်တော့ ပြည်တွင်းမှာ အလုပ်အကိုင် ၁၉၀၀ ကျော်ကို ဖန်တီးပေးနိုင်ဦးမှာ ဖြစ်ပါတယ်။

**ရင်းနှီးမြှုပ်နှံမှုလေးခု**

ဒီလိုရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတွေထဲက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း လေးခုကတော့ တရုတ်နဲ့ ဟောင်ကောင်တို့က စီးပွားရေး လုပ်ငန်းတွေ လာရောက်လုပ်ကိုင်ကြမှာ ဖြစ်ပါတယ်။ အဲဒီနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း လေးခုရဲ့ ငွေကြေးပမာဏရင်းနှီးမြှုပ်နှံတာကတော့ စုစုပေါင်းမတည်ငွေ အမေရိကန်ဒေါ်လာ ၅ ဒသမ ၈၂ သန်း ဖြစ်တယ်လို့ ဖော်ပြထားပါတယ်။ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု တစ်ခုကတော့ မတည်ရင်းနှီးမြှုပ်နှံမှုငွေကျပ် ၁၂၅၅ ဒသမ ဝ၅ သန်းဖြစ်တယ်လို့ ဆိုပါတယ်။

**စီးပွားရေးလုပ်ငန်းတွေ ပိုမိုလာရောက်နိုင်ရေး**

မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံလုပ်ကိုင်တဲ့ ပြည်တွင်း ပြည်ပ စီးပွားရေးလုပ်ငန်းတွေ ပိုမိုလာရောက်နိုင်ရေးအတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ဝန်ဆောင်မှုစရိတ်နှုန်းတွေကိုလည်း ထက်ဝက်ခန့်အထိ

အချပ်ပို(၈)သို့



*ကိုဗစ်ကိုမုန်းတယ် . . . . . မှ*

တစ်နေ့ အိမ်ရှင်မက မြေအိုးထမ်းရောင်းသူကို လှမ်းခေါ်လို့ ရောင်းဈေးတွေမေးပြီး အိုးကြီးတစ်လုံးကို ဈေးပင်မဆစ်၊ ပြောတဲ့ဈေးနဲ့ပဲ ဝယ်နေတာကို တွေ့နေရပါတယ်၊ အိမ်ရှင်မကလည်း စပ်စပ်စုစုဆိုတော့ မြေအိုးရောင်းသူကို ဘာလို့ နှာခေါင်းစည်းမတပ်တာလဲ ကိုဗစ်ရောဂါဖြစ်မှာ မကြောက်ဖူးလားဆိုတော့ ဈေးဦးတောင်မပေါက်သေးပါဘူး အစ်မရယ်တဲ့၊ အခုဈေးဦးပေါက်မှ ဝယ်တပ်ရမှာတဲ့၊ ဒီရောဂါကြီး မြန်မြန်ပြီးချင်ပါပြီဗျာ၊ ရက်တွေရှည်လာတော့ စားဝတ်နေရေးက ပိုခက်လာတယ်၊ ကိုဗစ်ဆိုတဲ့ အသံကြားတောင် မကြားချင်တော့ဘူး”လို့ဆိုပြီး ထွက်သွားတယ်။

**တစ်ဖက်တစ်လမ်းက အားပေး**

အိမ်မှာက ရေသန့်ဘူးကြီးတွေပဲ ဝယ်သောက်နေကြတာဆိုတော့ မြေအိုးက မလိုဘူးလေ။ အိမ်ရှင်မကို ဘာကြောင့်ဝယ်ရတာလဲဆိုတော့ ဒီလိုအချိန်မှာသူတို့တွေက ပိုပြီးသနားဖို့ကောင်းလို့ တစ်ဖက်တစ်လမ်းက အားပေးလိုက်တာတဲ့။

ကိုယ့်ဂမ်းနာ ကိုယ်သာသိဆိုသလိုပါပဲ။ စာရေးသူတို့ သတင်းထောက်များပင် တစ်စတစ်စ ဂင်ငွေခြောက်ကပ်လာပါပြီ၊ သတင်းလေး သဲ့သဲ့ကြားလို့ ထွက်မယ်ဟန်ပြင်လိုက်ရင် ဇနီးနဲ့ သမီးတွေက “အဖေကြီးဘယ်လဲ၊ အပြင်မထွက်နဲ့နော်၊ ကိုယ်တစ်ယောက်ဖြစ်တဲ့ ရောဂါမဟုတ်ဘူး။ အိမ်မှာမြေးအငယ်လေးတွေနဲ့” လို့ ခဏခဏဟန့်တားတာကို ခံနေရတယ်၊ ဒါ့ကြောင့်ကိုယ်လည်း အိမ်ထဲမှာချည်းတကုပ်ကုပ်နဲ့ကြာခဲ့ပြီပေါ့၊ စိတ်ထဲမှာ ကိုဗစ်ကို အချဉ်ပေါက်လာတယ်၊ ရေးစရာသတင်းတွေ ရှားလာတယ်၊ ပွဲလမ်းသဘင်တွေ ပျက်လာတယ်၊ သတင်းအရင်းအမြစ်တွေ တိမ်မြုပ်သွားတယ်။

၂၀၁၉ ဒီဇင်ဘာထဲမှာ တရုတ်နိုင်ငံ ဝူဟန်မြို့က အစပြုလာတဲ့ ဗိုင်းရပ်စ်က ကိုဗစ် – ၁၉ အမည်နဲ့ ကမ္ဘာတစ်ဝန်းပတ်ပြီး မွှေနှောက်လာလိုက်တာ မြန်မာနိုင်ငံကို မတ် ၂၃ ရက်က တရားဝင်ဗီဇာမပါ ဘာမပါနဲ့ ပေါ်ပေါ်ထင်ထင်ကြီးပဲ ဝင်ရောက်လာခဲ့ပါတယ်။ ဝင်လာမယ်ဆိုတာကတော့ ကြိုသိပြီးသားပါ။ ဒါပေမယ့် ဘယ်လိုပုံစံနဲ့ ဝင်လာမလဲဆိုတာ မခန့်မှန်းနိုင်ကြတာပါ။

**တစ်ယောက်ကအစ တစ်ရာ**

တစ်ယောက်က အစ တစ်ရာ ဆိုသလိုပါပဲ။ ရန်ကုန်မှာ ကိုဗစ် – ၁၉ ရောဂါပိုး တွေ့ရှိသူ ၁၄၈ ဦးရှိတော့ တစ်နိုင်ငံလုံးမှာ အများဆုံးမြို့ဆိုရင်လည်း မမှားဘူးပေါ့။

အခုဆို မေ ၁၈ ရက် ည ၈ နာရီသတင်းအရ မြန်မာတစ်ပြည်လုံး ၁၈၈ ဦး ရှိလာခဲ့ပါပြီ။

အဲဒီကြားထဲကရက်တွေမှာ လူနာထပ်တိုးပြီဟေ့ဆိုတာနဲ့ ရန်ကုန်က ဘယ်နှယောက်ပါသလဲဟေ့၊ ဘယ်မြို့နယ်ကလဲ၊ မိမိမြို့နယ်က မပါဘူးဆို တော်ပါသေးရဲ့လို့ သက်ပြင်းချသံတွေက ည ၈ နာရီ သတင်းထွက်ပြီးတိုင်း ကြားနေရတဲ့ အသံတွေပါ။

နိုင်ငံတော် အကြီးအကဲတွေ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့က ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရာမှာ မေတ္တာရပ်ခံချက်တွေ၊ သတိပေးညွှန်ကြားချက်တွေ၊ ဒေသန္တရအမိန့်တွေ ထုတ်ပြန်တဲ့အခါ တစ်ဆင့်ချင်းထုတ်ပြန်မှုနဲ့ ထိန်းကျောင်းသွားတာတွေက အတော့်ကို စနစ်တကျရှိလှပါတယ်၊ လူနာတစ်ယောက်ကို ဆေးခါးကြီးသက်သက်မတိုက်ဘဲ သကြားထည့်တိုက်ကျွေးသလိုပညာပါလှပါတယ်။

ဒါပေမယ့် မြန်မာနိုင်ငံမှာ ကိုဗစ် – ၁၉ ရောဂါဆိုးကြီး ချုပ်ငြိမ်းသွားပြီလား၊ အောင်မြင်စွာ တိုက်ထုတ်နိုင်ပြီလားဆိုရင် မပြီးဆုံးသေးတဲ့ ဇာတ်လမ်းတစ်ပုဒ်လိုပါပဲ။ နောက်ဆက်တွဲ ဇာတ်သိမ်းပိုင်းက ကျန်ပါသေးတယ်။ ဇာတ်သိမ်းပိုင်းလေး လှဖို့က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ပြောသလို “ပြည်သူသာ အဓိက”ပါ။





မြေအိုးထမ်းရောင်းသူတစ်ဦးအား တွေ့ရစဉ်။

❑ **တစ်နိုင်ငံလုံးအတွက် ကုန်စည်များ စီးမြောရာ ယုဇနပလာဇာအပါအဝင် မင်္ဂလာဈေးကြီးဝင်းအတွင်းက ဈေးကြီးငါးဈေးကိုလည်း မေ ၁၆ ရက်က စတင်လို့ ပြန်ဖွင့်လိုက်ပါပြီ။**

❑ **ဒါပေမယ့် လူငါးယောက်ထက်ပို စုဝေးနေထိုင်ခြင်းကိုတော့ ဖြေလျှော့ခြင်းမရှိသေးပါဘူး။ ဒုတိယလှိုင်းက ကျန်ပါသေးတယ်၊ အချို့နိုင်ငံကြီးတွေမှာဆို ဒုတိယလှိုင်းက ပြန်ဒုက္ခပေးနေတာကို တွေ့မြင်နေရပါတယ်။ ဒါကိုလည်း အလေးထားဖို့လိုပါတယ်။**

**ကမ္ဘာ့နိုင်ငံကြီးတွေက ချီးကျူး**

ပြည်သူတွေက ကျန်းမာရေးအသိစိတ်တွေနဲ့ ပူးပေါင်းပါဝင်ဖို့ အများကြီးလိုပါတယ်။ စဖြစ်စဉ်က နိုင်ငံကြီးတွေက ထင်သလို ဒုက္ခသုက္ခတွေ အများကြီးမတွေ့ခဲ့ရဘဲ အခုဆို မြန်မာနိုင်ငံရဲ့ ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်နိုင်စွမ်းကို ကမ္ဘာ့နိုင်ငံကြီးတွေကတောင် ချီးကျူးခန်းဖွင့်သံတွေ ကြားလာရပါပြီ။

ဧပြီလအတွင်းက စတင်လို့ Stay at Home ပြုလုပ်ထားတဲ့ မြို့နယ် ၁၀ မြို့နယ်ထဲက ရွှေပြည်သာ၊ လှိုင်သာယာ၊ ဗိုလ်တထောင်၊ မင်္ဂလာဒုံမြို့နယ် လေးမြို့နယ်ကို မေ ၁၅ ရက်က စတင်ပြီး Stay at Home ကနေ ဖြေလျှော့လိုက်ပါပြီ။

**ဒေသန္တရအမိန့်ကို ဖြေလျှော့**

နောက်ပြီး ဧပြီ ၁၈ ရက်ကစလို့ ည ၁၀ နာရီမှ နံနက် ၄ နာရီအထိ မထွက်ရ ဒေသန္တရအမိန့်ကို ဖြေလျှော့လို့ မေ ၁၅ ရက်မှာ ပြောင်းလဲခဲ့ပါတယ်။ ည ၁၂ နာရီမှ နံနက် ၄ နာရီအထိ ဖြစ်သွားပါပြီ။ တစ်နိုင်ငံလုံးအတွက် အရောင်းအဝယ် ပြုလုပ်နေတဲ့ ဗဟိုစံပြငါးဈေးကြီး အသက်ရှူချောင်ခဲ့ပြီပေါ့။

တစ်နိုင်ငံလုံးအတွက် ကုန်စည်များ စီးမြောရာ ယုဇနပလာဇာအပါအဝင် မင်္ဂလာဈေးကြီးဝင်းအတွင်းက ဈေးကြီးငါးဈေးကိုလည်း မေ ၁၆ ရက်က စတင်လို့ ပြန်ဖွင့်လိုက်ပါပြီ။

**ကျောင်းများ ပြန်ဖွင့်နိုင်ဖို့စီစဉ်မှုတွေ ရှိ**

ပညာရေးအပိုင်းမှာ မနှောင့်နှေးရလေအောင် စောင့်ကြည့်ဌာနများအဖြစ် ပေးထားတဲ့ အခြေခံကျောင်းများကို ဇွန် ၁၅ ရက် နောက်ဆုံးထားပြန်အပ်ပေးဖို့ ပညာရေးဌာနက ပြန်တောင်းခံထားပြီးလည်း ဖြစ်ပါတယ်။ အခြေခံပညာကျောင်းများကို ဇူလိုင်လထဲမှာ ပြန်ဖွင့်နိုင်ဖို့စီစဉ်မှုတွေ ရှိလာတာကို တွေ့နေရပါပြီ။ တစ်နိုင်ငံလုံး ကျောင်းတွေ မြန်မြန်ပြန်ဖွင့်လာနိုင်မှာကိုတော့ မိဘတွေက ဝမ်းသာနေကြပါပြီ။

**ဒုတိယလှိုင်း ကျန်သေး**

ဒါပေမယ့် လူငါးယောက်ထက်ပို စုဝေးနေထိုင်ခြင်းကိုတော့ ဖြေလျှော့ခြင်း မရှိသေးပါဘူး။ ဒုတိယလှိုင်းက ကျန်ပါသေးတယ်၊ အချို့နိုင်ငံကြီးတွေမှာဆို ဒုတိယလှိုင်းက ပြန်ဒုက္ခပေးနေတာကို တွေ့မြင်နေရပါတယ်။ ဒါကိုလည်း အလေးထားဖို့လိုပါတယ်။

ဒါ့ကြောင့် အရင်လို ပေါ့ပေါ့ပါးပါး သတင်းထောက်များ စုစည်းရာ ရန်ကုန်မြို့လယ် ၃၃ လမ်းက လက်ဖက်ရည်ဆိုင်လို နေရာမျိုးမှာထိုင်ရင်း သတင်းအရင်းအမြစ်ရှိရာကို မပြောနိုင်ကြသေးသလို၊ သတင်းချင်း ဖလှယ်နိုင်ကြဦးမှာ မဟုတ်သေးပါဘူး။ ကိစ္စရှိလို့ မြို့ထဲသွားရင်တောင်မှ တက္ကစီအမြဲမစီးနိုင်ကြတဲ့ သတင်းထောက်တွေ ဘဝ YBS အပေါ်မှာ သူ့မယုံ ကိုယ့်မယုံရတဲ့ မျက်နှာတွေနဲ့ ခရီးဆက်နေကြရဦးမှာပါ။ အချိန်အတိုင်းအတာတစ်ခုတော့ ကြာဦးမှာပါ။

ကြာလာတော့လည်း လွတ်လပ်မှုတွေနဲ့အတူ စီးပွားရေး၊ လူမှုရေးကအစ အစစအရာရာကို ဆုံးရှုံးစေတဲ့ “ကိုဗစ်ကိုမုန်းတယ်” လို့ အသံကုန် အော်လိုက်ချင်ပါတော့တယ်။ ။

*အချုပ်ပို (ခ) မှ*

လျှော့ချပေးထားပါတယ်။ ဒါကြောင့်လည်း ကိုဗစ်–၁၉ သက်ရောက်တဲ့ ကာလအတွင်းမှာ ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုတွေ ခွင့်ပြုပေးနေတာဖြစ်တာမို့ ပြီးခဲ့တဲ့ ခြောက်လကျော်ကာလအတွင်းမှာ ပြည်ပတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၆၇ ဘီလီယံကျော်ရှိခဲ့တယ်လို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပြန်ထားပါတယ်။

ဒီလိုအခြေအနေတွေကြောင့် ၂၀၂၀ ပြည့်နှစ် မတ်လကုန်အထိ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်ထားတဲ့ နိုင်ငံပေါင်း ၅၁ နိုင်ငံအထိ ရှိနေပြီး အများဆုံး ရင်းနှီးမြှုပ်နှံထားတာကတော့ စင်ကာပူ၊ တရုတ်နဲ့ ထိုင်းနိုင်ငံတို့ ဖြစ်ပါတယ်။ အဲဒီနိုင်ငံတွေက မြန်မာနိုင်ငံရဲ့ စီးပွားရေးကဏ္ဍ ၁၂ ခုမှာ အများဆုံး ရင်းနှီးမြှုပ်နှံထားကြတာ ဖြစ်ပါတယ်။

ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းတွေ အများဆုံးတည်ရှိနေတဲ့ ရန်ကုန်တိုင်းဒေသကြီးမှာတော့ အခု ကိုဗစ်–၁၉ ကာလမှာလည်း ရင်းနှီးမြှုပ်နှံမှုတွေ အထိုက်အလျောက်ရရှိနေပါတယ်။ အခက်ခဲတွေ၊ စိန်ခေါ်မှုတွေ ရှိနေပေမယ့်လည်း “ရန်ကုန်တိုင်းဒေသကြီးဟာ မြန်မာနိုင်ငံရဲ့ စီးပွားရေးအဓိက အချက်အချာကျတဲ့ နေရာသာမက အာရှတိုက်ရဲ့ရင်းနှီးမြှုပ်နှံမှု အချက်အချာနေရာဖြစ်ရန် ရည်ရွယ်ထားပါတယ်” လို့ ၂၀၁၉ ခုနှစ် မေ ၁၀ ရက်နဲ့ ၁၁ ရက်မှာ ကျင်းပခဲ့တဲ့ ရန်ကုန်ရင်းနှီးမြှုပ်နှံမှုဖိုရမ် ၂၀၁၉ မှာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောထားသလိုပဲ အဲဒီလို မျှော်မှန်းချက်တွေနဲ့ ကြိုးစားရမှာ ဖြစ်ပါတယ်။

လောလောဆယ်ကာလမှာလည်း ရန်ကုန်မြို့မှာ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုအသစ်တွေရှိနေဆဲဖြစ်တာမို့ အခုထက်ပိုမိုရရှိရေး အားလုံးပူးပေါင်းဆောင်ရွက်ကြရဦးမှာ ဖြစ်ပါတယ်။ ။

# ကြုံရဆုံရ ရန်ကုန်မိုးဦးကျကာလ

ရှင်နော်၊ ဓာတ်ပုံ - PCCD

**နှစ်စဉ်နှစ်တိုင်း** မေလ ၁၅ ရက်ကျော်သည်နှင့် ရန်ကုန်မိုးကား ရွာသွန်းလေ့ရှိသည်။ ၂၀၂၀ ပြည့်နှစ် မေ ၁၈ ရက် နံနက်ပိုင်းတွင် ချစ်ချစ်တောက်ပူပြင်းနေသော နေအပူရှိန်အောက်တွင် ရန်ကုန်သူရန်ကုန်သားအချို့က ပုံမှန်အတိုင်း လှုပ်ရှားသွားလာနေကြသည်။ တနင်္ဂနွေရုံးပိတ်ရက်နှင့် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုတို့ကြောင့် ရန်ကုန်မြို့အနှံ့အသွားအလာက ကျဲပါးနေသည်။ နွေရာသီနေအပူကို အန်တုနေဆဲ ရန်ကုန်သူရန်ကုန်သားတို့အတွက် အဝေးတစ်နေရာဆီမှ မိုးချုန်းသံသဲ့သဲ့ကို ကြားနေရသည်။ ပူပြင်းလွန်းလှသော နွေရာသီ အဆုံးသတ်ချိန်ရောက်၍ထင် ရန်ကုန်ကောင်းကင်ယံထက်ရှိ မိုးသားတိမ်လိပ်တို့က နေ့လယ်ခင်းအရောက်တွင် ကမ္ဘာမြေထုဆီ ဆင်းသက်လာတော့သည်။

## ကြုံတွေ့ရမည့် မိုးဦးလေဦး

မိုးဦးလေဦးတွင် ကြုံတွေ့ရလေ့ရှိသော လေပြင်းတိုက်ခတ်မှုနှင့် မိုးသည်းထန်ခြင်းတို့ကြောင့် အိမ်အမိုး မိုးမလုံခြင်း၊ နေအိမ်များယိမ်းယိုင်ခြင်း၊ ခြံစည်းရိုးတိုင်များယိုင်နဲ့ခြင်း၊ သစ်ပင်သစ်ကိုင်းများ ကျိုးကျခြင်း၊ ရေဆင်းရေထွက်ပေါက်များ ပိတ်ဆို့နေတတ်ခြင်းစသော အခက်အခဲများကို ရန်ကုန်သူရန်ကုန်သားတို့ ကြုံတွေ့ကြရတော့မည်ဖြစ်သည်။ အဆင့်မြင့်အိမ်ရာများ၊ ကွန်ဒိုတိုက်ခန်းများ၊ ကန်ထရိုက်တိုက်များတွင် နေထိုင်သူများအတွက် ကြီးမားသော အခက်အခဲ မဟုတ်သော်လည်း ထိုသို့အဆောက်အအုံကြီးများတွင် နေထိုင်သူ မဟုတ်သူများအတွက် ယင်းအခက်အခဲများကို ရင်ဆိုင်ကြရမည်ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကြောင့် အသွားအလာကန့်သတ်ခံရခြင်း၊ ကျွမ်းကျင်လုပ်သားရှားပါးခြင်းတို့ကြောင့် နေအိမ်ခြံဝင်းပြုပြင်ခြင်း၊ အိမ်အမိုးသစ်လဲလှယ်ခြင်း၊ မလွတ်ကင်းသော သစ်ပင်သစ်ကိုင်း ခုတ်လှဲခြင်းတို့ကို ယခုနှစ် မိုးဦးကျရာသီအတွက် ကြိုတင်ပြင်ဆင်နိုင်ခြင်း မရှိခဲ့ချေ။ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမရှိစေရေးအတွက် အသွားအလာ အနေအထိုင်ဆင်ခြင်ရင်း၊ ဗိုင်းရပ်စ်ကူးစက်ပြန့်ပွားနေစဉ် မိသားစုစားဝတ်နေရေးအဆင်ပြေရန်အတွက် ရုန်းကန်ခြင်းတို့ဖြင့်သာ ၂၀၂၀ ပြည့်နှစ်နွေရာသီကို ဖြတ်သန်းခဲ့ကြရသည်။



စွန့်ပစ်အမှိုက်များကို ရန်ကုန်မြို့တော်စည်ပင်သာယာဝန်ထမ်းများ သိမ်းဆည်းစဉ်။

## ရန်ကုန်လမ်းမများ၏ ရေကြီးရေလျှံမှု

ရန်ကုန်လူထုအတွက် မိုးရာသီရောက်တိုင်း ကြုံတွေ့ရလေ့ရှိသော အခြားအခက်အခဲမှာ ရန်ကုန်လမ်းမများ၏ ရေကြီးရေလျှံမှုဖြစ်သည်။ တစ်နှစ်တာ ကာလပတ်လုံး ချောင်းငယ် မြောင်းငယ်များအတွင်း စွန့်ပစ်ထားသော အမှိုက်များ၏ ထုထည်ကြီးမားစွာ ပိတ်ဆို့မှုကြောင့် ရေဆင်းနှုန်းနည်းကာ လမ်းမကြီးများ၊ လမ်းသွယ်များတွင် ရေကြီးရေလျှံမှုဖြစ်ကြရသည်။ စည်းကမ်းမဲ့စွန့်ပစ်ထားသော အမှိုက်များကြောင့် လမ်းဘေးရေနုတ်မြောင်းများ ပိတ်ဆို့ကုန်သည်။ လမ်းမကြီးများရှိ ရေနုတ်မြောင်းများ ပိတ်ဆို့မှုကြောင့် ရေဆိုးရေညစ်များက လမ်းသွယ်လမ်းငယ်များအတွင်း ဆက်လက်စီးဆင်းကြသည်။ မြေနိမ့်ပိုင်းနေရာတွင် နေထိုင်သူများမှာ ရေဆိုးရေညစ်တို့ဒဏ်ကို ခံစားကြရသည်။

ရန်ကုန်မြို့၏ အမှိုက်ထွက်ရှိမှုနှုန်းမှာ တစ်နေ့လျှင် တန်၂၃၀၀ မှ ၂၅၀၀ ကြားရှိပြီး ဆေးရုံ၊ ဆေးခန်းထွက် စွန့်ပစ်အမှိုက်များ၊ စီးပွားရေးလုပ်ငန်းထွက် အမှိုက်များ၊ အိမ်ထောင်စုထွက်အမှိုက်များ၊ စက်မှုဇုန်ထွက် အမှိုက်များ၊ ဈေးထွက်အမှိုက်များ၊ ON CALL စနစ်ဖြင့် အမှိုက်သိမ်းဆည်းခြင်းများနှင့် အခြားအမှိုက်များဟူ၍ အမှိုက်အမျိုးအစားများ ခွဲခြားခဲ့ရာမှ ခေတ်ကာလအခြေအနေပေါ်မူတည်ကာ ယခုအခါ ကန့်သတ်စောင့်ကြည့်ရာနေရာများမှ ထွက်သော အမှိုက်များကိုလည်း ရန်ကုန်မြို့တော်စည်ပင်အနေဖြင့် သိမ်းဆည်းပေးရလျက်ရှိသည်။

## စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှု

ရန်ကုန်မြို့၏ မြို့နယ်အသီးသီးတွင် စည်ပင်သာယာ သန့်ရှင်းရေးအဖွဲ့များက နေ့စဉ် လိုက်လံသိမ်းဆည်းပေးလျက်ရှိသော်လည်း စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများက ဆက်လက်ရှိနေဆဲပင်ဖြစ်သည်။ ညနေခင်းမှောင်စပျိုးချိန်ရောက်သည်နှင့် လမ်းသွယ်လေးများ၏ ထိပ်၊ လမ်းမကြီးများတစ်လျှောက်တွင် အမှိုက်ထုပ်များ အစီအရီရောက်လာတတ်လေ့ရှိသည်။ တစ်ညတာပတ်လုံး သန့်ရှင်းရေးဝန်ထမ်းများ ရှင်းလင်းထားသော အမှိုက်ကန်များတွင် နံနက်စောစော အမှိုက်ပစ်သူတို့က ရှိနေတတ်ပြန်သည်။ တစ်နှစ်တာကာလပတ်လုံး ကြိုးပမ်းအားထုတ်မှု၊ နည်းပညာရှင်များနှင့် စက်ယန္တရားကြီးများ အသုံးပြုမှု၊ လူမှုရေးအသင်းအဖွဲ့များ၏ ဝိုင်းဝန်းကူညီပံ့ပိုးမှုများအကြား သံသရာလည်နေသော စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများကို စနစ်တကျကိုင်တွယ်ရန် နည်းသစ်လမ်းသစ် ရှာဖွေကြံဆရန် အချိန်တိုင်ပြီဖြစ်သည်။

## ကြပ်မတ်ကွပ်ကဲသင့်ပြီ

ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားနေမှု၊ ရန်ကုန်မြို့၏ လူအသွားအလာနည်းပါးမှုကြောင့် လမ်းဘေးဈေးသည်များ မရှိသလောက် နည်းပါးသွားသော်လည်း ကန့်သတ်ချက်အချို့ ဖြေလျှော့ပေးမှု နောက်ပိုင်းတွင် လမ်းဘေးဈေးသည်များ ပြန်လည်ပေါ်ပေါက်လာသည်။ မိုးဦးလေဦးကာလတွင် ၎င်းတို့ကြွင်းကျန်မည့် အမှိုက်များသည် စည်ပင်သန့်ရှင်းရေးဝန်ထမ်းများ မရောက်မီ မြောင်းငယ်၊ ချောင်းငယ်များသို့ ရောက်ရှိသွားကာ အမှိုက်ပိတ်ဆို့၍ ရေကြီးရေလျှံမှုများ ဖြစ်ပွားလာနိုင်သည်။ ယင်းတို့အတွက် စနစ်တကျ ကြပ်မတ်ကွပ်ကဲသင့်ပြီ ဖြစ်သည်။

ရန်ကုန်မြို့တော်၏ မိုးဦးကျရာသီတွင် အခြားသောသတိထားရမည့် အချက်တစ်ချက်မှာ လျှပ်စစ်အန္တရာယ်ပင် ဖြစ်သည်။ သစ်ပင်သစ်ကိုင်း ကျိုးကျခြင်းကြောင့်ဖြစ်စေ၊ တစ်စုံတစ်ခုသော အကြောင်းအရာကြောင့် ဖြစ်စေ လျှပ်စစ်ဓာတ်ကြိုးများ ပြတ်ကျနိုင်သည် ဖြစ်ရာ မြို့သူမြို့သားတို့အနေဖြင့် သတိတရားလက်ကိုင်ထားကာ သွားလာသင့်ပေသည်။ ဤသည်တို့မှာ မိုးဦးကျ လေဦးကျရာသီတွင် ကြုံဆုံရလေ့ရှိသော ရန်ကုန်၏ အခက်အခဲတချို့ကို ကောက်နုတ်တင်ပြထားခြင်းသာဖြစ်သည်။ ။

**ရန်ကုန်မြို့တော်၏ မိုးဦးကျရာသီတွင် အခြားသော သတိထားရမည့် အချက်တစ်ချက်မှာ လျှပ်စစ်အန္တရာယ်ပင် ဖြစ်၍၊ သစ်ပင်သစ်ကိုင်း ကျိုးကျခြင်းကြောင့် ဖြစ်စေ၊ တစ်စုံတစ်ခုသော အကြောင်းအရာကြောင့် ဖြစ်စေ လျှပ်စစ်ဓာတ်ကြိုးများ ပြတ်ကျနိုင်သည် ဖြစ်ရာ မြို့သူမြို့သားတို့ အနေဖြင့် သတိတရား လက်ကိုင်ထားကာ သွားလာသင့်**



ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့နေစဉ် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော မြို့တော်စည်ပင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ဝန်ထမ်းများ။